www.burmeseclassic.com

# နှတ်သမီး

## သစ္စာတရားနှင့် ထိတွေ့စမ်းသပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (မျှားစာပေ)
အမှတ် - ၅၂၀(က)၊ အင်းဝ (၄)လမ်း။
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြံသော့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း။ ဓာ/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုဇင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မျှားစာပေ
၀၉ ၅၀၃၀၁၁၆၊ ၀၉ ၂၅၄၁၂၀၈၈၀၊ ၀၁ ၈၅၀၀၆၉၆

၈၉၅ . ၈၃
နတ်သမီး
သစ္စာတရားနှင့်ထိတွေ့စမ်းသပ်ခွင့်
မျှားစာပေ၊ ၂၀၁၆။
၂၂၄ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) သစ္စာတရားနှင့်ထိတွေ့စမ်းသပ်ခွင့်

## အခန်း (၁)

"ဟေ့ကောင် မင်းဘာစာအုပ်ဖတ်နေတာလဲ"

အခန်းထဲဝင်လာသော ညီထက် လှမ်းမေးခြင်းကို ဆူးခက် ချက်ချင်းပြန်မဖြေနိုင်သေး။ ဆွဲဆောင်အားကောင်းလွန်းလှသည့် ဝတ္ထုစာအုပ်ဆီတနေ မျက်လုံးတွေ မခွာနိုင်ဖြစ်နေသည်။

"ငါမေးနေတာကိုတောင် ပြန်မဖြေနိုင်လောက်အောင် မင်းဘာတွေ နှိလောက်စိတ်ဝင်စားနေတာလဲ"

ခုတင်ပေါ်လှဲနေသော ဆူးခက်နားကို ညီထက်ရောက်လာပြီး ဖတ်နေသောစာအုပ်ကို ဆူးခက်လက်ထဲမှ ဆွဲယူလိုက်သည်။

"မင်းတော်တော်နှောင့်ယှက်ပါလား ညီထက်၊ ဒါဒီမှာ ကောင်းခန်းရောက်နေတာ"

ဆူးခက် ဖတ်နေသော စာအုပ်ကိုကြည့်ပြီး ညီထက် မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျို့နေမိသည်။ ဒီလိုစာအုပ်တွေကို ညီထက် စိတ်မဝင်စား။ တကယ်မရှိတာတွေကို ရှိနေသယောင်ယောင် လုပ်ကြံဖန်တီးထားသည့် ပေါ်တောတော ဟာသတွေ။

"မင်းက အရည်မရအဖတ်မရတွေ ဖတ်နေတာကိုး ဆူးခက်"

"အောင်မာ မင်းမကြိုက်တိုင်း ငါဖတ်နေတာကိုများ အရည်မရ အဖတ်မရတဲ့၊ နာချင်နေပြီနော်တူတယ်"

လက်သီးရွယ်လိုက်ရင်း ဆူးခက် မျက်လုံးကြီးပြူး ပြောသည်။ အမြဲတမ်းလိုလို စကားအချေအတင်ဖြစ်တတ်ပေမယ့် တကယ်တမ်းမှာတော့ သူတို့နှစ်ယောက် ဘုယ်သောအခါမှ ရန်မဖြစ်ကြပါ။ အဖေချင်းညီအစ်ကို အရင်းတွေမို့ သူတို့နှစ်ယောက်က တစ်ဝမ်းကွဲညီအစ်ကိုတော်သည်။ ဒါပေမဲ့ အပြင်ဘက်မှာတော့ တစ်ယောက်ကိုတစ်ယောက် တကယ့်ညီအစ်ကိုရင်းများ ပမာ သံယောဇဉ်ရှိသည်။ တစ်အိမ်တည်းမှာ တူတူနေကြခြင်းဆိုတော့လည်း ဒီလူနဲ့ဒီလူမှ မတွယ်တာရင် တွယ်တာရမယ့်လူမှ မရှိတော့ဘဲ။

"မင်းစဉ်းစားကြည့်ကွာ ဆူးခက်၊ မင်း သရဲတစ္ဆေဆိုတာတွေကို အပြင်မှာမြင်ဖူးလား။ လက်တွေ့ကိုင်တွယ်ထိတွေ့ဖူးလား"

"မင်းဒီလိုတော့ မပြောနဲ့လေ၊ ငါတို့ တကယ်မမြင်ဖူးဘူးဆိုပေမယ့် လည်း သူတို့မရှိဘူးလို့ တစ်ထစ်ချပြောလို့မရဘဲ၊ ပြီးတော့ အခုခေတ်မှာ သရဲတစ္ဆေအကြောင်းတွေက ရေပန်းအစားဆုံးပဲ၊ အချစ်ဝတ္ထုကိုတောင် သရဲတို့ လူဝင်စားတို့လို ထူးထူးဆန်းဆန်းလေးတွေနဲ့ ကွန့်ပြီးမှ ရေးလာတတ်ကြတာ"





"အေးပါကွာ မင်းက စာအုပ်တွေကြားထဲမှာ နေမယ့်ကောင်ပဲ၊ ရေးသမျှဖတ်ပေါ့"

ဒီစကားကို ညီထက် ခပ်ရွဲ့ရွဲ့ပြောလိုက်တာမှန်း ဆူးခက်သိပါသည်။ ဒါပေမဲ့ ကိုယ်ကလည်း ဟုတ်နေတော့ ဘာမှပြန်မချေပနိုင်။

အပျော်ဖတ်ဝတ္ထုတွေကစလို့ ဟိုးရှေးဟောင်းကျမ်းစာများအထိ ဆူးခက် စိတ်ဝင်စားသည်။ ဖတ်ဖြစ်သည်။ အင်တာနက်သုံးဖြစ်ရင်လည်း သူများတကာတွေလို လှတပတ ရင်ကြီးစောင်ကြီး မော်ဒယ်ဖော်ချွတ်မပုံများကိုသာ လိုက်ငမ်းနေခြင်းမဟုတ်ဘဲ စာအုပ်များတစ်စုတဝေးတည်း ဖတ်လို့ရနိုင်မည့် စာမျက်နှာတွေ၊ အစုအဖွဲ့တွေကိုသာ လိုက်လံရှာဖွေဖတ်ရှုခြင်းဖြစ်သည်။

ဒါကို ဟိုကောင် ညီထက်ကတော့ ဘယ်နားလည်ပါ့မလဲ၊ ဒီကောင်က တစ်နေ့တစ်နေ့ ကားလေးတစ်စီးနဲ့ မြို့ပတ်မယ်၊ ကောင်မလေးချောချော လှလှလေးတွေနဲ့ လျှောက်သွားမယ်၊ အစားအသောက်ဝါသနာကြီးသည့်အတိုင်း သူ့မြို့ပတ်ပြီး စားသောက်ဆိုင်တကာ လိုက်ထိုင်မယ်။ သူလုပ်နေတာတွေကမှ တကယ့်ကို အရည်မရအဖတ်မရ။ ဒါပေမဲ့ ဆူးခက်ပါးစပ်ကတော့ ထုတ်မပြောတော့ပါ။ ထုတ်ပြောရင် သူနဲ့ညီထက် ထပ်တစ်ခါ ရန်ဖြစ်ရဦးမည်။

ဝါသနာချင်းမတူပေမယ့်လည်း ဆုံးပါးသွားပြီဖြစ်သော မိဘတွေရဲ့ သဘောဆန္ဒအတိုင်း သူတို့နှစ်ယောက် အတူတကွ စည်းစည်းလုံးလုံး နေခဲ့ကြသည်။ စီးပွားတူတူလုပ်ခဲ့သော အဖနှစ်ယောက် ချန်ထားရစ်ခဲ့သည့်

www.burmeseclassic.com



အမွေတွေက သူတို့နှစ်ယောက်လုံးအတွက် ဆယ့်သက်မက လုံလုံလောက်လောက် စားနိုင်သောက်နိုင်သည်။ ပုံမှန်လည်ပတ်နေသော လုပ်ငန်းတွေကလည်း သူ့ဟာနဲ့သူ၊ ယုံကြည်စိတ်ချရသော လူများဖြင့် လွှဲထားလိုက်ရ၍ဖြင့် အချိန်တန်ရင် သူတို့ဘဏ်အကောင့်ထဲ ငွေဝင်နေပြီးသားဖြစ်သည်။

ဒီလိုဘဝမှာ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် ဘာကများ စိတ်သောကဖြစ်စေမှာလဲ။ တစ်နေ့တစ်နေ့ ကိုယ်လုပ်ချင်တာတွေ ကိုယ်လုပ်ပြီး လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းကုန်ဆုံးရုံ။

"မင်းအခု ဘယ်သွားမလို့လဲ"

"ငါ့ကောင်မလေးနဲ့ ချိန်းထားလို့ကွ"

ညကိုးနာရီကျော်မှ အဝတ်အစားလဲနေသော ညီထက်ကို ဆူးခက်က လှမ်းမေးသည်။ အရောင်တောက်တောက် အနုမြူစိမ်းရောင်တီရှပ်လေးကို ဗီရိုထဲမှဆွဲထုတ်လိုက်ပြီး ညီထက် ခပ်ပြုံးပြုံးပြန်ဖြေသည်။ ဆူးခက်ကတော့ သဘောမကျနိုင်စွာပင် မျက်မှောင်ကြီးကျုံ့ထားမိသည်။

"မင်းကောင်မလေးနဲ့ချိန်းထားတဲ့အချိန်ကလည်းကွာ အခုတောင် ညကိုးနာရီကျော်နေပြီ"

"ဟ မင်းအါတွေ နားမလည်ပါဘူး ဆူးခက်ရာ"

"အေးပါကွာ ဝန်ခံပါတယ်၊ ငါနားမလည်ဘူး။ မင်းကပဲ ရှင်းပြစမ်းပါဦး"

"ဒီတစ်ယောက်ကို ငါစတွေ့တာကိုက နိုက်ကလပ်မှာလေကွာ။ အဲဒီတော့ သူနဲ့ဒီညတွေ့ဖို့ ချိန်းထားတာလည်း နိုက်ကလပ်မှာပဲပေါ့"





"ငါ့မရီးကတော့ တော်တော်ကို အကောင်းစားလေး ဖြစ်ဦးတော့မှာပဲကွာ"

အမြင်ကပ်ကပ်နှင့်ပင် ဆူးခက် အခေါ်တူးတော့ ညီထက် ပြုံးပြုံးဖျားဖျားဖြစ်သွားသည်။

"ဟေ့ကောင် ဘယ်က မင်းမရီးက ပါလာတာတုန်း"

"ဟာ မင်းကောင်မလေးဆိုမှတော့ ငါ့မရီးမဟုတ်ဘူးလားကွ"

"သေလိုက်ပါလားကွာ၊ ငါက အဲဒီလို မိန်းကလေးနဲ့ မင်းကို မရီးတော်ခိုင်းစရာလား။ ငါယူရင် တကယ့်မိုင်းကောင်းကျောက်ဖီလေးကိုမှ ရွေးယူမှာ"

"ဩော် အေး တော်တော်လည်း တရားကျဖို့ကောင်းတယ်နော်"

ညီထက် အခန်းထဲမှထွက်သွားသည်။ ဆူးခက်လည်း ဖက်လက်စ သေရွာပြန်စာအုပ်ထဲမှာ ရှာန်ပြန်ဝင်စားလိုက်၏။

■ ■ ■

ဒီနေ့တစ်နေ့လုံး ဆူးခက် လုပ်နေမိတာက Supernatural ဆိုသည့် သဘာဝလွန်ဖြစ်ရပ်များအကြောင်း ရိုက်ကူးထားသော အမေရိကန်ဇာတ်လမ်းတွဲတစ်ခု ထိုင်ကြည့်နေခြင်းပင်။ အဲဒီထဲမှ ညီအစ်ကိုနှစ်ယောက်က သူတို့မိသားစုလုပ်ငန်းဖြစ်သည့် သဘာဝလွန်ပြဿနာများ လိုက်လံဖြေရှင်းပေးခြင်း၊ မကောင်းဆိုးဝါးမျိုးစုံကို နှိမ်နင်းပေးခြင်းတို့ဖြင့် ဘဝကိုဖြတ်သန်းနေကြသည်။

ထုံးစံအတိုင်း ကောင်းခန်းကြည့်နေတုန်းမှာပင် ညီထက် အပြင်မှ



www.burmeseclassic.com

www.burmeseclassic.com



မြန်ရောက်လာသည်။ ဆူးခက် အဲဒီကားကြည့်နေတာတွေတော့ တီဗွီရှေ့မှာ ဝိတ်ရစ်လိုက်ပြီး

"အဲဒီကားက ဒီတစ်သက်ရော ပြီးဦးပါ့မလားကွ"

"ဟော့ကောင် ရှေ့ကဖယ်ကွာ၊ မင်းသက်သက် မယုတ်မာနဲ့"

ညီထက်ကို တီဗွီရှေ့ကနေ အတင်းတွန်းဖယ်ပစ်လိုက်တော့ ညီထက်က တဟားဟားအော်ရယ်သည်။ ဆူးခက်ကို ဘယ်လိုစရင် ဘယ်လို စိတ်တိုသွားမယ်ဆိုတာ သူ သိပြီးသားလေ။

"မင်းဟာကလည်းကွာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တည်းက အဲဒီ ဇာတ်လမ်းတွဲစထွက်တာ၊ ခုထိကိုမပြီးနိုင်သေးဘူးဆိုတော့ မင်းမပျင်းဘူးလား။ မရိုးအီသွားဘူးလား။ ငါဆိုရင် မိန်းကလေးတစ်ယောက်ကို တစ်လလောက်တွဲမိပြီဆိုရင်တောင် တော်တော်လေးကို ပျင်းရိငြီးငွေ့နေပြီ"

"ဟာ ညီထက် မင်းက မဟုတ်ကဟုတ်ကတွေနဲ့ လာလာမနှိုင်းစမ်းနဲ့၊ ငါ ဒီကားကို သိပ်ကြိုက်တာ မင်းသိရဲ့သားနဲ့ကွာ"

"မဖြစ်နိုင်တာတွေကို ရိုက်ပြပြီး လူတွေကိုဆယ်စုနှစ်တစ်ခုစာလောက် လုပ်စားနေတာများ။ မင်းက သိပ်ကြိုက်တယ် ဟုတ်လား"

"ဟော့ကောင် အဲဒါ အနုပညာကွ၊ မင်းနားမလည်တဲ့ မပြောစမ်းနဲ့"

ညီအစ်ကိုဆိုပေမယ့် တကယ်တမ်း သူတို့နှစ်ယောက်က ရွယ်တူတွေလိုပါပဲ။ ဆူးခက်က ညီထက်ထက် လေးလငယ်သည်။ တစ်နှစ်တည်း မွေးဖွားလာကြသည့်သူတွေမို့ တစ်ယောက်ကိုတစ်ယောက် ရိုရိုသေသေ ဆက်ဆံဖို့ဆိုတာ သူတို့နှစ်ယောက် ဘယ်တုန်းကမှ အတွေးမရှိခဲ့ကြ။





သူတို့ချင်း ရန်စောင်နေကြဆဲမှာပဲ ခြံရှေ့မှ လူခေါ်ဘဲလ်သံ မြည်လာသည်။ ခြံစောင့်ကြီးက ဒီနေ့နေမကောင်းသောကြောင့် သူတို့ကို အမြေးလာပြီး သတင်းပို့ပေးမည့်သူမရှိ။

"ဟော့ကောင် ခြံရှေ့မှာ ဘယ်သူလာလဲမသိဘူး။ သွားကြည့်လိုက်ဦး"

"ငါ ဒီမှာ ရုပ်ရှင်ကြည့်နေတာ မမြင်ဘူးလား။ မင်းသိချင်ရင် မင်းဘာသာသွားကြည့်"

ခုနတည်းက တစ်ယောက်နဲ့တစ်ယောက် မကျေမလည်ဖြစ်နေကြတာဆိုတော့ ခုလည်း ဒီခြံတံခါးလေး သွားဖွင့်ဖို့အရေးကို တွန့်ကာစ်နေကြသည်။ ဘဲလ်သံက ဆက်တိုက်ခပ်ကျယ်ကျယ်ထွက်လာတော့မှ ညီထက် တစ်ယောက် စိတ်လျှော့ကာ ခြံထဲဆင်းခဲ့ရ၏။

ခြံတံခါးအပြင်ဘက်မှာက အမျိုးသမီးတစ်ယောက်။ သူတို့ထက်တော့ နည်းနည်းကြီးမည့်ပုံပါပဲ။ မြန်မာဝတ်စုံဝမ်းဆက်လေးကို ရိုးရိုးယဉ်ယဉ်လေး ဝတ်ဆင်ပြီး သနပ်ခါးပါးကွက်ကျားလေးနှင့် အမျိုးသမီးသည် ညီထက်မြင်လိုက်တာနှင့် မျက်လုံးအေးသွားအောင် ဖမ်းစားနိုင်ခဲ့သည်။ ဒါပေမဲ့ အဲဒီ အမျိုးသမီးကို သူ မသိ။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ဩော် မောင်လေးက ဒီအိမ်ကမဟုတ်လား"

"ဟုတ်ပါတယ်"

ခပ်ပြုံးပြုံးလေး မေးနေသော သူမကို ညီထက်မသိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆူးခက်ဆီလာသော ချည်သည်ပဲဖြစ်ရမည်ဟု ညီထက် တွေးလိုက်သည်။

"ဆူးခက်မိတ်ဆွေလား မသိဘူး"

"ရှင် မဟုတ်ပါဘူး။ အစ်မက ဟိုဘက်တိုက်ကိုပြောင်းလာတာပါ"

"ဪ"

"အဲဒါ အစ်မတို့အိမ်တက်ပွဲလေး လာဖိတ်တာပါကွယ်"

ခုမှပင် ညီထက် ရှင်းသွားတော့သည်။ ဖိတ်ထားတာကြာပြီဖြစ်တဲ့ ဘေးက သုံးထပ်တိုက်ကြီးကို ဟိုးတလောကတော့ လူတွေပြောင်းလာကြတယ်လို့ ခြံစောင့်ဦးအို ပြောသံကြားလိုက်သေးသည်။

"ဆောရီးဗျ ကျွန်တော်က အိမ်မှာသိပ်မကပ်တော့ သတိမထားမိလိုက်ဘူး"

"ရပါတယ် မောင်လေးရယ်၊ အိမ်တက်ပွဲကိုသာ လာဖြစ်အောင်လာခဲ့ပါနော်၊ ဘုရားလည်းပင့်မှာမို့ တစ်ခါတည်းပေါင်းလုပ်တာဆိုတော့ မပျက်မကွက်တက်ရောက်စေချင်ပါတယ်၊ အိမ်ကလူကြီးတွေကိုလည်း ပြောလိုက်ပါနော်၊ အားလုံးကို အစ်မတို့လင်မယားက ဖိတ်ပါတယ်လို့"

ညီထက် မသိမသာ မျက်ခုံးလေးပင့်တက်သွားသည်။ ဒီလို ကျက်သရေရှိပြီး မျက်စိအေးစေတဲ့အမျိုးသမီးမှာ ကာမပိုင်လင်ယောက်ျားရှိပြီသားဆိုလာ။ အင်းပေါ့လေ အသက်သုံးဆယ်ဝန်းကျင်လောက်ရှိမယ်လို့ ခန့်မှန်းရသည့် မိန်းမတစ်ယောက်မှာ အိမ်ထောင်ရှိနေခဲ့ပြီးတာ ဆန်းမှမဆန်းတဲ့

"ကျွန်တော်တို့က ညီအစ်ကိုနှစ်ယောက်တည်း နေတာပါ၊ မိဘတွေကတော့ ဆုံးပါးသွားခဲ့ပါပြီ"





"ဟယ် စိတ်မကောင်းလိုက်တာကွယ်"

အမျိုးသမီးက လှုမှုရေးအရ မျက်နှာလေးငယ်လျက်ပြောတော့ ညီထက် ဟက်ခနဲ ရယ်မိသည်။ သူတို့အဖို့ကတော့ ညီအစ်ကိုနှစ်ယောက်တည်းနေရတဲ့ဘဝကြီးမှာ ပျော်ပျော်ပါးပါး၊ လွတ်လွတ်လပ်လပ်ဖြင့် နေသားကျနေပါပြီလေ။

"ဟာ ဆောရီး အစ်မရယ်၊ တကယ်ဆို ကျွန်တော် အိမ်ထဲဖိတ်ရမှာ၊ ခုတော့ ခြံဝကြီးမှာ"

"အို ရတယ် မောင်လေးရတယ်၊ အစ်မလည်း ရပ်ကွက်ထဲက တခြားအိမ်တွေ လိုက်ဖိတ်ရဦးမှာဆိုတော့ အချိန်သိပ်မရပါဘူး။ အခုလာမယ့် စနေနေ့မနက်ကိုးနာရီကိုသာ မောင်လေးတို့တွေအားလုံး အစ်မတို့အိမ်ဘက်ကို ကြွခဲ့ပေးပါနော်"

စကားဆုံးတော့မှပင် အိမ်ထဲခေါ်ဖို့ သတိဝင်လာသော ကိုယ့်ရဲ့ လူမှုရေးအလိုက်မသိမှုကို ကြိတ်အပြစ်တင်လိုက်ရင်း ထွက်ခွာသွားသော အမျိုးသမီးကို အကြောင်းမဲ့ ငေးကြည့်နေမိသည်။ ပြီးတော့ ဘေးချင်းကပ် ခြံကြီးကိုလည်း လှမ်းကြည့်မိ၏။

အိမ်ကြီးကတော့ လူတွေပြောင်းလာပြီဆိုပေမယ့် အရင်လို တိတ်ဆိတ်ခြောက်ကပ်နေဆဲပါ။ ဟိုဘက်အိမ်လည်း ညီထက်တို့လိုပဲ မိသားစု နည်းပါးတယ်နဲ့ တူပါရဲ့။

"ပေ့ကောင် မင်းကြာလှချည်လားကွာ၊ ဘယ်သူလာတာလဲ"

"ဘေးအိမ်က အိမ်တက်လာဖိတ်တာကွ၊ အလာမယ်လာပလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောဖြစ်သွားတာ''

''အေး ဘေးအိမ်ကို လူသစ်တွေပြောင်းလာတယ်လို့တော့ ဦးဘို ပြောတာ ကြားမိတယ်၊ ဘယ်လိုလဲကွ၊ ငါတို့အရွယ်လေးတွေ ပါရဲ့လား''

''ဒီမှာ ဆူးခက် မင်းရဲ့မီးတောက်ချင်နေတဲ့နှာခေါင်းကြီးကို မင်း ဖတ်နေကျ စာအုပ်တွေကြားထဲသာ သွားညှပ်ထားလိုက်တော့ကွာ''

''မိုက်ရိုင်းလှချည်လားကွ၊ မဆီမဆိုင်တွေ ဖါလာပြန်ပြီ''

''အေး စိတ်တော့မကောင်းပေမယ့်ကွာ လာဖိတ်တဲ့ အမျိုးသမီး က တော်တော်ကျက်သရေရှိတယ်၊ မင်းတော့ မမြင်လိုက်ရဘူးပေါ့''

''အိမ်တက်နေ့ကျ ငါသွားရင် မြင်ရမှာပဲလေ၊ ဒီလောက်ထိလည်း မင်းစိတ်မကောင်းမဖြစ်ပါနဲ့ကွာ အဟဲ''

ခွေတစ်ချပ်ပြီးသွားတာမို့ တီဗွီကိုထပိတ်လိုက်ရင်း ဆူးခက်က ရယ်ကျဲကျဲနှင့်ပြောသည်။

''မီးတောက်နေတဲ့ နှာခေါင်းနဲ့ အဲဒီနေ့ကျ အိမ်ရှင်မမကို သွား တောင်မကြည့်မိစေနဲ့ ကိုယ့်ညီရေ''

''ဟေ ဘာဖြစ်လို့တုန်း၊ မင်းက ဘာတွေမနာလိုဖြစ်နေတာလဲ''

''အောင်မာ ငါကပဲ မနာလိုဖြစ်ရတယ်ရှိသေး၊ ဟိုက ယောကျ်ား ကြီးနဲ့မို့ မင်းကိုမယားခိုးမှုမမြောက်အောင် သတိပေးနေတာကွ နောရ''

''တကယ်ကြီးလား၊ ဟာကွာ နာတာပဲ၊ ငါတို့နဲ့ မတိမ်းမယိမ်း အပျိုချောချောလေးတွေများ ပါလာမလားလို့၊ ခုတော့ သွားပြီပေါ့''

''အေး အဲဒါကြောင့် ကြိုတင်သတိပေးလိုက်ပါရဲ့နော်၊ မယားခိုးမှု





မဖြစ်ချင် ဆင်ဆင်ခြင်ခြင်သာနေလိုက်''

''ဟော့ကောင် ငါ့မှာ ဟိုက ဘယ်လိုရုပ်မှန်းတောင် မသိရသေးဘူး။ မင်းလုပ်တာနဲ့ အမှုကတော်တော်ကြီးနေပြီ''

ဆူးခက် ပွစိပွစိလုပ်ရင်း အခန်းထဲဝင်သွားသည်။ ညီထက်က တော့ ညီဖြစ်သူကိုကြည့်ရင်း ပြုံးစိပြုံးစိ။

■ ■ ■

''ဟော ကြားလား ညီထက်''

''ဘာလဲကွ၊ မင်းဟာက အလန့်တကြား''

ကိုယ့်အခန်းထဲမှာ ကိုယ့်ဘာသာ မှေးခနဲဖြစ်သွားတုန်း ဆူးခက်က အသည်းအသန် ပြေးဝင်လာသည်။ ပြီးတော့ အိပ်ပျော်နေတဲ့ ညီထက်ကို ကြားလားတဲ့။ ညီထက်ကတော့ ဘာမှမကြား။

နံရံကပ်နာရီကို အကြည့်ရောက်သွားတော့ ညဆယ့်နှစ်နာရီထိုးပြီး ဆယ်မိနစ်။

''ဟော့ကောင် ညကြီးမင်းကြီး ငါက ဘာကြားရမှာလဲ''

ညီထက် ငေါက်ခနဲ ထထိုင်ပြီး ပြောသည်။ ဆူးခက် စိတ်ရှုပ်သွား ပုံရသည်။

''မင်းကလည်းကွာ သေချာနားထောင်စမ်းပါ၊ မကြားဘူးလား''

ဆူးခက်က လေသံတိုးတိုးလေးနှင့်ပြောပြီး ညီထက်ဘေးမှာ ငြိမ် ငြိမ်သက်သက်လေး ဝင်ထိုင်သည်။ ဆူးခက်ပုံကြည့်ရတာ တစ်ခုခုကို အထိတ် အလန့် ကြားလိုက်ရပုံ။



www.burmeseclassic.com

www.burmeseclassic.com



ညီထက် သေချာနားထောင်ပါသော်လည်း ဘာသံမှမကြားရ။

"ဟော့ကောင် ဘာဖြစ်တယ်ဆိုတာလည်း ပြောပြဦး"

"မြို့ထဲမှာ အပင်တွေကို တိုးနေတဲ့ခြေသံ မင်းမကြားဘူးလား"

"ဟေ"

ညီထက် လန့်သွားသည်။ သူတို့အိပ်ရာခေါင်းရင်းဘက်ဆီမှာ ပြတင်းပေါက်တစ်ခုဆီရှိပြီး အဲဒီပြတင်းပေါက်ကနေ ပတ်ဝန်းကျင်မှ အသံဗလံများကို နားမစွင့်လည်း ကြားရတတ်သည်။ အခု မြို့ထဲမှာ ခြေသံတစ်ခု ကြားရတယ်ဆိုတော့ သွေးရိုးသားရိုးမဟုတ်နိုင်။

ဦးဘိုကလည်း ဒီအချိန်ဆို သူတို့အိမ်မကြီးနောက်ဘက်မှ သူ့အတွက် သီးသန့်ဂိုထောင်အပေါ်ထပ်မှာ အေးအေးလူလူ အနားယူနေလောက်ပြီ။ ဒါဆို ဘယ်သူလဲ။ ဆူးခက်နည်းတူ ညီထက်လည်း စိတ်ဝင်စားသွားရ၏။ ခုနကလို မဟုတ်တော့ဘဲ နားများကိုသေချာစွင့်ထားလိုက်သည်။

အဲ ဟုတ်ပါရဲ့။ မြို့ထဲမှာ အလုစိုက်မြို့နွယ်ပင်များကြားကို ဖြတ်တိုးသွားနေသည့် ခြေသံတရှုပ်ရှုပ်။ သေချာအာရုံစိုက်ထားလိုက်မှပင် ရေးရေးလေး ကြားရခြင်း ဖြစ်၏။ သူတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဘာလုပ်ကြမလဲဆိုတဲ့သဘော။

ဆူးခက်က ညီထက်ခေါင်းရင်းဘက်မှ ပြတင်းပေါက်ကို ဖြတ်ခနဲထသွားပြီး အောက်ဘက်ဆီ ဟိုဟိုဒီဒီ ငေါ့ကြည့်၏။

"ဘာမှတော့မတွေ့ဘူးကွ၊ အရှေ့ဘက်က မြို့နွယ်တွေဆီက လာတာနဲ့တူတယ်"





"ငါတို့ခေါင်းကြည့်ကြမယ်လေ"

ဒီလိုနေရာမျိုးမှာတော့ နှစ်ယောက်လုံး သတ္တိမနည်းကြပါ။ အတိုက်အခိုက် အသတ်အပုတ် ကျွမ်းကျင်ကြပြီး ယောက်ျားပီသသည့် ဖွဲ့စည်းပုံ ဆော်ဒီတောင့်တောင့်များကို ညီအစ်ကိုနှစ်ယောက်လုံး ပိုင်ဆိုင်ကြသည်။

သူတို့ချက်ချင်းပင် အိမ်ရှေ့ဆင်ဝင်အောက်နားသို့ ရောက်ရှိသွားပြီး ပတ်ဝန်းကျင်ကို လှမ်းကြည့်အကဲခတ်လိုက်၏။ ညနေပိုင်းမို့လို့ မြို့ထဲမှာ မီးတွေထိန်လင်းနေအောင် ထွန်းမထား။ မြို့တံခါး ဟိုဘက်နဲ့ဒီဘက်မှ မီးလုံးကြီးနှစ်လုံးပဲ ထွန်းထားသောကြောင့် အမှောင်ရိပ်က ကြီးစိုးနေသည်။

တစ်ဖက်ခြံမှာလည်း တိတ်ဆိတ်ငြိမ်သက်နေ၏။ ခြံထဲမှ မီးများ ထည့်မိုတ်လို့ အိမ်တွင်းပိုင်းကလည်း မှောင်တိကျနေသည်။ ညီဖေက်ရော ဆူးခက်ရော တစ်အိမ်လုံးအမှောင်ရှုပြီး အိပ်စက်ရခြင်းမျိုးကို မနှစ်သက်ပါ။ အနည်းဆုံးတော့ အလင်းအားကောင်းသည့် ညအိပ်မီးသီးလေးများ ထွန်းဖွင့်ထားကြမြဲ။

ခုတော့ ဟိုဘက်အိမ်ကိုကြည့်ရတာ လူတစ်ယောက်တောင် မရှိသလိုမျိုး မှောင်မည်းတိတ်ဆိတ်နေ၏။

"ဟိုမှာ ညီထက် ဟိုးနားက မြို့နွယ်ခက်လေးတွေ လှုပ်သွားတာ၊ ပြီးတော့ ရိပ်ခနဲ တစ်ခုခုဖြတ်သွားတာမျိုး"

ဆူးခက် လက်ညှိုးထိုးပြနေသည့်ဘက်ခြမ်းက ညီထက်နဲ့ပိုနီးတော့ ညီထက် သွက်သွက်လက်လက် လှုပ်ရှားလိုက်ပြီး ထိုခြံများနား ရောက်သွားသည်။ ဆူးခက် နောက်ဘက်ကနေ ထပ်ချပ်မကွာ ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံလုံအောင် နင်းလာတာမို့ မြုံထဲမှာ တစ်ယောက်ယောက် ပုန်းအောင်းနေရင်တောင် သူတို့ကပ်လာတာကို သိမည်မထင်။ တစ်ယောက်နဲ့တစ်ယောက် အသံတိတ်အချက်ပြလိုက်ပြီး မြင်တွေ့လိုလိုပင် ထိုမြုံကိုခွဲဖယ်လိုက်၏။ စိတ်ထဲမှာတော့ ဘာများဖြစ်လာမလဲဆိုပြီး တိုက်ခိုက်ရန်အသင့် ပြင်ထားသည်။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် နှစ်ယောက်သား ရယ်ရခက် ငိုရခက်ဖြစ်သွားသည်။ ဘယ်အချိန်က ခြုံထဲခိုးဝင်နေမှန်းမသိသော စုတ်ဖွား ခွေးတယ်ရီယာလေး။ အညိုရောင်အမွေးပွပွများဖြင့် ငြိမ်ငြိမ်သက်သက်လေး ထိုင်နေရင်း သူတို့ကို မျက်လုံးလေးအပြူးသား ငေးကြည့်နေသည်။ အမွေးရှည်များက ကာလတော်တော်ကြာအောင် ပြုပြင်ရိတ်သင်ခြင်း မခံခဲ့ရဘူးဆိုတာ သက်သေပြနေ၏။ တချို့ကလည်း ဒီလိုအမွေးတွေ ရှည်ရှည်လျားလျား တွဲကျနေတာမျိုးကိုမှ နှစ်သက်တတ်ကြသည်လေ။ ပြီးတော့ ဒီခွေးလေးက ဟောင်လည်းမဟောင်။

ဆူးခက်က လက်မြန်ခြေမြန်စွာပင် ကောက်ယူပွေ့လိုက်သည်။ ဒါကိုတောင် ရန်ပြန်မပြုသည့် ခွေးလေးသည် လူတွေနဲ့ တော်တော်လေး လက်ပွန်းတသီး နေထိုင်ခဲ့၍ဖြစ်မည်။

"ဒါ တစ်အိမ်အိမ်က မွေးထားတာပဲ ဖြစ်မယ်ကွ"

"ဉာဏ်ကြီးရှင် ညီထက်ရယ် ဒီလိုခွေးမျိုးက လမ်းဘေးခွေးတော့ ဖြစ်စရာလားကွာ။ ဒါမျိုးလေးတွေက ချစ်စနိုးနဲ့ အလှမွေးကြတာပဲလေ"





"အေး ဒီလိုဆို ငါတို့ရပ်ကွက်ထဲက တစ်အိမ်အိမ်တော့ ခွေးပျောက်နေမှာ သေချာတယ်၊ မနက်မှပဲ ရှာပေးလိုက်တော့လေ"

"ဒါဆို အခု သူ့ကိုဘယ်လိုထားမှာလဲ"

နှစ်ယောက်သား နည်းနည်းတော့ ခေါင်းစားသွားသည်။ တစ်ခါမှလည်း အိမ်မွေးတိရစ္ဆာန်တို့ဘာတို့ မွေးဖူးတာမဟုတ်။ ဘယ်နားထားရမှန်းလည်းမသိ။ အိမ်ထဲမခေါ်ဖို့ကိုတော့ ညီအစ်ကိုနှစ်ယောက်လုံး သဘောတူလိုက်သည်။

နောက်ဆုံးရသည့်အကြံကတော့ အိမ်ရှေ့ဆင်ဝင်နားက တိုင်တစ်ခုမှာ သူ့ကိုကြိုးနဲ့ချည်ထားခဲ့ဖို့ပင်။

"ဒီတိုင်းပဲ လွှတ်ပေးထားလိုက်ရင်ရော၊ သူ့ဟာသူ ဝင်လာတဲ့အတိုင်း ပြန်ထွက်သွားပြီး သူ့ပိုင်ရှင်ဆီ သူပြန်လို့ရတာပေါ့"

"ဟာ တော်ကြာ တစ်ခုခုဖြစ်သွားပါဦးမယ်ကွာ၊ ပိုင်ရှင်ဆီ ပြန်မရောက်ဘဲ လမ်းမှားပြီး ကားတွေဘာတွေ တိုက်မိနေမှဖြင့်"

ဆူးခက်က တွေးတွေးဆဆနှင့် စိတ်ပူပန်နေသေးသည်။ ဒီလိုနဲ့ပဲ အသုံးမပြုတော့သော သံကြိုးတစ်ခုကို စတိုခန်းထဲမှ ခက်ခက်ခဲခဲ သွားရှာခဲ့ကာ ဆင်ဝင်အောက်မှ လှေကားလက်ရန်းတိုင်နှင့် တွဲချည်ထားလိုက်သည်။ ခွေးလေးနာသွားမှာစိုးသောကြောင့် သိပ်လည်းတင်းတင်းကျပ်ကျပ် ချည်နှောင်ရက်ဘဲ သူ ထွက်ပြေးလို့မရနိုင်လောက်ရုံသာ။

"ကဲ ပြီးပြီ၊ ငါတို့လည်း အိပ်ကြရအောင်"

"အေးကွာ ဘာမှလည်း မဟုတ်ဘဲ တစ်နာရီလောက်ခွဲတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခန်းတွေရှိရာ အပေါ်ထပ်ကို လေးပင်သောခြေလှမ်းများဖြင့် သူတို့ပြန်တက်ခဲ့ကြသည်။ ဆူးခက်က ဘာစိတ်ကူးပေါက်သည်မသိ မျက်မှောင်ကြီးကျုံပြီး တစ်ခုခုကို စဉ်းစားနေဟန်ပြုလျက်

“ဒီခွေးက တော်တော်တော့ထူးဆန်းတယ်နော်”

“မင်း ဘာကိုပြောချင်တာလဲ”

“ဒါတို့ သူ့ကိုမွေ့ချီလိုက်တည်းက ခုချိန်ထိ တစ်ချက်မှတောင် အသံမပြုဘူး။ သူ့ကိုဒီလောက် သံကြိုးနဲ့ချည်နေတာတောင်မှလေ”

ဆူးခက် စကားက ညီထက်ကိုလည်းတွေးမိသွားစေသည်။ ဒါပေမဲ့ ခွေးတစ်ကောင် အသံမထွက်တဲ့ကိစ္စလေးကို သူ့အိပ်ချိန်တွေ နောက်အကျ ထပ်ခံပြီး မစဉ်းစားချင်တော့ပါ။

“ငါထင်တာတော့ အဲဒီခွေးက အ,နေတာပဲဖြစ်မယ်ကွ”

“ဘာ ဟာ ဟော့ကောင် ညီထက်၊ မဖြစ်နိုင်တာကွာ”

“မဖြစ်နိုင်ရင်လည်း မသိတော့ဘူးကွာ။ မင်းဘာသာမင်းပဲ စဉ်းစားတော့၊ ငါကတော့ အိပ်ချင်နေပြီ”

အခန်းထဲ မြန်မြန်ဝင်လျက် တံခါးကိုလည်း လော့ချထားလိုက်သည်။ တော်ကြာနေ ဆူးခက်ဆိုတဲ့ကောင်က အခန်းထဲထိလိုက်ဝင်လာပြီး ခွေးမဟောင်တဲ့ကိစ္စကို ထပ်ရစ်နေရင် ပြဿနာ။

■ ■ ■

ဒါပေမဲ့ မနက်ရောက်တဲ့အချိန်မှာတော့ သူတို့နှစ်ယောက်လုံး အံ့ဩစရာအဖြစ်တစ်ခုနှင့် ကြုံတွေ့လိုက်ရသည်။ သူတို့ချည်ထားခဲ့သော နေရာမှာ





ခွေးလေး မရှိတော့။ သံကြိုးကြီးသာ ဒီတိုင်းတွဲလောင်းကျနေတယ်။ ချက်ချင်းပင် ခြံဝမှာ ရေဒီယိုလေးတစ်လုံးနှင့် ငြိမ့်နေသော ခြံစောင့်ဦးဘိုထံ သူတို့ခြေလှမ်းများကို ဦးတည်လိုက်သည်။

“ဦးဘို ခွေးရော”

“ဟင် ဘာပြောတာလဲ မောင်ဆူး”

အစမရှိ အဆုံးမရှိ သွားပြောသော ဆူးခက်စကားကို ဦးဘို နားရှုပ်သွားပုံရသည်။

“ဒီလိုဗျာ ညတုန်းက ခြံထဲကို ဘယ်ရှိယာခွေးစုတ်ဖွားလေးတစ်ကောင် နိုးဝင်နေတာနဲ့ ကျွန်တော်တို့နှစ်ယောက် သံကြိုးနဲ့သေချာချည်ပြီး ဆင်ဝင်အောက်မှာ ထားထားတာ၊ မနက်ကျမှ ပိုင်ရှင်စုံစမ်းပြီး ပြန်ပေးမလို့ အခုမရှိတော့ဘူး”

“ဖော ဦးဖြင့် ခြံထဲဝင်းလာတည်းက ဘာခွေးတစ်ကောင် ကြောင်တစ်ပြီးမှ မတွေ့မိပါဘူး”

“ဟာ မဖြစ်နိုင်ပါဘူးဗျာ၊ ဒီခွေးသေးသေးလေးက ကျွန်တော်တို့ ချည်ထားတဲ့သံကြိုးကနေလွတ်ပြီး ပြန်ထွက်ပြေးသွားတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

သူတို့နှစ်ယောက်ကိုကြည့်ပြီး ဦးဘိုကတော့ ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေပုံမျိုးဖြင့် ခံဝင်ဖြူများကို တဖြင်းဖြင်းကုပ်သည်။ တကယ်တော့ ဒီခွေးနဲ့ပတ်သက်ပြီး ဘာတွေဖြစ်သွားတယ်ဆိုတာကို သူတို့နှစ်ယောက်ကိုယ်တိုင်ပင် နားမလည်တော့။



www.burmeseclassic.com

www.burmeseclassic.com



"အခု ဦးက အဲဒီခွေးလေးကို ပြန်လိုက်ရှာပေးရမှာလား၊ သားတို့"

"ဟာ မလိုပါဘူး။ ကျွန်တော်တို့ကလည်း သူ့ကိုပိုင်ရှင်ဆီ ပြန်ပို့ပေးဖို့ တစ်ညခေါ်ထားတာပါ။ သူ့ဘာသာရောက်လာပြီး သူ့ဘာသာ ပြန်ထွက်သွားတော့လည်း ပြီးတာပဲပေါ့ဗျာ"

ညီထက်က ပေါ့ပေါ့ပါးပါး ပြောပေမယ့် ဆူးခက်ကတော့ တွေးတောနေသော မျက်နှာကြီးဖြင့် ငြိမ်သက်နေ၏။

"ဟေ့ကောင် ဘာတွေတွေးနေတာလဲ"

"ဒါက ခွေးရိုးသားရိုးရော ဟုတ်ရဲ့လားကွာ"

"ခွေးရိုးသားရိုး မဟုတ်လို့ မင်းက ဘယ်လိုထင်လို့လဲကွ"

"ငါတော့ မှုမမှန်ဘူးလို့ပဲ ထင်တယ်ကွာ"

"မင်းပြောချင်တာက"

"တကယ်တော့ ညတုန်းက အဲဒီမြူနွယ်တွေ လွင့်သွားတဲ့အချိန်မှာ ငါမြင်လိုက်ရတဲ့ ရိပ်ခနဲပုံစံက ခွေးတစ်ကောင်ထက် အများကြီး ကြီးမယ်လို့ ထင်ထားတာ၊ သေချာပေါက် လူတစ်ယောက်ယောက်လို့ ငါယူဆလိုက်တာ၊ ဒါပေမဲ့ ဘာမှမဟုတ်တဲ့ ခွေးသေးသေးလေးတစ်ကောင် ဖြစ်နေတယ်"

"ဒါကတော့ကွာ မင်းစိတ်ထင်တာလည်း ဖြစ်မှာပါ၊ ပြီးတော့ မင်းက မဟုတ်ကဟုတ်က စာအုပ်တွေ ရုပ်ရှင်တွေ သိပ်ကြိုက်တဲ့ကောင်ဆိုတော့ အမြင်မှားအတွေး ရှုပ်ကုန်တာဖြစ်မှာပေါ့"

ညီထက်က ဆူးခက်ရဲ့သဘာဝလွန်အတွေးများကို ရယ်တုန်းလေး နှိပ်ကွပ်လိုက်ခြင်းဖြစ်သည်။ ထုံးစံအတိုင်း ဆူးခက် ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်သွားပြီး





"ညီထက် ငါအကောင်းပြောနေတာနော်၊ မင်း မဖောက်လာနဲ့"

"ချော် ငါက ဘာကိုဖောက်ရမှာလဲ၊ ဖြစ်နိုင်ချေရှိတာကို ပြောပြတာပဲဟာ"

"မင်းက ဖြစ်နိုင်ချေရှိတာကို ပြောတာမဟုတ်ဘဲ တမင်သက်သက် ချွဲနေသလို ဖြစ်နေပြီ"

"ဟာ ဒါကတော့ မင်းဘာသာမင်း ဟတ်ထိသွားတာလေ၊ ငါက အဲဒီလောက်ထိ မရည်ရွယ်ပါဘူး"

တဖြည်းဖြည်းနဲ့ သူတို့နှစ်ယောက်ပုံစံက ခွေးအကြောင်း အဖြေထုတ်တာနှင့်မတူတော့ဘဲ တစ်ယောက်ကိုတစ်ယောက် ရန်စောင်နေသလို ဖြစ်လာတာမို့ အတွင်းသိအစင်းသိ ခြံစောင့်ဦးဘိုကပင် ကြားဝင်ရတော့သည်။

"သားတို့ရေ ဘာမှမဟုတ်တာလေးနဲ့ တော်ကြပါတော့ကွာ၊ ခွေးလေးလည်း ခုလောက်ဆို သူ့ပိုင်ရှင်ဆီ ပြန်ရောက်နေလောက်ပါပြီကွာ"

ထိုအခါမှ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်စောင်းကြီးများထိုးလျက် အိမ်ဘက်ဆီ ပြန်ထွက်လာခဲ့သည်။ အိမ်ထိန်းအဒေါ်ကြီး အသင့်ပြင်ပေးထားသည့် မနက်စာကို နှစ်ယောက်သား စကားတစ်ခွန်းမှ မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် စားသောက်လိုက်၏။

ခုချိန် သူတို့ခေါင်းထဲမှာ ခွေးလည်းမရှိ၊ သံကြိုးလည်းမရှိ၊ ဘာမှမရှိတော့။ တစ်ယောက်ကိုတစ်ယောက် မျက်စောင့်နိုကြီးများနှင့် မောင်းကြည့်ရင်း ဒီမနက်စာပိုင်းကနေ ထဲထွက်သွားနိုင်ဖို့ကိုသာ အာရုံရောက်နေကြသည်။ အဓိကကတော့ ဆူးခက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့သဘောကျနှစ်သက်မှု ဝါသနာအပေါ် အမြဲလိုလို မကောင်းမြင် ရှုတ်ချနေခဲ့သည့် ညီထက်ကို ဒီတစ်ခါတော့ သူ တော်တော်တင်းသွားသည်။ ဖြစ်နိုင်ရင် ဒီကောင်နဲ့ စကားပြောချင်စိတ်ပင် မရှိ။

လက်ကျန်ကော်ဖီကို တစ်ကျိုက်တည်းနှင့် အကုန်မော့သောက်ချလိုက်ပြီး ဆူးခက် ထထွက်လာခဲ့သည်။

"အေး မင်းတို့ ငါ့အိမ်လာချင်လာခဲ့ကြလေ၊ ငါတစ်နေ့လုံး အိမ်မှာပဲ ရှိမှာ"

စားသောက်နေတုန်း ညီထက် ဖုန်းထမြည်လာသောကြောင့် ကောက်ကိုင်လိုက်ရင်း တစ်လက်စတည်း သူ့သူငယ်ချင်းတွေကို အိမ်ခေါ်နေတာဖြစ်မည်။ တကယ်တော့ ညီထက်သူငယ်ချင်းဆိုတာလည်း ဆူးခက်သူငယ်ချင်းတွေပါပဲ။ ဒါပေမဲ့ ဆူးခက်က အပြင်ထွက်ခဲသည်။ တစ်နေ့တစ်နေ့ စာအုပ်တွေ ရုပ်ရှင်ခွေတွေ အင်တာနက်အသုံးပြုမှုတွေနဲ့ပဲ လုံးလည်ချာလည်လိုက်လျက် ညီထက်တို့လိုမျိုး အပြင်ထွက်အချိန်မဖြုန်းဖြစ်။

အဲဒီတော့ သူငယ်ချင်းတွေကလည်း တစ်နေရာရာအတူသွားဖို့ဆို ညီထက်ကိုသာ လှမ်းခေါ်တတ်တာများသည်။

"ဆူးခက် ခဏနေရင် အိမ်ကို မိုးကြီးတို့သီဟတို့ လာလိမ့်မယ်"

အိမ်ရှေ့ခန်းမှာ ငုတ်တုတ်ထိုင်ရင်း ဂျာနယ်ဖတ်ရန် ပြင်နေသော ဆူးခက်နားကို ညီထက် ရောက်လာပြီး အကြောင်းကြားသည်။

"အဲဒီတော့ ငါကဘာလုပ်ပေးရမလဲ"

"မင်းကို လုပ်ပေးဖို့ပြောနေတာမဟုတ်ဘူး။ သူတို့တွေက မင်းကို





လည်း မတွေ့တာကြာလို့ တွေ့ချင်နေကြတာလေ"

"အိုကေ ငါသဘောပေါက်ပြီ"

ဆူးခက်ရဲ့မထီမဲ့မြင်ပုံစံကို ညီထက် မကျေမနပ်ဖြင့် ဖွစိဖွစိ ရေရွတ်ရင်း အိမ်နောက်ဖေးမှာ ချက်ပြုတ်ရန် ပြင်ဆင်နေသည်။ အိမ်ထိန်းဒေါ်မြထီ လျှောက်လာခဲ့သည်။

"ဒေါ်မြရေ ဒီနေ့ ကျွန်တော်တို့သူငယ်ချင်းတွေ အိမ်လာလိမ့်မယ်၊ ဟင်းတွေ ထမင်းတွေ ပိုချက်ထားပေးပါ"

"အေး အေး သားကြီး"

ဒေါ်မြက ဖေဖေမေမေတို့လက်ထက်တည်းက ဒီအိမ်ကြီးမှာ ချက်ပြုတ်သန့်ရှင်းရေးကိစ္စအားလုံး ဖျက်နှာလွှဲထားလို့ရအောင် စိတ်ချရသူဖြစ်သည်။ ဟင်းချက်လက်ရာကလည်း အလွန်ကောင်းပြီး သူတို့ညီအစ်ကိုနှစ်ယောက်လုံး အကြိုက်ဖြစ်ရုံတင်မက သူငယ်ချင်းတွေကလည်း အိမ်လာလည်တိုင်း ဒေါ်မြလက်ရာကို အလွတ်မပေးတမ်း စားကြမြဲဖြစ်၏။

ဒါကြောင့်လည်း သူက ကြိုကြိုတင်တင် အသိပေးချက်ပြုတ်ထားခိုင်းခြင်း။

ညီထက် ရေမိုးချိုးအဝတ်အစားလဲလှယ်နေတုန်းမှာပင် သူငယ်ချင်းတွေအောက်ထပ်မှာ ဆူဆူညံညံ စကားပြောနေသံများက အခန်းထဲထိ လွင့်ပျံတက်လာ၏။ ဒီကောင်တွေ မြန်မြန်ဆန်ဆန် ရောက်လာကြသားပဲ။

"မင်းလည်း တစ်နေ့တစ်နေ့ အိမ်ထဲမှာပဲ အောင်းနေတယ်ဆို"

ဆူးခက်ကို စကားပြောနေသော သီဟအသံအား ညီထက် ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့ ပြုံးမိသည်။ ဆူးခက်တစ်ယောက်က ငယ်ငယ်တည်းကလည်း အပြင်သိပ်မထွက်တတ်သလို သူတစ်ယောက်တည်း အိမ်တွင်းအောင်းနေတတ်တာက များသည်။ ဒီသူငယ်ချင်းတွေဆိုတာတောင် ကျောင်းတက်တုန်းက တစ်တန်းတည်းတက်ခဲ့သောကြောင့် သိကျွမ်းရင်းနှီးခဲ့ခြင်း။

"ငါ့မှာ အပြင်ထွက်စရာလည်း သိပ်မရှိဘူးလေ၊ အပြင်ထွက်ပြီးတော့လည်း ဟိုဟိုဒီဒီ သွားနေမယ့်အစား အိမ်ထဲမှာနေပြီး ကိုယ်လုပ်ချင်တာလေးတွေ လုပ်နေတော့ စိတ်ချမ်းသာတာပေါ့"

"အေးပေါ့ကွာ မင်းကတော့ အေးချမ်းပါတယ်၊ ငါတို့ကတော့ အလုပ်တစ်ဖက်နဲ့ဆိုတော့ မထွက်ချင်လည်း ထွက်နေရတာပါပဲ"

ဘဏ်မှာအလုပ်ဝင်နေသော မိုးကြီးက ညည်းသည်။ ဒီနေ့တောင် လပြည့်နေ့ဖြစ်နေလို့ သူ လာလည်နိုင်တာဖြစ်ကြောင်းလည်း ပြောသေး၏။ သီဟကတော့ သူ့အဖေရဲ့ပွဲရုံမှာပဲ မန်နေဂျာပြန်လုပ်နေခြင်းမို့ သူ အားချင်သည့်နေ့အားလို့ရနေတော့ အဆင်ပြေသည်။

"မင်းတို့လိုမျိုး အမွေလေးတွေ ထိုင်စားနေရရင်တော့ အေးဆေးပေါ့ကွာ၊ ဘာအပူအပင်ရှိမှာလဲ၊ တစ်ယောက်ကလည်း အိမ်ထဲမှာပဲနေပြီး လုပ်ချင်တာလုပ်တယ်၊ နောက်တစ်ယောက်က ကားတစ်စီးနဲ့ ဟိုဟိုဒီဒီ ပတ်တယ်"

"ဟိတ်ကောင်တွေ မင်းတို့က အမွေသိပ်လိုချင်နေတယ် ဟုတ်လား။ အမွေဆိုတာ မိဘတွေဆုံးလို့ရတာကွ"

"အာ ညီထက် မင်းကတော့ လာတာနဲ့ ပါးစပ်ပုပ်ကစပြီ"





ညွှန့်ခန်းထဲ ဝင်သွားလိုက်သည်နှင့် ကြားလိုက်ရသော စကားလေးနှင့် အစချီလိုက်တော့ မိုးကြီးက မျက်နှာကြီးပျက်လျက် ပြန်ပြောသည်။

"မဟုတ်ပါဘူးကွာ၊ မင်းတို့က ငါတို့အမွေရတာကို အားကျနေတော့ ငါက သဘောတရားလေး ပြောပြတာပါကွ"

"အေးပါ ထားလိုက်ပါတော့၊ ဘယ်လိုလဲ၊ ငါတို့ဒီနေ့ ထမင်းစားပြီးမှ ပြန်မှာနော်၊ ဒေါ်မြကို ပြောထားရဲ့လား"

"မင်းတို့လာမယ်ဆိုတာ ဖုန်းရပြီးတည်းက ငါပြောထားပါတယ်ကွာ၊ မင်းတို့ဝေါ်ကြီးကျမယ်ဆိုတာ ကြိုသိလို့လေ"

"အေး ဒီလိုလေးတွေ အလိုက်သိလို့လည်း မင်းတို့ညီအစ်ကို နှစ်ယောက်ကို ချစ်နေရတာ"

သီဟ စကားအဆုံးမှာ ညီထက်နဲ့ဆူးခက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသွားသည်။ ညီထက်က နှာခေါင်းရှုံ့ပြမိုက်သလို ဆူးခက်ကလည်း မျက်စောင်းကြီးထိုးပြီး တစ်ဖက်ပြန်လှည့်သွား၏။

"ဟာ မင်းတို့နှစ်ကောင် စကားများပြန်ပြီလား"

သူတို့အပြုအမူတွေကို လှမ်းသတိထားမိသွားသော သီဟက သိနေပြီးသားမို့ မေးလာသည်။ ဆူးခက်က ခုနတည်းက ဖတ်နေသော ဂျာနယ်ကို ဆက်ဖတ်နေ၏။ သီဟစကားကို မကြားသလိုလို။

"အလကားပါကွာ၊ အားနေ ရုပ်ရှင်ထရယ်တွေ ကြည့်ကြည့်ပြီး အာသာဘာဝလွန်တွေများ ဖြစ်လာမလဲလို့ မျှော်လင့်နေတာ"

"အောင်မာ ညီထက် ငါကပဲမျှော်လင့်နေတယ် ဖြစ်ရသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါက တိုက်ဆိုင်တာတွေကို မင်းသတိထားမိအောင် ပြောပြတာကွ"

ဆူးခက်တစ်ယောက် မသိချင်ယောင်မဆောင်နိုင်တော့ဘဲ ပြန်လည်ချေပလာသည်။ ဒီလိုဆိုတော့လည်း မိုးကြီးနဲ့သီဟနှစ်ယောက်စလုံး သူတို့ဘာတွေများ ဖြစ်ခဲ့လဲဆိုတာ ပိုမိုစိတ်ဝင်စားသွားပြီ။ အဖြစ်အပျက်အစအဆုံးကို ဆူးခက်ကပင် ခပ်မြန်မြန် ပြောပြလိုက်သည်။

"သွေးရိုးသားရိုးမဟုတ်တာတော့ အသေအချာပဲပေါ့"

မိုးကြီးရဲ့မှတ်ချက်ကို ဆူးခက်က သဘောတူသွားပုံနှင့် ခပ်မိန့်မိန့်ကြီး ပြုံးလိုက်သည်။

"အဲဒီတော့ ခွေးလေးက ဘယ်အိမ်ကလဲလို့ မင်းတို့ လိုက်မစုံစမ်းဘူးလား"

"စုံစမ်းစရာမှ မလိုတော့တာကွာ၊ သူကလည်း သူ့ပိုင်ရှင်ဆီ သူပြန်သွားတာ ဖြစ်မှာပေါ့"

ညီထက်ရဲ့ပေါ့ပေါ့ပါးပါး အဖြေ။ သီဟက သဘောမကျသလို မျက်မှောင်ကြီးကျုံ့သည်။

"ဒီလောက်မိုင်တွဲသံကြိုးကို ဒီခွေးလေးက ဘယ်လိုများ လွတ်မြောက်အောင် ရုန်းလိုက်တာလဲ၊ ပြီးတော့ မင်းတို့ ဒီလောက်စိတ်ကြိုက်ကိုင်တွယ်နေတာတောင် သူက တစ်ချက်လေးမဟောင်ဘူးဆိုတော့ ထူးဆန်းနေတာအမှန်ပဲလေ ညီထက်"

ဒီတစ်ခါတော့ ညီထက်မှာ ပြောစရာစကားမရှိ ဖြစ်သွားသည်။ ဆူးခက်တစ်ယောက်ပဲ စာအုပ်တွေဖတ် သရဲကားတွေကြည့်ပြီး စိတ်ရူးပေါက်





နေခြင်း မဟုတ်တော့ဘဲ သီဟရော မိုးကြီးကပါ ဆူးခက်အတွေးကို ဝင်ထောက်ခံနေသလိုမို့ ညီထက် ပါးစပ်ပိတ်ထားလိုက်သည်။

"ရပ်ကွက်ထဲမှာ ပတ်ရှာကြည့်ရင်တော့ ဘယ်အိမ်ကခွေးလဲ သိနိုင်ပါတယ်ကွ"

"ငါသိသလောက်တော့ ငါတို့ရပ်ကွက်ထဲမှာ တယ်ရီယာခွေးတဲ့အိမ်မရှိဘူးကွ၊ ဟိုးနှစ်ခြံကျော်မှာ အယ်ဇေးရှင်းကြီးသုံးကောင် မွေးထားတာကလွဲရင် ကျန်တဲ့အိမ်တွေက ခွေးမမွေးဘူး"

"ဒါပေမဲ့ မင်းတို့မသိလိုက်ခင်မှာမွေးထားတာလည်း ဖြစ်နိုင်တာပဲကွာ၊ မင်းတို့မသိတဲ့ တစ်အိမ်အိမ်ပေါ့"

မင်းတို့မသိတဲ့ တစ်အိမ်အိမ်ဆိုတော့မှ ညီထက်အတွေးထဲ ဘေးခန်းမှ အိမ်တက်လာဖိတ်သော အမျိုးသမီးမျက်နှာ ပြန်ပေါ်လာသည်။

"ငါခုမှ သတိရတယ်ကွ၊ ဘေးက သုံးထပ်အိမ်ကို မိသားစုအသစ်တွေ ပြောင်းလာကြတယ်"

"အေး အဲဒါ အဖြစ်နိုင်ဆုံးပဲပေါ့၊ မင်းတို့နဲ့လည်း ခြံချင်းကပ်ရက်ပဲလေ"

"အဲဒီခြံဘက်ကို သွားကြည့်ပါလားကွ"

ကျန်တဲ့သုံးယောက် စိတ်ဝင်တစား ဖြစ်နေပေမယ့် ညီထက်ကတော့ သိပ်အာရုံမရပါ။

"မင်းတို့ သွားချင်သွားလေ၊ ငါကတော့ နေခဲ့မယ်၊ ဒီနေ့ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ လုံးဝကို အနားယူဖို့ ဆုံးဖြတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးကွာ အရေးထဲမှ မင်းက လာနေသေးတယ်"

သီဟာရဲ့အခွဲတိုက်သံအဆုံးမှာ ဧည့်ခန်းထဲသို့ ဒေါ်မြ ဝင်လာသည်။

"သားတို့ရေ ဗိုက်ဆာရင် အားလုံးအဆင်သင့်ဖြစ်ပြီနော်"

ချက်ချင်းပင် ဝေါ်ကြီးကျနှစ်ယောက်ဖြစ်သော မိုးကြီးနဲ့သီဟာတို့ မျက်လုံးတွေ အရောင်တောက်သွားသည်။ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ကြပြီး ဒေါ်မြနား ရောက်သွား၏။

"ကျွန်တော်တို့က ဒေါ်မြလက်ရာကို စားချင်လွန်းလို့ လာခဲ့တာဗျ။ အိမ်က မထွက်ခင်တည်းက ဗိုက်ကဆာနေတာ"

သူတို့အာရုံထဲမှာ ဘေးက သုံးထပ်တိုက်လည်း ရှိပုံမရတော့။ တယ်ရီယာခွေးလည်း အစအနပင် ရှာမရလောက်အောင် ပျောက်သွားခဲ့ပုံ။ ဒေါ်မြ ချက်ထားသည့် ဟင်းအမယ်တွေဆီသို့သာ အာရုံတွေအားလုံး ကျ ရောက်သွားကြ၏။

"မင်းမိုးလို့ ဒီကောင်တွေကို အဖော်ညှိနေတယ်၊ အစားမြင်ရင် ကျန်တာအားလုံး မေ့တဲ့ကောင်တွေ"

"မင်းလိုတော့ ငါ့ထင်မြင်ချက်ကို သူတို့က မရှုတ်ချပါဘူး"

ညီအစ်ကိုနှစ်ယောက် စကားအချေအတင်လေး ဖြစ်လိုက်သေးသည်။

"သားကြီးနဲ့သားငယ် ထမင်းစားဖို့အားလုံး အဆင်သင့်ဖြစ်နေပြီနော်၊ စကားမများဘဲ လာခဲ့ကြတော့"

ထမင်းဝိုင်းမှာ ထိုင်မိတော့ သူတို့အားလုံးကြိုက်သည့် ကြက်သား





ပဲငပိနံ့လေးက နှာခေါင်းထဲတို့ အရင်တိုးဝင်လာသည်။ တခြားဟင်းတွေလည်း ရှိသေးပေမယ့် အားလုံးရဲ့လက်များက ကြက်သားပဲငပိခွက်ကိုသာ မျက်စပစ်ခဲနေကြ၏။ ဒေါ်မြက ထမင်းပန်းကန်တွေထဲ ထမင်းထည့်ပြီးစီးသည်နှင့် ခရာမှုတ်ကာ တာလွှတ်လိုက်သော အပြေးသမားများလို သူတို့ရဲ့ ဦး တည်ရာက ထိုကြက်သားပဲငပိခွက်ဆီသို့သာ။

"သိတယ်၊ သားတို့ကြိုက်မှန်းသိလို့ကို တမင်သက်သက် ဒေါ်မြက အများကြီးချက်ပေးထားတယ်၊ ဒါပေမဲ့ တခြားဟင်းတွေလည်း နှိုက်ကြပါဦးနော်၊ ဒေါ်မြကြီးက အပင်ပန်းခံချက်ထားရတာ"

"အဟီး ဟုတ်ကဲ့ပါ ဒေါ်မြရဲ့၊ ကျွန်တော်တို့က အားလုံးစားမှာပါ"

သီဟာက သွားဖြီးပြကာ အရှက်ပြေပြောသည်။ နေ့လယ်ဘက်မှာလည်း သူတို့အကြိုက်ကိုသိနေသော ဒေါ်မြရဲ့စီမံမှုဖြင့် ပုစွန်ငါးပေါင်းကြော်၊ လက်ဖက်သုပ်၊ ရေခဲ့ကြမ်းများဖြင့် သူတို့စကားဝိုင်းလေးက စိုစိုပြည်ပြည်။ ဆူးခက်နဲ့မိုးကြီးက စီဒီပလိုက်ယ်အတူနှိပ်နေပြီး ညီ...က်နဲ့သီဟာကတော့ ဖုန်းထဲမှာ အင်တာနက်ပေါ်မှ အလန်းဖယ်ာလေးများဆိုသော စိတ်အာရုံနိုးကြားစေသည့်စာမျက်နှာတစ်ခုကို မျက်တောင်မခတ်တမ်း ငေးကြည့်ငမ်းကြောထနေကြသည်။

ထိုအချိန်မှာပဲ လူတစ်ယောက်ရဲ့ကျယ်ကျယ်လောင်လောင် အော်ပစ်လိုက်သံကို သူတို့လေးယောက်လုံး သေသေချာချာ ကြားလိုက်ရ၏။ အားခနဲ အော်ဟစ်လိုက်သံက တစ်ခုခုကို နာနာကျင်ကျင် ခံစားလိုက်ရသောကြောင့် မချိမဆန့် အော်ပစ်လိုက်သလိုမျိုး။ သူတို့တစ်ယောက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြည့်လျက် ဂိမ်းလည်းမနိုင်ကြတော့၊ ဖုန်းမျက်နှာပြင်ကြီးကို လျှာနဲ့မြေးလျက်တော့မတတ် ပြုံးဖြီးနေသည့် မျက်နှာတွေလည်း ရုက်ချင်း တည်သွားသည်။

"ဒါ ဘယ်ကအသံလဲကွ"

သူတို့အားလုံး ကြောင်နေကြစဉ် ဆူဆက်က အရင်မေးခွန်းထုတ်သည်။ တကယ်တော့ သူတို့လေးယောက်လုံး ထိုအသံ ဘယ်ကထွက်လာ တယ်ဆိုတာကို မသိကြပါ။

"ငါတို့လည်း ဘယ်သိမလဲ၊ ဒါပေမဲ့ အသံက သိပ်ဝေးဝေးကတော့ မဟုတ်ဘူးနော်"

"အေး ဟုတ်တယ် ငါတို့ခြံထဲက လာသလိုပဲ"

သိချင်စိတ်များဖြင့် လေးယောက်လုံး အိမ်ရှေ့ထွက်ခဲ့ကြသည်။ ဦးဘိုကိုမေးကြည့်ရင်တော့ တစ်ခုခု သိရမှာပဲ။

"ဦးဘိုရေ ဦးဘို"

"ဦးဘိုရေ"

တုံ့ပြန်ထူးသံ မကြားရ။

"အရေးထဲမှ ဦးဘိုကြီးက ဘယ်ထွက်သွားပြန်ပြီလဲ မသိဘူးကွာ"

"ဦးဘိုရေ ဘယ်မှာလဲဗျို့"

သူတို့တွေ အော်သာခေါ်နေပေမယ့် ထူးသံတစ်ချက်မှ မကြားရပါ။ ဦးဘိုက ဒီလိုမပြောမဆိုနဲ့ အပြင်ထွက်တတ်သူ မဟုတ်။

"ဦးဘိုပါ ပျောက်နေတာလား"





"ဟာ မင်းကလည်း ဘာတွေလျှောက်တွေးနေပြန်ပြီလဲ၊ အိမ်သာ တွေဘာတွေ သွားတက်နေတာ ဖြစ်မှာပေါ့"

သူတို့တွေ ဦးဘို ထိုင်နေကျ အပင်အောက်လေးကို ရောက်လာ ကြသည်။

"ဟာ ဦးဘို ဦးဘို"

သူတို့လာရာလမ်းနဲ့ ဆန့်ကျင်ဘက် သစ်ပင်ဟိုဘက်ခြမ်းမှာ မှောက်ခုံကြီးလဲနေသော ခြံစောင့်ဦးဘို။ သူတို့တွေ အထိတ်တလန့်နှင့်ပင် ဦးဘိုကို နှလုံးခုန်နှုန်းစမ်းသပ်ကြည့်လိုက်သည်။

"နှလုံးခုန်တယ်ကွ၊ ဘာဖြစ်သွားတာလဲ မသိဘူး"

"ဒီလိုဆို အော်သံကလည်း ဦးဘိုအသံပေါ့"

"အေး ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဦးဘိုက ဘာဖြစ်သွားလို့ ဒီလောက် အထိတ်တလန့် အော်လိုက်တာလဲ၊ ကိုယ်ပေါ်ကို ရှာကြည့်ကြပါဦး။ ဒဏ်ရာ တွေဘာတွေများ ရနေသလားလို့"

သို့သော် ဦးဘိုထံမှာ ဘာသွေးထွက်သံယိုဒဏ်ရာမှ မတွေ့ရ။ အားလုံးအကောင်းပကာတိ။ အိမ်ရှေ့ညဉ့်ခန်းက ဆိုဖာပေါ်မှာ သတိလစ်နေ သော ဦးဘိုကို သူတို့ချီမတင်ထားလိုက်ပြီး ဆရာဝန်တစ်ယောက် ပင့်ရသည်။ ဆေးခြံရလည်း ရင်ဘတ်လေးတဖိဖိနှင့် ဦးဘိုစားကာမနွှာ စိတ်ပူပန်နေရှာသည်။

"ရုတ်တရက် အံ့ဩစရာ ဒါမှမဟုတ် ထိတ်လန့်စရာတစ်ခုခုကို တွေ့လိုက်မြင်လိုက်ရတာကြောင့် စိတ်ချောက်ချားပြီး နှလုံးလေဟာပ်သွားတာ ပါ၊ စိုးရိမ်စရာတော့ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ရဲ့အဖြေစကားက သူတို့လေးယောက်အတွက် ပူဟောင်း တစ်ခုဖြစ်ခဲ့သည်။ ဆရာဝန်ပြန်သွားပြီး တော်တော်ကြာသည်ထိ ဦးဘို သတိပြန်မရသေး။

"ဘယ်လိုဖြစ်တာလဲ သားတို့ရယ်"

"ဆရာဝန်ကြီးပြောတာတော့ ရုတ်တရက်လန့်သွားတာပါတဲ့၊ စိတ် ပူစရာမရှိဘူးလို့ပြောပါတယ် ဒေါ်မြရဲ့"

ဦးဘိုက ကလေးမရှိသော မုဆိုးဖိုဖြစ်ကာ ဒေါ်မြကတော့ အော်ရ ဂျင်နယ်အပျိုကြီးဖြစ်သည်။ ဒီအိမ်ကြီးမှာ အလုပ်လုပ်လာကြတာကလည်း ညီထက်တို့တစ်သက်လောက် ဖြစ်နေပြီမို့ တစ်ဦးကိုတစ်ဦး သံယောဇဉ်တော့ ရှိကြမှာပါ။ အသက်အရွယ်တွေကြောင့် ဆန်းဆန်းပြားပြား သံယောဇဉ်မဟုတ် တောင် ဆွေမျိုးရင်းချာတွေလို သံယောဇဉ်မျိုးတော့ သူတို့နှစ်ယောက်မှာ ရှိမှာပါပဲ။

ဒါကြောင့်လည်း ဦးဘို သတိပြန်မရမချင်း အနားကနေ စောင့် ကြပ်ပေးရမယ့်တာဝန်ကို ဒေါ်မြက ယူလိုက်၏။ အိမ်အနောက်ဘက်မှ ဝန်ထမ်းတန်းလျားလေးဆီ မပြန်စေဘဲ ဦးဘိုကိုလည်း အိမ်ရှေ့ဧည့်ခန်းထဲမှ ဆိုဖာပေါ်မှာသာ သက်သောင့်သက်သာတင်ထားသည်။ ဒေါ်မြကတော့ စိုးရိမ်ကြီးသော မျက်ဝန်းများဖြင့် ဘေးနားမှာထိုင်ပြီး ပူပင်စိတ်နေ၏။

သူတို့လေးယောက်ရဲ့ပျော်ရွှင်နေသော စိတ်တွေ ကုန်ခမ်းသွား သည်။ သီဟာက ပြန်ရန်ပြင်၏။

"ငါကတော့ ဦးဘိုကြီး ဘာဖြစ်တယ်ဆိုတာကို သိချင်သေးတယ်





ကွာ"

ဦးဘိုကိစ္စကို အလွန်စိတ်ဝင်တစားဖြစ်နေသော မိုးကြီးက မပြန် သေး။ နောက်ဆုံးတော့ သူတို့မှတွေ ဦးဘို သတိပြန်လည်လာမှပင် ပြန်ကြရန် သဘောတူလိုက်ကြသည်။ သို့သော် သူတို့ဆန္ဒမပြည့်ဝလိုက် ညဆယ်နာရီထိုးသည့်တိုင်အောင် မေ့မျောနေသောကြောင့် သီဟာနှင့်မိုး စိတ်လျှော့လျက် ကိုယ့်အိမ်ကိုယ်ပြန်သွားကြရသည်။ အရင်လိုကျောင်း ဘတွေန်းကသာဆိုရင် ဒီကောင်တွေ ညအိပ်ပြီးတော့ကို စောင့်ကြမှာ။ တော့ မနက်ကို အလုပ်ကိုယ်စီ ဝင်ရမည့်သူများမို့ ညအိပ်ညနေ မနေနိုင် တော့။

"ဘာဖြစ်တယ်ဆိုတာကို ငါတို့ကို သတင်းဆေးဘာလေး ပြန်ပေး ကွာ"

သီဟာက ကားစက်နှိုးပြီးနေတာတောင် မိုးကြီးမှာတော့ သံယောဇဉ် တန်းနေသေးသည်။ ညီထက် ဟက်ခနဲ ရယ်မောလိုက်မိသည်။

"ဘာမှထူးထူးခြားခြား မဟုတ်လောက်ပါဘူးကွာ၊ မင်းတို့လည်း တ် စိတ်ထဲထားမနေပါနဲ့၊ ဆရာဝန်ကလည်း စိုးရိမ်စရာ မရှိဘူးလို့ ခဲ့တာပဲလေ"

"အေးပါကွာ ခုထိ သတိပြန်မရသေးတော့ ငါတို့က နည်းနည်း လိုပါ၊ ဆူးခက်ပြေးပြထားတဲ့စိတ်ဝင်စားစရာ ဇာတ်လမ်းလေးတွေ ရှိသေးတယ်လေ"

"ဘာလဲ ခွေးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့၊ ငါတို့ အဲဒီချွေးလေးကို လိုက်ရှာမယ်ဆိုပြီးတော့တောင် ဘာမှမလုပ်ဖြစ်လိုက်ဘူး"

"မရှာဖြစ်တော့ မင်းတို့ မပင်ပန်းတော့ဘူးပေါ့ကွာ၊ ဆူးခက်တစ်ယောက်က သူ့အတွေးတွေနဲ့ သူ့ဘာသာ စိတ်ကူးယဉ်နေတာ၊ မင်းတို့ပါ လိုက်ကြောင်မနေစမ်းပါနဲ့"

အနားမှာသာ ဆူးခက်ရှိရင် ညီထက်နဲ့ စကားများရဦးမှာ သေချာသည်။ ခုနတည်းက ခြံထဲမှာ ဦးဘို လဲကျသွားသော သရက်ပင်အောက် သွားပြီး ကုန်းကုန်းကွကွနှင့် ဘာတွေလုပ်နေမှန်း မသိ။ ဒါကြောင့်လည်း ညီထက် ပြောသောစကားများကို သူ ဘာမှမကြားနိုင်ပါ။

သူ့စွဲလမ်းမှုကို ကြောင်တောင်တောင်နိုင်တယ်လို့ ညီထက်က ပြောနေမှန်းသာသိရင် ရောက်တဲ့နေရာကနေ အပြေးလာပြီး ရန်တွေ့မယ့်ကောင်။

"မင်းဘာတွေရှာနေတာလဲကွ"

"သဲလွန်စတစ်ခုခု တွေ့လို့တွေ့ငြားပါကွာ"

"အောင်မာ မင်းကိုယ်မင်း စုံထောက်လိုလိုဘာလိုလို လုပ်နေပြန်ပြီ"

"လုပ်ရမှာပဲလေ၊ ဦးဘိုက ဒီတိုင်းအသံတိတ်လဲကျသွားသွားတာဆိုရင် ငါတို့ ဘာတွေတွေတွေးထူးမှ လျှောက်တွေးနေဖို့မလိုဘူး။ ခုဟာက အားလုံးကြားလိုက်ရတဲ့ အသံနက်ကြီး"

ဒီတစ်ခါတော့ ဆူးခက်ပြောတာကို ညီထက် မငြင်းနိုင်ပါ။ တစ်





ခစ်ရာ ထိတ်လန့်ဖွယ်ကို မြင်တွေ့လိုက်သောကြောင့် အော်ဟစ်လိုက်သော ကြောက်စရာအသံကြီးကို ညီထက်ကိုယ်တိုင်လည်း နားနဲ့ဆက်ဆက် ကြားလိုက်ရတာပဲလေ။

"အခု မင်းရှာတော့ ဘာတွေ့လဲ"

"ဘာမှတော့ မတွေ့ဘူး"

"ဒီလိုဆိုလည်း ရှာမနေနဲ့တော့၊ ညကြီးမင်းကြီး အမှောင်ထဲ ရှာနေလို့လည်း မင်းဘာမှတွေ့မှာ မဟုတ်ဘူး။ တော်ကြာနေ ဦးဘို သတိပြန်ရလာမှပဲ ကာယကံရှင်ကိုယ်တိုင်ကို မေးကြည့်ကြတာပေါ့"

ဒီတစ်ခါတော့ ဆူးခက် စိတ်လျှော့လိုက်ပုံဖြင့် ညီထက်ပခုံးကိုဖက်ပြီး အိမ်ဘက်ပြန်လိုက်ခဲ့သည်။

သူတို့အိမ်ထဲပြန်ရောက်ပြီး မကြာခင်မှာပဲ ဦးဘို တအင်းအင်းဖြင့် သတိပြန်လည်လာသောကြောင့် သူတို့အားလုံး ဝမ်းသာသွားသည်။ ဒေါ်မြက ဦးဘိုမျက်နှာနားကပ်ကာ

"ကိုဘို သတိရလာပြီလား။ အောင်မယ်လေး တော်ပါသေးရဲ့ရှင်၊ ကျွန်မမှာဖြင့် စိတ်တွေပူနေတာ"

"ဦးဘို သတိပြန်ရပြီနော်၊ ကျွန်တော်တို့ စိတ်ပူနေတာဗျ"

ဆူးခက်တို့စကားတွေပြောနေသော်လည်း ဦးဘိုကတော့ သူတို့ကို နှုတ်တုံ့မပြန်ပါ။ မျက်လုံးအကြောင်သားဖြင့် တစ်ယောက်ကိုတစ်လှည့်စီ သိုက်ငေးကြည့်နေ၏။ ဦးဘိုကိုကြည့်ရတာ ဘာဖြစ်လို့ဖြစ်သွားမှန်းပင် သူ့ဘာသာ သိရှိပုံမပေါ်။

www.burmeseclassic.com



"ဦးဘို ဦးဘို ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ကို မှတ်မိလား ဦးဘို"

ပါးစပ်က ပြန်မဖြေဘဲ ဦးဘို ခေါင်းကိုသာ ညင်သာစွာ ညိတ် သည်။ ဘာတွေဖြစ်ကုန်တယ်ဆိုတာကို သူတို့ခုချိန်ထိ စဉ်းစားလို့မရသေး ဦးဘိုကိုကြည့်ရတာ ပုံမှန်မဟုတ်တာတော့ သေချာသည်။

"မြတ်စွာဘုရား ကိုဘို ကိုဘို ဘာတွေဖြစ်နေတာလဲ"

ညီထက်တို့တွေ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ လ ဖြစ်နေတဲ့ အနေအထားကို ဝေခွဲရခက်နေသည်။ သူတို့တွေကို မှတ်မိတယ် ပြောပေမယ့် ဦးဘိုပုံစံက ထူးဆန်းနေသည်။ တစ်ခုခုကိုအကြောက်လွန် သလို၊ စိုးရိမ်ပူပန်နေသလိုနှင့်

"ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ကို ပြောပြပါ ဦး

မေးလိုက်သော ဆူးခက်ကို ဦးဘိုက စူးစူးစိုက်စိုက်ကြည့် ခေါင်းကိုဖြည်းညင်းစွာ ခါပြသည်။

ဒီညတော့ ဆူးခက်တို့တွေ ဦးဘိုဆီက ဘယ်လိုအဖြေစကား ကိုမှ မရနိုင်တာ သေချာသွားပြီ။ သိချင်စိတ်တွေ ဇောကြီးနေသော်လ ဦးဘို ကျန်းမာရေးကို ထိခိုက်မှာစိုးသောကြောင့် ဘာမှထပ်မမေး သူတို့ဆုံးဖြတ်လိုက်၏။

"ဦးဘို လမ်းလျှောက်နိုင်လား"

ဦးဘိုက လှဲအိပ်နေရာမှ ခပ်ဖြည်းဖြည်းချင်း ငုတ်တုတ်ထ လိုက်ပြီး ခေါင်းညိတ်ပြသည်။



"ဒီလိုဆို ဦးဘို အခန်းလေးထဲမှာပဲ သက်သောင့်သက်သာ အနား သွားယူပါတော့၊ ဒေါ်မြကတော့ ဦးဘိုစားဖို့ တစ်ခုခုစီစဉ်ပြီး ယူသွားပေး လိုက်ပေါ့"

လူကြီးနှစ်ယောက် အိမ်ထဲမှ ထွက်သွားသည်နှင့် သူတို့နှစ်ယောက် မှာ ဆိုဖာခုံများပေး ခြေပစ်လက်ပစ်ထိုင်ချ ပစ်လိုက်သည်။ လောလောဆယ် ဘာတွေဖြစ်လို့ဖြစ်နေတယ်ဆိုတာ သူတို့ကိုယ်တိုင်လည်း မဝေခွဲတတ်တော့။

"မင်းဘယ်လိုထင်လဲ ညီထက်"

"ငါလား ဘယ်လိုထင်ရမှန်းတောင် မသိတော့ပါဘူး"

"ထူးဆန်းတာတော့ အမှန်ပဲ"

"ကဲပါကွာ ဒီနေ့လည်း ဘာမှမဟုတ်တဲ့နေ့ကို တော်တော်ပင်ပန်း သွားတယ်၊ စောစောအိပ်ကြရအောင်"

ကိုယ့်အခန်းထဲကိုယ်ဝင်သွားသည့်တိုင်အောင် ညီထက်ရော ဆူး ခက်ပါ ဦးဘိုကိစ္စကို တွေးတောရင်း တော်တော်နဲ့ အိပ်မပျော်ခဲ့ပါ။ ဒီရက်ပိုင်း ကြုံတွေ့ရတာတွေက စိတ်ပျက်ဖွယ် ထူးဆန်းနေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့ကောင် ဆူးခက် ထတော့လေ"

အိပ်ပုပ်ကြီးသော ဆူးခက်ကို ညီထက် အတင်းပုတ်နှိုးလိုက်သည်။ မျက်လုံးများမဖွင့်နိုင်သေးဘဲနှင့် ဆူးခက် ဟိုဘက်လှည့်အိပ် ဒီဘက်လှည့်အိပ် နှင့် အချိန်ဆွဲနေ၏။

"ကိုးနာရီတောင် ထိုးနေပြီကွ"

"ကိုးနာရီထိုးတော ငါဘာလုပ်ရမတုန်းကွာ၊ အေးအေးဆေးဆေး အိပ်ပါရစေ"

အိပ်ချင်မူးတူး ပြန်ပြောနေသံက တကယ်ကို မထတော့မည့်ပုံ ညီထက် စိတ်တိုသွားသည်။ ဟိုဘက်လှည့်အိပ်နေသော ဆူးခက် တင်ပါးကို ဖြန်းခနဲ ခပ်စပ်စပ်လေး ရိုက်ပစ်လိုက်၏။ သူ ဝေါက်ခနဲ ထထိုင်သည်။ ညီထက်ကို စိတ်တိုသွားပုံနှင့် ရန်စောင်ကာ ကြည့်၏။



ခုနက မပွင့်သောမျက်လုံးတွေက ခုတော့ မှုန်ကုပ်နေသည်။

"မင်းအသားမဟုတ်တိုင်း စွတ်မရိုက်နဲ့ကွ၊ ငါ့ဖင်က နုနုလေး"

"သေလိုက်ပါလား မင်းဖင်နုတာမနုတာတွေ နောက်ထား။ ဒီနေ့ ဟိုဘက်ခြံက အိမ်တက်ဖိတ်ထားတာ မေ့နေတယ်မဟုတ်လား"

"ဟေ ဒီနေ့ စနေနေ့တောင် ရောက်ပြီပေါ့"

"အေး၊ မင်းသာ ဒိတ်တွေလာပျောက်နေတာ၊ တစ်နေ့တစ်နေ့ မဖြစ်နိုင်တာတွေထဲမှာ ခေါင်းကြီးနစ်နေလောက်အောင် စိတ်ဝင်စားနေမှတော့ ဒိတ်ပျောက်ပြီပေါ့"

ဒီတစ်ခါတော့ ဆူးခက် ဘာမှပြန်မပြောတော့ဘဲ ညီထက်ကို မျက်စောင်းကြီးထိုးပြီး ရေချိုးခန်းထဲ ဝင်သွား၏။

ညီထက်ကတော့ အားလုံးပြင်ဆင်ဖြီးစီးပြီမို့ ဆူးခက်ကိုသာ ထိုင်စောင့်နေရသည်။ ဒီကောင့်အခန်းထဲမှာပဲ ထိုင်စောင့်နေရင်းနှင့် ဆူးခက် အမြဲလိုလို စိတ်ဝင်တစား ဖတ်ရှုနေတတ်သော စာအုပ်များဆီ လက်က ရောက်သွား၏။ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရစာအုပ်များ။

"အောက်ထပ်က ညှော်ခန်းထဲမှာ မိန်းမတစ်ယောက် ဆံပင်ဖားလျား ချပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်၊ ခေါင်းငုံ့ထားတယ်၊ လူ တွေက အိမ်ပေါက်ဝကနေ နင်ဘယ်သူလဲလို့ မေးလိုက်တော့ ခေါင်းမော့ လာတယ်၊ သူ့မျက်နှာမှာ မျက်စိတို့နှာခေါင်းတို့ ပါးစပ်ပေါက်တို့ မရှိဘူး။ ပြောင်ပြောင်ကြီး"

စာအုပ်ကို ပြန်ပိတ်လိုက်ပြီး ညီထက် ပခုံးတွန့်လိုက်

www.burmeseclassic.com



သည်။ မဆိုးပါဘူး။ ရှေးထားထာကတော့ စိတ်ဝင်စားဖို့ကောင်းမှာပါ။

"ညီထက် မင်းဘာတွေမွှေနေတာလဲ"

"အောင်မာ ငါက ဘာမွှေရမှာလဲ၊ မင်းစာအုပ်တွေ ခဏယူဖတ်ကြည့်တာ"

ရေချိုးခန်းထဲက ထွက်လာရင်း တစ်ကိုယ်လုံးကို မွှေးပွသဘက်နှင့် သုတ်သင်လျက်က ဆူးခက် ခပ်တည်တည်မေးသည်။ သူ့စာအုပ်တွေကို ညီထက်က ဖျက်လိုဖျက်ဆီးလုပ်နေတယ်လို့ ထင်သွားပုံပင်။

"မင်းက ငါ့စာအုပ်တွေကို ယူဖတ်တယ် ဟုတ်လား။ ထူးဆန်းခဲ့ထွေလာပါပဲကွာ"

အရွဲ့တိုက်သလို ပြောနေသော ဆူးခက်ကြောင့် ဒီတစ်ခါ မျက်စောင်းကြီးထိုးမိသူက ညီထက် ဖြစ်သွားသည်။

"ဟေ့ကောင် မင်းရဲ့ နရှုပါတယ်ဆိုတဲ့ဖင်ကြီးကိုပါ ပေါင်ဒါရိုက်မနေနဲ့၊ မြန်မြန်ဆင်းခဲ့၊ ငါအောက်မှာပဲစောင့်နေမယ်"

ဆူးခက်ထံမှ ဆဲရေးတိုင်းထွာသံများ ထွက်မလာခင် ညီထက် သူ့အခန်းထဲကနေ အပြေးတစ်ပိုင်းလေး ထွက်ခဲ့သည်။

လွန်ခဲ့တဲ့နှစ်ရက်လောက်တည်းက ဦးဘို သတိလစ်သွားပြီးနောက်ပိုင်း ဘယ်သူ့ကိုမှ စကားမပြောတော့။ သူ့တာဝန်ကိုတော့ သူ ကျေအောင်လုပ်သည်။ အရင်လိုပဲ သူ့အလုပ်ချိန်စပြီဆိုတာနဲ့ ခြံထဲရောက်နေတတ်ပြီး တာဝန်ကို ပျက်ကွက်မှုမရှိအောင် လုပ်၏။ သူ့တာဝန်ချိန်ပြီးတော့မှသာ ခြံနောက်ဘက်သို့ ပြန်သည်။



ဒါပေမဲ့ ကိုယ်ဟန်အမူအရာနဲ့သာ ညီထက်တို့ကို စကားပြောပြီး နှုတ်ကနေတော့ ဘာမှမပြောတဲ့အတွက် အိမ်မှာရှိနေတဲ့ လူတွေမှာ သူ့အတွက် စိုးရိမ်စိတ်ကမပြေ။ ဆရာဝန်နှင့်ထပ်သွားပြဖို့ ပြောပေမယ့်လည်း ဦးဘိုက ခေါင်းကိုသာ သွင်သွင်ခါနေသည်။

တခြားဘာရောဂါမှမရှိသူလို လုပ်ငန်းတာဝန်များကို လုပ်ကိုင်နေသော်လည်း စကားမပြောတော့တာက ဆိုးရွားသည်။ ညီထက်တို့ ဘယ်လိုလုပ်လို့ လုပ်ပေးရမှန်းမသိ။

"သွားမယ်လေ ဟေ့ကောင်"

နောက်ဘက်ကနေ ဆူးခက်ပခုံးကို လာပုတ်လိုက်တော့မှ ညီထက်ရဲ့အတွေးစတွေ ပြတ်တောက်သွားသည်။

တစ်ဖက်ခြံတင်မို့ သူတို့ကို လူတစ်ယောက်ထွက်သာရုံအပေါက်သေးသေးလေးကိုသာ ဦးဘိုက အဆင်သင့်ဖွင့်ပေး၏။

"ဦးဘို နေကောင်းရဲ့လား"

ဆူးခက် မေးခွန်းကို ခေါင်းတစ်ချက်နှစ်ချက် ညိတ်ပြရုံဖြင့်သာ ဦးဘို ပြန်ဖြေသည်။ ဆူးခက်က ညီထက်ကို လှမ်းကြည့်၏။ အခြေအနေက နည်းနည်းမှမတိုးတက်ပါလားဆိုတဲ့သဘော။ ဆူးခက်ပခုံးလေးကို အသာဆုပ်ကိုင်လျက် တစ်ဖက်ခြံဆီသို့ ညီထက် ဆွဲခေါ်လာခဲ့လိုက်သည်။

"ဒီတိုင်းဆိုရင် ဦးဘိုက အသွားတာလား"

"အေး ငါလည်း အဲဒါတော့ စိတ်ပူတယ်၊ အသွားတာလား ဒါမှမဟုတ် သူကိုယ်တိုင်ကိုက တစ်ခုခုကြောင့် မပြောချင်တော့တာလား။ မေး

www.burmeseclassic.com

www.burmeseclassic.com



လို့ရေတာက ဆိုးတယ်ကွာ"

"ဘာပဲဖြစ်ဖြစ် ဆူးခက်ရာ၊ ဦးဘိုကိုယ်တိုင်က မပြောချင်ဘူးလို့ ခေါင်းခါထားခဲ့မှုတာပဲ၊ ငါတို့ကလည်း သူ့စိတ်ကိုဖိအား ထပ်မပေးဘဲ နည်းနည်းထပ်စောင့်ကြည့်ကြတာပေါ့"

"ငါက ဆေးခန်းတွေဘာတွေ ထပ်ပြသင့်ပြရအောင်လို့ပါကွာ၊ ခြံစောင့်ဆိုပေမယ့် ငါတို့နဲ့ တစ်ခြံထဲမှာ အတူရှိလာတာက ငါတို့တစ်သက်လောက် ရှိနေပြီလေ၊ မိသားစုဝင်လိုလိုပဲဖြစ်နေပြီဆိုတော့ ငါက စိတ်ပူလို့ပါ"

"ငါလည်း စိတ်ပူပါတယ် ဆူးခက်ရာ၊ ဒါပေမဲ့ အခြေအနေလေးကို နည်းနည်းလောက် အချိန်ယူပြီး ထပ်စောင့်ကြည့်ကြတာပေါ့"

တံခါးဖွင့်ထားသော တစ်ဖက်ခြံထဲသို့ သူတို့မဝင်သေးဘဲ အရင် လှမ်းကြည့်လိုက်သည်။ အိမ်တက်ပွဲနှင့် ဘုရားပင့်ထားသည်ဆိုသောအိမ်က မထင်ရလောက်အောင်ပင် တိတ်ဆိတ်နေ၏။ ခြံတံခါးနှစ်ချပ်ကို ဟိုဘက် ဒီဘက်အဆုံးထိ ဆွဲဖွင့်ထား၍သော အလှူအိမ်နှင့် အနည်းအကျဉ်းတူနေခြင်းပါ။

"ငါကတော့ မတွေ့ဖူးဘူးနော်၊ မင်းနဲ့စကားပြောဖူးတာဆိုတော့ ငါက နောက်လိုက်ပဲလုပ်မှာ"

ဆူးခက်က ညီထက်ကို လှဲချသည်။

"အေးပါ စားတော့သောက်တော့မှ မင်းရှေ့ကပဲနေမှာ မြင်ယောင်မိသေး"

ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် အရောက်ပို့ရင်း ခြံထဲ



ဝင်ခဲ့သည်။ ခုချိန်ထိ လူတစ်ယောက်မှ မတွေ့ရသေး။ ခြံရှေ့မှာ ကိုယ်တိုင် လာဖိတ်သော အမျိုးသမီးကိုလည်း ညီထက် မမြင်မိ။ နည်းနည်းတော့ အူကြောင်ကြောင်နိုင်ပါသည်။

ခြံချင်းကပ်လျက် အိမ်နီးချင်းတွေဖြစ်နေလို့သာ သူတို့မဖြစ်မနေ လာခဲ့ကြခြင်း ဖြစ်၏။ အိမ်တံခါးမကြီးရှေ့မှာ ခြေစုံရပ်လိုက်ပြီး အထဲကို လှမ်းကြည့်လိုက်တော့ ရွှေရောင်များ ပြိုးပြိုးပြက်ပြက်လက်နေသော ဘုရား ဆင်းတုတော်တစ်ဆူကို ခမ်းခမ်းနားနားတွေ့ရသည်။

မဟာသမ္ဘာရ ဆင်းတုတော်မှာ အလွန်ကြည်ညိုဖွယ်ကောင်းလှ ပါပေ၏ သီးသန့်ထားရှိသော ပလ္လင်ထက်၌ စံမြန်းတော်မူနေ၏။ ကပ်လှူထား သည့်သစ်သီးတွေ၊ အချိုပွဲတွေနှင့် ဆွမ်းဟင်းထမင်းများ၊ အရောင်စုံပန်းများ နှံ့သာဖယောင်းတိုင်များဖြင့် သပ္ပါယ်စွာရှိနေသော ဘုရားဆင်းတုကိုမြင်သည် နှင့် ညီထက်ရော ဆူးခက်ပါ ရိုရိုကျိုးကျိုးပင် ဝင်ရောက်ရှိခိုးလိုက်၏။

မျက်လုံးများစုံမှိတ်လျက် စိတ်အာရုံက ရှိခိုးပူဇော်ခြင်းမှာပဲ နစ်မြုပ် သွားခဲ့တာ ငါးမိနစ်လောက်တော့ ကြာမြင့်လိမ့်မည်။ ပုံမှန်ဆို နေ့စဉ်ဘုရား ရှိခိုးလေ့မရှိသော ညီထက်ပင် စိတ်လိုလက်ရ ကြည်ညိုနေမိ၏။ နှစ်ဦးသား ဘုရားရှိခိုးပြီးစီးလို့ ကြည်လင်အေးမြသွားသော စိတ်အစုံဖြင့် နောက်ဘက်သို့ လှည့်လိုက်ချိန်မှာပဲ

"အောင်မယ်လေးဗျ"

"ဟာ"

တစ်ယောက်တစ်ပေါက်စီ အာမေဋိတ်တွေ ရေရွတ်ယင်းနှုတ်ဖျပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ရင်ဘတ်သူဖိရင်း မျက်လုံးကြီးပြူးသွား၏။ ညီထက်ကတော့ 'အောင်မယ်လေးဗျ' လို့ ရေရွတ်ပြီးအဆုံးမှာပဲ အချိန်မီပြုံးလိုက်သည်။

"အစ်မ နေကောင်းတယ်နော် အပဲ"

ဘုရားရှိခိုးပြီး နောက်ဘက်အလှည့်မှာ ဘယ်အချိန်တည်းက သူတို့နောက်ရောက်နေမှန်းမသိသော အိမ်ရှင်အမျိုးသမီးကို ရုတ်တရက်မြင်လိုက်ရခြင်းမို့ နှစ်ယောက်သား လန့်ဖျပ်သွားပေမယ့် ညီထက်က ခပ်မြန်မြန်ပင် စကားစပြောလိုက်သည်။ ရင်ဘတ်ဖိမပြုတ်သေးသော ဆူးခက်ကိုလည်း တံတောင်နှင့် မသိမသာတွတ်ရင်း သတိပေးလိုက်ရသေး၏။

"မောင်လေးတို့ ရောက်နေတာ ကြာပြီလား။ ဆောရီးကွယ် အစ်မက အပေါ်မှာ ဧည့်သည်တွေကို ဧည့်ခံနေရလို့ အောက်ထပ်က လွတ်သွားတာ"

ချိုသာသော အမျိုးသမီးရဲ့အသံက တကယ့်ကို နားဝင်တင့်တယ်စေသလို ဟိုတစ်နေ့က ထုံးဖွဲ့ထားသော ဆံပင်များကို ဒီနေ့တော့ တစ်ပတ်လျှိုဆံထုံးလေး ထုံးထားသည်။ နီညိုညိုဆံပင်ရှည်များက သူမ ဝတ်ဆင်ထားသော ချောကလက်ရောင် ပိုးချည်ဝမ်းဆက်လေးနှင့် တင့်တယ်လှပပန်ရနေ၏။

"ကျွန်တော်တို့လည်း ခုမှရောက်တာပါ အစ်မရဲ့၊ ဘုရားခန်းတုက သိပ်သပ္ပါယ်လွန်းလို့ ဝင်ကြည့်ညိုနေတာပါ"

"ဟုတ်တယ် ဒီ မဟာသုံ့သာရခန်းတုကို ပင့်ဖိတ်ခွင့်ရဖို့ အစ်မတို့တော်တော်စောင့်လိုက်ရသေးတယ်၊ အစ်မတို့လင်မယား အမိဋ္ဌာန်ထားတာ





လေးတစ်ခု အောင်မြင်သွားလို့လေ၊ ညကတော့ အစ်မမိတ်ဆွေတစ်ယောက်သာဖူးရင်းနဲ့ ခန်းဗုတော်က မျက်တောင်ခပ်တာကို မြင်တယ်လို့ ပြောသေးသယ်"

"ဟာ ဟုတ်လား။ ကျွန်တော်တို့ကတော့ အဲဒီလောက် ကံမပါသူနဲ့ တူပါတယ်ဗျာ"

ဆူးခက်က စကားရောဖောရော ဝင်လုပ်သည်။ ဒီအမျိုးသမီးကို ညီထက် ညွှန်းထားသည့်အတိုင်း ကျက်သရေရှိစွာ လှလှပပ မြင်လိုက်ရတော့ ဆူးခက်လည်း မြင်မြင်ချင်း ခင်မင်သွားသည့်ပုံပါပဲ။

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ့်ကံက ဘယ်လိုရှိတယ်ဆိုတာကို ဘယ်သာမန်လူသားတစ်ဦးကမှ ကြိုမသိနိုင်ပါဘူးလေ"

"ဟုတ်ကဲ့ပါ အစ်မ"

"ဪ လာလေ အပေါ်ထပ်ကိုကြွပါ၊ စားသောက်စရာတွေက အပေါ်မှာ ပြင်ဆင်ထားတာဆိုတော့လေ၊ ဘုရားကိုတော့ အားလုံး ဘယ်သူဆို ဝင်ရောက်ဖူးမြော်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ အောက်ထပ်မှာပဲ အစ်မတို့ ပြင်ဆင်ထားလိုက်တာ"

"ကောင်းပါတယ် အစ်မရယ်"

အမျိုးသမီးကိုယ်တိုင် ချက်ထားသည်ဆိုသော မနက်စာ ထမင်းပွဲဟင်းပွဲတွေကို ညီထက်တို့စားသောက်နေတုန်းမှာပဲ ရပ်ကွက်ထဲမှ တခြားဧည့်သည်း တဖွဲဖွဲရောက်လာသည်။ သတ်မှတ်ချိန်ကုနိခါနီးမှ ကင်ပြီးလာသော မြန်မာလူမျိုးတွေရဲ့ထုံးစံလို့ပဲ ပြောရမလားမသိ။ ဘယ့်နှစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ထိုးခါနီးလာလေလေ ညှော်သည့်ပိုကျလေလေပင် ဖြစ်သည်။

စားပွဲဝိုင်းထိုး ဝိုင်းညှော်ခံပေးကြသူများကလည်း အိမ်ရှင်အမျိုးသမီး လိုပင် လှပကျက်သရေရှိသော မိန်းကလေးများဖြစ်၏။ ညီအစ်မတွေပဲလား။ မသိနိုင်အောင် အချောအလှမှာတော့ တကယ့်ရှယ်များပင်။ သူတို့ညီအစ်ကို နှစ်ယောက် မိန်းကလေးများကို ငေးမောလိုက်၊ စားသောက်လိုက်နှင့် ရှေ့မှာ ချပေးထားသော လက်ဖက်အချိုပွဲရော သစ်သီးတွေပါ ကုန်လုလု အနေအထား။

"အစ်ကိုတို့ကို လက်ဖက်ထပ်တည်ပေးချင်လို့ရှင့်"

စားပွဲပေါ်မှ လက်ဖက်အုပ်ကို လက်လှမ်းယူရင်း မိန်းကလေး တစ်ယောက် ပြောလာမှပင် သူတို့ကိုယ်သူတို့ သတိဝင်လာကာ အရှက်ပြေ ရယ်မောလိုက်ပြီး

"တခြားညှော်သည်တွေအတွက်ပဲ တည်ပေးလိုက်ပါဗျာ၊ ကျွန်တော် တို့နှစ်ယောက် ဝပါပြီ"

အိမ်အောက်ထပ်ကို ဆင်းလာရင်းနှင့် အိမ်ရှင်အမျိုးသမီးကို နှုတ် ဆက်ရန် ဟိုဟိုဒီဒီ ရှာလိုက်သည်။ မဟာသုံ့သာရဘုရားဆင်းတုတော်ရှေ့မှ ကပ်လှူထားသော ဆွမ်းဟင်းထမင်းများကို စွန့်ယူနေသည့် လင်မယားနှစ် ယောက်ကို တခြားအဖော်မိန်းကလေးနှစ်ယောက်နှင့်အတူ တွေ့ရသည်။

"ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် အစ်မ"

"အေးကွယ် စားလို့ရော အဆင်ပြေကြရဲ့လား"

"သိပ်စားလို့ကောင်းတာပဲဗျ၊ ကျွန်တော်တို့ စားပွဲဝိုင်းက ဖယ်ပေး





ရှောကိုတောင် မေ့နေခဲ့ကြတာလေ"

စကားသွက်နေသော ဆူးခက်ကိုကြည့်ပြီး ညီထက် စိတ်ထဲက ကျိန်ဆဲလိုက်မိသည်။

"ဪ မောင်လေးတို့ကို မိတ်ဆက်ပေးရဦးမယ်၊ နောင်ရေ ဒီကိုခဏလာပါဦး"

ညီထက်တို့ကိုပြောရင်း တစ်ဆက်တည်းမှာပင် သူ့အမျိုးသားကို အနောက်လှည့်ခေါ်လိုက်သည်။

"ဒါက အစ်မအမျိုးသားလေ၊ ကိုနောင်ရဲဖေ တဲ့၊ အစ်မနာမည် သည်းမှတ်ထား၊ ထားစံနန်းလို့ ခေါ်တယ်"

နာမည်လေးကလည်း လူနှင့်လိုက်ဖက်စွာပင် ချစ်စရာကောင်းနေ ပြန်တော့ သူတို့ ထိုဖော်ရွေသောအမျိုးသမီးကို စိတ်ထဲကနေ လိုက်လိုက်လှဲ လှဲ ခင်မင်မိသွား၏။ သူမရဲ့အမျိုးသား ကိုနောင်ရဲဖေဆိုသူကလည်း အပြုံး နှင့်ချိုနှင့် ချောမောသည့်အမျိုးသားပါပဲ။ အသက်ကတော့ သူမထက် ငါးနှစ် သောက်ကြီးမည်လားမသိ။

သူတို့ကိုကြည့်ရတာ ညီထက်တို့ဆူးခက်တို့ထက် တော်တော် ကြီးမယ်ဆိုတာ အပြောအဆို အပြုအမူများအရ သိသာနေသော်လည်း သူတို့လင်မယား၏ရုပ်ရည်များကတော့ သူတို့ညီအစ်ကိုနှင့်မတိမ်းမယိမ်း ထင် လောက်အောင်ပင် နုနယ်ချောမွေ့ကြသည်။

ဘယ်ဘဝက ဆုတောင်းကောင်းခဲ့ကြသူများပါလိမ့်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်တို့ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဇာ ဟိုဘက်သေားခြံကပါ၊ ကျွန်တော့်နာမည်က ညီထက်၊ ဒါကတော့ ကျွန်တော့်ညီ ခူးခက်ပါ"

"ဟုတ်ကဲ့ပါ ကျွန်မတော်ကလည်း ခင်ဗျားတို့ညီအစ်ကိုကို သိကျွမ်းရင်းနှီးခွင့်ရတာ ဝမ်းသာပါတယ်၊ အိမ်မှာက ကျွန်တော်တို့လင်မယားနှစ်ယောက်တည်းဆိုတော့ တစ်ခုခုဆို ဒီလိုအိမ်နီးနားချင်းတွေနဲ့ ခင်မင်ထားရတော့ အကူအညီရတာပေါ့ဗျာ"

"အချိန်မရွေးပါပဲဗျာ၊ ကျွန်တော်တို့ တတ်နိုင်တာရှိရင် ကူညီပါ့မယ်"

စကားအပြောအဆိုကအစ နူးညံ့ဖော်ရွေသော ထိုလင်မယားကို ကျွန်တော်တို့နှုတ်ဆက်ထွက်ခွာလာခဲ့သော်လည်း ပါးစပ်များမှာတော့ သူတို့လင်မယားအကြောင်း တဖွဖွပြောနေမိသည်။

"သူတို့လင်မယားကတော့ တကယ့်ကို ကုသိုလ်ကံအကျိုးပေးကောင်းခဲ့ပုံပဲနော် ညီထက်"

"အေးကွာ နှစ်ယောက်လုံးက ရုပ်လေးတွေလည်း ပြောစရာစရာမရှိအောင် ချောလိုက်ကြတာ၊ မှန်နေတာပဲ၊ ကျက်သရေလည်းရှိတယ် စကားအပြောအဆိုလေးတွေကလည်း ယောကျ်ားလုပ်သူကအစ နူးညံ့ချိုသာတယ်"

"သားတို့ ထမင်းစားဦးမလားကွဲ့"

နှစ်ယောက်သား စကားတပြောပြောနှင့် အိမ်ထဲဝင်လာရာမှ ထမင်းစားခန်းထဲက ထွက်လာသော ဒေါ်မြက မေးသည်။ သူတို့ ထဲ





ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရွှံ့မဲ့သွားသည်။ ခေါင်းတွေကိုလည်း ပြိုင်တူခါလိုက်ကြ၏။

"တော်ပါပြီဗျာ၊ ဟိုဘက်အိမ်မှာ ကျွန်တော်တို့ အလုစားခဲ့တာ မဟုတ်ဘူးဗျ"

"ဟုတ်တယ် ဒေါ်မြရေ၊ ဟင်းချက်လက်ရာက လန်ထွက်နေအောင်ကို ရှယ်လွန်းလို့ ဟန်မဆောင်နိုင်ဘဲ အပီတွယ်လာခဲ့တယ်"

"ဟေ ဟုတ်လား ဟင်းချက်လက်ရာကောင်းတယ်ဆိုတော့ ဒေါ်မြတို့အိမ်နီးချင်းမိန်းကလေးက မိန်းမပီပီသသလေးနဲ့ တူတယ်နော်"

"ဟုတ်တာပေါ့ ဒေါ်မြရယ်"

ဒီစကားကိုလည်း နှစ်ယောက်သား ပြိုင်တူထောက်ခံလိုက်ကြသည်။

■ ■ ■

ဒီနေ့တော့ သူတို့နှစ်ယောက် ဦးဘိုရဲ့လက်မောင်းတစ်ဖက်တစ်ချက်စီတနေ့ ဆွဲကိုင်လျက် ကားပေါ်အတင်းတင်ခဲ့ကြသည်။ ခုဆို ဦးဘို စကားပြောတာ တစ်ပတ်ကျော်ခဲ့ပြီ။ ဆေးခန်းသွားဖို့ပြောတိုင်းလည်း ခေါင်းတခါခါငြင်း ငြင်းဆန်နေသောကြောင့် ဒီနေ့မနက် ညီထက်နဲ့ခူးခက် တိုင်ပင်ကာ ဦးဘိုကို ဆေးခန်းပို့ရန် ဖမ်းချုပ်တင်ကြရခြင်းပင်။

ဦးဘိုက ဘယ်လိုမှ မလိုက်ချင်သည့်အပြုအမူမျိုးဖြင့် တွန့်ဆုတ်တွန့်ဆုတ်နေသည်။ ညီထက်က ကားမောင်းပြီး နောက်ခန်းမှာတော့ ခူးခက်နဲ့ဒေါ်မြက ဦးဘိုကို အလယ်မှာထားကာ ဘေးတစ်ဖက်စီကနေ



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ပိတ်ထိုင်နေရသည်။ ဦးဘို သတိလစ်သည့်နေ့တုန်းက ပင့်ဖိတ်ခဲ့သော ဆရာဝန်ဆေးခန်းကိုပင် ညီထက် မောင်းလာခဲ့၏။ ရပ်ကွက်ထိပ်မှာတင်မို့ သိပ်တော့ ကြာကြာမမောင်းရပါ။

ဆေးခန်းထဲကို ဦးဘိုအား ခေါ်သွားရတာ လူတွေအားလုံးရဲ့ဝိုင်းကြည့်ခြင်းကိုလည်း ခံရ၏။ မသိရင်ဘဲ သားသတ်ရုံထဲ အတင်းထိုးသွင်းခံနေရသော အကောင်ငယ်လေးလို ဦးဘိုက အကြောက်အကန်ဖြစ်နေသည်။

"ဦးဘို ကျွန်တော်တို့က ဦးဘို ကျန်းမာရေးအတွက် စိုးရိမ်လို့ ဆေးခန်းခေါ်လာတာလေ၊ ဘာဖြစ်လို့ ခုလို ရုန်းကန်နေတာလဲဗျ"

နည်းနည်းစိတ်တိုနေပြီဖြစ်သော ညီထက်က ခပ်ဆတ်ဆတ်အော်လိုက်တော့ ညီထက်ကို လှမ်းကြည့်လိုက်သော ဦးဘို မျက်လုံးတွေက ကြောက်မက်ဖွယ် ခက်ထန်နေသည်။ မျက်တောင့်နီကြီးနှင့် စူးစိုက်ကြည့်နေတာမှ အချိန်အတော်ကြာကြာမို့ ညီထက်ပင် မျက်နှာလွှဲလိုက်ရ၏။

ကိုယ့်ရဲ့စေတနာကို ဦးဘိုက နားမလည်သည့်အပြင် ခုလို မာမာထန်ထန် ပြန်တုံ့ပြန်တော့ ညီထက် ရင်ထဲမကောင်း။ ကိုယ်ကတော့ သူနဲ့ အတူတူ နေထိုင်လာတာလည်း အချိန်ကာလတစ်ခုထိ ကြာမြင့်ခဲ့ပြီမို့ မိသားစုဝင်တစ်ဦးလို သဘောထားကာ ဂရုတစိုက်ပြုမူဆက်ဆံနေခြင်းပါ။

သူ့တစ်ဖက်ကို မျက်နှာလွှဲသွားတော့ သူ့ခံစားချက်ကို ဆူးခတ်နားလည်ပုံနှင့် ဦးဘိုကို ပိုမိုချုပ်ကိုင်လိုက်ရင်း

"အဲဒီလို ကလန်ကဆန်မလုပ်ပါနဲ့ ဦးဘို၊ ကျွန်တော်တို့ စေတနာကို မစော်ကားပါနဲ့"





"ဟုတ်ပါတယ် ကိုဘိုရယ်၊ မောင်ဆူးခက်တို့က ကိုဘို့ကိုတစ်ခုခုဖြစ်မှာစိုးရိမ်နေလို့ ခုလောက်ထိ ဂရုတစိုက်နဲ့ ဆေးခန်းခေါ်လာပေးတာပေါ့"

ဆူးခက်နဲ့ဒေါ်မြ တစ်ယောက်တစ်လှည့် ဝိုင်းဖျောင်းဖျနေတုန်းမှာပင် ဆရာဝန်ကြီးက ဆေးခန်းထဲဝင်လာသည်။ ညီထက်တို့ညီအစ်ကိုနဲ့ ခင်မင်ရင်းနှီးရှိသည်မို့ သူတို့ကို မြင်တာနှင့် လှမ်းပြုံးပြ၏။

"ဟိုတစ်နေ့က ဦးလေး မဟုတ်လား။ ဘာထပ်ဖြစ်လို့လဲ မောင်ညီထက်"

"အဲဒီနေ့ သတိပြန်လည်လာတည်းက စကားမပြောလို့ပါဆရာ၊ ကျွန်တော်တို့လည်း ပထမတော့ ဒီတိုင်းပဲ ထိတ်လန့်စရာတစ်ခုခုကြောင့် ခဏတဖြုတ် စကားမပြောနိုင်တာလို့ ထင်ခဲ့တာ၊ ခုတော့ အချိန်လည်း အတော်ကြာသွားပြီ ဒီတိုင်းပဲ ဆက်ဖြစ်နေတယ်၊ ပြီးတော့ ရှေးလူကြီးတွေ ထုံးစံအတိုင်း ဆေးရုံတို့ဆေးခန်းတို့ သွားရမှာကိုလည်း အကြောက်အကန်ကို ဖြစ်နေတာနဲ့ ကျွန်တော်တို့ညီအစ်ကိုတွေ အတင်းချုပ်ပြီး ခေါ်လာရတာ"

ညီထက်က ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်တော့ ဆရာဝန်ကြီးက မျက်မှောင်ကြီးကျုံ့လျက် ဦးဘိုကို လှမ်းကြည့်သည်။ ဦးဘိုက ဆရာဝန်နှင့် မျက်နှာချင်းမဆိုင်ဘဲ တစ်ဖက်သို့အကြည့်လွှဲထား၏။

"မောင်ညီထက်တို့ တိုကင်နံပါတ် ဘယ်လောက်လဲ၊ လူနာက အိမ်နီးချုပ်ဖို့ခက်တယ်ဆိုရင် အရင်ဝင်လို့ရပါတယ်"

"ရပါတယ် ဆရာ၊ တခြားသူတွေကို အားနာစရာပါ။ ကျွန်တော်တို့ အချိန်ကလည်း တစ်ဆယ်မကျော်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ အိုကေ"

ဦးဘိုအလှည့်ရောက်တော့ ဆရာဝန်ကြီးက စမ်းသပ်စရာရှိသည်များ စစ်ဆေးပြီး ဒုတိယအကြိမ် မျက်မှောင်ကြီးထဝ်ကျုံ့လျက် ဦးဘိုကို စိုက်ကြည့်သည်။

"လူနာက အတွင်းပိုင်းကတော့ လုံးဝကို ဒေါင်ဒေါင်မြည်ပါပဲ ဒီ အသက်ဒီအရွယ်နဲ့ မလိုက်အောင်ကို ကျန်းမာသန်စွမ်းနေတယ်"

ဦးဘိုက အစတည်းက ဘာရောဂါမှမဖြစ်ခဲ့ဘူးသူမို့ ဆရာဝန်ကြီးရဲ့ မှတ်ချက်ကို သူတို့တွေ သိပ်ထွေထွေထူးထူး သဘောမထားခဲ့ပါ။

"အရိုးတွေဆိုရင် အံ့ဩစရာကောင်းလောက်အောင်ကို သန်မာနေတာ၊ အသက်နှစ်ဆယ်ကျော်လူငယ်လေးတစ်ယောက်အတိုင်းပဲ"

ဒါကတော့ အံ့ဩထူးဆန်းဖွယ်ရာ မှတ်ချက်တစ်ခု ဖြစ်သွားခဲ့ပြီး ဦးဘိုက ဘာရောဂါနဲ့မှ ကြီးကြီးမားမား အန္တရာယ်မဖြစ်ဖူးသော်လည်း အရိုးတွေသိပ်မကောင်းတာကတော့ အသေအချာပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က တောင် လက်ဖျံရိုးကျိုးသွားလို့ စတီးချောင်းထည့်ထားခဲ့ရသေးသည်။

ဒါပေမဲ့ တိကျသေချာသော နာမည်ကျော် ဆရာဝန်ကြီး… ယောက်ရဲ့ မှတ်ချက်ကိုလည်း သူတို့ တုံ့ပြန်ပြီး မပြောချင်သောကြောင့် ရေငုံနှုတ်ပိတ်ခဲ့ရသည်။ စကားမပြောခြင်းနဲ့ ပတ်သက်ပြီးလည်း ဘာမှ ရှုံး… မတွေ့ရ။ ထိတ်လန့်တုန်လှုပ်ပြီး ရုတ်တရက် ဆွံ့အသွားခြင်းလို့သာ နာမည် တပ်နိုင်ခဲ့သည်။

အချိန်တစ်ခု အခြေအနေတစ်ခုကို စောင့်ကြည့်ရမည်တဲ့။



အိမ်ပြန်လာတဲ့ လမ်းတစ်လျှောက်လုံး ဦးဘိုမျက်နှာက ပြုံးနေသည်။ ဆူးခက်က ဦးဘိုကို ထိန်းစရာမလိုတော့တာမို့ ညီထက်အေး ရှေ့ခန်းမှာလာထိုင်၏။ ဦးဘို ပြုံးနေတာကို နောက်ကြည့်မှန်ထဲကနေ နှစ်ယောက်သားကြည့်ရင်း အားမလိုအားမရ ဖြစ်နေမိသည်။

ဒီဆေးခန်းလေးလိုက်ပြဖို့ကို ဦးဘို ဘာဖြစ်လို့များ ဒီလောက်ထိ ရှုန်းရင်းဆန်ခတ် ဖြစ်စေခဲ့တာလဲ။ ပြီးတော့လည်း ဘာမှမဟုတ်သည့် မျက်နှာလေးမျိုးနှင့် ပြုံးနေသေးသည်။

သူတို့ပြန်ရောက်ချိန်မှာ မှောင်နေပြီမို့ ဦးဘိုကိုလည်း သူ့နေရာသူ ပြန်နားခိုင်းလိုက်သည်။ ဒေါ်မြနဲ့အတူ အိမ်နောက်ဘက် ထွက်သွားတော့ ဦးဘိုအား မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း ညီထက်က ဆူးခက်ကို လက်တို့လိုက်သည်။

"မင်းဘာယ်လိုထင်လဲ ဆူးခက်"

"ငါ့စိတ်ထဲ တစ်မျိုးကြီးပဲကွာ၊ ခုနက ဦးဘို ပြုံးနေတဲ့ပုံကလည်း တစ်မျိုးကြီး"

"မင်းဟာကလည်း တိတိကျကျလေးများ ပြောမလား မှတ်တယ်၊ တစ်မျိုးကြီးတွေက များနေတာကိုး"

"ဟ ငါက ဘာကိုတိတိကျကျ ပြောရမှာလဲ၊ ဒီတိုင်း စိတ်ထဲက တစ်မျိုးတစ်မည် ခံစားရတာကို ပြောပြတာလေ"

"ငါတော့ ဦးဘိုကို သိပ်မသင်္ကာဘူး"

"ဟေ မင်းက ဘယ်လိုမသင်္ကာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ညီထက်က စဉ်းစားတွေးတောနေဟန် တစ်ချက်ငြိမ်ကျသွားရင်း

"ဘာကိုမသက်ာတယ်ဆိုတာတော့ ငါလည်း မသိဘူးကွ"

မျှော်လင့်တကြီးနားထောင်နေသော ဆူးခက် စိတ်တိုသွားသည်။

"မင်းရော ဘာထူးလို့လဲ၊ ကိုယ့်ဘာသာ ဘာကိုမသင်္ကာလို့ မသင်္ကာမှန်းတောင် မသိဘဲနဲ့များ"

ထိုညက ဘာမှလည်း မဟုတ်ပါဘဲ နှစ်ယောက်သား မျက်စောင်းကြီးတွေခဲလျက် ကိုယ့်အခန်းကိုယ် ဝင်ခဲ့ကြ၏။ သူတို့အသိသီးရဲ့စိတ်ထဲမှာတော့ ဘာမှန်းမသိသည့် ဇဝေဇဝါဖြစ်မှုများနှင့်။

■ ■ ■

ဒီနေ့ ညီထက် အိမ်မှာမရှိ။ ထုံးစံအတိုင်း နိုက်ကလပ်ပဲ ရောက်နေသလား။ ဘီယာဆိုင်တစ်ဆိုင်ဆိုင်မှာပဲ စတည်းချနေသလားတော့ မသိ။

ဆူးခက်တစ်ယောက်တည်း ဆရာကြီးရွှေဥဒေါင်း ဘာသာပြန်ထားသော သဘာဝလွန်ဖြစ်ရပ်များအကြောင်း စာအုပ်ထူကြီးကိုဖတ်ရင်း အိပ်ရာထဲမှာ မှိန်းယူနေသည်။ ညစာစားပြီးတည်းက ဖတ်နေတာ နည်းနည်းလေး အချိန်ရလာသည်နှင့် ဆူးခက်မျက်လုံးများက မှေးစင်းလာ၏။

"မလုပ်ပါနဲ့ရှင် မလုပ်ကြပါနဲ့"

အသံကျယ်ကျယ်တစ်ခုက ထပ်ခါထပ်ခါ ရေရွတ်နေသလိုမျိုး ဆူးခက်နားထဲကို တိုးဝင်လာသည်။ အသံကကျယ်တယ်ဆိုသော်လည်း တစ်ရပ်ကွက်လုံး ကြားရလောက်အောင်တော့ မဟုတ်။ အိပ်မက်လိုလို တကယ်လိုလိုနှင့် ဆူးခက်မရေမရာ ဖြစ်နေသေးသည်။





"ကျွန်မ ကြောက်လွန်းလို့ပါရှင်၊ မလုပ်ပါနဲ့ရှင်"

ငိုသံပါကြီးနှင့်ပြောနေသံက ပိုမိုပီပြင်လာသောကြောင့် အိပ်မက်မဟုတ်တာ သေချာသွားသည်။ ဆူးခက် မှေးနေရာကနေ ဝေါက်ခနဲ ထထိုင်လိုက်၏။

ဒါဘယ်ကလာတဲ့အသံလဲ။ အသံကတော့ သိပ်ကိုထိတ်လန့်တုန်လှုပ်နေသော မိန်းမပျိုတစ်ယောက်ရဲ့အသံ။ သူ စိတ်ဝင်စားစွာဖြင့် ခေါင်းရင်းမှ ပြတင်းပေါက်နားဆီ တိုးလျှောက်ခဲ့၏။ အသံက အပြင်တစ်နေရာရာမှ လာနေခြင်း။ ဘယ်ကဆိုတာတော့ သူလည်း ကွဲကွဲပြားပြား မသိရသေး။ ညဘက် တိတ်ဆိတ်နေသည့် တစ်နာရီကျော်အချိန်မို့ အသံတွေက ပြတ်ပြတ်သားသား ကြားနေရခြင်းပါ။

ပြတင်းပေါက်ကကြည့်လို့ ဘာမှမမြင်ရတော့သောအခါ သူ အိမ်အောက်ဆင်းကြည့်ရန် ပြင်လိုက်သည်။ ဒါမျိုးကတော့ သူတို့ညီအစ်ကိုနှစ်ယောက်လုံး သွေးမနည်းပါ။ သူတို့ရပ်ကွက်က လူပြတ်ကားပြတ်သောကြောင့် ညသန်းခေါင်အချိန်ကို အခွင့်ကောင်းယူပြီး အမျိုးကောင်းသမီးတစ်ယောက်ယောက်ကို ဘယ်ခွေးကျင့်ခွေးကြံကောင်မျိုးက ယုတ်မာအနိုင်ကျင့်နေလဲမသိ။

ဒီည ညီထက်မရှိပေမယ့် သူ တစ်ယောက်တည်းနဲ့လည်း ဘယ်သူ့ကိုကြောက်ကိုမဆို ရင်ဆိုင်ဖို့ မကြောက်ရွံ့ပါ။ ခြေလှမ်းများက တဖြည်းဖြည်းနှင့် ခြံထဲရောက်လာသည်။ ခုနက ကြားနေရသော အသံတွေ ပြန်မကြားရတော့သဖြင့် သူ ဝိုလို့နားစွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကိုပင် ငြိမ်သက်တိတ်ဆိတ်နေသော ညကသာ ပတ်ဝန်းကျင်တစ်ခုလုံးကို ကြီးစိုးနေ၏။ သူ နည်းနည်းတောင် အူကြောင်ကြောင်ဖြစ်သွားသည်။ သူ့အခန်းပြတင်းပေါက်ကနေ လေနဲ့အတူ လွင့်ပါလာသော စကားသံများက ဘယ်ဆီဘယ်ဝယ်ရောက်သွားခဲ့ပြီလဲ။

"အား"

ဟင် သူ့နားနဲ့ဆက်ဆက်ကြားလိုက်ရသော အော်သံ။ ဟိုတစ်နေ့က ဦးဘိုအသံလို နက်နက်ရှိုင်းရှိုင်း မဟုတ်သော်လည်း တစ်ခုခုကို နာနာကျင်ကျင် ခံစားလိုက်ရသောကြောင့် ထွက်ပေါ်လာသော အသံ။ အသံလာသည့်ဆီကို သူ မှန်းဆကြည့်လိုက်တော့ တစ်ဖက်ခြံနားမှ ဖြစ်နေသည်။

မှောင်မည်းတိတ်ဆိတ်နေသော တစ်ဖက်မှ သုံးထပ်အိမ်ကြီးကတော့ လူတစ်ယောက်မှမရှိသလိုပါ။ ဒါပေမဲ့ ထိုအမျိုးသမီးရဲ့ အော်သံထွက်ပေါ်လာရာဟာ အဲဒီခြံထဲမှ ဖြစ်နေသည်။ ဆူးခက်တစ်ယောက် သိချင်စိတ်များကို တားမရစွာပင် ခြံပြင်ရောက်သွားသည်။

ခြံပြင်လမ်းမတစ်လျှောက်က လူခြေကင်းရှင်းနေ၏။ သူတို့ရပ်ကွက်က ခြံကြီးဝင်းကြီးများဖြင့် တိတ်တိတ်ဆိတ်ဆိတ်နေတတ်သော လူတန်းစားများသာ ရှိသည်မို့ ဒီအချိန် ခြေလျင်သွားနေသည့်သူဆိုတာ ခပ်ရှားရှား။ သူ့ခြေလှမ်းများကို တစ်ဖက်ခြံပေါက်ဝဆီ ပိုလို့တိုးကပ်သွားလိုက်သည်။ နားကိုလည်း ခုနကထက် ပိုလို့စွင့်ထားမိ၏။

ခြံကြီးရှေ့တည့်တည့်သို့ ရောက်ချိန်မှာ ဘယ်လိုဖြစ်သွားသည်မသိ သူ့တစ်ကိုယ်လုံး စိမ့်ခနဲ အေးသွားသည်။ သူ့လက်မောင်းများမှ ကြက်သီး



လေးတွေ ဖြန်းဖြန်းထသွားတာကို စွပ်ကျယ်လက်ပြတ်ဝတ်ထားသောကြောင့် သူ ထင်ထင်ရှားရှား မြင်နေရ၏။

ဒါ ဘယ်လိုတိုက်ဆိုင်မှုမျိုးလဲ။ အသံတွေကလည်း တိတ်ဆိတ်နေမြဲသည်။ သူတို့ခြံပတ်ပတ်လည်ကို လိုက်ရှာဖွေပါသော်လည်း တခြားမသင်္ကာဖွယ်ရာ ဘာမှမတွေ့ရ။ ဒီလိုဆို အသံက ခြံထဲကနေ ထွက်လာတယ်ဆိုတာ ပိုသေချာသွားပြီပေါ့။

ဆူးခက်တစ်ယောက်တည်း တစ်ဖက်ခြံရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။ အိမ်ကြီးထဲကို လှမ်းကြည့်တော့လည်း ဟိုအရင်ကအတိုင်း မှောင်မည်းတိတ်ဆိတ်လျက်။ ညအိပ်မီးလေးတစ်လုံးလောက်တောင် ထွန်းဖွင့်ထားခြင်း မရှိ။ တစ်ခြံလုံးကိုလည်း အမှောင်ချထားသည်။

သူ စိတ်ပျက်လက်ပျက် ဖြစ်နေတုန်းမှာပင် အံ့သြစရာတစ်ခု ပေါ်ပေါက်လာတော့၏။ ခြံပေါက်ဝဘက်ဆီသို့ ခပ်သွက်သွက်လေး လျှောက်လှမ်းလာသော လှုပ်ရှားမှုတစ်ခု။ လူတစ်ယောက်တော့ မဟုတ်။

ထိုပုံရိပ်ကို မြင်လိုက်ရချိန်မှာ ဆူးခက် အံ့သြမှုထက်ပိုကာ ထိတ်လန့်သွားမိသည်။ အညိုရောင်အမွေးရှည်များဖြင့် တယ်ရီယာခွေးစုတ်ဖွားလေး။ သူရပ်နေသော အပေါက်ဝနားထိ တိုးလာပြီး သနားစရာ မျက်လုံးဝိုင်းလေးများဖြင့် ငေးမောကြည့်နေသည်။

ဒီခွေးကိစ္စကို သူတို့ညီအစ်ကိုနှစ်ယောက် မေ့မေ့ပျောက်ပျောက်ပင် ထားခဲ့ကြသည်။ ခုတော့ အဲဒီခွေးစုတ်ဖွားလေးက ဆူးခက်မျက်စိရှေ့တည့်တည့်ကို ရောက်လာပြီ။ ဒီခွေးကို မွေးထားသည့်မိန်းမပျိုတွေဟာ ဒီအိမ်

www.burmeseclassic.com



က လင်မယားပဲပေါ့။

ဒါပေမဲ့ အိမ်တက်ပွဲနေ့တုန်းက သူတို့ဒီခွေးလေးကို မမြင်ခဲ့မိတာတော့ သေချာသည်။ အေးပေါ့လေ ဧည့်သည်တွေလာမှာဆိုတော့ တစ်နေရာရာမှာ ချည်နှောင်ထားခြင်းလည်း ဖြစ်နိုင်တာပါပဲ။ ခွေးလေးနှင့်မျက်လုံးချင်းဆုံပြီး တည့်တည့်ကြည့်နိုင်ရန် ဆူးခက် ဆောင့်ကြောင့်ထိုင်လိုက်သည်။

ခွေးလေးရဲ့မျက်လုံးများထဲမှာ အရည်ကြည်လေးတွေ။ မသိရင်ဘဲ ဒီဘာမှမဟုတ်သည့် ခွေးလေးက မျက်ရည်ဝဲနေသယောင်ယောင်ပေါ့။ ဆူးခက် စိုက်ကြည့်နေရင်းနှင့်မှ ရင်ထဲမကောင်းဖြစ်လာသည်။

"ဟေ့ မင်းက ဒီဘက်ခြံကလား။ ဟိုတစ်နေ့က ငါတို့ကို မပြောမဆိုနဲ့ မင်းပြန်ထွက်ပြေးသွားတယ်နော်"

ခွေးက လူစကားကို တကယ်နားလည်သလား နားမလည်ဘူးလား ဆူးခက် မသိပါ။ ဒါပေမဲ့ ဒီချစ်စရာခွေးလေးကိုမြင်တာနှင့် သူ စကားပြောချင်လာသည်။ ခွေးလေးကလည်း သူ ပြောသောစကားကို နားလည်သလိုလိုနှင့် ငြိမ်ငြိမ်လေး နားထောင်နေ၏။

"မင်းက ချစ်စရာလေးကွ။ မှန်းစမ်း အထီးလား အမလား"

လက်တစ်ချောင်းလျှိုသာရုံ ခြံတံခါးတိုင်များကြားကနေ သူ့လက်များကို ထိုးသွင်းလျက် ခွေးလေးကိုပွေ့ယူရန် ပြင်လိုက်သည်။ သို့သော် သူထင်ထားသလို ဒီတစ်ခါတော့ အညိုရောင်စုတ်ဖွားခွေးလေးက ငြိမ်မနေတော့ပါ။ နောက်ဘက်သို့ ခပ်ခွာခွာဆုတ်သွား၏။

သူ ကြောင်သွားသည်။ နောက်တော့ သဘောတကျ ပြုံးမိသ





"မင်းက ရှက်တာလား။ ဒီလိုဆို မင်းက အမလေးပဲဖြစ်ရမယ်ဟုတ်လား။ ဟုတ်လားမဟုတ်ဘူးလား ပြော"

တီရှပ်ထဲမှ အစီအရဉ်တင်ဆက်သူ ကောင်းထက်ဇော် လေသံအတိုင်း အတုခိုးပြီး ဆူးခက် ပြောလိုက်သည်။ တစ်ယောက်တည်းပြောပြီး ကိုယ့်ဘာသာလည်း ရယ်မောလိုက်မိ၏။ အားခနဲ အော်သံကြားရလို့ သူ ခြံရှေ့ရောက်နေခဲ့တယ်ဆိုတဲ့အသိကိုပင် သူ တစ်ခဏ မေ့ပျောက်နေသည်။

ထိုအချိန်မှာပဲ သူ ဆောင့်ကြောင့်ထိုင်နေရာဆီသို့ တည့်တည့်မတ်မတ်ကျရောက်လာသော မီးစလိုက်အလင်းရောင်။ သူ့ကို ချိန်ရွယ်ထိုးထားသော ကားမီးတစ်စုံပါ။ ထိုကားက သူနှင့်ခပ်လှမ်းလှမ်းမှာပဲ ရပ်သွားသည်။

"မီးချစမ်းကွာ၊ မျက်လုံးတည့်တည့်ကို ထိုးထားတာ စူးပြီး သေတော့မှာပဲ"

"မင်းကို နိုင်ငံခြားကားတွေထဲက ထောင်သားတွေကို အပြစ်ပေးတဲ့ပုံစံ လုပ်ပြတာလေ"

ကားပေါ်က ဆင်းလာရင်းနှင့် ညီထက် ခပ်တည်တည်ပြောသည်။ မျက်နှာက အရယ်အပြုံးမပျက်။ ကားမီးကို ပိတ်ပေးလိုက်တော့မှ တစ်ယောက်ကိုတစ်ယောက် သေချာမြင်ရတော့၏။

အနားကပ်လာသော ညီထက်ဆီကနေ ဘီယာနံ့ခပ်သင်းသင်းရသည်။ မျက်နှာကတော့ သိပ်မူးပုံမရ။ နည်းနည်းလေး ရေချိန်ကိုက်ထားရုံသောက်သာ။

"ငါ့ကိုမှန်မှန်ပြောစမ်း၊ မင်းက ဒီခြံရှေ့ကို အချိန်မတော်ကြီး ဘယ်

www.burmeseclassic.com



လိုရောက်နေတာလဲ၊ ဟိုက မမက ယောကျ်ားကြီးနဲ့နော်"

ဘီယာသောက်ပြီး ကောင်းနေသော ညီထက်က ရှေ့မကြည့် နောက်မကြည့် ခပ်ကျယ်ကျယ် အော်ပြောသည်။ ဆူးခက်မှာ သူ့ပါးစပ်ကို လက်များဖြင့် အသည်းအသန် လိုက်ပိတ်ရသေး၏။

"ဟေ့ကောင် ညီထက် မင်းရူးသွားပြီလား။ ညကြီးမင်းကြီးကွာ ကြားသွားဦးမယ်"

ကိုယ့်ဘာသာ ပြောပြီးတော့မှ သူ ဒီခြံရှေ့သို့ ရောက်ရှိနေရသည့် ရည်ရွယ်ချက်ကို ဆူးခက် ပြန်သတိရသွားသည်။ အမျိုးသမီးတစ်ယောက်ရဲ့ ထိတ်လန့်ကြောက်ရွံ့နေသော အသံကြောင့် သူ ဒီနေရာထိ ရောက်နေခဲ့ခြင်းပဲ။ ပြီးတော့ ခွေးကလေး။ ဆူးခက် ချက်ချင်းပင် ခြံထဲကို ပြန်လှည့်ကြည့်လိုက်သည်။ ခုနက နေရာလေးမှာ အညိုရောင်ခွေးလေး မရှိတော့ပါ။

မှောင်မည်းနေသော ခြံကြီးထဲ၌ ဆူးခက် တတ်နိုင်သလောက် ရှာဖွေပါသော်လည်း ခွေးလေးရဲ့လှုပ်ရှားမှုသေးသေးလေးတောင် မမြင်ရ။

"ဟေ့ကောင် ပြောလေ၊ မင်း အချိန်မတော်ကြီး သူများခြံရှေ့မှာ ဘာလုပ်နေတာလဲလို့"

"ငါ ငါ အသံတွေကြားလို့"

"အသံတွေ ဟုတ်လား၊ ဘာအသံတွေလဲ"

"မိန်းကလေးတစ်ယောက်ရဲ့ထိတ်လန့်နေတဲ့အသံတွေ"

"အာ ဆူးခက် မင်းလုပ်ပြန်ပြီလားကွာ"

"ငါတကယ်ပြောနေတာကွ၊ ပြီးတော့ ဟိုနေ့က ငါတို့လက်ထဲ





ကနေ လွတ်သွားတဲ့ ခွေးအညိုရောင်လေးကလည်း ဒီခြံထဲမှာပဲ ရှိနေတယ်"

"ဟေ"

အနည်းငယ် ကောင်းနေတာတွေတောင် သူ့ထံကနေ အငွေ့ဖျံ့သွားသလိုမျိုး ညီထက် မျက်လုံးပြူးသွားသည်။

"မင်းတကယ်ပြောနေတာလား"

"ညကြီးသန်းခေါင် ငါက ခြံပြင်ထွက်ပြီး မင်းကို နောက်စရာလားကွ"

"မသိဘူးလေကွာ၊ မင်းနေ့လယ်တည်းက လက်ကတကိုင်ကိုင်ဆွဲနေတဲ့ ရွှေဥဒေါင်းစာအုပ်ဖတ်ပြီးတော့များ အိပ်မက်ယောင်နေတာလားလို့"

"ဟာ မင်းကွာ၊ အကောင်းပြောနေရင် ဖောက်ဖောက်လာတယ်နော်"

ဆူးခက် စိတ်တိုရပြန်ပြီ။ ညီထက်ဆိုတဲ့ကောင်က သူ့စကားတွေကိုဆို အမြဲလိုလို ကပျက်ကချော်နဲ့သာ အဆုံးသတ်သွားအောင် လုပ်ပစ်တတ်သူ။ ကြာတော့ သူ့ဒေါသတွေက ထိန်းချုပ်ရခက်ခက်လာသည်။

"မင်း ငါပြောတာကို မယုံလည်းနေကွာ၊ မင်းလို အယုံအကြည်မရှိတဲ့ကောင်ကို ငါထပ်မပြောနိုင်တော့ဘူး၊ လေကုန်တယ်"

ခြံဘက် ပြန်ထွက်သွားသော ဆူးခက်ကိုကြည့်ပြီး ညီထက် အားနာဟန် အော်ရယ်လိုက်သည်။ ကားလေးပေါ်ပြန်တက်ပြီး ဆူးခက်ရှေ့ကနေ ဖြတ်ကျော်မောင်းလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဆူးခက် ငါမဆေးတော့ဘူး။ မင်းခြတ်ခါးဆွဲဖွင့်ပေးသွားကွာ"

"မင်း ခြေထောက်ကျိုးနေလို့လား။ မဖွင့်ပေးနိုင်ဘူး။ မင်းဘာသာဆင်းဖွင့်"

ဘောက်ဆတ်ဘောက်ဆတ်နှင့် တစ်ကိုယ်စာဖွင့်ထားသော အပေါက်လေးကနေ တိုးဝင်သွားသော ဆူးခက်ကိုကြည့်ပြီး ညီထက် ထပ်ရယ်မောမိပြန်သည်။ ဆူးခက်ကို စိတ်မတိုတိုအောင် စနောက်လိုက်ရလျှင် ညီထက် ကျေနပ်နေတတ်မြဲ။

■ ■ ■



## အခန်း (၃)

မနက်စာဝိုင်းကိုလည်း ညီထက်ထက် အရင်နိုးနေသော ဆူးခက်က ထိုင်စားသောက်လို့ ကုန်ခါနီးမှ ညီထက်ရောက်သွားသည်။ သူ ဝင်လာတာ မြင်သည်နှင့် ဆူးခက်က ထထွက်သွားဖို့ ကြိုးစား၏။

"ဟယ် မောင်ဆူး မင်းပဲ မုန့်ဟင်းခါးအရည် ထပ်သောက်မယ် ဆိုလို့ ဒေါ်မြက သွားထည့်နေတာလေ၊ ခု မသောက်တော့ဘူးလား"

"ကျွန်တော် မသောက်ချင်တော့ဘူး ဒေါ်မြ"

ဒေါ်မြက ဟင်းရည်ထည့်ထားသော ပန်းကန်ကြီးကိုင်လျက်သား ရှိ စားပွဲဝိုင်းမှာ ကျန်ခဲ့သော ညီထက်ကိုလှမ်းကြည့်သည်။

"နှစ်ယောက်သား စကားများထားပြန်ပြီလား"

"အလကားပါ ဒေါ်မြရာ၊ ညကလည်း ဘာတွေအိပ်မက်ယောင် သည်းမသိပါဘူး။ ဟိုဘက်ခြံရှေ့မှာ ငုတ်တုတ်ကြီးထိုင်နေလို့လေ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာနဲ့ တည့်တည့်တိုးတာ''

''ဟေ ဟုတ်လား။ မောင်ဆူး အိပ်မက်ယောင်ရင်း လမ်းလျှောက်တတ်တယ်လို့ ဒေါ်မြဖြင့် တစ်ခါမှမကြားဖူးပါဘူး''

''ဒီကောင်က မဟုတ်ကဟုတ်က စာအုပ်တွေဖတ် ရုပ်ရှင်တွေကြည့်၊ ကြာရင် ရူးတော့မှာ ကျွန်တော်ဖြင့် မြင်ယောင်နေသေးတယ်''

''ဒါနဲ့ သားတို့အတွက် မနက်စာ ဘာချက်ထားရမလဲ''

''ရတယ် ဒေါ်မြ အဆင်ပြေတာချက်ပါ၊ ဪ မနေ့ညက ကြက်သားပဲငပိလေး ကျန်သေးရင် ထမင်းစားချိန် ထည့်ချပေးနော်၊ ကျွန်တော် ထပ်စားချင်သေးလို့''

''အေးပါကွယ်၊ အဲဒါကတော့ ဒေါ်မြ မမေ့ပါဘူး။ ရေခဲသေတ္တာထဲ ထည့်ပေးထားတယ်''

''ဒါဆို ကျွန်တော် အပြင်ခဏသွားဦးမယ်၊ ဒီနေ့ ဘဏ်က ငွေထုတ်ရမယ့်နေ့လေ''

သုံးလို့စွဲလို့ ကုန်သွားရင် ဘဏ်မှာ ထည့်ပေးထားသော ငွေတွေထဲကနေ ကြိုက်သလောက် ထုတ်ယူသုံးစွဲလို့ရသည်။ ဘဏ်မှာငွေထုတ်ရမယ့်နေ့ဆိုတာ တကယ်တော့ ညီထက် လက်ထဲ ငွေပြတ်သွားသောနေ့ကို ဆိုလိုခြင်းပါ။

''မောင်ညီထက်လည်း ညညဆို သိပ်ညဥ့်မနက်ပါနဲ့ကွယ်၊ ခေတ်ကာလက ကောင်းတာမဟုတ်ဘူး။ ပြီးတော့ ဟိုအရက်တွေဘာတွေလည်း မသောက်နဲ့နော်၊ ဒေါ်မြ ဒီလိုပြောလို့ စိတ်မခုပါနဲ့ကွယ်၊ ဒေါ်မြက ကောင်း





...ချင်လို့ပါ''

ဆူးခက်ရဲ့မိဘနှစ်ပါးနဲ့ ညီထက်မေမေက လွန်ခဲ့တဲ့နှစ်များစွာက ...ညီက ဆုံးပါးသွားခဲ့ကြပြီး ညီထက်ဖေဖေကတော့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်... ဆုံးပါးခဲ့ခြင်းပါ။ အလုပ်အလွန်ကြိုးစားသော ညီအစ်ကိုနှစ်ယောက်လုံး... နောက်ဆုံးတော့ အရက်ကြောင့်ပင် လောကကြီးထဲက စောစောစီးစီး ...ထွက်သွားရခြင်း ဖြစ်သည်။ ဘိုးစဥ်ဘောင်ဆက် ချမ်းသာခဲ့သမျှက ...ထက်နဲ့ဆူးခက်အတွက်သာ။

ဆူးခက်လည်း အရက်ဘီယာသောက်တတ်ပေမယ့် ညီထက်လို ...? ခပ်စိပ်စိပ်မဟုတ်။ ပွဲတွေလမ်းတွေရှိမှဖြစ်ဖြစ် မေ့လောက်တော့မှ ...သောက်တတ်သည်။ ညီထက်ကတော့ ညဘက်အပြင်ထွက်တိုင်း ...သောက်ဖြစ်နေသောကြောင့် ဒေါ်မြက ဖေဖေတို့ညီအစ်ကိုလိုဖြစ်မှာ ...နေခြင်းမှန်း ညီထက် သဘောပေါက်ပါသည်။

''စိတ်မခုပါဘူး ဒေါ်မြရယ်၊ ကျွန်တော် နားလည်ပါတယ်၊ ပြီးတော့ ...ကော်သောက်တယ်ဆိုတာကလည်း ညတိုင်းလိုလိုဖြစ်နေပေမယ့် အများ ...သောက်တာ မဟုတ်ပါဘူး။ အပျော်သဘောသက်သက် ပြောကောင်း ...ကောင်းရုံပါ''

''အေးပါကွယ် ဒေါ်မြကြီးက မင်းတို့ကို စိတ်ပူလို့ပါ၊ မင်းတို့အိမ်မှာ ...အနေနဲ့ နေလာခဲ့တာလည်း မင်းတို့ညီအစ်ကိုတစ်သက်လောက် ...ပြီဆိုတော့ ကိုယ့်မိသားစုလိုပဲ သဘောထားပါတယ်''

''အတူတူပါပဲဗျာ၊ ဪ ဒါနဲ့ ဦးတိုရော အခြေအနေဘိုးတက်မှု



www.burmeseclassic.com

www.burmeseclassic.com



ရှိရဲ့လား''

''အင်း စကားသာ မပြောသေးပေမယ့် အစားအသောက်ကတော့
ပိုကောင်းလာပုံပဲ၊ တစ်ခါတစ်ခါစားရင် ဇလုံနဲ့နှစ်ဇလုံ စားနိုင်တယ်''

''ကောင်းပါတယ်ဗျာ၊ အစားအသောက်နဲ့ပတ်သက်ရင်တော့
ကျွန်တော်တို့က ဘာမှမတားမြစ်ပါဘူး၊ စားနိုင်ရင် စားပါစေ''

ဒေါ်မြနဲ့ဦးဘိုက ညီထက်တို့နဲ့တစ်အိုးတည်း စားသောက်
မဟုတ်ပေမယ့် ဒီခြံဝိုင်းမှာပဲ သူတို့နှစ်ကိုယ်စာ ချက်ပြုတ်လျက် ဒီမှာ
စားသောက်ကြခြင်းဖြစ်သည်။

''ကဲ ကျွန်တော် သွားပြီ''

ဒေါ်မြကိုယ်တိုင်ချက်ထားသော မုန့်ဟင်းခါးကို လက်စသတ်
သောက်လိုက်ပြီး ညီထက် အိမ်ရှေ့ထွက်ခဲ့၏။

''ငါ ဘဏ်သွားမလို့၊ မင်းလိုက်ဦးမလား''

''မလိုက်ဘူး''

ဆူးခက် ပြန်ဖြေသံက ခပ်ပြတ်ပြတ်။ ယောက်ျားတန်မဲ့ စိ
ကောက်ချင်နေသော ဆူးခက်ကို ညီထက် မြင်ပြင်းကပ်ကပ်နှင့် သေး
လျက်မှာ အတင်းတိုးထိုင်လိုက်သည်။

''ဟော့ကောင် နံ့တွေ အများကြီးကို မင်းဘာသာ လွတ်လွတ်
လပ် သွားထိုင်ပါလား''

''ငါက မင်းနားမှာပဲ ထိုင်ချင်လို့ပါကွာ''

ညီထက်စကားကြောင့် ဆူးခက်က မျက်လုံးကြီးအပြူးသား





ကြောင်တောင်တောင် လှည့်ကြည့်သည်။ သူ ကိုင်ထားသော ဖုန်းလေးကို
ညီး လက်ကနေ ချထားလိုက်၏။

''ဘာတွေဖြစ်နေတာတုန်း''

''ဘာဖြစ်လို့လဲ၊ ငါက မင်းနားမှာ ထိုင်ချင်တာမရဘူးလား''

''ထူးထူးဆန်းဆန်းတွေ လာလုပ်မနေနဲ့၊ မင်းဘာဖြစ်နေတာလဲ
ဗျာ''

ညီထက် ချက်ချင်းပင် မျက်နှာကိုတည်လိုက်ပြီး

''ညက မင်းတစ်ယောက်တည်း ဟိုဘက်ခြံရှေ့မှာ ဘာလုပ်နေ
တယ်ဆိုတာ ငါတကယ်သိချင်လို့''

''ဒီမှာ ငါတစ်ယောက်တည်း မဟုတ်ဘူးလို့ ပြောပြီးပြီနော်၊ ပြီး
တော့ မင်းထင်နေသလို ငါ အိပ်မက်မက်ရင်း လျှောက်သွားနေတာ မဟုတ်
ဘူး''

''အေးပါ ထားလိုက်ပါတော့၊ မင်းညက ပြောခဲ့တာတွေကိုပဲ
ထပ်ပြောစမ်းပါဦး၊ ညက ငါနည်းနည်းကောင်းနေတော့ သေချာမကြား
ဘူး''

ဆူးခက် ညီထက်ကို မယုံသင်္ကာမျက်ဝန်းများဖြင့် စိုက်ကြည့်နေ
သည်။

''မင်းငါ့ကို လာစားနေတာလား''

''ရော် မဟုတ်ပါဘူးကွာ၊ ငါတကယ်ပြောနေတာပါ''

ထိုအခါမှ ညကအကြောင်းတွေကို သူ တစ်လုံးမကျန် ပြန်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဆူးခက်စကားတွေကို ပထမတုန်းကတော့ တစ်ခုခု လွတ်
နေတဲ့အကွက်ရှိရင် ထောက်ပြပြီး လှောင်ပြောင်ရအောင် ရည်ရွယ်ချက်
ညီထက် ခပ်တည်တည်နေခဲ့ပြီး ဖြစ်သော်လည်း ခုလို အစကာအဆုံး သေ
ဂယနထ ကြားရပြန်တော့ ညီထက်ကိုယ်တိုင်ပင် စိတ်ဝင်စားလာမိသ

"ဒီလိုဆို ဟိုတစ်ညက ငါတို့သံကြိုးနဲ့ ချည်ထားခဲ့တဲ့ ခွေးညို
က ဟိုဘက်ခြံကပေါ့ ဟုတ်လား"

"အေး အစစ်ပဲပေါ့၊ ခွေးက အမ,လေးလို့ ငါထင်တယ်"

"မဆီမဆိုင် ဘာတုန်းကွ"

"ဟိုညတုန်းက ခွေးလေးကို အထီးလား အမလား ငါ သ
မထားလိုက်မိလို့လေ၊ ညက ကြည့်မယ်လုပ်တော့ သူက နောက်ကိုရှိ
တယ်ကွ၊ ငါ့စိတ်ထင် ရှက်သွားတာနဲ့တူတယ်ကွ၊ ဒါနဲ့ ငါလည်း အ
ဖြစ်ရမယ်လို့ ယုံကြည်လိုက်တယ်"

"ဪ ဟိုတစ်နေ့တည်းက ငါက အဲဒီခွေးလေးကို အမှ
ပြီးသား၊ မင်းက ခုမှလာပြီး အထူးအဆန်းလုပ်နေတယ်"

"ငါမသိလိုက်လို့ပေါ့ကွာ၊ မင်းကလည်း"

အရေးထဲမှာ ခွေးအထီးအမကိစ္စနဲ့ နှစ်ယောက်သား အချေအ
ဖြစ်လိုက်ကြသေးသည်။ ဒါပေမဲ့ ဒီတစ်ခါတော့ ညီထက်က အလျှေ
လိုက်ပြီး ဆူးခက်ကို ဘာမှထပ်မပြောတော့ပါ။ မဟုတ်ရင် သူ့ကို ဆူ
စိတ်ကောက်လို့ဆုံးမှာမဟုတ်တော့။

"ထူးဆန်းတာတော့ အမှန်ပဲကွ"





"ဟုတ်တယ် ညီထက်၊ ငါလည်း အဲဒါကိုပဲ မတွေးရမနေနိုင်ဖြစ်
နေတယ်"

"ဒီမိန်းမတစ်ယောက်အသံဆိုတာကရော မင်းနားကြားမှားတာတွေ
ဘာတွေများလား"

"ငါလည်း ပထမတော့ ငါ့ကိုယ်ငါ အိပ်မက်တယ်ထင်နေတာလေ၊
ဒါပေမဲ့ ဟုတ်မှမဟုတ်တာကွ"

အဖြစ်အပျက်တွေက ထူးဆန်းနေတာတော့ တဖြည်းဖြည်း ပိုပို
သေချာလာပါသည်။ ဒါပေမဲ့ ဘာတွေဖြစ်နေတယ်ဆိုတာကိုတော့ သူတို့
နှစ်ယောက်ဉာဏ်နဲ့ စဉ်းစားလို့မရသေး။

"ကဲ မင်းမလိုက်ဘူးဆို ငါတစ်ယောက်တည်းပဲ သွားတော့မယ်"

ညီထက် ကားဖြတ်မောင်းရင်းနှင့် ထိုခြံထဲကို လှမ်းကြည့်မိတော့
ကိုနောင်ရဲဇော်ကို အပြင်သွားဖို့ အခင်းသင့်ဖြစ်နေသောပုံမျိုးနှင့် ဆင်ဝင်
အောက်မှာ လှမ်းတွေ့လိုက်ရသည်။ ကြည့်လိုက်တာနှင့် မိန်းမချောချောသော
ဆိုလွှမျက်နှာမှာ ဘယ်လိုရက်စက်ခက်ထန်မှုမျိုးကိုမှ မတွေ့ရ။ သူတို့ လင်
မယားဘဝက သိပ်ပျော်စရာကောင်းမှာလို့ ညီထက် တွေးလိုက်မိသေးသည်။

ညက ဆူးခက် တွေ့လိုက်သည်ဆိုသော ခွေးလေးကိုလည်း
တွေ့လိုတွေ့ငြား သူ ဟိုဟိုဒီဒီ ရှာဖွေကြည့်သေးပေမယ့် ခွေးလေးကိုတော့
မတွေ့ဘဲ ကိုနောင်ရဲဇော်သော ဖြည်းဖြည်းလေး ဘီးလိမ့်ရုံမောင်းနေသော
ကားထဲမှ သူ့ကိုလှမ်းပြုံးသွားသည်။

လက်တစ်ဖက်မြှောက်ပြီး ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



နေသောကြောင့် သူလည်း လက်မြှောက်ပြလျက် ပြန်နှုတ်ဆက်လိုက်၏။ ကားကို ဘီးလိမ့်ရုံမမောင်းရော့ဘဲ သူ လီဗာလေး ဖိနင်းလိုက်ရတော့သည်။

■ ■ ■

လကုန်ရက်မို့ ဘဏ်မှာလူများနေသောကြောင့် ညီထက် တော်တော်စောင့်လိုက်ရသည်။ အိမ်ပြန်ရောက်တော့ ဗိုက်က တဂွီဂွီနှင့် ကျယ်ကျယ်လောင်လောင် ဆာနေပြီ။

"ဗိုက်ဆာနေပြီ ဒေါ်မြရေ"

အဝတ်အစားတောင် မလဲနိုင်ဘဲ ညီထက် ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သည်။

"ဒေါ်မြ ပြင်ပေးမယ် မောင်ညီထက်ရေ ခဏလေးပဲစောင့်၊ ကြက်ပဲငပိကို ဗိုက်ခရီဝေ့စ်လေးထဲ ထည့်နွေးပေးမယ်"

"ဟုတ်ကဲ့ ဒေါ်မြ၊ မြန်မြန်လေးလုပ်ဗျို့"

ရေခဲသေတ္တာတံခါးကြီးဖွင့်ပြီး ဒေါ်မြတစ်ယောက် တကုန်းကုန်းဘာတွေရှာဖွေနေပြန်တယ်မသိ။

"မောင်ညီထက်ရေ ကြက်သားပဲငပိထည့်ထားတဲ့အိုး မရှိတော့ဘူးတော့"

"ဟင် ဒေါ်မြပဲ ရေခဲသေတ္တာထဲ ထည့်ပေးထားတယ်ဆို"

"အေး ဒေါ်မြ မနက်စောစောတုန်းက ဖွင့်ကြည့်တော့တောင်ရှိနေသေးတာကို"

ညီခက် အတွေးထဲ ဆူးခက်မျက်နှာကြီး ပေါ်လာ၏။





"ဆူးခက် ထမင်းစားပြီးပြီလား ဒေါ်မြ"

"စားပြီးပြီကွဲ့"

"ဒီကောင် အကုန်ယူစားလိုက်တာ ဖြစ်မှာပေါ့"

"အို ဒါတော့မဟုတ်ဘူး မောင်ညီထက်၊ မောင်ဆူးကို ဒေါ်မြပဲခူးခပ်ကျွေးတာလေ၊ အဲဒီဟင်း ကျန်မှန်းတောင် သူမသိပါဘူး"

"ဟာ ဒါဆို ရေခဲသေတ္တာထဲက ဟင်းအိုးက ခြေထောက်ပေါက်ပြီး ဘယ်ရောက်သွားတာတုန်း"

ညီထက်ရော ဒေါ်မြပါ ခေါင်းစားသွားသည်။ ဆူးခက်လည်း မစားဘူးဆို ဒီဟင်းအိုးက ဘယ်ကိုပျောက်သွားတာလဲ။

"ကဲပါ ဒေါ်မြရာ ဒီကိစ္စ နောက်မှစဉ်းစားကြတာပေါ့၊ လောလောဆယ် ကျွန်တော်စားဖို့ ထမင်းခူးတော့ဗျာ"

မနက်စာကို နောက်အကျဆုံး ဆယ့်နှစ်နာရီမှာ စားတတ်သည့် ညီထက်တစ်ယောက် ခုလို နေ့လယ်နှစ်နာရီထိုးထိ မနက်စာမစားရသေးဘူးဆိုတော့ ဗိုက်ထဲမှာက အကြီးအကျယ် ဆန္ဒတွေပြနေပြီ။ လောလောဆယ်မှာ ဟင်းအိုးတစ်အိုးပျောက်တာလောက်ကို ခေါင်းကြီးခွင်ကျယ်လုပ်ပြီး အကျယ်ချဲ့မနေချင်။

ဒေါ်မြ ပြင်ဆင်ပေးသော ငါးခူကြော်နှပ်လေးရယ် ချဉ်ပေါင်ဟင်းချိုလေးရယ် ငါးပိထောင်းနဲ့တို့စရာအစုံရယ်ဖြင့် ဆာနေသော ဗိုက်ကို အဝဖြည့်ပစ်လိုက်သည်။ ညီထက်တို့ညီအစ်ကိုနှစ်ယောက်လုံးက အင်းတော့ သိပ်ရွေးမများပါ။ ဒီတော့ ဒေါ်မြလည်း ချက်ရပြုတ်ရတာ အဆင်ပြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆူးခက် မင်းရေခဲသေတ္တာထဲက ကြက်ပဲငပိတွေ ယူစားလိုက်တာမဟုတ်လား"

"ဘာတွေလာပြောနေတာလဲ၊ ကြက်ပဲငပိက မနေ့ကချက်တာ မဟုတ်လား"

"အကျန်ရှိသေးတယ်လေ၊ အဲဒါ ပျောက်သွားလို့"

"ဟေ ငါဖြင့်သိတောင်မသိပါဘူး။ ဒါနဲ့ ငါတို့အိမ်မှာ ဟင်းပျောက်တယ်ဆိုတာ ဘယ်တုန်းက ဖြစ်ဖူးလို့လဲဟင်"

"အေး ငါလည်း အဲဒါ အံ့သြနေတာ"

"တခြားအိမ်က ကြောင်တွေဘာတွေ ဝင်ဆွဲတယ်နဲ့တူပါတယ်ကွာ"

မဖြစ်နိုင်ဘူးဆိုတာ သေချာနေပေမယ့် အနီးစပ်ဆုံး တွေးလို့ရတာကတော့ ဒီအဖြေသာ။

■ ■ ■

ဒီနေ့ မိုးတွေစရွာလာသည်။ မေလရဲ့အစောဆုံးမိုးက စရွာပြီဆိုတည်းက သည်းသည်းမည်းမည်း။ မိုးတိတ်သွားသော်လည်း သစ်ပင်ကြီးများမှ ကျိုးကျနေသော သစ်ကိုင်းခြောက်များဖြင့် တစ်ခြံလုံးလိုလို ရှုပ်ရှက်ခဲ့၏။

မိုးပေါက်လေးတွေ စကျလာတည်းက ညီထက်ရော ဆူးခက်ပါ မိုးအေးအေးနဲ့ နေ့လယ်နေ့ခင်း စောင်လေးခြုံကွေးနေမိတာ။ သကြံန်မှာ မိုးကောင်တွေ သီဟတို့ မိုးကြီးတို့နဲ့ သောင်းကျန်းချင်တိုင်းသောင်းကျန်း





ကြပြီးတည်းက ညီအစ်ကိုနှစ်ယောက်လုံး အိမ်ပြင်မထွက်ဖြစ်တော့ဘဲ အိမ်တွင်းပဲ စွတ်အောင်းနေမိသည်။ ဆူးခက်အတွက်ကတော့ မထူးဆန်းပေမယ့် ညီထက်ကတော့ တစ်နေ့တစ်နေ့ အိမ်မှာနေပြီး ပျက်စီးသွားသော မျက်နှာအသားအရေကို ပြန်ထိန်းသိမ်းနေရတာ ပျင်းစရာကောင်းလွန်းနေပြီ။

ဒါကြောင့် တစ်နေ့တစ်နေ့ နေခြစ်ခြစ်တောက်မှုနေတာတွေ ရပ်တန့်ပြီး မိုးရွာဖို့ကိုပဲ ဆုတောင်းနေမိတာ။ ဒီနေ့တော့ ညီထက် ဆုတောင်းတွေ ပြည့်ဝခဲ့၏။ တစ်ခုပါပဲ နေ့လယ်ဘက် မိုးအေးအေးလေးနဲ့ကွေးပြီး ပြန်နိုးလာချိန်၌ ခြံထဲက အရှုပ်အပွများကို မြင်လိုက်ရတာကတော့ စိတ်ညစ်ဖွယ်အတိဖြစ်သည်။

"ဦးဘို ခြံထဲမှာမရှိဘူးကွ"

"သူလည်း မိုးရွာတော့ သူ့နေရာသူ ပြန်နေမှာပေါ့"

"ဒေါ်မြလည်း မိုးမရွာခင်တည်းက အိမ်အတွက် လိုတာတွေ ဝယ်ဖို့ဆိုပြီး ဈေးဘက်ထွက်သွားတာ ပြန်မလာသေးဘူး"

"ဒါဆိုလည်း မင်းပဲ ဦးဘိုကို သွားခေါ်ရှင်းခိုင်းစမ်းပါဦးကွာ"

"အေးပါ"

ဆူးခက် အိပ်မှုန်စုံမွှားမျက်နှာကိုပင် မသစ်ရသေးဘဲ ဦးဘိုနေသော ခြံနောက်ဘက်သို့ ထွက်လာခဲ့သည်။

"ဦးဘိုရေ ဦးဘို"

ဦးဘို ထိုင်နေကျ အိမ်ရှေ့ကပြင်တစ်ခုလုံး မိုးအေးကြောင့် ရွှဲရွှဲစိုနေ၏။ လူရိပ်လူယောင်လည်း မတွေ့ရ။ ဆူးခက် ခေါ်သံကိုများ မကြားလေ



www.burmeseclassic.com

www.burmeseclassic.com



ရော့သလား။

"ဦးဘို ဘယ်မှာတုန်းဗျ"

တုံ့ပြန်သံမကြားရသောကြောင့် ဒေါ်မြအိမ်နှင့်တစ်ဆက်တည်း တန်းလျားလိုဖြစ်နေသည့် ဦးဘိုရဲ့ပျဉ်ထောင်တန်းလျားလေးပေါ်သို့ ဆူးခက် တက်လိုက်သည်။ အိမ်ရှေ့ခန်းမှာလည်း ဦးဘိုကို မတွေ့ရပါ။ နောက်ဘက် ခြမ်းမှ အသံတစ်ခုထွက်ပေါ်လာသောကြောင့် ဆူးခက် နောက်ဖေးခန်းထဲ ဝင်သွားတော့ သူ့ကိုကျောပေးထိုင်ကာ တကုပ်ကုပ်နှင့် ဘာတွေလုပ်နေ မှန်းမသိသော ဦးဘိုကို တွေ့လိုက်ရသည်။

"ဟာဗျာ ဦးဘို ကျွန်တော် ဒီလောက်ခေါ်နေတာကို မကြားဘူး လား။ ဘာတွေလုပ်နေတာလဲ"

ခြေသံဖွဖွနင်းလျက် ဝင်လာသော ဆူးခက်ထံမှ ရုတ်တရက် အသံကြောင့် ဦးဘို လန့်ဖျပ်သွားပုံနှင့် ဝရုန်းသုန်းကား ထပြေးသည်။ ဆူးခက်ကို နောက်လှည့်ကြည့်လိုက်သော ဦးဘိုမျက်နှာမှာ ဟင်းအဆီတွေ ဝင်းလက်နေ၏။ တွန်းတိုက်ပြီး ထွက်သွားသော ဦးဘို ထိုင်နေခဲ့သည့်နေရာ မှာတော့ အမဲသားနှပ်အိုးက အဖုံးဖွင့်လျက်သားနှင့် တစ်အိုးလုံးနီးပါး ကုန် တော့မည်။

ဆူးခက် ဆက်စပ်တွေးကြည့်မရအောင် ခေါင်းရှုပ်သွား၏။

"ဟော့ကောင် မင်းကြာလှချည်လား"

ကြောင်အမ်းနေတုန်းမှာပင် နောက်ဘက်ကနေ ညီထက်အသံ ထွက်လာသည်။





"ဟင် ဒါမနက်က ဒေါ်မြချက်ထားတဲ့ အမဲသားနှပ်တွေပဲ"

"အေး ဟုတ်တယ်၊ ဒီအိုးက ဘယ်လိုဖြစ်ပြီး ဦးဘိုဆီ ရောက်နေ တာလဲ၊ ဦးဘိုကလည်း ငါ့ကိုတိုက်ပြီး ထွက်ပြေးသွားတယ်"

"ဟေ မင်းကိုတိုက်ပြီး ထွက်ပြေးသွားတယ် ဟုတ်လား။ အခုလေး တင် သူ့ အိမ်ထဲက ထွက်လာတာတွေ့လို့တောင် ခြံထဲက သစ်ကိုင်းတွေ ရှင်းခိုင်းလိုက်သေးတယ်"

"တစ်ခုခုတော့ မှားနေပြီကွာ"

"လာ ငါတို့ ဦးဘိုကို သွားမေးရအောင်"

စိတ်မြန်သော ညီထက်က ဆူးခက်ပခုံးကို ခပ်ကြမ်းကြမ်းဆွဲလျက် ပျဉ်ထောင်အိမ်လေးထဲမှ ထွက်ခဲ့၏။ ခြံရှေ့ပိုင်းမှာ သစ်ကိုင်းကျိုးတွေ ရှင်းလင်း နေသော ဦးဘိုဆီကို သူတို့ချက်ချင်းရောက်သွားသည်။

"ဦးဘို"

သူတို့ကို မော့ကြည့်လာသည့် ဦးဘို မျက်ဝန်းတွေက ခုနကလို မျက်ကလူးဆန်ပြာ မဟုတ်တော့။ ပါးစပ်တစ်ဝိုက်မှာလည်း အဆီများ‌ဝေ့နေ ခြင်းမရှိတော့။ ပုံမှန်ဦးဘို ပြန်ဖြစ်နေခဲ့ပြီ။

ထိုအချိန်မှာပဲ ဒေါ်မြတစ်ယောက် ဈေးခြင်းကြီးတစ်ခုနှင့်အတူ ခြံရှေ့မှာထိုးရပ်လာသော ဆိုက်ကားပေါ်မှဆင်းလာသည်။

"ဒေါ်မြ ဒီကိုခဏလာပါဦး"

အပြင်က ပြန်လာလာချင်းမှာပဲ ညီထက်တို့နှစ်ယောက်က မျက်နှာ တွေသုန်သုန်မှုန်မှုန်နှင့် လှမ်းခေါ်နေခြင်းဆိုတော့ ဒေါ်မြ ဇဝေဇဝါဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်လေး လျှောက်လာသည်။

"မနက်က ဒေါ်မြချက်ထားတဲ့ အမဲနှပ်အိုးရော"

မေးခွန်းကိုကြားတော့မှ ဒေါ်မြ ပိုလို့တောင် အူကြောင်ကြောင် ဖြစ်သွားပုံပါ။ ညီထက်တို့ အိမ်မကြီးဘက်ကို လက်ညှိုးထိုးလျက်

"နောက်ဖေးမှာပဲလေ မောင်ညီထက်"

"ဒါဆိုရင် ဒီတစ်ခါက ဦးဘိုဖြေရမယ့်အလှည့်ပဲ၊ အဲဒီ အိမ်နောက်ဖေးမှာ ဒေါ်မြထားခဲ့တဲ့ အမဲနှပ်အိုးက ဘယ်လိုဖြစ်ပြီး ဦးဘိုအိမ်ထဲကို ရောက်နေတာလဲ"

ဦးဘို ဘာမှပြန်မဖြေ။ ခေါင်းကို အောက်သို့ အတင်းထိုးငုံ့ထားသည်။ ဒေါ်မြက သူတို့နားကနေ အပြေးလေးထွက်သွားလျက် ခြံနောက်ဘက်ခြမ်းကို ဝင်သွားသည်။ ခဏနေတော့ အမဲနှပ်အိုးကိုကိုင်လျက် မျက်လုံး ပြူးမျက်ဆံပြူး ပြန်ထွက်လာ၏။

"မနက်တုန်းက ဒေါ်မြ မင်းတို့နှစ်ယောက်ကို ခူးကျွေးတာပဲရှိတာ လေ၊ ခုတော့ တစ်အိုးလုံးပြောင်သလင်းခါနေပြီ"

"ဟုတ်တယ် ဒေါ်မြ၊ အဲဒီ တစ်အိုးလုံးကို ဦးဘို စားပစ်ခဲ့တာ"

"ဦးဘို ဖြေလေ"

ညီအစ်ကိုနှစ်ယောက် အားမလိုအားမရ ဖြစ်လာသည်။ တုံးတိ ဘာဝေလုပ်နေသော ဦးဘိုကို စိတ်လည်းတိုလာ၏။

"ကိုဘို ဒါကဘယ်လိုဖြစ်တာလဲ၊ ကျွန်မကိုလည်း ပြောပါဦး"

"ငါ ငါ ဗိုက်အရမ်းဆာလို့ပါ"





သုံးယောက်လုံး ဒေါသတကြီးဝိုင်းပြောမှ အသံတုန်တုန်လေးဖြင့် ဦးဘို ခပ်တိုးတိုးပြန်ဖြေသည်။

"ဗိုက်ဆာရင် ကျွန်မတို့အတွက်ချက်ထားတဲ့ ငါးဖယ်ဟင်းရှိတယ် လေ၊ ဒါက ကလေးတွေစားဖို့ ကျွန်မပြင်ဆင်ပေးထားတာကို၊ ဘယ်လိုဖြစ် တာတုန်းရှင်၊ ပြီးတော့ တစ်အိုးလုံးပြောင်တဲ့ထိဆိုတော့"

ဒီအဖြစ်က ညီထက်ရော ဆွေးခက်ရော ဒေါ်မြကိုပါ ထူးဆန်းတွေ ထား ဖြစ်စေခဲ့တာတော့ အမှန်ပါပဲ။ သာမန်လူသားတစ်ယောက်က အိုး အပြည့်နှပ်ထားသော အမဲသားများကို တစ်ထိုင်တည်းစားပစ်ဖို့ဆိုတာ လွယ် တူတဲ့ကိစ္စတော့မဟုတ်၊ အသက်ခြောက်ဆယ်အရွယ် အဘိုးကြီးတစ်ယောက် အတွက်ဆို ပိုလို့တောင် ခက်ခဲမည့်အနေအထားပါ။

ခုတော့ စားထားလိုက်တာ တစ်အိုးလုံး ပြောင်စင်နေအောင် နှပ်ပျက်ဆင်းပျက်။ ဒါ သွေးရိုးသားရိုးတော့ မဟုတ်နိုင်ပါ။

"သားတို့အတွက် ဒေါ်မြ ဟင်းတစ်အိုး မြန်မြန်ပြန်ချက်ပေးပါ့မယ် ကွယ်၊ တော်သေးတာပေါ့ ခုပဲ ဈေးကနေ တစ်ပတ်စာထပ်ဝယ်လာခဲ့လို့"

"ရတယ် ဒေါ်မြ၊ ဒီညစာကို ကျွန်တော်တို့ အိမ်မှာမစားတော့ဘူး။ အပြင်ပဲ ထွက်စားလိုက်တော့မယ်"

ဒေါ်မြက မျက်နှာအပျက်ပျက်နှင့် သူတို့ညီအစ်ကိုကိုကြည့်လိုက် ဦးဘိုကို မျက်စောင်းကြီးခဲပြီး ကြည့်လိုက် ဖြစ်နေ၏။ ဦးဘိုကတော့ ခေါင်း ငုံ့ကိုင်ချထားဆဲ။ အသားများလည်း တဆတ်ဆတ်တုန်နေသည်။

ဆွေးခက် သက်ပြင်းကိုချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မိုက်ဆာလို့ ယူစားမိတယ်ဆိုတော့ ဘာမှမပြောတော့ပါဘူး။ လုပ်စရာရှိတာတွေသာ ဆက်လုပ်ပါ"

သူတို့နှစ်ယောက် ပြီထဲပြန်ဝင်လာတော့ ဒေါ်မြအသံက နောက်ကနေ ကပ်ပါလာ၏။

"သကြန်မတိုင်ခင်က ကြက်ပဲငပိအိုးပျောက်သွားတာရော ရှင်လက်ချက်ပဲလား ကိုဘို"

ညီထက်နဲ့ဆူးခက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိသည်။ အဲဒီတုန်းကရော အခု ဒေါ်မြတွေးမိသလို ဦးဘို လက်ချက်ပဲလား။ ဟိုအရင်က ဒီလိုစည်းမဲ့ကမ်းမဲ့လုပ်ရပ်မျိုး တစ်ခါမှ မရှိခဲ့ဘူးသည့် ဝန်ထမ်းတစ်ယောက်က ခုတော့ ဟင်းတွေအိုးလိုက်ခိုးစားနေတယ်ဆိုတာ ယုံတောင်မယုံချင်။

ဒီကိစ္စတွေရဲ့အဖြေကို ဘယ်မှာရှာဖွေကြည့်ရမလဲ။

ထိုညက ညီအစ်ကိုနှစ်ယောက် အပြင်တွဲမထွက်စဖူး ထွက်ခဲ့ကြသည်။ Bistro Bar လေးတစ်ခုမှာ ထိုင်ဖြစ်ကြရင်း သီဟနဲ့မိုးကြီးကိုလည်း ဖုန်းဆက်ခေါ်လိုက်၏။ ဒီကောင်တွေနဲ့လည်း သကြန်ပြီးတည်းက မတွေ့ဖြစ်တော့တာ။

"မင်းတို့ကြုံရတာတွေက ထူးထူးဆန်းဆန်းတွေချည်းပါလားကွ"

"အေးကွာ ခုတလော ဘာတွေဖြစ်နေမှန်းကို မသိပါဘူး"

"ဘေးအိမ်ကိုရော ရောက်ဖြစ်သေးလား"

"တွေ့တွေ့ထူးထူးတော့ မရောက်ဖြစ်ပါဘူး။ ညဘက်တွေ တစ်





ထလေတော့ သူတို့လင်မယားကို လမ်းထိပ်မှာခဏဖြစ် နှုတ်ဆက်ဖြစ်ရုံလောက်ပါ"

"မင်းတို့ အခုဖြစ်နေတဲ့ထူးဆန်းမှုတွေက အဲဒီဘေးအိမ်နဲ့ပတ်သက်မှုတစ်ခုခု ရှိလိမ့်မယ်လို့ မထင်မိဘူးလား"

မိုးကြီးမေးခွန်းက စဉ်းတော့စဉ်းစားစရာပါပဲ။ ဒါပေမဲ့ အဖြစ်အပျက်တွေကို ဆက်စပ်ကြည့်လို့မရ။ ထူးဆန်းတယ်ဆိုတာလောက်ပဲ ခန့်မှန်းလို့ရပြီး ဘာက ထူးဆန်းနေတယ်ဆိုတာတော့ ထောက်မပြနိုင်ဖြစ်ရသည်။

"ဒါ ဒီးရိုး ခဏဝင်ဦးမယ်"

မိုက်ထဲကို အရည်တော်တော်များများ ဝင်သွားတော့ ညီထက် ဆီးအိမ်တောင့်လာသည်။ နောက်ဘက်ဝင်ရန် ခုံမှအထ ဘေးကနေ ဝင်တိုက်လိုက်သော လူတစ်ယောက်ကြောင့် ရီဝေဝေဖြစ်နေသောကိုယ်က ယိုင်နဲ့သွားသည်။

"ဆောရီးပါ၊ ကျော် နည်းနည်းမူးနေလို့ဗျ အဟဲ"

စပ်ဖြဲဖြဲပြောနေသော မျက်နှာတစ်ခုက ညီထက်မျက်စိရှေ့မှာ နီး လိုက်ဝေးလိုက်။

"ဟော့ကောင် မင်းမျက်လုံးကန်းနေတာလားကွ"

အရည်ဝင်ရင် သွေးကြွချင်သော သီဟက ဝင်ဖြဲသည်။ ဆူးခက်က အတိုးကိုဆွဲပြီး အတင်းပြန်ထိုင်ခိုင်းလိုက်တာကို ခပ်ရေးရေးမြင်လိုက်သေးသော်လည်း ကိုယ့်ဒုက္ခကိုယ် မထိန်းနိုင်တော့၍ အားလုံးကိုဥပေက္ခာပြုပြီး ညီထက် သန့်စင် ခန်းထဲ ပြေးဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်ထွက်လာတော့ ဘာတွေဘယ်လိုဖြစ်ကုန်သည်မသိ ခုနက သူ့ကိုဝင်တိုက်သောကောင်က သူတို့ဝိုင်းထဲမှာ အကျအနဝင်ထိုင်ပြီး ဟို သုံးကောင်နှင့် အဖွဲ့ကျနေ၏။ သေချာတာကတော့ ထိုလူစိမ်းအပါအဝင် သူတို့တွေအားလုံး မူးနေကြပြီဆိုတာပဲ။

"လာ ညီထက်၊ မင်းကိုဝင်တိုက်လိုက်တဲ့အတွက် ငါတို့နဲ့ မိတ်ဖြစ်ခွေဖြစ် အတူသောက်နေတာကွ၊ သူ့နာမည်က ကျော်ကြား တဲ့"

ဆူးခက် ပြောပုံက ထရိုက်ပစ်ချင်စရာ အပေါက်။ သို့သော် ညီထက်ကိုယ်တိုင်ကလည်း မူးနေတာမို့ ဘာမှထွေထွေထူးထူး မပြောဖြစ်တော့ဘဲ ဝိုင်းထဲဝင်ထိုင်လိုက်သည်။

"ငါတို့အားလုံးကတော့ အချင်းချင်းမိတ်ဆက်ပြီးပြီ၊ မင်းတစ်ယောက်ပဲ ကျန်တော့တယ်"

"ဌါနာမည်က ညီထက်၊ ဆူးခက်ရဲ့အစ်ကို၊ ငါတို့က တစ်အိမ်တည်းနေတာ၊ ကဲ ဘာပြောရဦးမလဲ"

"ရပါပြီကွာ၊ ကဲ အားလုံးစုံပြီဆိုတော့ ငါတို့ငါးယောက် ချီးယားစ် လုပ်ကြရအောင်"

မိုးကြီးစကားကို ထိုလူသစ်က လက်ကာပြရင်း တားသည်။

"ကျော်တို့က မြန်မာလူမျိုးတွေလေဗျာ၊ ဒီတော့ အင်္ဂလိပ်လို ချီးယားစ်မလုပ်ဘဲ မြန်မာဆန်ဆန်လေး ပြောရအောင်"

"ဘာလဲ ကမ်းပေ့လား"

"ဟာဗျာ ခင်ဗျားကလည်း ကမ်းပေ့က မြန်မာဆန်တာလား"





"ဒါဆို ဘာလဲကွာ"

လက်ထဲမှာကိုင်ထားသော ခွက်ကို စားပွဲပေါ်ပြန်တင်လိုက်ပြီး ညီထက် မျက်မှောင်ကြီးကျုံ့လျက် ကျော်ကြားကို ရှုတည်တည်လှမ်းကြည့်သည်။

"မြန်မာလို ချကွာ လို့ပြော"

"ဘာ ဘယ်လို"

"ဟုတ်တယ်လေ ကဲပါ ပြောနေကြာတယ်၊ အားလုံး ခွက်တွေကိုမြှောက် လိုက်ပြောကြ"

တက်ညီလက်ညီနှင့် ကိုယ့်ခွက်ကိုယ် လေထဲမြှောက်ကိုင်လိုက်သည်။ ကျော်ကြားက ရှေ့ကနေ အားရပါးရ ရွတ်၏။

"ချကွာ"

"ချကွာ"

အားလုံးလည်း သူ့အတိုင်း တစ်သွေမတိမ်း လိုက်အော်ကြ၏။ ခွက်လုံးအပြည့်စီ ထည့်ထားသော ဘီယာများကို တစ်ကျိုက်တည်းနှင့် သောက်ချပစ်လိုက်သည်။ လူသစ်ဖြစ်သော ကျော်ကြားကလည်း ညီထက်တို့နဲ့တန်းတူ သောက်ရေစားရေ ပြည့်ဝ၏။

ဒီတစ်ညတည်းနဲ့ပင် သူတို့လေးယောက်နှင့်ကျော်ကြား အဖွဲ့ကျသွားသည်။

"မင်းက တစ်ယောက်တည်း လာသောက်တာလား"

"အေးကွာ ငါက အပေါင်းအသင်းရှားတယ်ကွ၊ အိမ်နားကပြီး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှာနေနေတော့ လောလောဆယ် မိသားစုလည်း မရှိဘူး"

"ဟား မိုက်တယ်ကွာ၊ လွတ်လွတ်လပ်လပ်ပေါ့"

"အေး ဆိုပါတော့"

ထိုညက သောက်လိုက်စားလိုက် စားလိုက်သောက်လိုက်နှင့် ဘယ်နှစ်နာရီတွေဖြစ်လို့ဖြစ်ကုန်မှန်းလည်း မသိ၊ အိမ်ကို ဘယ်လိုပြန်ရောက် လို့ ရောက်ခဲ့မှန်းလည်းမသိ။

■ ■ ■

"အား"

ဒီတစ်ခါ ကျယ်လောင်သော အော်သံနက်ကြီးက ညီထက်သော ကပ်လျက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ညီထက် မျက်လုံး တွေ ပြူးပြူးမျာမျာပွင့်လာလျက် ငေါက်ခနဲ ထထိုင်လိုက်မိ၏။

"ဟော့ကောင် ဘာတွေအော်နေတာလဲ၊ စောစောစီးစီးကွာ"

ဆူးခက်က ပါးစပ်ကမဖြေ။ သေးချင်းကပ်အိပ်နေသော သူ နှစ်ယောက်ခြေရင်းမှာ ကန့်လန့်ကြီး ပိုးလိုပက်လက်အိပ်နေသည့် လူ ယောက်ကို လက်ညှိုးထိုးပြသည်။ ညီထက် ကိုယ့်မျက်လုံးကိုယ် လက် ပွတ်ကာ ပြူးပြဲငုံ့ကြည့်၏။

"အား"

ဒီတစ်ခါ အော်မိသူကတော့ ညီထက်ကိုယ်တိုင်ပါပဲ။

"သူ သူက ဘယ်သူလဲ"





ဆူးခက် ခေါင်းကိုတဖြင်းဖြင်းကုပ်ကာ ခုတင်ထက်မှ ဆင်းရန် ကြမ်းပြင်ထက် ခြေတစ်ဖက်ချလိုက်သည်။ သို့သော် သူ့ခြေဖဝါးများက ကြမ်းခင်းပါကေးများကို မထိတွေ့မိ။ အိအိစက်စက် အရာတစ်ခုက ခံနေ သည်။ ဆူးခက် ငုံ့ကြည့်လိုက်မိ၏။

"ဟင် ဒါ ဒါက"

ညီထက် ဝုန်းခနဲဆိုသလို ဆူးခက်နားကပ်လာပြီး ငုံ့ကြည့်သည်။

"သွားပြီ ငါတို့အားလုံး ညက ထိန်းမရအောင်ကို မူးခဲ့တာပဲ"

ခုတင်အောက်ကြမ်းပြင်မှာ သီဟက ခြေကားယားလက်ကားယား ကြီးက လက်နှစ်ဖက်ကိုပူးယှက် ပေါင်ကြားညှပ်ကာ ကွေးကွေးလေး အိပ်ပျော်နေသည်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး ညီထက် ကိုယ့်နဖူးကိုယ် ရိုက်ကာ ရေရွတ်၏။

"ဟော့ကောင်တွေ ထစမ်း ထကြစမ်း"

အိပ်ပျော်နေသော သုံးကောင်လုံးကို ခေါင်းအုံးတွေ ခွလုံးတွေနှင့် ပေါက်ရိုက်နှိုးတော့မှ အိပ်ချင်မူးတူးမျက်နှာများဖြင့် ငုတ်တုတ်လေးတွေ ထိုင်သည်။ ထူးဆန်းတာက ညီထက်နဲ့ဆူးခက်ခြေရင်းမှာ ကန့်လန့်ကြီး အိပ်နေသောလူကို သူတို့ သေချာမသိခြင်းပါ။

ညက ညီထက်နဲ့ဝင်တိုက်မိသော ယောကျ်ားတစ်ယောက်နဲ့ သူတို့ တွေ့ဖွဲ့သောက်ဖြစ်ခဲ့တာတော့ ခပ်ရေးရေး မှတ်မိသည်။ အိမ်တိုင်ရာ ပါလာသည့်ကိစ္စကိုတော့ သူတို့အားလုံး နည်းနည်းမှ သတိမရတော့။ ကိုတောင် ဘယ်သူမောင်းပြီး ပြန်ရောက်လာတယ် မမှတ်မိ။



www.burmeseclassic.com

www.burmeseclassic.com



ညက ဘီယာချည်းသက်သက် သောက်ကြဘာမှမဟုတ်သ… ဘီယာတွေကို အရက်ပြင်းတွေနဲ့ ရောသောက်ကြခြင်းဆိုတော့ လူမှန်း… မှန်းမသိအောင် မူးရူးကုန်တာ ဆန်းတော့မဆန်းပါ။

"ဟိုနှစ်ကောင်ကတော့ ထားပါတော့၊ မင်းကပါ ဘယ်လိုဖြစ်ပြီး… ငါတို့အိမ်ကို ပါလာတာတုန်း"

"ဟာ မသိဘူးလေဗျာ၊ ကျော်လည်း မူးနေတဲ့ကိစ္စကို"

သူ့ခေါင်းခွံဆံပင်ဂုတ်ကျော်ကျော်လေးကို လက်နှင့်ထိုးဖွပ်ရင်း… ကျော်ကြား ရှုံ့မဲ့ကာပြောသည်။

"ဟူး ငါတော့ စိတ်ညစ်ပြီဟေ့"

မိုးကြီးက တစ်ဘာသာ ထဖောက်လာသည်။

"မင်းက ဘာဖြစ်ပြန်တာတုန်း"

"ဒီနေ့ ဘဏ်ဖွင့်ရက်ကြီးလေကွာ၊ ခုပဲ ဆယ့်တစ်နာရီထိုး… ဆိုတော့ ငါအလုပ်ပျက်ပြီ"

"အောင်မယ်လေးကွာ တစ်ရက်တလေလေး ပျက်တာကို… မင်းက ရေးကြီးခွင်ကျယ်လုပ်နေတယ်"

သီဟ စကားကြောင့် မိုးကြီး ရှူးရှူးရှဲရှဲ ဖြစ်သွား၏။

"ဟေ့ကောင် သီဟ တစ်ရက်ပျက်ရင် ငါရက်မှန်ကြေးသော… မရတော့ဘူးကွ၊ မင်းတို့ကတော့ ငါ့ခံစားချက်ကို ဘယ်နားလည်ပါ့မ…"

"တော်ကြစမ်းပါကွာ၊ လုပ်တုန်းက တူတူပျော်ပျော်ပါးပါး လု… တော့မှ စောစောစီးစီး လာညည်းမနေကြစမ်းနဲ့"





ဆူးခက် ထအော်လိုက်တော့မှ နှစ်ကောင်သား ပါးစပ်ပိတ်သွားသည်။ ထိုအချိန်မှာပဲ အခန်းတံခါးခေါက်သံ ထွက်လာ၏။

"ဒေါ်မြလား ဝင်ခဲ့လေ"

"ဟုတ်တယ်ကွဲ့၊ သားတို့ နိုးကြပြီလား"

အခန်းတံခါးဖွင့်ဝင်လာရင်း ဒေါ်မြက အပြုံးလေးနှင့်နှုတ်ဆက်သည်။

"သားတို့အတွက် အောက်မှာ မနက်စာတွေ ပြင်ပေးထားတယ်၊ မျက်နှာသစ်ပြီး ဆင်းလာခဲ့ကြတော့လေ၊ နေ့လယ်စာစားချိန်နဲ့ သိပ်ကပ်သွားရင်မကောင်းဘူး"

"ဒေါ်မြ ညတုန်းက ကျွန်တော်တို့ ဘယ်လိုပြန်ရောက်လာတာလဲ သိလိုက်လား"

"သိတယ်လေ ကားဟွန်းတွေ အဆက်မပြတ်တီးနေလို့ ဒေါ်မြပဲ ခြံတံခါးလာဖွင့်ပေးတာ"

"ကားက ဘယ်သူမောင်းလာတာလဲရော သိလား"

ဘာကိုမှ မမှတ်မိတော့သော ညီထက်က ကိုယ့်ကားကို ကိုယ်ကိုယ်တိုင်ပဲ မောင်းခဲ့တာလား၊ ဒါမှမဟုတ် ဘယ်သူမောင်းခဲ့တယ်ဆိုတာပင် မမှတ်မိတော့သောကြောင့် ဒေါ်မြကို မေးခွန်းပြန်ထုတ်နေရ၏။ ဒေါ်မြက သူတို့ငါးယောက်လုံးကို မျက်လုံးဝေ့ကြည့်လိုက်ပြီးမှ ကျော်ကြားကိုလက်ညှိုးထိုးပြကာ

"အဲဒီသူငယ်လေး မောင်းလာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘယ်လို"

လေးယောက်လုံး မျက်လုံးအပြူးသားဖြင့် ကျော်ကြားကို ဝိုင်းကြည့်မိကြသည်။ ကျော်ကြားကလည်း အူကြောင်ကြောင်မျက်နှာပေးဖြင့် အားလုံးကို ပြန်ငေးကြည့်နေ၏။

"မင်းပဲ ငှါကိုကားသော့ပေးပြီး မောင်းခိုင်းတာလေ၊ မဟုတ်ဘူးလား"

ကျော်ကြားကိုယ်တိုင်လည်း ဇဝေဇဝါဖြစ်နေပုံ။ သူတို့ သက်ပြင်းလေးတွေ ကိုယ်စီချလိုက်၏။ မနေ့ညက မူးရူးခဲ့ပုံကိုတော့ သူတို့တစ်သက်မှာ စံချိန်သစ်တင်ရတော့မည်။

ဒေါ်မြ ပြန်ထွက်သွားတော့မှ သူစိမ်းဖြစ်နေသော ကျော်ကြားကို လေးယောက်သား ဝန်းရံလိုက်ကြပြီး

"မင်းက ဘယ်လိုဖြစ်လို့ ဒီအထိ ပါလာတာတုန်း"

"မင်းတို့ ငါ့ကို အဲဒီလိုကြီးတွေ ဝိုင်းကြည့်ပြီး တရားခံလို ဆက်ဆံမနေပါနဲ့ကွာ၊ ညက ငါတို့တွေ တူတူပျော်ပျော်ပါးပါး သောက်စားခဲ့ကြတာပဲ မင်းတို့က အမူးပြေမှ ငါ့ကိုသူစိမ်းတစ်ယောက်လို ဆက်ဆံတာတော့ မဟုတ်သေးပါဘူး"

ကျော်ကြား ပေါက်ကွဲသွားပုံနှင့် ခုတင်ပေါ်ကနေ ဝုန်းခနဲ မတ်တတ်ထရပ်သည်။ ထိုအပြုအမူကြောင့် သူတို့လေးယောက်ပင် လန့်ဖျပ်တွန့်သွားကြ၏။

"ညတုန်းကတော့ တကယ့်သူငယ်ချင်းတွေ မိတ်ဆွေတွေလို ဆက်ဆံခဲ့ပြီးကွာ၊ ငါတကယ်စိတ်မကောင်းဘူး"

ဒေါသနှင့်ပြောနေရာမှ ကျော်ကြားအသံက ငိုသံပါလာသည်။

"ဟေ့ကောင် မင်းအသံကြီးနားထောင်ရတာ ကျက်သရေတုံးလိုက်တာကွာ"

"အေးလေကွာ ယောကျ်ားတန်မဲ့ ငိုသံပါကြီးနဲ့"

"ငါကတော့ သူငယ်ချင်းအသစ်တွေရပြီဆိုပြီး ဝမ်းသာနေတာ"

"အေးပါကွာ ဟုတ်ပါတယ်၊ ငါတို့ကို သူငယ်ချင်းတွေလို သဘောထားလို့ရပါတယ်၊ ဒါပေမဲ့ မင်းရဲ့ငိုသံပါကြီးကိုတော့ ပြင်လိုက်ပါနော်"

နားမခံနိုင်သည့်အဆုံး ညီထက်ကပင် တောင်းတောင်းပန်ပန်နှင့် ပြန်တောင်းဆိုနေရသည်။

"ဒီလိုဆို ငါတို့တွေ ခုချိန်ကစပြီး သူငယ်ချင်းတွေ ဘော်ဘော်တွေ ဖြစ်သွားပြီနော်"

"အေးဆိုကွာ"

"မင်းတို့က ခင်ဖို့ကောင်းမယ်ဆိုတာ ငါစတွေ့တည်းက သတိထားမိပါတယ် အဟဲ"

ခုနတုန်းကတော့ ငိုတော့မလိုတော့မလိုဖြစ်နေသည့် ညှောင်နာနာအသံလေးကနေ ချက်ချင်းမင် စပ်ဖြဲဖြဲဖြစ်သွားသော ကျော်ကြားကိုကြည့်ပြီး သူတို့သေချင်စော်နံသွားသည်။ ဒါပေမဲ့လည်း ကောင်လေးကိုကြည့်ရသော ဖြူဖြူချောချောလေးနှင့် ရည်မွန်မည့်ပုံမျိုး။ ပြီးတော့လည်း သူတို့အားလုံးနှင့် သက်တူရွယ်တူလောက်ပဲမို့ ခင်မင်ပေါင်းသင်းမယ်ဆိုလည်း လက်ခံနိုင်မည့်







www.burmeseclassic.com

www.burmeseclassic.com



အခနေအထားမျိုးပါ။

အောက်ဆင်မှာ ဒေါ်မြ ပြင်ဆင်ပေးထားသော နန်းကြီးသုတ်တွေကို အားရပါးရ စားချင်ပေမယ့်လည်း ညကအရှိန်နှင့် ခေါင်းတွေကိုက်နေကြသဖြင့် ဘယ်သူမှ မယ်မယ်ရရ မစားနိုင်ကြ။ တို့ကနန်းဆိတ်ကနန်းသာ ဒေါ်မြမှာ မနေနိုင်မထိုင်နိုင်စွာနှင့်ပင် သူတို့ငါးယောက်စာ ပျားရည်နွေးနွေးလေးတွေ ဖျော်လာပေးရသည်။

ပျားဖျော်ရည်သောက်ပြီးမှ သူတို့နည်းနည်းပါးပါး သက်သာသွားသည်။ သူတို့လေးယောက်ရဲ့စိတ်ဝင်စားမှုများက လောလောဆယ်မှာတော့ လူသစ်ဖြစ်သူ ကျော်ကြားထံမှာသာ။

"ညက မင်းအဆောင်မှာနေတာလို့ ငါတို့ကိုပြောသလိုပဲနော်"

"အေး ဟုတ်တယ်လေ၊ ဒါတော့ မင်းတို့မှတ်မိသားပဲ"

"အဲဒီတုန်းက လူမှန်းသူမှန်း သိသေးတယ်လေကွာ"

"တော်သေးတာပေါ့ကွာ၊ တော်ကြာနေ ငါဘယ်လိုပါလာတယ်ဆိုတာပါ မမှတ်မိရင် အစကပြန်ရှင်းပြနေရမှာ"

"ဘာပဲဖြစ်ဖြစ် မင်းအကြောင်းတွေ ငါတို့ကို ပြောပြဦးလေ၊ ငါတို့လေးယောက်ကတော့ ကျောင်းတက်တည်းက တူတူဆိုတော့ တစ်ယောက်အကြောင်းတစ်ယောက် အူမချေးခါးမကျန် သိတယ်"

"ငါက မင်းတို့မသိလောက်တဲ့ နယ်မြို့သေးသေးလေးကပါကွာ မိသားစုတွေကတော့ အလယ်အလတ်တန်းစားတွေပေါ့၊ အိမ်က အောင်အိမ်ထောင်ချပေးလို့ မယူချင်တာနဲ့ ရန်ကုန်ပြေးလာတာ၊ ပါလာတဲ့ ခဲ့ကြိုး





လက်စွပ်ကိုရောင်းပြီး အဆောင်ငှားနေတယ်၊ ဝမ်းရေးဖြေရှင်းတယ်"

ကျော်ကြားကိုကြည့်ပြီး သူတို့ အံ့ဩနေကြသည်။

"မင်းက မိန်းမယူရမှာကြောက်လို့ ထွက်ပြေးလာတယ် ဟုတ်လား။ အံ့ပါ့ကွာ ဟား ဟား"

ညီထက် ခွက်ထိုးခွက်လန် အော်ရယ်တော့ ကျော်ကြားက မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်၏။

"အဲဒါ ဘာဖြစ်တုန်း။ ငါ့ကိုယ်ငါ အိမ်ထောင်ဆိုတာကြီး အကျခံပြီး လွတ်လပ်မှုတွေ အဆုံးရှုံးမခံနိုင်သေးပါဘူး။ ငါ့ဘာသာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေချင်သေးတာ"

"ဟုတ်ပါတယ် ညီထက်ရာ၊ မင်းတောင် မိန်းမယူရမှာစိုးလို့ ခုချိန်ထိ အတည်တကျ ရည်းစားထားခဲ့လို့လား။ အပျော်အပျက်တွေပဲ လိုက်လုပ်နေတာ"

ဆူးခက် ခပ်တည်တည်နှင့် ဝင်ဖောက်တော့ ဒီတစ်ခါ ခေါင်းဖောင်းရသူက ညီထက် ဖြစ်သွားသည်။

"ဟော့ကောင် ငါက မိန်းမယူရမှာစိုးလို့ဆိုတာထက် ငါ့စိတ်ကြိုက်မတွေ့သေးလို့ကွ"

"အေးပါ ဘယ်လိုဖြစ်ဖြစ် မင်းလည်း တူတူပါပဲ"

ညနေစောင်းတော့မှ သီဟတို့ပြန်သွားသည်။ သီဟကားဖြင့် ညက အားရှေ့ကားပါကင်မှာ ကျန်ခဲ့တော့ သူတို့တွေ တက္ကစီငှားပြီး သွားပြန်ယူရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း ငါတို့နဲ့လမ်းကြုံရင် လိုက်ခဲ့လေ ကျော်ကြီး"

"ငါ မလိုက်တော့ပါဘူးကွာ"

"အိုကေလေ ဒီလိုဆို ငါတို့သွားပြီ"

လက်ပြထွက်ခွာသွားသော သီဟနဲ့မိုးကြီးကိုကြည့်ပြီး ဆူးခက်တို့ ညီအစ်ကိုနှစ်ယောက်ရဲ့အကြည့်များက သေးနားကပ်ရပ်နေသော ကျော်ကြီး ထံရောက်သွားသည်။

"မင်းအဆောင်က ဘယ်မှာလဲ"

"ဒီနေရာနဲ့ ဝေးတယ်ကွ"

"မင်းလည်း ကားငှားပြီးပဲ သွားမှာလား"

သူတို့မေးခွန်းကို ချက်ချင်းပြန်မဖြေဘဲ ကျော်ကြီးက ခေါင်းကုတ် ပြန်သည်။ ပြီးမှ သွားလေးဖြဲပြရင်း

"အဟီး ဒီလိုကွ"

"ဘာတုန်း မင်းမျက်နှာကလည်း မချိုမချဉ်နဲ့ မိန်းမကျနေတာပဲ"

"အာ မင်းတို့နော် နာချင်လို့လား"

ဆူးခက် စနောက်လိုက်လို့ မျက်နှာကြီးနီမြန်းသွားသော ကျော်ကြီးကိုကြည့်ပြီး သူတို့နှစ်ယောက်မှာ ရယ်ရသေးသည်။

"ကဲ ပြောပါ၊ ငါတို့ မစတော့ဘူး"

"ငါ့မှာ ပိုက်ဆံမကျန်တော့ဘူးကွ"

"ဟော ကားငှားဖို့တောင် မကျန်တော့ဘူးလား"

"အေး"



ခေါင်းတစ်ချက်ညိတ်လျက် ကျော်ကြီးက ပြတ်ပြတ်သားသား အဖြေပေးသည်။ ဆူးခက်က အိမ်ထဲပြန်ဝင်ပြီး ပိုက်ဆံအိတ်သွားယူဖို့ လုပ် သည်။ ဒါကိုရိပ်မိသော ညီထက်က လက်ပြတားလိုက်၏။

"ပိုက်ဆံအိတ်သွားယူဖို့ လုပ်နေတာလား။ သွားယူမနေနဲ့တော့"

"ဘာဖြစ်လို့တုန်း။ ဒီကောင့်ကို ပိုက်ဆံပေးလိုက်မယ်လေ"

"ငါလိုက်ပို့ပေးလိုက်ပါ့မယ်ကွာ။ ခဏနေရင် ငါလည်း အပြင်သွား မှာပဲ၊ ဖြစ်တယ်မဟုတ်လား ကျော်ကြီး။ မင်းခဏတော့ ထပ်စောင့်ရမယ်၊ ငါ ရေမိုးချိုးပြီးတဲ့ထိပေါ့"

ဆူးခက်ကိုပြောရင်း ကျော်ကြီးဘက်လှည့်ပြီး တစ်ခါတည်း မေး လိုက်သည်။ သူငယ်ချင်းတွေ ဖြစ်သွားပြီဆိုမှတော့ ကျော်ကြီးနေသည့် နေရာကို သူတို့တွေလည်း သိထားသင့်တာပေါ့။

"ငါစောင့်လို့ရပါတယ်"

"အိုကေလေ"

ကျော်ကြီးကိုခေါ်လာပြီး ညီထက် ကားမောင်းထွက်လာတော့ ဆူးခက်က အိမ်မှာကျန်ခဲ့သည်။

"ဆူးခက်က မလိုက်ဘူးလား"

"ဒီကောင်က အိမ်တွင်းပုန်းလေ၊ မနေ့ကတောင် ငါတို့စိတ်ညစ် နေတာနဲ့ အသားကုန်သောက်မိကြတာ"

"ခြော် ဟုတ်လား။ တိုက်တိုက်ဆိုင်ဆိုင် ငါနဲ့လာတွေ့ကြတာပေါ့"

"အေး ဟုတ်တယ်၊ ငါတို့တွေ ရေစက်ပါလို့ သူငယ်ချင်းတွေ

www.burmeseclassic.com



ဖြစ်ရတာပေါ့ကွာ၊ ငါတို့နဲ့ သူငယ်ချင်းလုပ်ရင် မင်းစိတ်မညစ်ရပါဘူးကွာ၊ လိုတာရှိရင်လည်း ပြော"

"ကျေးဇူးပဲ ညီထက်"

ကျော်ကြား ညွှန်ပြသည့်လမ်းအတိုင်း မောင်းဝင်လာပြီး ခြံဝင်း တစ်ခုရှေ့အရောက်မှာ ရပ်နိုင်းသည်။

"ဒါ မင်းတို့အဆောင်လား"

နှစ်ထပ်တိုက်လေးတစ်လုံး။ သန့်သန့်ပြန့်ပြန့်လေးမို့ နေချင်စဖွယ် လေးပါပဲ။

"အေး ဟုတ်တယ်"

"ငါ ဝင်ကြည့်မယ်လေ"

"ဟာ ရတယ် မဝင်နဲ့ မဝင်နဲ့"

ညီထက် ကားပေါ်ကဆင်းရန်ပြင်တော့ ကျော်ကြားက မျက်လုံး ပြူးမျက်ဆန်ပြူး တားမြစ်၏။ ညီထက်ပင် သူ့အပြုအမူကြောင့် ကြောင် တောင်တောင် ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲကွ၊ မင်းအဆောင်က နေချင်စရာလေးမို့ ငါက ဒီတိုင်း သိချင်တာပါကွ"

"ဟိုလေ ဒီလိုကွာ"

ထုံးစံအတိုင်း သူ့ခေါင်းကို တစ်ချက်နှစ်ချက် ကုတ်ပြန်သည်။

"ဘာတုန်းကွ"

"ဒီအချိန်ဆို ငါတို့အဆောင်က ဧည့်သည်ဝင်လို့မရတော့ဘူး"





"ဟော ခုမှ ငါးနာရီခွဲကျော်ပဲ ရှိသေးတာလေ"

"အင်း ဟုတ်တယ်၊ အဆောင်ပိုင်ရှင်က သိပ်စည်းကမ်းတင်းကျပ် တာ"

"ဟွန် ဒီလိုဆို မင်းညက အပြင်မှာအိပ်တာကျတော့ ဘာမှမပြော ဘူးလား"

ညီထက်မေးခွန်းကို ပြန်မဖြေနိုင်သေးဘဲ ကျော်ကြားရဲ့နဖူးမှာ ချွေးသီးတွေ စို့လာ၏။

"ဩော် ပြန်လာသေးတယ်နော်"

သူတို့နှစ်ယောက်နောက်မှ ထွက်လာသော အသံကျယ်ကျယ်။ ကျော်ကြား ကိုယ်လေးပင် ဆတ်ခနဲ တုန်သွားသည်။

"ဟုတ် ဟုတ်ကဲ့ အန်တီ"

"မင်းကို ပြောရမှာတော့ အားနာပေမယ့် မပြောမဖြစ်လို့ ပြောရ တော့မယ် ကျော်ကြားရယ်"

စကားလုံးတွေချည်းသက်သက် နားထောင်ရင် ကိုယ်ချင်းစာတရား တွေ ပြည့်ဝနေသော ကရုဏာသံလေးလို့ ထင်နိုင်စရာရှိပေမယ့် မျက်နှာကို ကြည့်တည့်မြင်နေရသော ကျော်ကြားနဲ့ညီထက်မှာတော့ ဒီမိန်းမကြီး မျက်နှာ မြင်ရတာ အလွန်စိတ်ပျက်ဖွယ် ညစ်ပုတ်နေသည်။

"ရှေ့လက လခကလည်း တစ်ဝက်ကျန်သေးတဲ့အပြင် ဒီအ ရမယ့် သတ်မှတ်ရက်ကိုလည်း မင်းဟာက တော်တော်ကျော်နေပြီ၊ ဒီတော့ အန်တီတို့အဆောင်မှာ မင်းကိုဆက်လက်ခံဖို့ဆိုတာ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး''

''ဟိုလေ ရက်နည်းနည်းလောက် ထပ်စောင့်ပေးပါဗျာ၊ ကျော် ပိုက်ဆံရှာလာပေးပါ့မယ်''

မျက်နှာငယ်လေးနှင့်ပြောနေသော ကျော်ကြီးကိုကြည့်ပြီး ညီ ထက် စိတ်ထဲမကောင်းတော့။ ခုမှ စခင်မင်တဲ့သူတွေဆိုပေမယ့် ကိုယ့်သူငယ် ချင်းဖြစ်သွားပြီဆိုသည့် အသိစိတ်တစ်ခုက ရင်ထဲမှာ နာကျင်နေစေသည်။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေလို့လည်း သဘောမထားနိုင်တော့။

''ဒီမှာ ခင်ဗျားကိုပေးရမယ့်ပိုက်ဆံက ဘယ်လောက်လဲ''

ဘောင်းဘီအိတ်ကပ်ထဲမှ ခေါက်ပိုက်ဆံအိတ်လေးကို နှိုက်ယူပြီး ညီထက် ဝင်ပြောလိုက်တော့ ခုနတည်းက ရူးစမ်းစမ်းစရာသော မျက်ဝန်းများ ဖြင့် မသိမသာ ကြည့်ကြည့်နေသည့် အဆောင်ပိုင်ရှင်မိန်းမမျက်နှာက ခနဲ့တဲ့တဲ့အပြုံးတစ်ခုဖြင့် ဝိုမိုကြည့်ရဆိုးသွားစေသည်။ ညီထက်မောင်းထော သော စကားကိုလည်း အကြည့်တွေက ဝေ့ဝဲနေသေးသည်။

''ကေနတော့ ကျော်ကြီးရဲ့အကြွေးတွေကို ဒီကမောင်ရင်က ရှင်းပေးမလို့နဲ့တူတယ် ဟုတ်လား''

''ဟုတ်တယ် ကျော်ကြီးပေးရမှာ အကြွေးဘယ်လောက်လဲ ပြော''

''ဟင်း ဟင်း ဟိုလကကျန်တဲ့အကြွေးနှစ်သောင်းရယ်၊ ဒီလအ တွက် လေးသောင်းရယ်ဆို ခြောက်သောင်း၊ ထမင်းချိုင့်သွဲစားတဲ့ဆီကိုလည်း အကြွေးငါးထောင်ပေးဖို့ ကျန်သေးတယ်လို့ လာလာတောင်းနေတာဆိုတော့





အားလုံးပေါင်း ခြောက်သောင်းခွဲပေါ့ကွယ်''

''ထမင်းဆိုင်က အကြွေးကို ထမင်းဆိုင်မှာပဲ ပေးမှာပေါ့၊ အန်တီ့ကို ပေးဖို့ ဘာလို့လို့လဲ''

''အို မင်းလိုလူက ပြောလို့ရတာမှ မဟုတ်ဘဲ၊ တော်ကြာနေ နားမှုခံရတာက ငါတို့လေ''

ဟန်လုပ်၍ ချိုချိုသာသာ ပြောနေသော အဆောင်ပိုင်ရှင်မိန်းမ အသံက ဟန်ဆောင်ထားတာတွေ ရုတ်တရက် ကွာကျသွားသလို ခက်ထန် သွားသည်။

''ကျော့်လိုလူက ဘာဖြစ်နေလို့လဲ အန်တီ၊ ပြောပါဦး''

''ညဆို အချိန်မတော်မှ ပြန်လာပြီး ခြံတံခါးကျော်ကျော်တက်နေ တာတွေ ငါမသိဘူးများထင်နေလား။ ခုဆို မင်းက ညတောင်ပြန်အိပ်တော့ တာမဟုတ်ဘူးလေ၊ ငါတို့အဆောင်မှာ ရှုပ်ရှုပ်ယှက်ယှက် တစ်ယောက်မှ မရှိဘူး။ မင်းတစ်ယောက်တည်း ဂြိုလ်ဖောက်နေတာ''

''ဒါပေမဲ့ ကျော် လူဆိုးသူခိုးကြမ်းပိုး မဟုတ်ဘူးဗျ''

''လူဆိုးသူခိုးတော့ ဘယ်ဟုတ်မလဲ၊ ဒါပေမဲ့ ဟင်း ဟင်း''

ထိုစကားအဆုံးမှာ ကျော်ကြီးက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

အဲဒီစကားကို ညီထက်ကိုကြည့်ပြီး ပြောလိုက်တာမို့ ဘာကိုဆို လိုချင်မှန်းတော့ အတိအကျမသိပေမယ့် မဟုတ်တာတစ်ခုခုကို ပြောချင် နေမှန်းတော့ ညီထက် သဘောပေါက်ပါသည်။ ထို့ကြောင့် ဒေါသထောင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီး ကျော်ကြားလက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်၏။

"ဟော့ကောင် လာ သွားမယ်"

"ဟင် ဘယ်ကိုသွားမှာလဲ"

ဒေါသဖြစ်နေရာကနေ ကျော်ကြား အူကြောင်ကြောင်နှင့် ညီထက်ကို ပြန်မေးသည်။

"ဒီလိုမျိုး လူတစ်ယောက်ကို လူလိုမဆက်ဆံတတ်တဲ့နေရာမျိုး မင်းနေနေတာ ငါအံ့ဩလို့ မဆုံးဘူး"

"ဒီမှာက အပေါက်ဆိုးပေမယ့် ဈေးချိုတယ်ကွ"

အဲဒီစကားကိုတော့ ညီထက် နားနားကပ်ပြီး တိုးတိုးလေးပြော ပါ။ ဒါပေမဲ့ ထိုစကားကို ညီထက် ဂရုမစိုက်။ ဆွဲထားသော ကျော်ကြား လက်ကိုလည်း လွှတ်မပေးဘဲ ကားပေါ်အတင်းပြန်ထိုးတင်လိုက်သည်။

"ခင်ဗျားအဆောင်မှာ ကျွန်တော့်သူငယ်ချင်းကို ဆက်မ တော့ဘူး။ ဒီမှာ ခင်ဗျားပိုက်ဆံ၊ ထမင်းဆိုင်ကိုပါပေးလိုက် ပိုတာပြန်ပေး မလိုဘူး"

တစ်သောင်းတန်နှစ်ရွက်ကို ပိုက်ဆံအိတ်ထဲက ထုတ် ညီထက် ဒေါသတကြီး အော်ပြောလိုက်သည်။

ဘာကိုမှ ပြန်ကြည့်မနေတော့ဘဲ ကားပေါ်တက် စက်နှိုးလိုက် ဒါတောင်မှပဲ မျက်နှာထိမျက်နှာထားနှင့် ရွံ့သလိုလို ခနဲ့သလိုလို ပြော သော အဆောင်ပိုင်ရှင်မိန်းမအသံကို ကြားဖြစ်အောင် ကြားလိုက်ရ

"ဘယ်နေ့ ဘဝပျက်မယ်မသိဘူး" တဲ့။





မဆီမဆိုင် ထွက်နေရသော ဒေါသတွေဖြင့် ညီထက် ကားကို အရှိန်မြှင့်မောင်းနေမိသည်။

"ညီထက် ကားကိုနည်းနည်းအရှိန်လျှော့ပါဦးကွ"

ဘေးကနေ ပြောနေသော ကျော်ကြားအသံကိုလည်း သူ မသိချင် ယောင်ဆောင်ထားလိုက်သည်။ ယောကျ်ားလေးတစ်ယောက် တစ်ညသ ဘောက် အိမ်ပြန်မအိပ်သည့်ကိစ္စကိုပဲ ဘဝတစ်ခုလုံးနဲ့ချိုပြီး ပြောရလောက် အောင် ဒီမိန်းမကြီးက ဘာမို့လို့လဲ။ သူမဆီမှာ အဆောင်ငှားနေတာနဲ့ပဲ အဲဒီလူကို သူမပြောချင်သလို ပြောခွင့်ရသွားသတဲ့လား။

"ဟော့ကောင် ကားကိုဖြည်းဖြည်းမောင်းကွ၊ ငါမသေချင်သေးဘူး"

သူ့ပခုံးကိုပုတ်ပြီး ကျော်ကြား အော်ပစ်တော့မှ သူ ကားကို ဘမ်းအားချကပ်ရပ်လိုက်သည်။ နောက်တော့ စိတ်မပြေသေးသော မျက်ဝန်း များဖြင့် ကျော်ကြားကိုငေးကြည့်မိသည်။

"ဒီလို စိတ်တိုနေတဲ့အချိန်မှာ ကားကိုအဲဒီလို မောင်းပစ်လိုက်ရ တာ အရသာပဲကွ မင်းသိလား"

"အေး တော်ကြာနေ ဘာမှမဟုတ်တဲ့ မိန်းမကြီးတစ်ယောက် ကြောင့်နဲ့ ငါတို့အသက်တွေ နှမြောလို့ပြောနေရတာ၊ အဲဒါရော မင်းသိလား"

ညီထက်အသံအတိုင်း ကျော်ကြားကလည်း ပြန်အော်သည်။

"မင်းကို ဒီမိန်းမကြီး ဇော်ကားနေတာ ငါမကြည့်ချင်လို့ မင်းဘာ နိုင်းပြီး ဒေါသဖြစ်နေတဲ့သူကို မင်းက ပြန်လာအော်နေတယ် ဟုတ်လား"

ထိုစကားကြောင့် ကျော်ကြားက ညီထက်ကိုငေးကြည့်ပြီး စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချော့လိုက်ပုံနှင့် သက်ပြင်းချသည်။

"ငါ့ဘက်က ဝင်ပြောပေးတာရော ငါ့အကြွေးတွေ ရှင်းပေး အတွက်ပါ မင်းကိုတကယ်ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မင်းစိတ်လိုက်မာန် တွေလုပ်တော့ ငါ့ပစ္စည်းတွေလည်း အားလုံး ဟိုမှာပဲ ကျန်ခဲ့ပြီ၊ ပြီးတော့ ဒီည ငါ့မှာအိပ်စရာနေရာတောင် မရှိတော့ဘူးလေ"

ညီထက် စိတ်တိုသွားရင် ကျန်တာတွေ ဘာမှမမြင်တော့ ကျော်ကြားမသိသေးတော့ ခက်သည်။

"ကျန်ခဲ့တဲ့ပစ္စည်းတွေက အဖိုးတန်လောက်တန်လဲ၊ တော်တော် များလား"

"အဖိုးတန်တာတော့ မပါပါဘူး။ ဒါပေမဲ့ ငါ့အဝတ်အစားတွေ ခု ငါ့မှာ ကိုယ်ပေါ်က အဝတ်တစ်စုံပဲရှိတော့တယ်"

စိတ်ပျက်စွာပြောနေသော ကျော်ကြားကိုကြည့်ပြီး ညီထက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

"မင်းပစ္စည်းတွေလည်း ပြန်ယူမနေနဲ့တော့၊ နေတာကလည်း လောလောဆယ် ငါတို့အိမ်မှာ မင်းလွတ်လွတ်လပ်လပ် လိုက်နေလို့ရတယ် ငါတို့အိမ်မှာနေပြီဆိုမှတော့ အဝတ်အစားအတွက်လည်း ပူမနေနဲ့တော့ ကွာ၊ ငါတို့ညီအစ်ကိုနှစ်ယောက်ပေါင်းရင် မင်းကိုဖို့သတ်လို့ရအောင်ကို အဝတ် တွေရှိတယ်"

ညီထက် စကားအဆုံးမှာ ကျော်ကြားရဲ့မျက်ဝန်းတွေ အရောင် သွားသည်။





"မင်း မင်းတကယ်ပြောနေတာလား ညီထက်"

"ဟေ့ကောင် အပိုတွေမေးမနေနဲ့၊ ငါက စကားကိုနှစ်ခါမပြောတတ်ဘူး"

"ဟာ ကျေးဇူးတင်လိုက်တာကွာ"

ညီညာသွယ်တန်းသော သွားဖွေးဖွေးများပေါ်အောင် ကျော်ကြား ရယ်မောရင်းနှင့် ညီထက် လည်ပင်းကို သိုင်းဖက်လိုက်သည်။ ထင် ထားသော အပြုအမူမို့ ညီထက် ကြောင်အမ်းသွားလျက် စိတ်ထဲမှာတောင် တစ်မျိုးကြီး ခံစားလိုက်ရ၏။

ဘယ်လိုတစ်မျိုးကြီးလဲတော့ သူကိုယ်တိုင်လည်း ရှင်းမပြတတ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒီတော့ကာ ကျော်ကြီးက လောလောဆယ် ငါတို့နဲ့အတူနေမယ်ပေါ့"

"အေး ဟုတ်တယ်"

"ငါတို့သိတာမှ နှစ်ရက်မပြည့်သေးဘူးနော် ညီထက်"

ညတုန်းကတော့ ကျော်ကြီး ရှိနေသဖြင့် ပြောချင်တာတွေ ပြောခွင့်မရသော ဆူးခက်က ဒီမနက်တော့ ခြံထဲကို မျက်နှာရိပ်မျက်နှာကဲပြတာခေါ်ရင်း နှစ်ကိုယ်ကြား ပြောသည်။

"ခင်မင်တယ်ဆိုတာ အချိန်ကာလအပိုင်းအခြားတွေနဲ့ ကန့်သတ်ဖို့ လိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ မနေ့တုန်းက ကျော်ကြီးရဲ့အဆောင်ပိုင်ရှင်မိန်းမ မောက်မာတဲ့ပုံကို မင်းကိုမြင်စေချင်တယ်၊ ငါ့နေရာမှာဆိုမင်းဆိုရင်လည်း တစ်ထပ်တည်းတူတဲ့ဆုံးဖြတ်ချက်ကို ချမိမှာပဲ"





"ဟူး မင်းပြောတာကို ငါသဘောပေါက်တယ် ညီထက်"

ဆူးခက် စိတ်ရှုပ်တွေးနေသည်။ နဂိုတည်းကမှ ခုတလော အိမ်မှာ ထူးထူးဆန်းဆန်းတွေ ဖြစ်ဖြစ်နေတတ်တာ။ ခုလို သူစိမ်းတစ်ယောက် ဝင်လာတော့ အခြေအနေတွေ ဘာဖြစ်လာလိမ့်မလဲဆိုပြီး တွေးပူနေမိ၏။ ဒါမှမဟုတ် ဘယ်လိုလဲ သူ စိုးရိမ်လွန်ကဲနေတာလည်း ဖြစ်နိုင်ပါသည်။

"လောလောဆယ်တော့ သူလည်း သွားစရာနေရာမရှိသေးဘူး။ နောက်ပိုင်း သူ့ဘာသာ ခွဲနေရင်တော့ အဆင်ပြေသွားမှာပါ"

"အေးပေါ့ကွာ၊ ဒီမှာ သူ နေနေတဲ့ရက်ပိုင်းအတွင်း ဘာပြဿနာမှ မဖြစ်ဖို့ မျှော်လင့်ရတာပါပဲ၊ ကျန်တဲ့အပိုင်းကတော့ ငါတို့အတွက် အပန်းမကြီးပါဘူး"

"ဒီလိုတွေးစမ်းပါ ဆူးခက်ရာ၊ မင်းက အမြဲတမ်း အဆိုးမြင်ဘက်ကနေပဲ စစတွေးနေတာကိုး၊ အဲဒါ မင်းအတွက်လည်း မကောင်းဘူးကွ"

ဆူးခက် ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်ပြီး ညီထက်ပြောသည်။

"ဩော် မင်းတို့နှစ်ကောင်ပျောက်သွားလို့ ငါလိုက်ရှာနေတာ၊ နောက်ဆုံးသတ်တော့ ခြံထဲလာပြီး စကားလက်ဆုံကျနေတာကိုး။ မဟုတ်မှလွဲရော ငါ့အကြောင်းတွေများလား"

အနားကိုရောက်လာသော ကျော်ကြီးစကားက သွေးထွက်အောင် မှန်နေသည်မို့ နှစ်ဦးသား တစ်ယောက်မျက်နှာတစ်ယောက် ငေးသေးသော လှမ်းကြည့်လိုက်မိသည်။

"မင်းအကြောင်းတော့ မင်းအကြောင်းပါပဲ၊ ငါတို့အိမ်မှာမင်းနဲ့ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေပို့မလား ဆိုတာ နှစ်ယောက်တိုင်ပင်နေတာလေ"

ဆူးခက်က ကြည့်ကောင်းအောင် ပြောလိုက်သည်။

"ဟာ ပြေတာပေါ့ကွာ၊ ဟိုဘက်ကမ်းတောင် လွန်နေသေးတယ်"

"အေးပါ တစ်ခုခု အဆင်မပြေတာရှိလည်း ပြောပေါ့၊ ငါတို့ သူငယ်ချင်းဆိုတော့ အားလုံးကလည်း မင်းကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြမှာပါ၊ အိမ်မှာကလည်း ခြံစောင့်ဦးဘိုနဲ့ အိမ်ထိန်းဒေါ်မြ နှစ်ယောက်ပဲ ဝန်ထမ်းဆိုလို့ ရှိတာလေ"

"အင်းပါ မင်းတို့နှစ်ယောက်ကို ငါတကယ် ကျေးဇူးတင်ပါတယ်ကွာ၊ ခုနေများ မင်းတို့နဲ့ မခင်မင်ခဲ့ရင် ငါ လမ်းဘေးရောက်နေမှာ"

တကယ့်ကို ကြည်နူးဝမ်းသာနေသော အကြည့်များဖြင့် လှိုက်လှိုက်လှဲလှဲ ပြောလာသော ကျော်ကြားစကားကို ကြားတော့ ခုနက မကောင်းမြင်မိသော ဆူးခက်ပင် ချက်ချင်းလိုလို အမြင်တွေကြည်လင်သွားခဲ့၏။ ကျော်ကြားက ခင်မင်နှစ်လိုဖွယ်ကောင်းသော အရည်အချင်းတစ်ရပ်ကို တော့ ပိုင်ဆိုင်ထားတာ သေချာပါသည်။

"ဒါနဲ့လေ မင်းတို့ခြံစောင့်ကြီးက စကားမပြောတတ်ဘူးလား"

"စကားမပြောတတ်တာမဟုတ်ပါဘူး။ ထိတ်လန့်စရာတစ်ခုနဲ့ ကြုံပြီးနောက်ပိုင်း ဆွံ့အသွားတာ၊ သိပ်တောင်မကြာသေးဘူး"

ဆူးခက်စကားက ကျော်ကြားကို တော်တော်လေး ဆွဲဆောင်လိုက်နိုင်တာတော့ သေချာသည်။ ဆူးခက်ထိုင်နေသော ခုံတန်းလေးဘေးမှာ ကပ်ထိုင်လိုက်ရင်း ကျော်ကြား မေးခွန်းတွေ စမေးတော့၏။





"သူက ဘယ်လိုထိတ်လန့်စရာမျိုးကို ကြုံခဲ့ရတာလဲ"

"အဲဒါကို ငါတို့လည်း မသိဘူးလေ၊ သူက အဲဒီအဖြစ်ကြီး ဖြစ်ပြီးတည်းက စကားမှမပြောတော့တာ"

"တခြားတစ်နည်းနည်းနဲ့ရော မပြောပြဘူးလား"

"မပြောပြဘူးကွ၊ သူကိုက အဲဒီကိစ္စကို ပြန်မပြောချင်တော့တာ"

"ဟွန့် ဒီလိုဆို မင်းတို့ဟာက ဘာဖြစ်မှန်းလည်း ရေရေရာရာ မသိရတဲ့ဇာတ်လမ်းကြီးပဲ"

စပ်စုဖို့ အားခဲထားသမျှ သဲရေကျသွားပုံနှင့် ကျော်ကြား စိတ်ပျက်လက်ပျက် ပြောသည်။

"အေး ဟုတ်တယ် ငါတို့လည်း အဲဒါကို စိတ်ဝင်စားနေတာပဲလေ၊ ဒါပေမဲ့ ကာယကံရှင်က မပြောမှတော့ ဘာမှကို မတတ်နိုင်ဘူး"

"ပြီးတော့ရော ထူးခြားတာ ဘာထပ်ဖြစ်သေးလဲ"

စိတ်ဝင်တစား မေးနေသော ကျော်ကြားကို ဆူးခက်ကပင် ဟင်းတွေပျောက်သည့်အကြောင်းလည်း စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။ ညီထက်ကတော့ ကိုယ့်အခန်းထဲကိုယ်ပြန်တက်လာခဲ့လိုက်သည်။ ဒီနေ့တော့ အပြင်ထွက်ဘဲ အခန်းထဲမှာနေပြီး အေးအေးလူလူပင် ဂိမ်းဆော့ဖို့ အားခဲထားသည်။

■ ■ ■

နားကြပ်ကို နားမှာတပ်၊ အသံကို ဂိတ်ဆုံးထိဖွင့်ပြီး ညီထက်အကြိုက် အပြင်းစားရော့ခ်သီချင်းများ ဖွင့်သည်။ သူဆော့နေကျ စီအိုစီဂိမ်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်၏။ ဒီတစ်နေ့လုံး သူ့စိတ်ကြိုက်အနားယူရန် ဆုံးဖြတ်ထားသည့်အတိုင်း ခုတင်ထက်မှာ သက်သောင့်သက်သာ လဲလျောင်းလိုက်သည်။

ဂိမ်းထဲမှာ စိတ်နှစ်နေပြီး အချိန်တွေ ဘယ်လိုကုန်ဆုံးသွားသည် မသိ၊ ဘရိတ်ဖက်စ်စားပြီးတည်းက ကစားနေလိုက်တာ အခု သူ နာရီကြည့်မိတော့ နေ့လယ်ဆယ့်နှစ်နာရီတောင် ထိုးတော့မည်။

မရှေးမနှောင်းမှာပင် သူ့အခန်းထဲသို့ ကျော်ကြီး ဝင်လာ၏။ သူ နားကြပ်ကိုဆွဲဖြုတ်လိုက်ပြီး

"ဘာဖြစ်လို့လဲ ကျော်ကြီး"

"မင်းကိုငါ ထူးဆန်းတာတစ်ခု ပြမလို့ကွ"

"ဟော ဘာတုန်း"

"လာ ငါနဲ့လိုက်ခဲ့"

"ဒီမှာ ဂိမ်းဆော့နေရင်း တန်းလန်းကြီး"

"အာ အဲဒီဂိမ်းကို ခဏထားခဲ့ပြီး ငါနဲ့လိုက်ခဲ့စမ်းပါဦး"

ညီထက် လက်တစ်ဖက်ကို အတင်းဆွဲခေါ်ထူနေသောကြောင့် မငြင်းနိုင်တော့ဘဲ ကျော်ကြီးခေါ်ရာနောက်ကို ပါလာခဲ့ရသည်။ သူ ဆွဲခေါ်သွားတာက ဟိုအနောက်ဘက်ခြမ်း ခေါ်မြတို့အိမ်လေးဘေးမှ ခြံစည်းရိုးနားဆီ။

"ဟော့ကောင် မင်းငါ့ကို ဘယ်ခေါ်သွားနေတာလဲ"

"ဒီကိုပဲ ခေါ်လာတာလေကွာ"

ခြံစည်းရိုးဘေးမှာ ကပ်ပေါက်နေသော မလေးရှားပိတောက်ပင်





အောက်တည့်တည့်မှာ ကျော်ကြီးက ရပ်လိုက်ပြီး လေသံတိုးတိုးလေးနှင့် ပြန်ဖြေ၏။ ညီထက် ကြောင်နေမိသည်။ ဒီခြံစည်းရိုးက အုတ်နှင့်အခိုင်အခံ့ဆောက်ထားတာဖြစ်သော်လည်း အဲဒီ မလေးရှားပိတောက်ပင်ဘေးကပ်လျက် ညီထက်တို့ ရင်ဘတ်နားတည့်တည့်လောက်မှာ အုတ်သုံးချပ်ခွဲပြို ကျနေသော အပေါက်တစ်ခုရှိနေသည်။ ဒီအပေါက်ကို သူတို့အရင်က မမြင်တွေ့ခဲ့ဖူးပါ။

အင်းလေ ဒီအနောက်ဘက်ထောင့်ကို သူတို့လာစရာအကြောင်းမှ သိပ်မရှိခဲ့ဘဲ။

ကျော်ကြီးက ထိုအပေါက်ကနေတစ်ဆင့် တစ်ဖက်ခြံထဲကို ကုန်းကုန်းကွကွနှင့်ချောင်းကြည့်နေသည်။ ညီထက်လည်း စိတ်ဝင်စားသွား၏။ ကျော်ကြီးဘေးကနေ ရသလောက်လေး ချောင်းလိုက်သည်။

"ဟာ ဒါ ဒါ"

ညီထက် လန့်ဖျပ်သွားသည်။ မြင်နေရသော မြင်ကွင်းက ယုံချင်စရာတောင် မရှိ။ တစ်ဖက်ခြံနောက်ဘက်က ညောင်ပင်ကိုင်းများမှာ ကြိုးရှည်များဖြင့် သွယ်တန်းပြုလုပ်ထားသော တစ်ယောက်စာ သစ်သားဒန်းလေးကို သာသာဖွဖွစီးနေသည့် မထားစံနန်း။

အမြဲတမ်း ထုံးဖွဲ့ထားလေ့ရှိသော ဆံပင်များကို ဒီတိုင်းဖြန့်ချထားတော့ အရှေ့အနောက်မှန်မှန်လေးလွှဲနေသည့် ဒန်းအလှုပ်မှာ သူမဆံပင်နွယ်များကလည်း နွဲ့နွဲ့လေး လွင့်နေ၏။ ဖားလျားချထားတော့မှ သူမဆံပင်တွေ ဒီလောက်ထိ ရှည်မှန်း ညီထက် သိလိုက်ရသည်။ မတ်ဝဲသီများရပ်နေရင်

www.burmeseclassic.com



ကြမ်းပြင်မှာ ဖုတ်တိုက်တရွတ်ဆွဲနေမှာ သေချာ၏။

"လှလိုက်တာ"

ရုတ်တရက် မြင်မြင်လိုက်ရချင်းတုန်းက ဘာကြောင့်လန့်သွားမိတယ် မသိပေမယ့် ခုတော့ ညီထက် ပါးစပ်က လွှတ်ခနဲပြောလိုက်မိသော စကားက အထက်ပါအတိုင်း ဖြစ်နေသည်။ ကျော်ကြား ညီထက်ကို ဖြတ်ခနဲ လှည့်ကြည့်၏။

"မင်းက ဘာတွေလှနေတာလဲ"

"ဟိုမှာလေ မထားစံနန်း ဆံပင်အရှည်ကြီးဖြန့်ချထားတာ သိပ်လှတာပဲ"

"မင်းရူးသွားပြီလား ညီထက်"

"ငါက ဘာလို့ရူးရမှာလဲ၊ ငါမြင်တာကို ပြောတာပဲ"

"ဟိုမှာ မင်းမမြင်ဘူးလား"

ကျော်ကြား လက်ညှိုးထိုးပြသည့် ဟိုးခပ်လှမ်းလှမ်းကို ညီထက် မျက်မှောင်ကြီးကျုံ့ပြီး ကြည့်မိတော့မှ တကယ့်ကို ထိတ်လန့်တုန်လှုပ်သွားမိခြင်း ဖြစ်သည်။ ဒန်းစီးနေသော မထားစံနန်း အနောက်ဘက်ကနေ ခြေသံဖွဖွလေးဖြင့် တဖြည်းဖြည်းချင်း တိုးကပ်လာနေသော ကိုနောင်ရဲဖေ။

မျက်ဝန်းများက နီမြန်းလျက် မျက်နှာတစ်ခုလုံးကလည်း ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်မာကျောနေသည်။

"ဘာ ဘာတွေလဲ၊ ဘာတွေဖြစ်နေတာလဲ"

"အ အား ညီ ညီထက်"





ကျော်ကြားဘက်ကို လှည့်ပြီးမေးလိုက်တဲ့အချိန်မှာ ညီထက်ဘေး၌ ကျော်ကြား မရှိတော့။ အုတ်နံရံပေါ်ကနေ တစ်ဖက်ခြံကို ချောင်းမြောင်းနေတာလည်း သူ တစ်ယောက်တည်း။

ဒါဆို နာနာကျင်ကျင် ညည်းညူလိုက်သည့် ကျော်ကြားအသံက ဘယ်ကထွက်လာတာလဲ။ သူ အပေါက်လေးကနေတစ်ဆင့် ဟိုဘက်ကို ပြန်ကြည့်လိုက်သည်။

ဟာ ဘာလဲ၊ ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ။ ဒန်းစီးနေသူဟာ မထားစံနန်း မဟုတ်တော့၊ ကျော်ကြားဖြစ်လို့နေသည်။ ဟင့်အင်း အဲဒီလိုလည်း မဟုတ်သေးပါဘူး။ မထားစံနန်းကိုယ်နဲ့ ကျော်ကြားမျက်နှာ ဖြစ်နေတာ။ ပြီးတော့ နောက်ဘက်ကနေ ကိုနောင်ရဲဖေက လည်ပင်းညှစ်ထားသဖြင့် မရှိမဆန့် ခံစားနေရသည့် ကျော်ကြား။

ညီထက်ရှိရာဘက်ကို လှမ်းကြည့်ပြီး သနားစဖွယ် အကူအညီတောင်းနေတာ။

"မဟုတ်ဘူး မဟုတ်သေးဘူးလေ ကျော်ကြား ကျော်ကြား"

"ဟေး ညီထက် ဟေ့ကောင်"

ပါးနှစ်ဖက်ကို ဘယ်တစ်ပြန်ညာတစ်ပြန် ခပ်ဆတ်ဆတ်လေး ရိုက်နက်လိုက်မှ ညီထက် မျက်လုံးများ ပွင့်လာ၏။ ရှေ့တည့်တည့်မှာ ထိုင်နေသော ကျော်ကြားလက်များကို ဆတ်ခနဲ ဖမ်းဆုပ်ဖျစ်ညှစ်လိုက်ပြီး မျက်နှာတစ်ခုလုံးမှာလည်း စိုးရိမ်ထိတ်လန့်မှုတွေ ပြည့်နှက်နေ၏။

"မင်း မင်း ဘာမှမဖြစ်ဘူးနော် ကျော်ကြား"



www.burmeseclassic.com

www.burmeseclassic.com



"ရော် ငါက ဘာဖြစ်လို့တုန်း။ မင်းသာ နေ့ခင်းကြောင်တောင်ကြီး အိပ်ပျော်ပြီး အိပ်မက်တွေမက်နေတာ မဟုတ်လား"

"ငါ အိပ်မက်မက်နေတာ ဟုတ်လား"

ညီထက် ကြောင်တောင်တောင်နှင့် ပြန်မေးမိသည်။ ခုနတုန်းက နာကျင်စွာ ညည်းညူနေသော ကျော်ကြားမရှိတော့ဘဲ ခုတော့ ညီထက် မျက်စိရှေ့တည့်တည့်မှာ ပြုံးပြနေသည့် ကျော်ကြားဖြစ်နေပြီ။ သူ တကယ်ပဲ အိပ်မက်မက်နေခဲ့တာလား။

"ဟုတ်တယ်လေ မင်းဂိမ်းဆော့ရင်းနဲ့ အိပ်ပျော်သွားတာ မဟုတ်ဘူးလား။ နားကြပ်ကြီးလည်း တပ်ထားသေးတယ်၊ ပြီးတော့ သေချာတာ တစ်ခုက မင်းအိပ်မက်ထဲမှာ သေချာပေါက် ငါပါရမယ်"

ဟင် အိပ်မက်ထဲကအကြောင်းကို ကျော်ကြားက ဘယ်လိုသိနေတာလဲ။ ညီထက် အံ့သြပြီးရင်း အံ့သြနေရပြီ။

"ငါ့အိပ်မက်ထဲကအကြောင်းကို မင်းဘယ်လိုသိတာလဲ"

"ဟား ဟား ဟား မင်းတော်တော်ရယ်ရတယ်နော် ညီထက် ဒီလောက်ထိ ငါ့နာမည်ကို တကြော်ကြော်အော်နေမှတော့ သိပြီပေါ့ကွ"

ညီထက် ပါးစပ်ကနေထုတ်ပြီး စကားတွေပြောနေခဲ့မိတာလား။ အိပ်မက်ဆိုတာ သေချာနေပေမယ့် ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေကတော့ တကယ့်အမှန်တွေလိုပါပဲ။ ခုချိန်ထိ စိတ်ကူးထဲမှာ မျက်ဝါးထင်ထင် မြင်နေရသေးသည်။

"ထတော့လေကွာ မင်းနေ့လယ်စာလည်း မစားရသေးဘူး မဟုတ်လား"

"အေး မင်းတို့ရော"

"ငါတို့လည်း အောက်မှာ ခွေကြည့်ကောင်းနေတာနဲ့ မစားရသေးဘူး။ မင်းကိုတက်ခေါ်တော့ အိပ်ပျော်နေတာလေ"

"အေး အေး ဒါဆိုလည်း သွားစားမယ်လေ"

စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း မရှိပေမယ့် ညီထက် မေ့ဖျောက်ထားလိုက်သည်။ မဆီမဆိုင်တဲ့လူတွေကို အိပ်မက်ထဲထိ စွဲစွဲလမ်းလမ်း ဖြစ်သွားခဲ့တာတော့ ကိုယ့်ကိုကိုယ် အံ့သြနေမိ၏။

■ ■ ■







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ငါ အလုပ်ရခဲ့ပြီကွ"

သူတို့အိမ်ကိုရောက်ပြီး တစ်ညနေ၊ ကျော်ကြား အပြင်က ပြန်လာပြီး ဝမ်းသာအားရ သတင်းပေး၏။

သူများဆီမှာ အလကားမနေချင်ဘူးဆိုပြီး တစ်နေ့တစ်နေ့ အပြင်ထွက် အလုပ်ရှာနေသော ကျော်ကြားကို သူတို့တွေ တားမရခဲ့ပါ။

"ဝမ်းသာစရာပဲပေါ့၊ ဘယ်မှာရခဲ့တာတုန်းကွ"

"သိပ်ဝေးဝေးလံလံတော့ မဟုတ်ပါဘူး။ မင်းတို့ဘေးရပ်ကွက်ထဲက ဆေးဆိုင်တစ်ခုမှာ"

"ဪ ဒီလိုဆို နီးနီးနားနားဆိုတော့ ကောင်းတာပေါ့"

ကျော်ကြား တက်ကြွနေတာကိုမြင်ပြီး ဆူးခက်လည်း ဝမ်းသာ





မိ။ ဒီမှာနေတာ ရက်ပေါင်းတော်တော်ကြာခဲ့ပြီဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်လည်း တော်တော်သိနေခဲ့ပြီ။ ရောက်ကာစတုန်းကလို ကျော်ကြားအပေါ် အဆိုးမြင်တာတွေလည်း ဆူးခက်မှာ မရှိတော့။

သူတို့ညီအစ်ကိုနှစ်ယောက်တည်းနဲ့တင် ငယ်ပေါင်းကြီးဖော်လိုဖြစ်သွားတာမဟုတ်ဘဲ သီဟတို့မိုးကြီးတို့နဲ့ပါ ရုံးပိတ်ရက်တိုင်း စုစုစည်းစည်းဖြင့် သူတို့ငါးယောက် ပိုလို့တောင် ပျော်စရာကောင်းနေခဲ့သေးသည်။

"ဆေးဆိုင်မှာလုပ်မှာဆိုတော့ မင်းက နားလည်လို့လား"

"နည်းနည်းပါးပါးတော့ နားလည်တယ်၊ နယ်မှာတုန်းက ငါ့အိမ်က ဆေးဆိုင်ဖွင့်ဖူးတယ်လေ"

"ဪ ဒီလိုဆို မင်းအတွက် တော်တော်အဆင်ပြေသွားတာပေါ့"

"အေးပေါ့ လစာရတော့မှာဆိုတော့ နောက်ဆို မင်းတို့ကိုလည်း ငါ နည်းနည်းပါးပါး ပေးလို့ရတာပေါ့"

"ဟေ ဘာကြီးတုန်း"

ဆူးခက် မျက်လုံးပြူးသွားသည်။

"မင်းတို့က ဘာမှမလုပ်ဘဲ ဆယ်သက်ထိုင်စားရင်တောင် မကုန်နိုင်တဲ့ငွေတွေရှိမှန်း ငါသိပါတယ်၊ ဒါပေမဲ့ ဒီတိုင်းကြီးပဲ မင်းတို့အိမ်မှာ အလကားနေနေရတာကျတော့ ငါစိတ်မသန့်ဘူး"

"ဒါကတော့ ငါတို့ကို မင်းစော်ကားတာပဲ ကျော်ကြား၊ ငါတို့ညီအစ်ကိုက သူငယ်ချင်းတွေဆို ခင်ခင်မင်မင် နေတတ်တယ်၊ ကျေးဇူးရမွေးရ



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း မပြုပြင်ပါဘူးကွာ''

''မင်းတို့နှစ်ယောက်လုံးရဲ့စိတ်ကို နားလည်ပေမယ့် ငါ့ဘက်က စဉ်းစားပြန်တော့လည်း တစ်မျိုးကြီးဖြစ်နေတယ်လေ''

ကျော်ကြီးက အလေးအနက်ပြောနေသည့်စကားမို့ လောလော ဆယ်တော့ ဆူးခက် ဘာမှထပ်မပြောတော့ဘဲ ဆုံးဖြတ်လိုက်သည်။

''ငါတို့ ဒီည အပြင်သွားရအောင်''

''မင်းကိစ္စရှိလို့လား''

''ငါ့အလုပ်ရတဲ့အထိမ်းအမှတ်နဲ့ မင်းတို့ကို လိုက်ကျွေးမယ်လေ''

''အောင်မယ်လေးကွာ မင်းက ကြီးကြီးကျယ်ကျယ်''

ဟာသအနေနဲ့ ပြောလိုက်သော ဆူးခက်စကားက ကျော်ကြီးကို စိတ်ထိခိုက်သွားစေခဲ့ပုံမျိုး မျက်နှာငယ်လေးနှင့် ကျော်ကြီး ခေါင်းငုံ့သွား၏။ ဒီကောင်ဟာလေ တစ်ခါတစ်ခါကျရင် ယောကျ်ားတန်မဲ့ သိပ်စိတ်ပျော့တာပဲ။

''လောလောဆယ်တော့ ငါ့နောက်ဆုံးလက်ကျန် လက်စွပ်လေး ရောင်းထားတဲ့ ငွေနည်းနည်းကျန်ပါသေးတယ်ကွ၊ မင်းတို့ကလည်း အထင် သေးလိုက်တာ''

''ဟာ မဟုတ်ဘူး ကျော်ကြီး၊ ငါ အဲဒီသဘောနဲ့ပြောတာ မဟုတ်ဘူး။ မင်းအထင်မလွဲပါနဲ့ကွာ၊ ပြီးတော့ မင်းကျွေးဖို့မလိုပါဘူး။ မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငါကျွေးပါ့မယ်ကွာ''

''အာ မဟုတ်တာတွေ''

''ဟုတ်တာတွေ မဟုတ်တာတွေ လုပ်မနေနဲ့တော့၊ အပြင်ထွက်





ယ်ဆိုလည်း ပြင်တော့ဆင်တော့လေ၊ ခုပဲ ခြောက်နာရီထိုးတော့မယ်''

''ဒါနဲ့ ညီထက်ရော''

''မသိပါဘူးကွာ၊ နေ့လယ်တည်းက အပြင်ထွက်သွားတာပဲ၊ စော် ဘစ်ပွေပွေနဲ့ ပတ်ရှုပ်နေတာ ဖြစ်မှာပေါ့''

ကျော်ကြီး သက်ပြင်းလေးတစ်ချက်ချလိုက်တာ ဆူးခက် သတိထား လိုက်မိ၏။ အင်းလေ ဘာထူးလို့လဲ၊ လုပ်ချင်ရာတွေ အမြဲလျှောက်လုပ်နေ သော ညီထက်အကြောင်းတွေးမိရင် ဆူးခက်ကိုယ်တိုင်လည်း သက်ပြင်းချ ရသည်မှာ မနည်းတော့ဘူးလေ။

■ ■ ■

''ဘယ်လိုလဲ ဟိတ်ကောင်၊ အပြင်းလား အပျော့လား''

မမောင်းတာကြာပြီဖြစ်သော ကိုယ့်ကားကိုယ် ဂိုထောင်ထဲက ထုတ်မောင်းလာရင်းနှင့် ဆူးခက် မေးတော့ ကျော်ကြီး မျက်နှာကြီးရှုံ့မဲ့ သွား၏။

''မင်းမျက်နှာကြီးကလည်း ဘယ်လိုဖြစ်သွားတာတုန်း''

''ငါက ဒီည အဲဒါတွေ မသောက်ချင်ဘူး။ မုန့်လျှောက်စားချင် တာ''

''မုန့်လျှောက်စားချင်တာ ဟုတ်လား၊ ဘယ်လိုကြီးတုန်း''

''ဟုတ်တယ် တရုတ်တန်းဘက် မရောက်တာ ကြာနေပြီလေ၊ အဲဒီက ဖက်သားကောက်ညှင်းထုပ်တို့ ပုရစ်ကြော်တို့ စားချင်တယ်''

''အေး မင်းပြောမှ ငါလည်းမစားရတာ အတော်ကြာပြီမှန်း သတိ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ အိုကေလေ ငါတို့ အဲဒီကိုပဲ သွားကြတာပေါ့"

နှစ်ဦးသဘောတူညီမှုဖြင့် သူတို့ဘီး ဦးတည်ရာကို တရုတ်တန်းဘက်သို့ လှည့်လိုက်၏။ ရန်ကုန်မြို့ကြီး ကားလမ်းတွေ မပိတ်ရင်တော့ သူတို့ ခပ်မြန်မြန်ပဲ ရောက်နိုင်ပါသည်။ သူတို့ ဆုတောင်းမပြည့်ပါ။ ကားတွေ ကျပ်ပိတ်သိပ်နေသောကြောင့် ဆူးခက် မောင်းလာသော ကားလေးကို ပါကင်နေရာလွတ်လေးတစ်ခု တွေ့တုန်း ခပ်မြန်မြန် နေရာဝင်ယူပြီး ရပ်ထားခဲ့လိုက်၏။

သူတို့နှစ်ယောက်ကတော့ လမ်းလျှောက်ရင်း ဆိုင်တွေကိုငေးမောဖို့ ဆုံးဖြတ်လိုက်သည်။ ဒါလည်း အရသာတမျိုးပဲ။ လူတွေစည်ကားနေသော ဆိုင်ခန်းများ မုန့်သည်များ သစ်သီးဝလံများကို သူတို့စိတ်ကြိုက် ငေးကြည့်ဝယ်ယူလို့ ရသည်။

ကျော်ကြား စားချင်တာတွေ အကုန်နီးပါး ဝင်စားကြရင်း နောက်ဆုံးအလှည့်ကျ ပုရစ်ကြော်ဆိုင်နား ရောက်လာသည်။

"ဘယ်နှဘူးယူမှာလဲ"

"ငါးဘူးယူလိုက်ကွာ"

"ငါတို့နှစ်ယောက်တည်းကို ငါးဘူးကုန်ပါ့မလား ကျော်ကြားရာ"

"ပါဆယ်သယ်သွားမှာပဲဟာ၊ ညီထက်အတွက်ပါ ပိုဝယ်လိုက်မှာပေါ့"

"အောင်မယ်လေးကွာ ညီထက်ကို ပုရစ်ကြော်သွားကျွေးရင် ဆဲကို ကောင်းကောင်းဆဲလွှတ်လိုက်လိမ့်မယ်"





"ဟွန် ဘာဖြစ်လို့လဲ"

"ဒီကောင်က ပိုးဟပ်ဆို သိပ်ရွံတာလေ၊ ပုရစ်ကို ပိုးဟပ်နဲ့တူလို့ဆိုပြီး ငယ်ငယ်တည်းက မစားဘူး။ သူ့ရှေ့မှာ လာစားရင်လည်း မောင်းထုတ်ပစ်တာ"

"ညီထက်တစ်ယောက်ကလေ သိပ်စိတ်တိုတတ်တာပဲ"

"စိတ်တိုတတ်တာကတော့ ငါတို့ညီအစ်ကိုတွေရဲ့လက်သုံးတော်ပဲလေ"

"မင်းက သူ့လောက် မဟုတ်ပါဘူး၊ အစ်ကိုဖြစ်ပြီး သူက လုပ်ချင်တာတွေလုပ် ပြန်ချင်တဲ့အချိန်မှပြန်လာတာ၊ မင်းကမှ အေးအေးလူလူ အိမ်ထဲမှာနေတာ များသေးတယ်"

"တော်ပါသေးရဲ့ကွာ"

ကျော်ကြားရဲ့မှတ်ချက်ကို နားထောင်ပြီး ဆူးခက် ပြုံးဖြီးဖြီးကြီး ဖြစ်သွားသည်။

"ငါ့ကို ယောကျ်ားလေးဖြစ်ပြီး အိမ်တွင်းသိပ်ပုန်းလို့ သီဟနဲ့မိုးကြိုးက နှိပ်ကွပ်ချင်နေကြတာလေ၊ အခု ငါ့ဘက်ကနေပေးမယ့် သူငယ်ချင်းတစ်ယောက်ရပြီ ဟဲ ဟဲ"

"ဒါပေါ့ အမှန်တော့ ငါကိုယ်တိုင်ကလည်း အပြင်တွေဘာတွေ သိပ်မထွက်ဖြစ်ပါဘူးကွာ၊ မင်းတို့နဲ့စဆုံတဲ့နေ့က ဘားမှာထိုင်နေတာလည်း သောက်ချင်လွန်းလို့မဟုတ်ဘူး။ ပိုက်ဆံမရှိလို့ စိတ်လေပြီး စိတ်ရှုပ်ပါက်တာနဲ့ ဝင်သောက်ဖြစ်တာ၊ တိုက်တိုက်ဆိုင်ဆိုင် မင်းတို့နဲ့ဆုံဖြစ်ခဲ့တာတော့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစရာပေါ့"

ဝယ်လာသော ဖုရစ်ကြော်သုံးဘူးစာကို ကြွပ်ကြွပ်အိတ်လေး ကနေ နှိုက်စားရင်း လူရှုပ်သော တရုတ်တန်းလိုနေရာမှာ စကားတပြောပြော လမ်းလျှောက်နေမှတော့ ကျော်ကြားကို ဖြတ်သွားဖြတ်လာ အတွဲတစ်တွဲ ဝင်တိုက်မိတာ ဆန်းတော့မဆန်းပါဘူး။

"ဟာ ဒီမှာ မမြင်ဘူးလား"

ပြုတ်ကျသွားသော ပုရစ်ကြော်ထုပ်ကိုကြည့်ကာ ဝင်တိုက်သွားသော အတွဲကို နောက်ပြန်လှည့် ရန်တွေ့ရန်ပြင်နေသည့် ကျော်ကြား လက်မောင်းတစ်ဖက်အား ဆူးခက် ဖမ်းထိန်းထားလိုက်သည်။

"ဟင်"

"ဟာ မထားစံနန်းတို့ပါလား"

ကျော်ကြားကို ဝင်တိုက်လိုက်သောအတွဲက တစ်ဖက်သော လင်မယားမှန်းသိလိုက်ရတော့ ဆူးခက် ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်သည်။ ကျော်ကြားကတော့ သူ့ကိုဝင်တိုက်ခဲ့သော မထားစံနန်းကိုမြင်လိုက်တာ ပြင် ဟင်ခနဲ ဖြစ်သွားလျက် မျက်လုံးကြီးများ ပြူးကျယ်ဝိုင်းစက်ပြီး ကြောင်အ အမ်း ငေးကြည့်နေ၏။

"မမ"

"ဟင်"

ဒီတစ်ခါ ဟင်ခနဲ ဖြစ်ရသူက ဆူးခက်နဲ့နောင်ရဲဇေပါ။ ထားစံနန်း ကိုကြည့်ပြီး မမလို့ ဝီဝီသာသာ ခေါ်လိုက်သော ကျော်ကြားကို သူတို့





မောက် အူကြောင်ကြောင် ကြည့်နေမိသည်။ ထားစံနန်းမျက်နှာကတော့ သုန်သုန်မှုန်မှုန်ဖြစ်သွား၏။ ကျော်ကြားအား စူးစိုက်ကြည့်ပြီး နားမလည်နိုင် သည့်ပုံ။

"ဘယ်လိုခေါ်လိုက်တာလဲဟင်"

"မမကို လိုက်ရှာနေရတာ ဘယ်လောက်တောင် ကြာပြီလဲ သိလား"

ထားစံနန်း လက်တစ်ဖက်ကိုပါ ဖမ်းဆုပ်ကိုင်လျက် လွှတ်ထွက် သွားမှာစိုးနေသည့် မျက်ဝန်းများဖြင့် ကျော်ကြား ပြောလာတော့ အခြေအနေ က ပိုလို့ထူးဆန်းလာသည်။ ပြီးတော့ ကျော်ကြား မျက်နှာကိုကြည့်ရတာ လည်း တစ်ခုခုမှားယွင်းနေသည်ဟု ဆူးခက် ထင်မိသည်။ မျက်ဝန်းများက မှုန်ဝိုင်းရီဝေလျက် သူ့အသိစိတ်တွေက လက်ရှိအခြေအနေမှာ ရှိနေကြပုံ မပေါ်။ အဝေးတစ်နေရာရာကို အာရုံတွေ ပျံ့လွင့်နေသည့်ပုံမျိုး။

ထားစံနန်းက ကျော်ကြား ဆုပ်ကိုင်ထားသော လက်ကို အသာ ရုန်းထွက်လိုက်၏။

"ဒီက မောင်လေး ဘာတွေပြောနေတာလဲဆိုတာ အစ်မ တကယ် မသိဘူး။ ပြီးတော့ အစ်မက ဘာဖြစ်လို့ ဒီကမောင်လေးရဲ့အစ်မ ဖြစ်ရမှာတုန်း"

"ကျော်ကြား မင်းဘာတွေပြောနေတာလဲကွာ"

မျက်ရည်တွေ ချက်ချင်းဝဲတက်လာလျက် ငိုချလိုက်တော့မလို ဖြစ်နေသော ကျော်ကြားကို ဆူးခက် မျက်နှာအပျက်ပျက်နှင့် ငေးထားသည်။ သို့သော် ကျော်ကြားကတော့ အလျှော့ပေးမည့်ပုံမရဘဲ ထားစံနန်းကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိဝေအုံ့မှိုင်းနေသော မျက်ဝန်းများဖြင့် ငေးကြည့်နေ၏။

ဒီအခြေအနေထိကို ဆူးခက် ဝင်ဖြေရှင်းမှ ရပါတော့မည်။

"ဒါက ကျွန်တော်တို့အိမ်မှာတူတူနေနေတဲ့ သူငယ်ချင်းကောင်လေး ပါ။ နာမည်ကူ ကျော်ကြားတဲ့ သူတစ်ခုခု အထင်လွဲသွားတယ်နဲ့ တူပါတယ် ဗျာ၊ ကျွန်တော်ကပဲ ကြားကနေ တောင်းပန်ပါတယ်နော်"

"ဟင့်အင်း ငါမလွဲဘူး။ ဒါက ငါ့ဆီကနေ နှစ်ပေါင်းများစွာပျောက် သွားတဲ့ ငါ့အစ်မ ထားစံမြန်းပဲ"

"အို အစ်မနာမည်က ထားစံမြန်း မဟုတ်ပါဘူးကွယ် ထားစံနှင်း ပါ"

ထားစံနှင်းမျက်နှာက တော်တော်လေး စိတ်ပျက်သွားသည့်ပုံဖြင့် အခုလို စွပ်စွဲပြောဆိုနေသော ကောင်လေးကိုတောင် ထားစံနှင်း မသိတဲ့ ကိစ္စ။ ခုတော့ နာမည်တောင် တစ်မျိုးပြောင်းသွားပြီ။ ထားစံမြန်းဆိုပါလား အခုလက်ရှိ နာမည်လေးနှင့်နည်းနည်းပဲ လွဲနေတာကတော့ ထူးဆန်းဖွယ်ပြီး

ဆူးခက်ကတော့ ထူးဆန်းလွန်းသော အခြေအနေကြီးကို ရှင်းရှင်း လင်းလင်းသိချင်မိပေမယ့် နှောင်ရဲဇေပုံစံက ဒီဇာတ်လမ်းကို ဒီနေရာမှာတင် အမြန်ဆုံး ပြီးပြတ်စေချင်နေပုံပါ။

"ညီလေးရေ ကျွန်တော်ပြောတာကို နားထောင်စမ်းပါ။ ဒါက မင်းပျောက်သွားတယ်ဆိုတဲ့ မင်းရဲ့အစ်မ လုံးဝမဟုတ်ဘူး။ ကျွန်တော်ရဲ့ အမျိုးသမီးပါ၊ နာမည်က ထားစံနှင်းလို့ခေါ်တယ်၊ ညီလေးဘေးက သူငယ် ချင်းတွေနဲ့လည်း ခြံချင်းကပ်လျက်မို့ ရင်းနှီးပါတယ်"





"မဟုတ်ဘူး ကျော် သိတယ်၊ ဒါ စံမြန်းပဲ၊ သူ့ဘာသာ ဘယ်လို ပုံစံတွေပြောင်းနေပါစေ၊ ဒါ စံမြန်းပဲဗျ သေချာတယ်"

နှောင်ရဲဇေ မျက်နှာကို ဝမ်းနည်းနာကျင်နေသော မျက်ဝန်းများ ဖြင့် ငေးစိုက်ကြည့်လျက် ကျော်ကြား ကြေကြေကွဲကွဲ ပြောသည်။ ရစ်ဝဲ နေသော မျက်ရည်တွေက ခုတော့ တာကျိုးသလို မျက်နှာတစ်ခုလုံးရွှဲနစ် နေ၏။

အခြေအနေက တော်ရုံတန်ရုံ မဟုတ်တော့ပါ။ လမ်းသွားလမ်း လာတချို့တောင် ကွက်ကြည့်ကွက်ကြည့် လုပ်နေကြပြီ။

"ဒီမှာကွယ် အစ်မက မင်းရဲ့အစ်မ လုံးဝ မဟုတ်ပါဘူး။ ထားစံမြန်း ဆိုတဲ့နာမည်ကိုလည်း ကြားဖူးတာ ဒါပထမဆုံးပါပဲ၊ အစ်မမှာမွေးတည်းက မိဘတွေကိုယ်တိုင်ပေးထားတဲ့ ထားစံနှင်း နာမည်တစ်လုံးပဲရှိတာ"

"မဟုတ်သေးပါဘူး မမရယ်"

ဆက်ပြောစရာ စကားလုံးပျောက်ဆုံးနေပုံနှင့် ကျော်ကြား အသံ တွေ တိမ်ဝင်သွားသည်။ ဝမ်းနည်းနာကျင်နေသည့် မျက်နှာအမူအရာကတော့ တမင်သက်သက် လုပ်ယူထားခြင်း မဟုတ်တာ သိပ်သေချာ၏။

"ကဲ လာပါ ကျော်ကြားရယ်၊ လမ်းမကြီးမှာ အများမြင်လို့လည်း မကောင်းပါဘူး"

ဆူးခက်က ဘောင်းဘီအိတ်ထဲမှ တစ်သျှူးကိုထုတ်ပြီး ကျော်ကြား မျက်နှာပေါ်မှ မျက်ရည်စီးကြောင်းများကို သုတ်ပေးလိုက်သည်။

"ကျော် ပြောတာကို ဘယ်သူမှ မယုံကြဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုဝေ့ကြည့်ပြီး ပြောလိုက်တဲ့ ကျော်ကြားအသံက ဈေးတော့လျက် မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားသူတစ်ယောက်လို။

"ဘယ်လိုမှ သဘောမထားပါနဲ့ကွယ်၊ အစ်မကိုယ်တိုင်က ဒီကမောင်လေးကို တစ်ခါမှ မမြင်ဖူးခဲ့တာပါ။ လူမှားနေတာလို့ပဲ ထင်ပြောပါရစေနော်"

"ဟုတ်ပါပြီလေ၊ နောက်များမှပဲ ကျော်တို့ အေးအေးဆေးဆေး စကားဆက်ပြောကြသေးတာပေါ့"

အပြုံးရေးရေးလေးကို လုပ်ကြဲဖန်ဆင်းလျက် ကျော်ကြား တိုးတိုး ဖွဖွပြောသည်။ ထားစံနန်းကလည်း အခြေအနေ အနည်းငယ်တည်ငြိမ်သွား၍ စိတ်ချမ်းသာသွားမှုမျိုး မျက်နှာပေါ်မှာ အပြုံးလှလှလေးတစ်ခု တင်ဆင်လိုက်သည်။

"ရပါတယ် မောင်လေး။ အစ်မက မောင်လေးဆူးခက်တို့နဲ့ ခြံချင်းကပ်လျက်ပဲနေတာဆိုတော့ လာလည်ပေါ့နော်"

"ဟုတ်ပါတယ်ကွာ၊ ဘာပဲပြောပြောပါ မင်းရဲ့အစ်မတစ်ယောက် ပျောက်နေတာ သိလိုက်ရတဲ့အတွက်တော့ ငါလည်း စိတ်မကောင်းပါဘူး"

ဆူးခက်က ကိုယ်ချင်းစာနာစွာပြောသည်။

"အခု အဖြစ်အပျက်မှာ ကျော် နှောင့်ယှက်သလိုဖြစ်သွားတာတို့လည်း တကယ်စိတ်မကောင်းပါဘူး မမရယ်"

ကျော်ကြားတစ်ယောက် ပုံမှန်အတိုင်း စိတ်တည်ငြိမ်သွားပြီဆိုတာ စကားအပြောအဆိုများအရ ဆူးခက် သိလိုက်ပါပြီ။ အားတုံ့အားနာဖြစ်နေ



သော အပြုံးလေးနှင့် နှုတ်ဆက်ထွက်ခွာသွားသော ထားစံနန်းတို့လင်မယား ကိုကြည့်ပြီး ဆူးခက်နဲ့ကျော်ကြားမှာတော့ ဗဟောင်ကြီးကြီးမားမားတွေ ရင်ဝယ်ပိုက်မိသွားကြသည်။

အောက်ပြုတ်ကျသွားသော ပုရစ်ကြော်တွေအကြောင်းလည်း ခေါင်း ထဲမှာ မရှိတော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မင်းတို့ကိစ္စက ဘယ်လိုကြီးလဲကွာ"

ညက တော်တော်နောက်ကျမှ ပြန်လာသော ညီထက်ကို အခု မနက် ကော်ဖီဝိုင်းမှာမှ ထားစံနှန်းနဲ့ဆုံခဲ့သည့်အကြောင်း ပြောဖြစ်သည်။ သူတို့နည်းတူ ညီထက်လည်း အံ့သြသွား၏။ ဘာဖြစ်လို့လဲဆိုတော့ ထားစံနှန်းတို့နဲ့ ဆုံဖြစ်ခဲ့သည့်အချိန်မှာ ကျော်ကြားတစ်ယောက် အစ်မပျောက် ရှာပုံတော်ဖွင့်ခဲ့သည့်အကြောင်းကို ကျော်ကြားကိုယ်တိုင်လည်း သေချာမသိ သောကြောင့် ဖြစ်၏။

"ငါလည်း တကယ်မသိဘူး။ အဲဒီ မထားစံနှန်းကို မြင်လိုက်ရတဲ့ အချိန်မှာ ငါ့စိတ်တွေက လုံးဝကို ဝမ်းနည်းဝမ်းသာကြီးဖြစ်သွားတာ၊ ပြီးတော့ ပြောမိသမျှ စကားတွေအားလုံးကလည်း ငါပြောနေတာ မဟုတ်ဘူး"





"ဟွန့် မင်းဟာက ဘယ်လိုကြီးလဲ ကျော်ကြားရာ၊ ကြောက်စရာ ကြီး"

ခုမှသိသော ညီထက်က ပခုံးတစ်ချက်တွန့်လျက် ထိတ်လန့်ဟန် လုပ်ပြသည်။

"အေး ဟုတ်တယ်၊ ပါးစပ်က သူ့အလိုလို ပြောနေတဲ့စကားတွေ ကို ငါ ဘယ်လိုမှထိန်းလို့မရဘူး"

"အံ့ဩစရာကြီးကွာ၊ ငါလည်း ကိုယ်တိုင်မြင်ခဲ့လို့သာ ယုံတာ၊ မဟုတ်ရင် ကျော်ကြား ဖောနေတယ်လို့ပဲ ထင်ကြမှာလေ"

သူတို့အားလုံး သက်ပြင်းကိုယ်စီ ချလိုက်မိကြသည်။ အဖြစ်အပျက် ကြီးက တကယ့်ကို အဆန်းတကျယ်ပဲ မဟုတ်လား။

"ဒီလိုဆို အခု ဘာဆက်ဖြစ်မှာလဲ"

"ဘာဆက်ဖြစ်ရမှာလဲကွ၊ တကယ်တော့ ငါကိုယ်တိုင်လည်း မထားစံနှန်းဆိုတာကို မသိပါဘူး။ ထားစံမြနှန်းဆိုတာကိုလည်း မသိဘူး။ ပါးစပ်က သူ့အလိုလိုတွေ ပြောသွားမိတာလေ"

"ငါကတော့ အခုတလော ဖြစ်နေတာတွေကို သိပ်မသက်သာတော့ ဘူးကွာ၊ အိပ်မှာတစ်ခုခုဖြစ်နေတယ်လို့ ထင်တာပဲ"

ဆူးခက်က သံသယဖြစ်သော လေသံဖြင့် ဖွင့်ဟလာသည်။

ဒီကိစ္စတွေဟာ ထွေရိုးသားရိုး ဖြစ်ပျက်နေတာတွေမှ ဟုတ်ရဲ့လား။ ဟိုတစ်နေ့က ညီထက် မက်ခဲ့သော အိပ်မက်နှင့် ညက ကျော်ကြားကြုံခဲ့ ရသော အဖြစ်တွေဟာ တိုက်ဆိုင်မှုတွေ ဖြစ်နေသည်။ အိပ်မက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားစံနန်းမျက်နှာကနေ ကျော်ကြားမျက်နှာကို ရုတ်ချည်းပြောင်းသွားခဲ့သလို ရှိလည်း ကျော်ကြားကိုယ်တိုင်က ထားစံနန်းကို သူ့ရဲ့မမအဖြစ် မှားယွင်း အထင်လွဲနေခဲ့သည်။

တဖြည်းဖြည်းနဲ့ နားမလည်နိုင်လောက်အောင် ရှုပ်ထွေးလာသော ဒီဇာတ်လမ်းရဲ့အတိမ်အနက်ကို ညီထက် စိတ်ဝင်စားသထက် စိတ်ဝင်စား နေမိပြီ။

"မင်းအလုပ်သွားရင်ဝတ်ဖို့ သင့်တော်မယ့်အင်္ကျီတွေဘာတွေ ငါ ထုတ်ပေးမယ်"

ခဏတာ တိတ်ဆိတ်သွားသော ကော်ဇီဝိုင်းကို ဆူးခက်ကပင် ဖြိုခွဲလိုက်သည်။

"ရပါတယ် ငါ့မှာလည်း မင်းတို့ပေးထားတာတွေ ရှိနေတာပဲ"

"အဲဒါက နည်းနည်းလေးလေးကွာ၊ အခု မင်းက အလုပ်ထဲမှာ နည်းနည်းပါးပါး ပိုကြည့်ကောင်းအောင် ဝတ်ရမှာမဟုတ်လား"

ပြောပြောဆိုဆို ဆူးခက်က ထထွက်သွားသည်။ ကော်ဇီဝိုင်းမှာ ကျော်ကြားနဲ့ညီထက်သာ ကျန်ခဲ့၏။

"မင်းအလုပ်သွားရမယ်ဆိုတာ ဘယ်မှာလဲ"

"ဟိုဘက်ရပ်ကွက်ထဲက ဆေးဆိုင်တစ်ခုမှာလေ၊ ကောင်တာ ထိုင်ပေးရမှာ"

"အင်း မဆိုးပါဘူး။ ဒါပေမဲ့ မင်းဘာသာ အလုပ်မလုပ်ဘဲ အေး အေးဆေးဆေးနေလည်း ငါတို့ဆီမှာ ကြိုက်သလောက်နေလို့ရပါတယ်ကွာ"





"အင်း ငါ့ကို ဆူးခက်လည်း ပြောသားပဲ၊ ဒါပေမဲ့ ငါ့ဘက်ကကြည့် တော့ မင်းတို့ကို အားနာမိတယ်ကွ၊ စားသောက်နေထိုင်ရုံတင်မကဘူး၊ ဝတ်တာစားတာကအစ မင်းတို့ဆီက အထောက်အပံ့ယူနေရတော့"

သေးချင်းကပ်ထိုင်နေသော ကျော်ကြားပခုံးကို လှမ်းဖက်လိုက်ပြီး အားပေးစကားပြောရန် ပြင်လိုက်သည်။

"ဘာမှအားနာဖို့မလိုဘူး ကျော်ကြား။ ငါတို့က သူငယ်ချင်းအဖြစ် သတ်မှတ်လိုက်ပြီဆိုရင် အားလုံးကူညီဖို့အသင့်ပဲကွ၊ ဒါပေမဲ့ မင်းကိုယ်တိုင်က စိတ်ထဲမှာ မသန့်ဖြစ်နေရင်လည်း ငါဘာမှမပြောပါဘူးကွာ၊ လူဆိုတာ အလုပ် အကိုင်တစ်ခုခုရှိထားတာ ပိုကောင်းတာပေါ့"

ထိုစကားတွေပြောနေသော ညီထက်ကို ကျော်ကြား မျက်လုံး အပြူးသားလေး ကြည့်နေမိသည်။ အမြဲတမ်းလုပ်ချင်ရာတွေလုပ်ပြီး ရှုပ်ထွေး နေသော လျှောက်သွားသုံးဖြုန်းနေသည့် ညီထက်က ခုလို စကားတွေပြောနေ တော့ ကျော်ကြား အံ့ဩနေသည့်ပုံပါ။

"ဘာလဲ မင်းကြည့်နေတဲ့မျက်လုံးတွေက ငါ့ကိုမယုံသလိုပဲနော်"

"မယုံတာ မဟုတ်ပါဘူး၊ ငါ အံ့ဩနေတာ"

"မင်းတို့က ငါ့ကိုဆို လမ်းပေါ်မှာပဲ အချိန်ဖြုန်းနေတယ်လို့ ထင် ကြတာမဟုတ်လား။ ငါ့မှာလည်း ငါ့ပလန်နဲ့ငါ ရှိပါတယ်ကွာ"

ကျော်ကြား မယုံသင်္ကာကြည့်လျက် ညီထက်ကို မျက်တောင်းထိုး လိုက်သည်။

"တစ်ညလုံး ကောင်လေးတွေနဲ့ လျှောက်သွားနေတဲ့သူက ဘာပလန်



www.burmeseclassic.com

www.burmeseclassic.com



တွေများ ရှိနေတာလဲ”

“ဟာ မင်း ဒီလိုတော့ မပြောနဲ့၊ ဘယ်မှာတစ်ညလုံး ငါသွားလို့လဲ”

“ညက ငါနဲ့ဆူးခက်အိပ်တော့တောင် တစ်နာရီထိုးတော့မယ်၊ မင်း ပြန်မလာသေးဘူးလေ”

“ဟာကွာ အဲဒါ ကလပ်မှာပါကွ၊ ပြီးတော့ ငါ မနက်လေးနာရီလောက် ပြန်ရောက်ပါတယ်နော်”

“မင်းဘာသာ ဘယ်မှာဖြစ်ဖြစ်လေ၊ မိန်းကလေးတွေနဲ့ ပွေ့နေတာတော့ မငြင်းဘူး ဟုတ်”

ကျော်ကြား ခပ်တည်တည်ပြောတော့ ညီထက် ခေါင်းကုတ်သည်။ မျက်နှာက စပ်ဖြဲဖြဲနှင့်

“ပွေ့တယ်ဆိုရုံလေး ပွေ့တာပါကွာ၊ အကြမ်းကြီးတွေ မဟုတ်ပါဘူး”

“အွန် အကြမ်းကြီးတွေမဟုတ်ဘူးဆိုတာ ဘာကိုဆိုလိုတာတုံး”

“ဟိုဟာလေကွာ ဟိုဟာ သိတယ်မလား”

“အာ မသိဘူး၊ မင်းဘာတွေပြောနေတာလဲကွာ”

မျက်နှာကြီးတစ်ခုလုံး နီမြန်းလျက် ကျော်ကြား ထပြေးသွားသည်။ ညီထက်ပင် ကြောင်တောင်တောင်ဖြစ်သွားရ၏။

ယောကျ်ားချင်းကိုတောင် ဒီကောင် ဒီလောက်ရှက်တတ်နေတာ ဒါကြောင့်လည်း၊ ခုထိ ရည်းစားမရသေးတာပေါ့။ အိမ်ထောင်ပြုရမှာနိုင်





အိမ်ကထွက်ပြေးလာသည်ဆိုတည်းက တော်တော်အူပြီး နုံအတဲ့ကောင်ဆိုတာ ပေါ်လွင်နေတာပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နောက်သုံးရက်ဆို ဆူးခက်မေမေဆုံးတာ ဆယ်နှစ်ပြည့်သည်။ အနေနဲ့ အိမ်မှာ ပရိတ်တရားနာဖို့ သူတို့ညီအစ်ကို စီစဉ်ထားၾ။ ဒါကလည်း ကျော်ကြားရဲ့အကြံပေးချက်ပါ။ မိဘတွေဆုံးပါးသည့် နှစ်လည်နေ့တွေရောက် တိုင်း သူတို့နှစ်ယောက်အတူတကွ ကောင်းမှုကုသိုလ်တွေ လုပ်ပေးခဲ့ သည်။ ဒီနှစ်တော့ အိမ်ကို ဘုန်းကြီးပင့်ဖိတ်ပြီး တရားနာရန် ကျော်ကြား အကြံပေးသည့်အတိုင်း သူတို့လိုက်နာလိုက်သည်။

"ကဲ ဆရာတော်တွေလည်း သွားပင့်ဖိတ်ပြီးပြီဆိုတော့ ဆွမ်း မွေးဖို့ကို ဘယ်လိုစီစဉ်မလဲ"

"ဒေါ်မြကိုပဲ ချက်ခိုင်းလိုက်လေ"

ဆူးခက်က ခပ်လွယ်လွယ်ပဲ ပြောလိုက်သည်။ ဒေါ်မြက





ချက်လက်ရာကောင်းပြီးသား မဟုတ်လား။

"မဟုတ်သေးဘူးလေ ညီထက်၊ ငါတို့နဲ့ ဆွေမျိုးနီးစပ်တာတွေ၊ အလုပ်တူတူလုပ်ခဲ့ဖူးတဲ့သူတွေ၊ တခြားပုဂ္ဂိုလ်တွေကိုလည်း ဖိတ်သင့်တာ ဆို အဲဒီလူတွေပါ ပါမယ်ဆိုရင် ဒေါ်မြတစ်ယောက်တည်း ဘယ်လိုချက် လဲ"

"အင်း ဟုတ်တယ် မင်းတို့တွေအမြင်က ဒေါ်ဒါမှာတာ ပိုကောင်း သာပေါ့"

"ငါကတော့ ဘေးအိမ်က အိမ်တက်အလှူမှာ မထားစံနန်းကိုယ် တိုင်ချက်တဲ့ လက်ရာကို သတိရမိတယ်ကွာ"

"မင်းကတော့ အဲဒီစိတ်တွေနဲ့ပဲ သေမှာပဲ"

မဆီမဆိုင် ဝင်ခွပ်လိုက်သော ကျော်ကြားစကားကြောင့် ညီထက် စိတ်တိုသွားသည်။

"မင်းက ဘာသိလို့ ငါ့ကို အဲဒီစကားပြောတာလဲ"

"သိတယ်လေ၊ မိန်းမလှလှလေးတွေမြင်ရင် မင်းငမ်းချင်နေတာ"

"ဟာ အဲ့ဒါနဲ့ မထားစံနန်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မထားစံနန်းက လှတယ်လေ၊ မင်း ငမ်းကြောထပြီး ချက်တဲ့လက်ရာကို စားချင်နေတာမဟုတ်လား"

ညီထက် မခံနိုင်တော့စွာ ဝုန်းခနဲ မတ်တတ်ထရပ်လျက် ကျော်ကြား ရှေ့ရောက်သွားသည်။

"ငါက သူ့ဟင်းချက်လက်ရာ တကယ်ကောင်းလို့ သဘောရှိနဲ့

www.burmeseclassic.com



ပြောတာကွ၊ ငါ စော်ရှုပ်ချင်ရှုပ်မယ်၊ ဒါပေမဲ့ အိမ်ထောင်ရှိတဲ့မိန်းမတစ်ယောက်ကိုတော့ ဘယ်တော့မှမပြစ်မှားဘူး မင်းနားလည်လား''

ဒေါသတကြီး အော်ပစ်လိုက်သော ညီထက်ကြောင့် ကျော်ကြား မျက်နှာငယ်လေးနှင့် ကြည့်နေသည်။ ညီထက် တကယ်စိတ်တိုသွားမှန်း သိသဖြင့် ပါးစပ်ပိတ်သွားခြင်းလည်း ဖြစ်သည်။

''ညီထက် စိတ်လျှော့ကွာ၊ ဘာဖြစ်လို့ အော်နေတာလဲ''

ညီထက် လက်တစ်ဖက်ကို ဖမ်းဆွဲခေါ်လိုက်ရင်း ဆူးခက် ဝင်ဖျန်ဖြေ၏။ ကျော်ကြားကို ရူးရူးရဲရဲ တစ်ချက်စိုက်ကြည့်ပြီး အပေါ်ထပ်အခန်းဆီသို့ ညီထက် ခြေလှမ်းကျဲကြီးများဖြင့် လှမ်းတက်သွားသည်။

''ငါက ဒီတိုင်းပဲ ပြောလိုက်တာပါကွာ၊ သူ ဘာဖြစ်လို့ ဒီလောက်စိတ်ဆိုးသွားတာလဲမသိဘူး''

မျက်နှာငယ်လေးဖြင့် ခပ်တိုးတိုးပြောလာသော ကျော်ကြား၏ ဆူးခက် နှစ်သိမ့်ပြုံးလေး ပြုံးပြလိုက်ရ၏။ သူတို့ညီအစ်ကိုတွေက မထင်ရင်မထင်သလို စိတ်တိုစိတ်ဆတ်တတ်တာ ကိုယ်တွေချင်းကတော့ ရိုးနေပါပြီ။

''ထွေထွေထူးထူး မဟုတ်ပါဘူးကွာ၊ သူ စိတ်မကြည်တဲ့အချိန်နဲ့ သွားတိုက်ဆိုင်နေလို့ ဖြစ်မှာပါ''

''ငါ မှားသွားတယ်ကွာ''

''မင်းက စလိုက်တာမှန်း ငါသိပါတယ်၊ စိတ်ထဲထားမနေပါနဲ့''

ဆူးခက်ကလည်း ဖေးဖေးမမ ပြောပေးနေပေမယ့် ကျော်ကြား စိတ်ထဲမှာ တကယ့်ကို ဝမ်းနည်းနာကျင်နေမိ၏။ ညီထက်တစ်ယောက်

မျှားတပေ



အမြဲလိုလို မိန်းကလေးတွေနဲ့ သွားလာရှုပ်ထွေးပြီး ညနက်သန်းခေါင်မှ ပြန်လာတတ်တာတွေကို မြူပြင်စေချင်သည့်စိတ်ဖြင့် ပြောမိသော စကားတွေပါ။

ဒါပေမဲ့ ညီထက်ကတော့ သူ့ကို တော်တော်လေး စိတ်ဆိုးသွားပုံရသည်။ သူတို့အိမ်မှာ နေနေရတာဆိုတော့ ညီထက်နဲ့ ခုလိုကတောက်ကဆဖြစ်ရတာမျိုး ကျော်ကြား မဖြစ်ချင်ပါ။

''ငါ သူ့ကို သွားတောင်းပန်လိုက်မယ်ကွာ''

ကျော်ကြား နေရာမှ ထရပ်လိုက်သည်။ စိတ်ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ ဆူးခက်ကို ခပ်အေးအေးပဲ လှမ်းပြောလိုက်၏။

''မလိုပါဘူးကွာ၊ ညီထက်အကြောင်း ငါသိပါတယ်၊ ခဏနေရင် သူကတောင် မင်းကိုပြန်ပြီး တောင်းပန်ချင်တောင်းပန်နေဦးမှာ''

''ဟေ''

''သူ စိတ်ရှုပ်နေလို့ဖြစ်မှာလို့ ငါပြောပြီးပြီပဲ''

''ဒါပေမဲ့ ငါ့စိတ်ထဲမှာလည်း တစ်မျိုးကြီးကွာ၊ တကယ်ဆို ငါပဲ တောင်းပန်သင့်ပါတယ်လေ၊ မင်းတို့ကျေးဇူးတွေဆိုတာထက် ငါကလည်း မင်းတို့ကို တကယ့်ညီအစ်ကိုတွေ သူငယ်ချင်းတွေလို သဘောထားမိနေပြီပဲ၊ ငါတို့ထဲက တစ်ယောက်က နောက်တစ်ယောက်ကြောင့် စိတ်ခုရတယ်ဆိုရင် မှားမှားမှန်မှန် တောင်းပန်သင့်ပါတယ်''

''ဒီလိုဆိုလည်း မင်းသဘောကွာ''

နောက်ဆုံးတော့ ဆူးခက် ခေါင်းညိတ်လိုက်လျှော့လိုက်ပါသည်။ အပေါ်ထပ် ညီထက်အခန်းဆီသို့ အပြေးတစ်ပိုင်းတက်သွားသော ကျော်

www.burmeseclassic.com

www.burmeseclassic.com



ကြားကို ဆွေးခက် ပြုံးပြုံးလေး ငေးကြည့်နေမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျော်ကြားရောက်လာတဲ့အတွက် သူနဲ့အတူ ရှပ်ရှင်ကြည့်ဖော်တစ်ယောက် ရသည်။ သူ့ ဖတ်သမျှစာအုပ်ထဲက အကြောင်းအရာတွေကို ဆွေးနွေးတိုင်ပင် ပြောပြနိုင်ဖို့ အဖော်တစ်ယောက်ရသည်။

ဆွေးခက်ကတော့ ဒီအိမ်မှာ ကျော်ကြားရှိနေတာကို ကျေနပ်မိ

■ ■ ■

ညီထက် အခန်းတံခါးက မပိတ်ထားသောကြောင့် ကျော်ကြား အလွယ်တကူပင် ဝင်လိုက်၏။ ခေါင်းရင်းမှ ပြတင်းပေါက်မှရပ်ပြီး အပြင် ငေးနေသော ညီထက်က သတိထားမိပုံမပေါ်သေး။

"ညီထက်"

တိုးတိုးလေးခေါ်လိုက်မှ မျက်မှောင်ကြီးကျုံ့ပြီး လှည့်ကြည့်သည်

"မင်းဘာလာလုပ်တာလဲ"

"ငါ မင်းကိုတောင်းပန်ချင်လို့ လိုက်လာတာပါ"

"မလိုပါဘူး။ မင်းစိတ်ထဲမှာ ငါ့ကို အသုံးမကျတဲ့ကောင်လို့ မြင် နေတာယ်မဟုတ်လား"

ညီထက်အသံက ခက်ထန်မာကျောနေသည်။ ဘာကြောင့်မှ ဒီလောက်ထိ စိတ်တိုသွားရတယ်ဆိုတာ ကျော်ကြား စဉ်းစားလို့မရ

"မင်းကို အသုံးမကျတဲ့ကောင်လို့ ငါဘယ်တုန်းကမှ မမြင်ခဲ့ဘူး ညီထက်၊ ပြီးတော့ မင်းက ငါ့ကျေးဇူးရှင်ပါ၊ မင်းသာ မကယ်တင်ခဲ့ရင် ဒီ လောက်ဆို ငါလမ်းဘေးမှာ ဘဝပျက်နေလောက်ပြီ"





ညီထက် ခေါင်းထဲ စကားတစ်ခွန်း ဖြတ်ခနဲ ဝင်လာသည်။ အ ဆောင်ပိုင်ရှင်မိန်းမကြီး နောက်ဆုံးပြောလိုက်တဲ့စကားပါ။ ကျော်ကြားကို ကြည့်ပြီး ဘယ်နေ့ ဘဝပျက်မယ်မသိဘူးလို့ ပြောခဲ့တာလေ၊ အခုတော့ ကျော်ကြားကိုယ်တိုင်က အဲဒီလို စကားမျိုးပြောနေခဲ့ပြီ။

ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်တောင်ပဲ စိတ်ဓာတ် ပျော့ညံ့ချင်သော ကျော်ကြားကို ညီထက်ပိုလို့ စိတ်တိုသွားရ၏။

"လမ်းဘေးမှာ ဘဝပျက်ရအောင် မင်းက ဘာမှမလုပ်တတ်မကိုင် တတ်တော့ဘူးလား။ ဘယ်လိုသတ္တိမျိုးနဲ့များ အိမ်ပေါ်ကနေ မင်းဆင်းလာခဲ့ သလဲဟင်၊ အိမ်က ပေးစားတဲ့မိန်းမကိုယူပြီး အေးအေးဆေးဆေးပဲ နေသင့် တဲ့ကောင်"

ညီထက် ဒီထက်ပိုပြီး ပိုးစိုးပက်စက် ပြောလိုက်ချင်ပေမယ့် ကိုယ့် စိတ်ကိုယ် ပြန်ထိန်းထားလိုက်သည်။ သူငယ်ချင်းချင်း စိတ်အခန့်မသင့် ဖြစ်တဲ့ကိစ္စအပေါ်မှာ ဒီထက်ပိုဆိုးတဲ့စကားလုံးတွေ မသုံးနှုန်းသင့်မှန်း ညီထက် သိပါသည်။ ကိုယ်တိုင်က စိတ်တိုစိတ်မြန်လွယ်ပေမယ့် ကိုယ်တကယ် သံယောဇဉ်ရှိသူတွေအပေါ်မှာတော့ ကြာကြာစိတ်မတိုနိုင်လို့ပဲ ဖြစ်၏။ ဆွေးခက်နဲ့ဆိုရင်လည်း မကြာမကြာ စကားအချေအတင်ဖြစ်ရပေမယ့် နောက် ဆုံးတော့လည်း ဟိုလိုလိုဒီလိုလိုနှင့် ပြန်ပြေလည်သွားခဲ့တာတွေချည်းပဲလေ။

အခုလည်း ကျော်ကြားက အခန်းထဲလိုက်လာပြီး မျက်နှာငယ် လေးနှင့် တောင်းပန်နေတာကို ညီထက် ဒီထက်ပိုပြီး တင်းထားဖို့ စိတ်ကူး မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မင်းပြောတာ မှန်တယ်၊ ငါက ကိုယ့်ဘဝကိုယ် တစ်ယောက်တည်း ရပ်တည်နိုင်ဖို့ သတ္တိမရှိတဲ့ကောင်၊ ဘာအစွမ်းအစ မရှိတဲ့ အိမ်ကနေ ထွက်လာခဲ့တဲ့ကောင်၊ အဲဒီတော့ ငါ့ကို ခုလိုမျိုး နေထိုင်ခွင့်ပေးခဲ့တာတွေရယ် ကျွေးမွေးစောင့်ရှောက်ခဲ့တာတွေရယ်အတွက် မင်းတို့ ညီအစ်ကိုကို ငါ တကယ်ကျေးဇူးတင်ပါတယ်၊ ခုတော့ ငါသွားတော့မယ်"

မျက်နှာချင်းဆိုင်နေရာကနေ ကျော်ကြီး ချာခနဲ ကျောခိုင်းလိုက်သည်။ ကျော်ကြီး မျက်နှာပေါ်သို့ ရုတ်တရက် ကျဆင်းလာသော မျက်ရည်စီးကြောင်းတစ်ခုကိုများ ညီထက် မြင်လိုက်မိသေးသလား။

ပြီးတော့ သွားတော့မယ်တဲ့။ ဘယ်ကိုသွားမှာလဲ၊ သူတို့အိမ်ကနေ ပြန်ထွက်သွားဖို့များ ကျော်ကြီး ဆုံးဖြတ်လိုက်တာလား။ ညီထက် နည်းနည်းတော့ စိတ်လှုပ်ရှားသွားသည်။ သူ ဒီလောက်ထိ မရည်ရွယ်ပါ။ ဒါကို ကျော်ကြီးက ဘာတွေအကြီးကြီးခံစားသွားရတာပါလိမ့်။

အခန်းတံခါးဝနားရောက်နေပြီဖြစ်သော ကျော်ကြီးဆီကို ခြေလှမ်းကျဲကြီးများလှမ်းကာ ညီထက် ရောက်သွား၏။ ပခုံးတစ်ဖက်ကို ဆတ်ခနဲ ဆွဲလှည့်လိုက်သည်။ ဟဲ ဟုတ်ပါရဲ့၊ ကျော်ကြီး မျက်ရည်တွေကျနေတာပဲ။

"မင်း မင်းဘာဖြစ်လို့ ငိုနေတာလဲ"

ကျော်ကြီးမဖြေ။ ကြမ်းပြင်ပေါက်ထွက်တော့မတတ်သော သူ့အကြည့်များကို အောက်သို့လွှဲထားသည်။

"ငါ့ကြောင့် မင်းတော်တော်စိတ်ထိခိုက်သွားတယ်နဲ့ တူတယ်၊ ဆောရီးကွာ ငါ ပြန်တောင်းပန်ပါတယ်၊ ပြီးတော့ ဒီအိမ်ကနေလည်း မင်း





ထွက်သွားစရာ မလိုပါဘူး"

စိတ်ပျော့သော သူငယ်ချင်းကို ညီထက် ရယ်ရယ်မောမောနှင့် ပြန်လည်ချော့မော့ဖို့ အစပျိုးလိုက်သည်။ ဘာပဲဖြစ်ဖြစ် အတူတူနေလာတာလည်း အချိန်အတိုင်းအတာတစ်ခုလောက် ရှိနေပြီဆိုတော့ ကျော်ကြီးအပေါ်မှာ ညီထက် သံယောဇဉ်ရှိပါသည်။

အခုလောလောဆယ် ကျော်ကြီး အလုပ်လုပ်နေပြီဆိုပေမယ့် ရတဲ့လစာလေးနဲ့ အဆောင်ပြောင်းနေမယ်ဆိုတုန်းကတောင် ညီထက် တားမြစ်ဖြစ်ခဲ့သေးသည်။ ခုလိုချိန်မှ ညီထက်ကြောင့်နဲ့တော့ ဒီအိမ်ကနေ ထွက်သွားဖို့ ကြိုးစားနေတာကို ခွင့်မပြုနိုင်ပါ။

"ဟိတ်ကောင် ငါပြောနေတာ ကြားလား။ ယောကျ်ားတန်မဲ့ မျက်ရည်ကျမနေစမ်းနဲ့၊ ဘာမှလည်းမဟုတ်တဲ့ကိစ္စကို"

ကျော်ကြီး ပခုံးနှစ်ဖက်လုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လျက် ညီထက် အရယ်မပျက် ပြောလိုက်၏။

"ဟာ တကယ်ကြီး စကားမပြောတော့ဘူးလား။ မင်းက မဟိုက်ပါဘူးကွာ"

ပခုံးတစ်ဖက်ကို လက်သီးဆုပ်နဲ့ ခပ်ဆတ်ဆတ်လေး ထိုးချပစ်လိုက်တော့ ကျော်ကြီး မတ်တပ်ရပ်နေတာ ဟန်ချက်ပျက်သွား၏။ မျက်ရည်များစိုရွှဲနေသည့် မျက်နှာလည်း ခုမှပင် အပေါ်မော့လာသည်။ မျက်မှောင်ကြီးကျုံ့ပြီး ညီထက်ကို ပြန်ကြည့်နေ၏။

ဒါကိုပဲ ညီထက် ကျေနပ်သွားလျက် ကျော်ကြီးပခုံးနှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်ချက်စီ ဆက်တိုက်ထိုးတော့သည်။ အားနည်းနည်းလေးသာပါ သော လက်သီးထိုးချက်များပါ။ ခြေထောက်ကိုလည်း ခုန်ဆွခုန်ဆွ လုပ်နေ သေး၏။

လက်ဝှေ့ဟန်ရေးပြနေသော ကစားသမားတစ်ယောက် ဟန်ပန် အတိုင်း ဖြစ်သည်။

"ဟာ ပြန်ထိုးလေ၊ မင်းယောကျ်ားမဟုတ်ဘူးလား"

ပါးစပ်ကလည်း စိတ်မတိုတိုအောင် ဆွပေးနေပြီး ပြုံးဖြီးဖြီးမျက်နှာ နှင့် ခုန်ပေါက်နေသော ညီထက်ကြောင့် ကျော်ကြားမှာ မျက်ရည်များကြား က စိတ်ပျက်လက်ပျက် ရယ်မောမိ၏။ ညီထက် ရင်ဘတ်တည့်တည့်ကို လည်း လက်သီးတစ်ချက် ပစ်ထိုးထည့်လိုက်သည်။

"ဟား ဟား အဲဒီလို လုပ်ပါကွ၊ ယောကျ်ားဆိုတာ မငိုရဘူး အဲဒီလို လက်သီးထိုးရတယ်၊ ပြီးရင် ဟောဒီလို"

ပြောပြောဆိုဆိုပင် ကျော်ကြားထံသို့ အရှိန်နှင့်ပြေးဝင်လာသော ညီထက်။ သူ့ခြေထောက်များဖြင့် ကျော်ကြားကို ခုတင်ပေါ်တွန်းထိုးခွဲလှဲလိုက် ပြီး နပန်းလုံးတော့၏။

ဘယ်လိုမှ ထင်မှတ်မထားသော အပြုအမူနှင့် မျက်လုံးအပြူးသား နှင့် ရုန်းမရပြုမရ ကျော်ကြားအောက်မှ ဝိနေသည်။

"ဟာ ဒီကောင် မင်းတော်တော်ပျော့ပါလား။ နပန်းတောင် မလုံး တတ်ဘူးလား။ မပူနဲ့ မင်းကိုငါ ယောကျ်ားတို့တတ်အပ်တဲ့ပညာရပ်တွေ အားလုံး သင်ပေးမယ် ဟား ဟား"





ကျော်ကြား ရုန်းကန်နေသော်လည်း ညီထက် အားနဲ့ ဘယ်လိုမှ မမျှဘဲ ညီထက်လက်များထဲမှာ တစ်ကိုယ်လုံး ညှပ်ပိတ်မိနေသည်။ ဒါကိုပဲ ညီထက်က အားရကျေနပ်စွာနှင့် ကျော်ကြားကို ပိုလို့တိုးပြီး ဖက်လုံးပစ် လိုက်၏။

"ဟင်"

အားရပါးရ လုံးထွေးသတ်ပုတ်နေသော ညီထက်လက်များ တစ်နေ ရာမှာ ရပ်တန့်သွားသည်။ လူက အလိုလို မျက်လုံးပြူးသွား၏။ ရုန်းရကန်ရ လွန်းသောကြောင့် ချွေးများသီးစို့နေသည့် ကျော်ကြား မျက်နှာတစ်ခုလုံး မြန်းသွားသည်။

"မင်း မင်း"

မျက်လုံးအပြူးသားနှင့် ဇေကြောင်နေသော ညီထက် ရင်ခွင်တွင်း ကနေ ကျော်ကြား အတင်းကုန်းထလိုက်၏။ အပြေးတစ်ပိုင်းခြေလှမ်းများဖြင့် အခန်းထဲမှ အမြန်ထွက်ရန် ပြင်သော်လည်း ညီထက်က နောက်ကနေ လှမ်းဆွဲထားသောကြောင့် မအောင်မြင်လိုက်ပါ။

ညီထက်က ကျော်ကြားလက်များကို ဖမ်းဆွဲထားရုံသာမက အခန်း တံခါးကိုပါ လော့ချပိတ်ပစ်လိုက်သည်။ ညီထက်ကို မျက်နှာချင်းမဆိုင်ချင် သောကြောင့် ကျော်ကြား ခေါင်းကိုသာ တွင်တွင်ငုံ့စိုက်ထားမိ၏။

"မင်း မင်းက ဘာလဲ ကျော်ကြား"

ဒီတစ်ခါလည်း ကျော်ကြားတစ်ယောက် ပါးစပ်ကိုသာ တင်းတင်း ပိတ်ထားမိသည်။ ပြန်ဖြေစရာ စကားအစအန ရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုဖြေလေ၊ မင်းကဘာလဲလို့ ကျော်ကြား"

အံကိုတင်းတင်းကြိတ်ထားပြီး ညီထက် မေးသည်။ ကျော်ကြား လက်များကို ဖမ်းဆုပ်ထားသည့် ညီထက်လက်တွေက စိတ်လှုပ်ရှားမှုကြောင့် ပိုပိုတင်းကျပ်လာ၏။ နာကျင်မှုကြောင့် ကျော်ကြား မျက်နှာတစ်ခုလုံး ရှုံ့မဲ့လာသည်။

"ငါမေးနေတာဖြေလေ၊ မင်း မကြားဘူးလားကွ"

"ငါနာနေပြီ ညီထက်၊ မင်းလက်တွေကို လွှတ်ပေးပါတော့"

ငိုမဲ့မဲ့မျက်နှာနှင့် တောင်းဆိုနေသည့် ကျော်ကြားရဲ့နာကျင်မှုကို ညီထက် ဂရုမစိုက်ပါ။ ခုချိန်မှာ ညီထက် စိတ်တစ်ခုလုံး ရှုပ်ထွေးနေသည်။

"မင်း ငါတို့ကို လိမ်ထားခဲ့တာပေါ့လေ၊ ဟုတ်လား ဘာဖြစ်လို့လဲ အဲဒီလို ဘာဖြစ်လို့ လိမ်ထားတာလဲ၊ မင်း မင်းဟာယောက်ျားလေးတစ်ယောက်ပါဆိုပြီး ဘာဖြစ်လို့ ဟန်ဆောင်လိမ်ညာထားတာလဲ"

ကျော်ကြားဆီက ဝန်ခံစကားကို မရသေးခင်မှာဘဲ ညီထက် မအောင့်နိုင်စွာ ထုတ်မေးလိုက်မိသည်။ သူ ထိတွေ့လိုက်မိသည့် နူးညံ့ညင်သာသည့်အထိအတွေ့၊ ယောက်ျားတစ်ယောက်နဲ့ လားလားမှမသက်ဆိုင်သော ထိုအိစက်ညင်သာသည့် အထိအတွေ့ကို ညီထက် လက်များက ခုချိန်ထိ သေသေချာချာ အမှတ်ရနေသည်။

"ဟိတ်ကောင် တစ်ခုခုပြောဦးကွ၊ မင်းပါးစပ်ကြီးကို ခုမှ ဘာဖြစ်လို့ ပိတ်ထားတာတုံး"

ညီထက် စိတ်မထိန်းနိုင်တော့ဘဲ ဆုပ်ကိုင်ထားသော လက်များ



ကို အားကုန်ဆောင့်တွန်းပစ်လိုက်မိသည်။ ကြမ်းပြင်ပေါ်ကို အားမရှိသူတစ်ယောက်လိုပျော့ခွေလျက် ကျော်ကြား ပုံကျသွား၏။

"ငါ ငါတောင်းပန်ပါတယ် ညီထက်"

"ဒါဆို မင်းဝန်ခံတယ်ပေါ့ ဟုတ်လား"

"ငါ ဝန်မခံရင်ရော ရသေးလို့လား"

လောကကြီး ဘာတွေဖြစ်ကုန်တယ်ဆိုတာ ညီထက် လိုက်မမှီတော့။ သူတို့အိမ်မှာ အတူနေပြီး လက်ပွန်းတတီးရှိခဲ့သော သူငယ်ချင်းကောင်လေးတစ်ယောက်က နေ့ချင်းညချင်း မိန်းကလေးတစ်ယောက်အဖြစ် ပြောင်းလဲသွား၏။ ဒီအခြေအနေကို ပုံမှန်အနေအထား တည်ငြိမ်မှုရအောင် တည့်ဆောက်ဖို့ဆိုတာ သိပ်ကိုခဲယဉ်းလွန်းသွားပါပြီ။

"မင်းကွာ ဘာဖြစ်လို့ အဲဒီလို လုပ်ခဲ့တာလဲ၊ ငါတို့ကတော့ မင်းကို ယောက်ျားလေးတစ်ယောက်လို သဘောထားပြီး ခင်ခင်မင်မင် ပေါင်းသင်းခဲ့တာ"

"ငါတကယ်တောင်းပန်ပါတယ် ညီထက်ရယ်၊ ငါ့မှာလည်း မတတ်သာတဲ့အခြေအနေလေးတွေကြောင့် လုပ်လိုက်ရတာပါ"

"မဖြစ်သင့်ဘူးလေကွာ၊ အခု ဘယ်လိုလုပ်ကြမလဲ၊ ဘာဆက်လုပ်ကြမလဲ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်လည်း မကြည့်ရဲသောတာ နှုတ်ဆိတ်သွား၏။ ကျော်ကြားထံမှ ရှိုက်သံသဲ့သဲ့ကို ညီထက် ကြားနေရသည်။ သိပ်မကြာခင်မှာပဲ ယောက်ျားလေးတစ်ယောက်အမှတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ နပန်းဖက်လုံးခဲ့သည့် ကျော်ကြီးက ခုတော့ ကြမ်းပြင်မှာ အားအင်ကင်းမဲ့သူတစ်ယောက်လို ပျော့ခွေလျက် ရှိုက်ငိုနေသည်။

ယိုင်နဲ့နေသောကိုယ်ကို တည့်မတ်လိုက်ရင်း မျက်နှာပေါ်မှ မျက်ရည်များကို ကျော်ကြီး သုတ်လိုက်၏။ ညီထက်ကိုကြည့်လျက် စကားတစ်ခွန်းကို အားယူပြောသည်။

"ငါ မင်းတို့အိမ်ကနေ ခုပဲ ထွက်သွားပါ့မယ်၊ ငါ ထပ်ခါထပ်ခါ တောင်းပန်ပါတယ်၊ ငါ့ကြောင့်နဲ့ မင်းတို့ဆီမှာ ထင်မထားတာတွေ ဖြစ်ခဲ့ရတယ်၊ ငါထွက်သွားပေမယ့် မင်းတို့ကျေးဇူးကိုတော့ ဘယ်တော့မှ မမေ့ဘူးကွာ၊ ငါ့တစ်သက်မှာ မင်းတို့နဲ့သာ မဆုံဆည်းဖြစ်ခဲ့ရင် ဒီလိုမျိုး တစ်ယောက်ကိုတစ်ယောက်ထားတဲ့ သူငယ်ချင်းသံယောဇဉ်ဆိုတာမျိုးကို ခံစားခွင့်ရခဲ့မှာ မဟုတ်ဘူး"

ကျော်ကြီးအသံတွေ ဆို့နင့်နေသည်။ ဒီလောက် စကားအရှည်ကြီးပြောဖို့ကို သူ ဇော်တော်ကြိုးစားပမ်းစား အားယူလိုက်ရ၏။

ခုလို စကားမျိုး ကြားရပြန်တော့လည်း ညီထက်ရင်ထဲ ဘယ်လိုမှမကောင်း။ အခုတလော သူတို့အိမ်မှာ ထူးဆန်းတဲ့အဖြစ်အပျက်တွေ မကြာမကြာ ဖြစ်နေတတ်တယ်ဆိုပေမယ့် အခုကိစ္စကတော့ ဘယ်လိုမှကို မေ့ကြည့်နိုင်စရာ မျှော်လင့်မထားသည့်အဖြစ်သာ ဖြစ်သည်။ ဆူးခက်သော သိသွားရင်လည်း ဘာတွေဆက်ဖြစ်မယ် မသိ။

ညီထက် ငြိမ်သက်စွာ အတွေးကောင်းနေဆဲမှာပဲ ကျော်ကြီးက အခန်းထဲကနေ ထွက်သွားဖို့ ပြင်နေပြီ။ အတွေးတွေကို လက်စသတ်လျက်





ကျော်ကြီး လက်များကို ဖမ်းဆွဲရပြန်သည်။

"မင်းဘယ်သွားမလို့လဲ"

"မင်းတောင် သိသွားမှတော့ ငါ ဆူးခက်ကိုလည်း ဖွင့်ပြောပြလိုက်တော့မယ်၊ ပြီးရင် မင်းတို့ဆီကနေ အခုပဲ ငါထွက်သွားပေးပါ့မယ်"

"ကျစ်"

ညီထက် စိတ်မရှည်သလို စုပ်တစ်ချက်သပ်သည်။

"မင်းကို ဘယ်သူက ဒီအိမ်ကနေ ထွက်သွားခိုင်းနေလို့လဲ၊ ငါ အခုချိန်ထိ ပြောလာတဲ့စကားတွေထဲမှာ မင်းကို အိမ်ကထွက်သွားပေးရမယ် ဆိုတာမျိုး ပါလို့လား ကျော်ကြီး"

"မပါပေမယ့် မဖြစ်သင့်တော့တဲ့ အခြေအနေတစ်ခုမှာ ငါ့ဘက်ကလည်း အလိုက်သိပေးရမှာပေါ့"

အားနဲ့အင်နဲ့ ဖမ်းဆုပ်ဆွဲထားမိသော ကျော်ကြီးလက်များကို ညီထက် ခပ်ဖွဖွလေး ဖြေလျှော့ကိုင်ထားခြင်းအဖြစ် ပြောင်းလဲလိုက်သည်။ မကြည့်ရက်နိုင်ခြင်းတွေနဲ့ ပြည့်နှက်နေသော မျက်နှာကိုလည်း အပြုံးနုနုလေးဖြင့် အစားထိုးလိုက်၏။

"မင်း ဘယ်ကိုမှသွားဖို့မလိုဘူး ကျော်ကြီး"

နဂိုတည်းက ဝိုင်းဝိုင်းလေးရှိနေသော ကျော်ကြီးမျက်ဝန်းများဟာ ညီထက် ထအံ့တသြ ငေးကြည့်လိုက်သည့် အချိန်များမှာဆိုရင် ပြူးပြူးလေး ဖြစ်သွားသည်။

"ငါတို့ထင်ခဲ့သလို ယောကျ်ားလေးတစ်ယောက်မဟုတ်ဘဲ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ဖြစ်နေတဲ့အတွက်ကို မင်းကို ဘယ်မှမသွားစေချင်တော့တာ"

"ဪ"

"ဘာမှပြောမနေပါနဲ့တော့၊ လောလောဆယ်တော့ ဆူးခက်ကို မပြောပါနဲ့ဦး"

"ဘာဖြစ်လို့လဲ"

"သူ သိသွားရင် တော်ကြာ ငါ့ဆုံးဖြတ်ချက်ကို လိုက်ကလန်ကဆန်လုပ်ပြီး မင်းကို နှင်ထုတ်မှာစိုးလို့လေ"

"သူက မင်းလိုမဟုတ်ပါဘူး။ နူးညံ့ပါတယ်"

တည်တည်ငြိမ်ငြိမ် ပြောနေသော ညီထက် မျက်နှာကြီး ချက်ချင်းပင် ပျက်ကျသွားသည်။ ဆူးခက်က သူ့လိုမဟုတ်ဘူး။ နူးညံ့တယ်ဆိုတော့ သူက ဘာဖြစ်နေလို့တုံး။ လူကြမ်းကြီးတစ်ယောက် ဖြစ်နေခဲ့လို့လား။

အဆောင်မှာ အဆင်မပြေတုန်းကလည်း သူပဲ ဒီအိမ်ကို ခေါ်လာခဲ့တာ၊ အခုလည်း အိမ်က ထွက်သွားဖို့လုပ်နေတာကို သူကပဲ တားမြစ်နေခဲ့ရတာ၊ ဒါတောင် ညီထက်ဆိုတဲ့ကောင်က လူကြမ်းကြီးအဖြစ် မြင်စရာကောင်းနေသေးတာလား။

"ငါက ဘာဖြစ်နေလို့လဲ"

"မင်းက ဘာမှတော့မဖြစ်ပေမယ့် ဆူးခက်ထက်စာရင် ပိုစိတ်တိုဒေါသကြီးတယ်"

"ဪ ဒီလိုဆို မင်းက ငါ့ထက် ဆူးခက်ကို ပိုခင်ခဲ့တာပေါ့





ဟုတ်လား"

ကျော်ကြားကို ခုနက ယောက်ျားတစ်ယောက်အဖြစ် သိထားသည့် ခံစားချက်နှင့် အခုလို မိန်းကလေးအဖြစ် ပြောင်းလဲသိရှိလိုက်ရသည့် ခံစားချက်က သိသိသာသာကို ကွဲပြားသွားတာ ကိုယ့်ဘာသာ အံ့ဩနေမိသည်။ ပြီးတော့ ရယ်သည်းရယ်ချင်ဖွယ်။

"ဘယ်သူ့ကို ပိုခင်ခဲ့တယ်ဆိုတော့ မရှိပါဘူး။ ငါထင်တာကို ပြောပြတာပါ"

ညီထက် ကျော်ကြားကို မျက်စောင်းထိုးပစ်လိုက်သည်။ ငိုထားသောကြောင့် မို့အစ်နေသည့် ကျော်ကြားမျက်နှာပေါ် အပြုံးတစ်ခု ထင်ဟပ်သွားသည်။ ဟိုအရင်တည်းက ကျော်ကြား ရယ်လိုက်ပြုံးလိုက်တိုင်း ညီထက် သတိထားမိခဲ့သည့် ခံစားချက်တစ်ခုက ဒီကောင်ဟာ တော်တော်ချောပြီး ရယ်လိုက်တာနဲ့ မိန်းကလေးတွေ ကြွေချင်စရာကောင်းလောက်အောင် ဆွဲဆောင်နိုင်မှာ သေချာတယ်ဆိုတဲ့ ခံစားချက်။

ခုတော့ အဲဒီခံစားချက်အစား ရယ်လိုက်ပြုံးလိုက်ရင် ချစ်ဖို့ကောင်းသည့်ကောင်မလေးပါလားဆိုတဲ့ ရယ်စရာခံစားချက်တစ်ခုက အစားထိုးဝင်ရောက်သွားသည်။

"ဒေါက် ဒေါက်"

"ဆူးခက်လား"

"အေး ဟုတ်တယ်"

အခန်းပြင်မှာ ဆူးခက်အသံကြားသည်နှင့် အထဲကနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းယောက်ယက်ခတ်သွားသည်။ ကျော်ကြားက မျက်ရည်စများကို လုံးဝကုန်စင်အောင် လက်ခုံဖြင့် သေချာပွတ်သုတ်ချပစ်လိုက်သည်။ ဒါပေမဲ့ နီရဲနေသော မျက်ဝန်းများကို ဆူးခက် မြင်ရင်တော့ ငိုထားမှန်း တန်းသိသွားမှာ သေချာ၏။

"ဘာဖြစ်လို့လဲ"

"မင်း မအိပ်သေးဘူးလား"

"အခု အိပ်တော့မှာ"

ညီထက် အခန်းတံခါးကို မဖွင့်ပေးဘဲ အတွင်းနဲ့အပြင် အော်ပြောနေ၏။

"ကျော်ကြားရော ဒီကောင် သူ့အခန်းထဲမှာလည်း မတွေ့ဘူး"

ဒီတစ်ခါတော့ ကျော်ကြား လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ငိုထားတဲ့မျက်နှာကြီးကို ဆူးခက်အား မမြင်မတွေ့စေချင်။

"အေး ဟုတ်တယ်၊ ကျော်ကြားက အိပ်တောင်ပျော်နေပြီ၊ ငါ့ကို အတင်းလာတောင်းပန်ပြီး အခန်းထဲမှာ ဝပ်ကုပ်အိပ်တာလေ"

"ဪ အေး အိုကေရင် ပြီးတာပဲ၊ ငါက မင်းကြောင့်နဲ့ ဒီကောင် စိတ်ညစ်ပြီး အပြင်တွေလျှောက်ထွက်နေမှာစိုးလို့မေးတာ"

"အေး အေး ဘာမှမဖြစ်ဘူး။ အားလုံး အိုကေတယ်"

အခန်းရှေ့ကနေ ဆူးခက် ပြန်ထွက်သွားသည်။ ခြေသံကြားမှ ကျော်ကြားမှာ သက်ပြင်းလေး မသိမသာ ချရ၏။

"ကဲ ဆူးခက်လည်း အခန်းပြန်သွားပြီ၊ မင်းအကြောင်းလေး





ငါ့ကို ပြောပြစမ်းပါဦး"

ခုတင်ထက်မှာ နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ရင်း ညီထက်က စကားစ၏၊ ကျော်ကြားလည်း ဒုတိယမြောက် သက်ပြင်းလေးချရင်း

"ငါပြောပြပါ့မယ်"

တိတ်ဆိတ်နေသော အခန်းလေးထဲမှာ ကျော်ကြားအသံကတော့ လွှမ်းမိုးထား၏။

"ငါ့နာမည်က မေထင်ကျော်ကြား"

"ဟား ဟား နာမည်ကတော့ တကယ့်အမိုက်စားပဲနော်"

"ဘာလဲ လှောင်တာလား၊ အဲဒါ ငါ့အဖေကိုယ်တိုင် မှည့်ထားတဲ့ နာမည်၊ အင်းလေ ပြောမယ့်သာပြောတာပါ မေမေ ကိုးကွယ်တဲ့ဆရာတော်ကြီးက ဒီနာမည်လေးကောင်းတယ်မှည့် ဆိုတဲ့ ဆုံးဖြတ်ချက်ရလို့ ငါ့ကိုမှည့်ခဲ့တာပါလေ၊ ထားပါ ဒါတွေက ဒီလောက် အရေးမကြီးပါဘူး"

"ဒါဆို အရေးကြီးတာက ဘာလဲ"

"မင်းဖြတ်ဖြတ်မမေးနဲ့ ငါပြောမှာပေါ့"

"ဟဟ ငါတို့နဲ့ပေါင်းပြီး မင်းတောင် လွယ်လွယ်စိတ်တိုတတ်လာပြီနော်"

ဒီတစ်ခါတော့ ကျော်ကြားက မျက်စောင်းတစ်ချက်နဲ့သာ ညီထက်ကို ထိုးပြန်လိုက်၏။ ပြီးမှ စကားကိုရှေ့ဆက်သည်။

"ငါက ငယ်ငယ်တည်းက ကျန်းမာရေးတော်တော်ချို့တဲ့တယ်၊ အဲဒီတော့ မေမေက ငါ့ကို ကိုယ်ခံအားကောင်းအောင်ဆိုပြီး အားရှိမယ့်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တွေရှည်းကျွံးတဲ့အငြင် ယောက်ျားလေးတစ်ယောက်လိုပဲထားတာ၊ ယောက်ျား တစ်ယောက်လို စိတ်ဓာတ်သန်မာစေချင်တဲ့သဘောနဲ့ပေါ့''

''ဪ''

''ငါလည်း ငယ်ငယ်တည်းက မိန်းမဆန်ဆန် မနေခဲ့ဖူးတဲ့အပေါ်မှာ ဒီအသက်ဒီအရွယ်ထိ ယောက်ျားတစ်ယောက်လိုပဲ ကျင့်သားရလာခဲ့တယ် ဒါပေမဲ့ ငါ့ကိုယ်ငါ မိန်းကလေးဆိုတာတော့ ဘယ်တော့မှ မမေ့ခဲ့ပါဘူး မေ့လည်း မမေ့ခဲ့သလို ခေါင်းထဲမှာလည်း သတိတရ ရှိမနေဘူးဆို ပိုမှန် လိမ့်မယ်''

''အင်း''

''ဪ''တွေ ''အင်း''တွေ လိုက်ရင်းဖြင့် ညီထက်က စိတ်ဝင် တစား နားထောင်နေသည်။

''အဲ ပြဿနာက ပြီးခဲ့တဲ့ ငါ့ရဲ့ဆယ့်ကိုးနှစ်ပြည့်မွေးနေ့မှာ စတာ လေ၊ အဲဒီမွေးနေ့တည်းက ငါဖျားလိုက်တာ၊ အကြီးအကျယ်ပဲ ငယ်ငယ်တည်း ကလည်း အဲဒီလို ငါနေမကောင်းဖြစ်ရင် ငါ့မေမေက ဆေးရာဝန်နဲ့လည်း ပြ တယ်၊ ပြီးတော့ ကိုးကွယ်တဲ့ဆရာတော်နဲ့လည်း ပြတယ်၊ ဒီတစ်ခါ ငါဖျား တော့ ဘယ်ဆေးရာဝန်မှ ကုလို့မရတော့တာကို ဆရာတော်ပေးတဲ့ ရေမန်းတွေ ဗမာဆေးတွေနဲ့ ငါ သက်သာလာတာ''

ကျော်ကြားက စားပွဲပေါ်မှ ရေသန့်ဘူးကိုလှမ်းယူပြီး တစ်ငုံစာ မော့သောက်လိုက်သေးသည်။ ပြီးမှ ဆက်ပြော၏။

''ဒီတစ်ခါ ငါသက်သာလာပေမယ့် ငါ့မေမေက မျက်နှာမ





ကောင်းဘူး။ နောက်မှ ငါသိလိုက်ရတာက အသက်နှစ်ဆယ်မကျော်ခင်မှာ ငါ့ကိုအိမ်ထောင်ချပေးလို့ လုံးဝမရဘူးလို့ ဆရာတော်က မိန့်လိုက်တယ်တဲ့''

''အဲဒါကို မင်းအမေက ဘာလို့ မျက်နှာမကောင်းတာလဲ''

''ဘာဖြစ်လို့ မကောင်းတာလဲဆိုတော့ ငါ့အဖေက ငါ့ကို အိမ်ထောင်ချပေးဖို့ အသည်းအသန်စီစဉ်နေတာကိုး။ ငယ်ငယ်တည်းက ငါ ယောက်ျားလေးတစ်ယောက်လို နေနေတာကို ငါ့အဖေက လုံးဝသဘောမကျဘူးလေ၊ ဖြစ်နိုင်ရင် ငါအပျိုစဖြစ်တည်းကတောင် ယောက်ျားပေးစားပစ်လိုက်ချင်နေတဲ့ပုံ၊ ပြီးတော့ နောက်ထပ်တစ်ခုက ဆရာတော်ပြောခဲ့တဲ့စကားတွေကို ဖေဖေက လက်မခံဘူး။ ဘုရားသားတော်တစ်ပါးကို စော်ကားတာမဟုတ်ပေမယ့် အသက်နှစ်ဆယ်မကျော်ခင် အိမ်ထောင်ချပေးရင် ငါ့ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်မယ်ဆိုတာမျိုးကို ဖေဖေက လုံးဝလက်မခံဘူး၊ ငါ့အဖေက နည်းနည်းလက်တွေ့ဆန်တဲ့လူစားမျိုးလေ၊ နေပြန်ကောင်းသွားတည်းက စပြီး ယောက်ျားလေးဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ယူလာပြတော့တာလေ၊ ငါ့ကိုအမြန်ဆုံး အိမ်ထောင်ချပေးနိုင်ရေးက ငါ့အဖေအရေးပဲ''

''ဒါနဲ့ မင်းက အိမ်ကနေ ထွက်ပြေးလာတယ်ပေါ့ ဟုတ်လား''

''အေး ဟုတ်တယ်''

ကျော်ကြားအဖြစ်ကလည်း ရယ်ရခက် ငိုရခက်မို့ ဘာမှတ်ချက် ပြန်ပေးရမယ်မှန်းပင် ညီထက် တွေးမရ၊ အခုလောက်ဆိုရင် ကျော်ကြား မိဘတွေ တစ်နေရာရာမှာ လိုက်ရှာနေမှာ ကျိန်းသေပါသည်။

''ဒါနဲ့ဆရာတော်က ဘာဖြစ်လို့ မင်းကို အသက်နှစ်ဆယ်မကျော်



www.burmeseclassic.com

www.burmeseclassic.com



ခင် အိမ်ထောင်မပြုနိုင်ႏတာလဲကွ”

ခုနတည်းက မရှင်းလင်းသောအချက်ကို ညီထက် သတိထ

မေးလိုက်သည်။

“အတိအကျတော့ ငါ့ကို ပြန်မပြောပြကြဘူးကွ၊ ငါ့ကျန်းမာရေး

ကြောင့်လို့တော့ ပြောတာပဲ”

“ဟာကွာ ကျန်းမာရေးကြောင့် အိမ်ထောင်မပြုရဘူးဆိုတာမျိုး

ငါဖြင့် မကြားဖူးပါဘူး”

“အေးလေ အဲဒါကြောင့်လည်း ငါထွက်ပြေးလာခဲ့တာပေါ့”

“မင်းမိဘတွေကတော့ ခေါင်းမီးတောက်နေတော့မှာပဲနော်”

“အင်း ငါထွက်လာတာလည်း ငါးလလောက်တောင် ရှိနေပြီလေ”

ကျော်ကြီးက အဝေးတစ်နေရာကိုငေးရင်း ခပ်လေးလေး ပြော

သည်။ သူ့မိသားစုကို သတိရနေတာနဲ့ တူပါရဲ့လေ။

■ ■ ■

အခန်း (၈)

“မနက်ဖြန်ကျရင် ကျွန်တော့်မေမေဆုံးတာ ဆယ်နှစ်ပြည့် တရား

...ရှိပါတယ်၊ ဒီက မထားစံနန်းနဲ့ခင်ပွန်းတို့လည်း ကြွခဲ့ဖို့ ဖိတ်ခေါ်ပါတယ်

...ဗျ”

အပြုံးလေးဖြင့် ရည်ရည်မွန်မွန် ဖိတ်ကြားနေသော ဆူးခက်ကို

...စံနန်းက အအေးတစ်ခွက်နှင့်ညှိခံ၏။

“အားနာစရာကြီးဗျာ”

“ရပါတယ် မောင်လေးရဲ့၊ အအေးလေးတစ်ခွက်က အပန်းမကြီး

...ဘူး”

“ဒါနဲ့ ကိုနောင်ရဲဝေလည်း မမြင်ပါလား”

“အင်း သူက နေ့လယ်နေ့ခင်းဆို တစ်ရေးတစ်မောအိပ်လေ့ရှိတယ်

...”



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဟုတ်ကဲ့ဗျ၊ မနက်ဖြန် အတူတူကြွခဲ့ကြပါနော်"

"အင်း အစ်မကတော့ လာဖြစ်မှာပါ၊ သူကတော့ ဘာအလုပ်

တွေပေါ်လာဦးမယ်မသိတော့ မသေချာသေးဘူးကွယ်"

"ဒါဆိုလည်း ရပါတယ်ဗျာ၊ တတ်နိုင်တဲ့သူသာ လာဖြစ်အောင်

လာခဲ့ပေးပါနော်"

ထားစံနန်းမှာ ဆွေးခက်နှင့် စကားပြောနေရသော်လည်း တစ်ခုခု

မေးချင်နေသလို စိတ်လှုပ်ရှားနေပုံရ၏။ ဆွေးခက်ကတော့ ကျော်ကြား

ပတ်သက်တာတွေ မေးလာတော့မလားလို့ သံသယလေးဖြစ်မိသည်။ ဆွေး

ခက် သံသယပင်မဆုံးလိုက်ပါ။ ထားစံနန်းထံမှ မေးခွန်းတချို့ ထွက်လာ

၏။

"ဟိုတစ်နေ့ကတစ်ယောက်ကို မမြင်မိတာတောင် တော်တော်

ကြာပြီ"

"ဪ ဟုတ်တယ်၊ သူက အလုပ်လုပ်နေပြီလေ၊ ဒါကြောင့်

မနက်ပိုင်းဆို သူ့ကိုမမြင်ရတာ"

ထားစံနန်းက အပြုံးလေးနဲ့ ခေါင်းတညိတ်ညိတ် နားထောင်သည်

သူမထံမှာ ပြောချင်တဲ့စကားတွေ ဒီထက်မက ရှိနေသေးတာ ဆွေး

ရိပ်မိ၏။

"အစ်မလေ သူ့အကြောင်းလေးတွေ သိခွင့်ရရင် သိချင်

ကွယ်"

"သူ့နာမည်က ကျော်ကြားပါ၊ နယ်ကနေ အဆောင်နေပြီး



လာလုပ်တာ၊ လောလောဆယ်တော့ ကျွန်တော်တို့က သူ့ အကုန်အကျ

သက်သာအောင် အိမ်မှာခေါ်ထားတယ်ပေါ့ဗျာ"

အိမ်ထောင်ပြုရမှာစိုးလို့ အိမ်က ထွက်ပြေးလာတယ်တွေဘာတွေ

မပြောတော့ဘဲ ယုတ္တိရှိအောင်သာ ဆွေးခက် လိမ်လည်လိုက်၏။

"ဪ မောင်လေးတို့က သူငယ်ချင်းကို တော်တော် သံယောဇဉ်

ကြီးတယ်နော်"

"ဆိုပါတော့ဗျာ၊ ကျွန်တော်တို့မှာကလည်း ဒီညီအစ်ကိုနှစ်ယောက်

အပြင် တခြားရင်းရင်းနှီးနှီး၊ ခင်တွယ်ရမယ့် ဆွေမျိုးရင်းချာဆိုတာ မရှိဘူး

လေ၊ ဒါကြောင့် သူငယ်ချင်းမက်တယ်"

ဒီနေ့လည်း ထားစံနန်းက အညိုရောင်ချည်သားပွပွလေးကို အိမ်

မှာနေရင်း ပေါ့ပေါ့ပါးပါး ဝတ်ထား၏။ ခေါင်းလျှော်ပြီးစ ရှန်ပူနံ့သင်းကျန်နေ

သေးသည့် ဆံနွယ်ရှည်များကိုတော့ နောက်ဘက်မှာ ဒီတိုင်းဖြန့်ချထားသည်။

အမြဲလိုလို ဆံပင်ရှည်များကို ထုံးဖွဲ့ထားတတ်သော အမျိုးသမီးက ဒီနေ့လည်း

ဖားလျားချထားသော ဆံပင်များဖြင့် တစ်မျိုးတစ်မည် လှနေပြန်သည်လို့

ဆွေးခက် မှတ်ချက်ချလိုက်၏။

သူမရဲ့မျက်ဝန်းဝိုင်းဝိုင်းများကိုကြည့်ရင်း ဆွေးခက် တစ်စုံတစ်ခုကို

သတိရသွားသည်။

"ဒါနဲ့လေ အစ်မကို ကျွန်တော် တစ်ခုလောက်မေးချင်တယ်"

"မေးလေ မောင်လေး"

"အစ်မတို့ခြံထဲမှာ အညိုရောင် တယ်ရီယာခွေးလေးတစ်ကောင်

www.burmeseclassic.com



များ မွေးထားလားလို့ပါ"

ဆူးခက် မေးခွန်းအဆုံး၌ ထားစံနှန်းမျက်နှာက ကယောင်ချောက်ချားပုံမျိုး ယောက်ယက်ခတ် ပျက်ကျသွားသည်။ ဟန်ဆောင်ပန်ဆောင်ပင် မထိန်းသိမ်းလိုက်နိုင်။

"ဘာ ဘာဖြစ်လို့လဲ မောင်လေး"

"ဪ ဒီလိုပါဗျာ၊ တစ်ည ကျွန်တော်တို့ခြံထဲကို အဲဒီခွေးလေး လမ်းမှားဝင်လာတယ်နဲ့ တူပါတယ်၊ ကျွန်တော်တို့က မနက်ကျ ပိုင်ရှင်ပြန်ရှာပြီး ပို့ပေးမယ်လို့ ရည်ရွယ်ချက်နဲ့ အိမ်ရှေ့ဆင်ဝင်အောက်မှာ သံကြိုးနဲ့ ချည်ထားခဲ့တာလေ၊ မနက်မိုးလင်းတော့ မရှိတော့ဘူးဗျာ၊ ခွေးလေးက ချစ်စရာလေးမို့ ကျွန်တော်တို့ မှတ်မိနေတာလေ၊ ပိုင်ရှင်ဆီမရောက်ဘဲ တခြားမကောင်းတဲ့လူတွေလက်ထဲရောက်မှာ စိုးရိမ်နေမိတာ၊ ပြီးတော့ အရင်တုန်းကလည်း အဲဒီခွေးလေးကို ရပ်ကွက်ထဲမှာ မမြင်ဖူးဘူး။ ဒါကြောင့် အစ်မတို့များ မွေးထားတာလားလို့ မေးကြည့်တာပါ"

"အဲဒီ အဲဒီခွေးလေးကို မင်းတို့နောက်ထပ်ကို ပြန်တွေ့ကြသေးလား"

"ဟင့်အင်း ထပ်မတွေ့ဖြစ်ပါဘူး အစ်မ"

အဲဒီကိစ္စပြီးနောက်ပိုင်း ညီထက် အရက်တွေ့မူးလာတဲ့ တစ်ညတုန်းက ဒီခြံထဲမှာ အဲဒီခွေးလေးကို ထပ်တွေ့လိုက်တယ်ဆိုတဲ့ အချက်ကိုတော့ ဆူးခက် ထည့်မပြောဖြစ်တော့ပါ။ ဘာကြောင့် ထည့်မပြောဖြစ်လိုက်တယ်ဆိုတာကိုလည်း ကိုယ့်ဘာသာတောင် နားမလည်နိုင်။ ဒီတိုင်း မပြောချင်လို့





ကို မပြောလိုက်ခြင်းသာ ဖြစ်၏။

"ဪ ဟုတ်လား။ ဒီလိုဆို တခြားရပ်ကွက်ကနဲ့ တူပါတယ်ကွာ၊ အစ်မတို့ကတော့ ခွေးမမွေးဖြစ်ပါဘူး"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်ကလည်း ကြုံလို့မေးကြည့်တာပါ"

"ရပါတယ် မောင်လေးရယ်"

■ ■ ■

"အိမ်မှာ အလှူလုပ်မယ်ဆိုတော့ ဦးဘိုကြိုက်တဲ့ အသားဟင်းတွေ စိတ်ကြိုက်စားရတော့မှာပေါ့"

ခြံထဲမှာ ပန်းအိုးတွေ ရွှေ့ပြောင်းနေသော ဦးဘိုကို ကူညီလုပ်ကိုင်ပေးရင်း ကျော်ကြားက ရယ်ရယ်မောမောပြောလိုက်တော့ ဦးဘို မျက်နှာကြီးက မှိုရသလို ပြုံးဖြီးဖြီးကြီး ဖြစ်သွားသည်။

"ဟာ မင်းဘာတွေလုပ်နေတာလဲ ကျော်ကြား"

"ပန်းအိုးတွေ ရွှေ့နေတာလေ"

ပန်းအိုးအလေးကြီးတွေကို ဟိုမ ဒီမလုပ်နေသော ကျော်ကြားကို မြင်သည်နှင့် ညီထက်က မျက်လုံးပြူးမျက်ဆန်ပြူး ဝင်ပြောသည်။

"ဘာဖြစ်လို့လဲ ညီထက်"

"မင်းလုပ်ဖို့ မလိုပါဘူးကွာ၊ ဒီပန်းအိုးတွေက အလေးကြီးကွ"

"ဟာ ဘာဖြစ်တုံး။ ငါနိုင်ပါတယ်"

"ငါ အပေါ်ထပ်ကနေ လှမ်းတွေ့လိုက်လို့ ဆင်းလာတာ၊ မင်းက ခင်းလုပ်နေတော့ ဦးဘိုက သက်သောင့်သက်သာလေး အချောင်လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလေ''

"အာ မင်းကလည်း၊ သူက အသက်ကြီးနေပါပြီကွာ၊ ငါတို့လူငယ်တွေက ပိုလုပ်ရမှာပေါ့"

"မလိုပါဘူး ငါတို့လို ယောကျ်ားတွေတောင် မလုပ်တာကို"

မျက်မှောင်ကြီးကျုံ့ပြီး ပြောနေသော ညီထက်ကို ကျော်ကြား ငေးကြည့်နေမိသည်။ ကျော်ကြားကို မိန်းကလေးတစ်ယောက်လို့ သိပြီး တည်းက ညီထက်တစ်ယောက် အရင်လိုမဟုတ်တော့ဘဲ အချိုးတွေ ပြောင်းလဲနေသည်။ အရင်က လက်ပွန်းတနီးနှင့် တန်းတူနေထိုင်ခဲ့သော်လည်း ခုတော့ အဲဒီလိုမဟုတ်။

ခုပဲကြည့်လေ ဦးဘိုကို ခြံကူရှင်းပေးသည့်ကိစ္စက အရင်ကလည်း ကျော်ကြား ကူညီပေးနေကျဖြစ်ပေမယ့် ခုတော့တားမြစ်ခြင်းတွေ လုပ်လာပြီ။

"မင်းက ငါ့ကို မိန်းကလေးတစ်ယောက်လို့ မြင်နေတာလား"

"မင်းက မိန်းကလေးတစ်ယောက်ပဲလေ၊ မိန်းကလေးတစ်ယောက်လို့ ငါမြင်တာ မှားလား"

"ဟင့်"

ကျော်ကြား ဘာဆက်ပြောရမှန်း မသိသောကြောင့် သက်ပြင်းသာချမိသည်။

"ဒေါ်မြ တခြားနေရာတွေ သန့်ရှင်းရေးလုပ်နေတုန်း ဘုရားခန်းတော့ ဦးဘို ဝင်ရှင်းပေးပါလားဗျာ"





စကားပြောရင်းတန်းလန်းနှင့် ဦးဘိုဘက်လှည့်ပြီး ညီထက်က တစ်မျိုးပြောင်းဆိုင်းသည်။ ဒါပေမဲ့ ညီထက် စကားကိုကြားလိုက်တဲ့အချိန်မှာ ခုနက ပြုံးနေသော ဦးဘိုမျက်နှာက ချက်ချင်းပင် အရောင်ပြောင်းသွား၏။ တစ်စုံတစ်ခုကို တော်တော်ကြီး ကြောက်ရွံ့တုန်လှုပ်သွားသည့် အမူအရာမျိုး။

ခေါင်းတခါခါ လက်တခါခါနှင့် တစ်နေရာရာကို လှည့်ထွက်သွားတော့မည့်ဟန်ပြင်သည်။ တစ်ခါမှ ဒီလို ကလန်ကဆန်မလုပ်ဖူးသော ဦးဘိုရဲ့ ထိုအပြုအမူကြောင့် ညီထက်ပင် ကြောင်တောင်တောင် ဖြစ်သွား၏။ သူ ဘာစကားများ မှားပြောမိလို့လဲ။

"ဦးဘို ဘာဖြစ်တာလဲ"

ဦးဘို ပခုံးကို လှမ်းကိုင်လိုက်သည့် ညီထက်လက်များအား အတင်းအားကုန်တွန်းထုတ်လိုက်ပြီး ခြံနောက်ဘက်သို့ ခပ်သုတ်သုတ်ပြေးဝင်သွားသည်။ အားရှိပါးရှိ တွန်းထုတ်လိုက်ခြင်းမို့ ညီထက်ပင် တစ်ဖက်သို့ ယိုင်နဲ့ကျသွား၏။

"ညီထက် ညီထက်"

ကျော်ကြားက လက်တစ်ဖက်ကို ပြေးထူပေးသည်။ အဖြစ်အပျက်တွေက ဘာတွေလဲဆိုတာကို ညီထက် မစဉ်းစားတတ်တော့။ ဦးဘို ဘာဖြစ်သွားတာလဲ။

"မင်းထိသွားသေးလား"

"ဘာမှမထိပါဘူး။ သူ ပြန်တွန်းလိုက်လိမ့်မယ် မထင်တော့ ငါ ချော်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘိုက ဘာဖြစ်သွားတာလဲ မသိဘူးနော်"

"ငါလည်း တော်တော်အံ့ဩမိတယ်၊ သူ ဘာဖြစ်သွားတာလဲ"

"အေးလေ မင်းက ဘုရားခန်းလေး ရှင်းခိုင်းတာနဲ့ သူ ဒီလောက်ထိ ရှပ်ပျက်ဆင်းပျက်ဖြစ်သွားစရာ အကြောင်းမှမရှိဘဲ"

"ဟူး စိတ်ပျက်စရာပဲ"

ဖွန်ပေသွားသော ပုဆိုးကို လက်နှင့်ပုတ်ခါလိုက်ရင်း ညီထက်တကာယ်ကို စိတ်ပျက်လက်ပျက် ရေရွတ်မိသည်။ သူတို့အိမ်မှာ ဖြစ်ပျက်နေတာတွေက ပုံမှန်မဟုတ်တော့ဘဲ တစ်ခုခုမဟုတ်တာတွေ ဖြစ်နေတာတော့ ကျိန်းသေနေပါပြီ။ ဒီကိစ္စတွေကို ဘယ်လိုဖော်ထုတ်ရမယ်ဆိုတဲ့အတွေးသာ ညီထက် ခေါင်းထဲမှာ ပြည့်နှက်နေ၏။

■ ■ ■



## အခန်း (၉)

ဒီနေ့မနက် အိပ်ရာကနိုးတာနှင့် မိုးဖွားလေးတွေကျနေသောကြောင့် တစ်နေ့လုံး ဘယ်မှမထွက်ဘဲ အိမ်တွင်းအောင်းရန် သုံးယောက်လုံး ခေါင်းညိတ်သဘောတူလိုက်သည်။ အိမ်ထဲမှာအောင်းပြီး သီချင်းနားထောင်မည်။ ဇိမ်ကစားမည်။ စားမည်။ သောက်မည်။ အိပ်မည်။

"မင်းလည်း အလုပ်ပိတ်တော့ မိုက်သွားတာပေါ့"

တနင်္ဂနွေနေ့မို့ ကျော်ကြားလည်း အလုပ်မသွားရပါ။ သုံးယောက်သား စုံစုံညီညီရှိနေတာမို့ ဒေါ်မြကလည်း မုန့်တစ်ခုခုလုပ်ကျွေးရန် အိမ်နောက်ဖေးမှာ ပြင်ဆင်နေ၏။

"ကျော်ကြားရေ ငါတို့အခွေကြည့်ရအောင်"

"အေး ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှ လှမ်းအော်ခေါ်လိုက်သော ဆူးခက်အသံကြောင့် ညီထက်နဲ့စကားထိုင်ပြောနေရာကနေ ကျော်ကြား ထသွားရန်ပြင်သည်။

"ဘယ်သွားမလို့လဲ၊ ငါတို့ဒီမှာ စကားပြောနေတာကို"

"ဆူးခက် ခေါ်နေတယ်လေ၊ မနေ့က supernatural အပိုင်းသစ် သူဝယ်ထားတယ်လို့ ပြောတယ်"

"အဲဒီတော့"

"အဲဒီတော့ အခု သူ့အခန်းထဲမှာ သွားကြည့်မလို့လေ"

"ဟာ မင်းက သူနဲ့နှစ်ယောက်တည်း အခန်းထဲမှာ သွားကြည့်မယ်ဆိုတာ ဖြစ်သင့်လို့လား"

ညီထက် ပြူးပြူးပျာပျာ တားမြစ်ပြန်သည်။

"အရင်တုန်းကလည်း ကြည့်နေကျပဲကွာ"

"အရင်တုန်းကကြည့်တယ်ဆိုတာက မင်းကို ငါတို့နှစ်ယောက်လုံးက ယောကျ်ားလေးလို့ထင်နေကြတာလေ၊ အခုဟာက မင်းကမိန်းကလေးပဲ"

"မင်းကတော့ကွာ ငါ့ကိုတစ်ချိန်လုံး မိန်းကလေး မိန်းကလေးဆိုတာချည်းပဲ ထည့်ထည့်ပြောနေတော့မှာလား"

ကျော်ကြား စိတ်တိုလာပုံနှင့် ညီထက်ရှေ့မှာ ခါးလေးထောက်ရပ်လျက် ဘုကြည့်ကြည့်လိုက်သည်။

"မင်းက မိန်းကလေးမို့လို့ မိန်းကလေးလို့ပြောတာပေါ့"

"ဟောကြည့် ပြောနေရင်းနဲ့ကို မင်းက ပိုပိုလွန်လာတာ"





"အဲဒီတော့ ဘာဖြစ်"

ညီထက် စကားမဆုံးသေးခင်မှာပဲ ဆိုဖာပေါ်တင်ထားသော ညီထက် ဖုန်းလေးက အသံမြည်လာ၏။ မှတ်ထားသော နာမည်ကို တစ်ချက် ...ဆ်လိုက်ပြီး ညီထက်မျက်နှာ ပြုံးသွားသည်။ သေချာပြီ၊ ဒီလိုဆိုရင်တော့ ညီထက်နဲ့အီစီကလီလုပ်နေသော မိန်းကလေးတစ်ယောက်ယောက် ဆက်...သာပဲဖြစ်ရမည်။

"ဟယ်လို သဲ ပြော"

ခုနက ကျော်ကြားကို စကားပြောနေသည့် ရှုပ်ပုပ်ပုပ်မျက်နှာ ...ောက်သွားလျက် ချက်ချင်းပင် ပျားသကာလိုချိုမြသွားသော ညီထက် ...နှာကြီးကို ကျော်ကြား မြင်ပြင်းကပ်စွာပင် မျက်စောင်းထိုးပစ်လိုက်၏။

"ညီထက် ငါ့လက်ကိုလွှတ်"

ညီထက်ကတော့ မကြားချင်ယောင်ဆောင်ကာ ဖုန်းကိုသာ ဆက်...ပြောနေသည်။

"အင်းပေါ့ သဲရဲ့၊ ကိုယ်လည်း လွမ်းနေတာပေါ့"

အသံကိုတော့ ကျော်ကြားကို စကားပြောသော အသံနှင့် ခြားနား...ချိုအီပြုံရှုနေတာကတော့ တော်တော်လေးကို အမြင်ကပ်ဖို့ကောင်းသည်။ ...သို့မရမယ့်အတူတူ ကျော်ကြား စိတ်တိုတိုနှင့်ပင် ဖမ်းဆုပ်ထားသော ...ထက် ညာဘက်လက်ကို ကုန်းကိုက်ပစ်လိုက်တော့၏။

"အား"

ငယ်သံပါအောင် အော်လျက် ကျော်ကြားလက်ကို ညီထက်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ရသည်။ ပြောလက်စဖုန်းလည်း ကျသွားပြီ။

"ဟာ ကျော်ကြား မင်း မင်း ဘာလုပ်တာလဲ"

"ကိုက်လိုက်တာလေ၊ ကိုက်လိုက်တာ"

သူ လုပ်လိုက်တာ မဟုတ်သလိုမျိုး ကျော်ကြား ခပ်တည်တည် ပြောသည်။

"ဘာဖြစ်လို့ ကိုက်တာလဲကွ"

"မင်းမှ ငါ့လက်ကို လွှတ်မပေးတာ"

"ဟာ မင်းကို သွားမကြည့်ရဘူးလို့ ငါပြောနေတာလေ"

"မင်းမရစ်နဲ့နော်၊ အခု မင်းလုပ်နေတဲ့ပုံက မင်းအိမ်မှာ လာနေတာ မို့လို့ ငါ့ကိုအနိုင်ကျင့်သလိုဖြစ်နေပြီ"

ဒီလိုစကားမျိုးကိုတော့ ညီထက် သိပ်မုန်းပါသည်။ ကိုယ့်ရဲ့ ဖြူစင်တဲ့စေတနာကို စော်ကားသလို ခံစားရသည်။

"မင်း အဲဒီလိုစကားမျိုး ပြောပြန်ပြီနော် ကျော်ကြား။ ငါ့ရဲ့မင်းအပေါ်ထားတဲ့ စိတ်စေတနာကို မင်းနားမလည်ချင်နေပါ၊ ဒီလို စကားနဲ့တော့ ငါ့ကို မစော်ကားပါနဲ့"

အားရပါးရ အကိုက်ခံထားရသောကြောင့် သွားရာအကွင်းလိုက် ထင်လျက် နာကျင်နေသည့် လက်ကို တခြားလက်တစ်ဖက်နှင့်အုပ်ကိုင်ရင်း ညီထက် စိတ်မကောင်းဖြစ်မိသည်။

"ကျော်ကြား မင်းကိုခေါ်ရတာ ကြာလှပြီ၊ ဘာဖြစ်လို့ တက်မလာ တာလဲ"





သူတို့နားသို့ ဆူးခက် ရောက်လာသည်။ ကျော်ကြားနှင့်ညီထက် စကားများနေတာကိုတော့ သူမသိ။

"ငါအခုပဲလာမလို့ပါ၊ ညီထက်နဲ့ စကားမပြတ်သေးလို့"

"ညီထက် မင်းပြောစရာရှိ နောက်မှပြောကွာ၊ ငါတို့ရုပ်ရှင်က ပို အရေးကြီးတယ်"

ပြောင်ချော်ချော်ပြောသော ဆူးခက်စကားကို အရင်လိုသာဆို ညီထက် ပိုးစိုးပက်စက် တုံ့ပြန်ပြောပြီးလောက်ပြီ။ ခုတော့ မဲ့ပြုံးလေးတစ်ခု သာ ပြုံးဖြစ်၏။

"ညီထက် မင်းလည်း ငါတို့နဲ့အတူတူ ကြည့်ပါလား"

ဆူးခက်နောက်သို့ ပါသွားရာကနေ နောက်ပြန်လှည့်လျက် ကျော်ကြား ခေါ်သည်။ သူ ခေါင်းတစ်ချက်သာ ခါပြလိုက်၏။ သူ့ရင်ထဲမှာ ကျော်ကြား စကားများကိုသာ ပြန်ကြားယောင်နေမိသည်။ မိန်းကလေးတစ် ယောက်မှန်းသိသွားတဲ့အချိန်မှာ ကိုယ့်စိတ်ထဲ အလိုလိုဖြစ်လာသည့် စောင့် ရှောက်ပေးချင်မှုတစ်ခုနဲ့အတူ ညီထက် တားမြစ်ခဲ့သမျှတွေက ကျော်ကြား အတွက်တော့ အနိုင်ယူသလို ဖြစ်နေခဲ့တာလား။

တကယ်ဆို ညီထက်စိတ်ထဲမှာ ရိုးရိုးသားသားပါ။ ကိုယ့်အိမ်မှာ နေတဲ့လူဆိုပြီးတော့ ချိုးနှိမ်အနိုင်ကျင့်လိုသည့်ဆန္ဒမျိုးလည်း လုံးဝမရှိ။

ခုတော့ ကျော်ကြားရဲ့စွပ်စွဲချက်တွေက ညီထက်ကို နာကျင်စေ သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သစ်ပင်ကိုင်းတွေပေါ်ကနေ ကြိုးရှည်ဖြင့် တွဲလောင်းချထားသော သစ်သားဒန်းလေးကို ကျော်ကြားက စီးနေ၏။ ထိုဒန်းလေး အရှိန်မှန်မှန် လွှပ်ရှားအောင် ညီထက်က လွှဲပေးနေသည်။ သူတို့နှစ်ယောက် တစ်ယောက် ကိုတစ်ယောက် ကြည့်ပြီး ပြုံးနေသည့် ပီတိအပြုံးတွေက ကမ္ဘာပေါ်မှာ ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့မရအောင် အေးမြသည်။ လန်းဆန်းသည်။

ဒီလောကကြီးတစ်ခုလုံးမှာ သူတို့နှစ်ယောက်ပဲ ရှိနေသလို လွတ်လပ်စွာ စီးမျောပျော်ဝင်နေသော အပြုံးများဖြစ်၏။ အဲဒီအချိန်မှာပဲ ကောင်းကင်ကြီးတစ်ခုလုံး မည်းမှောင်ကျလျက် ကြီးမားပြင်းထန်သော လေနီကြမ်း တွေ တိုက်ခတ်ကာ ကျော်ကြားထိုင်နေသော ဒန်းလေးကို ညီထက် ထိန်း လို့မရတော့။ အရှိန်တွေတဖြည်းဖြည်းချင်း မြင့်တက်လာသော ဒန်းလေး





ဟိုးအမြင့်ဆုံးထိ လွင့်ပျံတက်သွားပြီး ကျော်ကြားလည်း လေပြင်းတွေနဲ့အတူ လွင့်ပါသွားသည်။ ညီထက်တစ်ယောက်တည်း ကျန်ခဲ့၏။ တကြော်ကြော် အော်ခေါ်ပါသော်လည်း ကျော်ကြားရဲ့အရိပ်အယောင်တောင်မှ မမြင်ရတော့ပါ။

ပြင်းပြင်းထန်ထန် တိုက်ခတ်နေတဲ့ မုန်တိုင်းကြားထဲမှာ ညီထက် တစ်ကိုယ်လုံး နာကျင်လာ၏။ ဘယ်လိုပဲရှာရှာ မတွေ့တော့သော ကျော် ကြားကို တမ်းတစိတ်ဖြင့် သူ လဲပြိုကျသွားသည်။

"ညီထက် ညီထက်"

သူ့နာမည်ကို တိုးတိုးဖွဖွလေးခေါ်နေသော အသံတစ်ခု။ ဒါ ကျော် ကြားအသံနှင့်တောင် တူလွန်းလှသည်။ ညီထက်ဆီကို ကျော်ကြား ပြန် ရောက်လာတာလား။ နာကျင်မှုကြောင့် မှေးစင်းနေသော မျက်ဝန်းများကို ညီထက် ဖြည်းဖြည်းချင်း အားယူဖွင့်ကြည့်လိုက်၏။

"ဟင် ကျော်ကြား ကျော်ကြား မင်း မင်းငါ့ဆီကို ပြန်ရောက်လာ သားပဲ၊ ငါ မင်းကို ဘယ်လောက်တောင် လိုက်ရှာလိုက်ရလဲ သိလား"

အနားမှာထိုင်နေသော ကျော်ကြားကို ညီထက် ဆွဲယူပွေ့ဖက်လိုက် သည်။ ရင်ခွင်ထဲကို ကျော်ကြားရောက်လာမှ သူ့စိတ်နှလုံးတွေ အေးချမ်း သွား၏။

"ညီထက် မင်းဘာတွေဖြစ်နေတာလဲ၊ ငါ့ကိုလွှတ်ဦးကွ"

သူ့ကိုယ်သူ အနောက်သို့ တွန်းထုတ်ရင်း ကျော်ကြား ခပ်အက်အက် သံလေးဖြင့် ပြောသည်။ ညီထက်ရဲ့တင်းတင်းကျပ်ကျပ် ဖက်ထားသော အင်အားက အဲသက်ရှူပင်ကျပ်လာစေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အပွတ် အပွတ် ညီထက် ငါ့ ငါ့ကိုလွှတ်ပေးဦး"

ဖက်ပွေ့ထားသော ညီထက်လက်များကို အတင်းဆွဲခွာလျှ
လှုပ်လှုပ်ရမ်းရမ်း လုပ်ပစ်လိုက်သည်။ ထိုအခါမှ အသိစိတ်အမှန် ဝင်လာ
တစ်ဦးလို ကျော်ကြားကို စေ့စေ့စိုက်ကြည့်လိုက်ရင်း

"ငါ ငါ ဘာတွေလုပ်မိတာလဲ"

"မင်းအိပ်မက်တွေ မက်နေတယ်နဲ့တူတယ်"

ဪ ဟုတ်ပါရဲ့။ ညီထက် အိပ်မက်တွေ မက်နေခဲ့တာ
အင်းလေ သေချာပါတယ်၊ အိပ်မက်ထဲက ကျော်ကြားက ဆံပင်ရှည်များ
လှပစွာဖြန့်ချထားပြီး နန်းတွင်းမိန်းကလေးတစ်ယောက်လို ဝတ်ထားစား
တာ။ အခု ညီထက်ရှေ့မှာ ရှိနေသည့် ကျော်ကြားက ဆံပင်ဂုတ်ဝဲ
တီရှပ်ဘောင်းဘီတိုကို ဝတ်ဆင်ထားတာ။ အကွဲပြားကြီး ကွဲပြားလွန်း
သည်။

"ဆောရီး ငါမှားသွားတယ်"

သူတို့နှစ်ယောက် အလွန်နီးနီးကပ်ကပ် ရှိနေသည်ဆိုသော အ
တစ်ခုနှင့် ညီထက်က ကိုယ်ကို နောက်ဘက်သို့နည်းနည်းရွှေ့လိုက်သည်
ညာဘက်လက်ဆီမှ နာကျင်မှုက တဆစ်ဆစ်ဖြစ်နေတာ ခုမှ သတိထား

နံရံပေါ်မှ နာရီက ညနှစ်နာရီကျော်ကို ပြနေသည်။

"ဒီအချိန်မတော်ကြီး ငါ့အခန်းထဲကို မင်းဘယ်လိုရောက်နေ
လဲ"

"ငါပြောရင် မင်းယုံပါ့မလား မသိဘူး။ ငါအိပ်ပျော်သွားတဲ့အ





ငါ့နာမည်ကို မင်းအော်ခေါ်နေတဲ့အသံ ကြားရတယ်၊ ဒါကြောင့် မင်းအခန်း
ထဲကို လာကြည့်တာ"

"ဘာ မင်းအခန်းထဲမှာအိပ်နေရင်းကနေ ငါအော်ခေါ်နေတာကို
ကြားရတယ် ဟုတ်လား"

"အေး ဟုတ်တယ်၊ မင်းအခန်းထဲဝင်လာတော့ တအင်းအင်း
ညည်းနေတာနဲ့ ငါ လှုပ်နှိုးလိုက်တာ၊ ငါကိုက်လိုက်တဲ့ဒဏ်ရာကလည်း
ရောင်နေတယ်"

တကယ်ဆို ကျော်ကြားကို ညီထက် အော်ခေါ်တာမှန်ပေမယ့်
အဲဒါ အပြင်မှာမှ မဟုတ်တာ။ အိပ်မက်ထဲမှာပဲလေ။ အဲဒီအိပ်မက်ထဲက
ခေါ်သံကို အပြင်လောကမှာ အိပ်ပျော်နေသော ကျော်ကြားက ဘယ်လိုများ
ကြားသွားတာပါလိမ့်။

"ငါ အနူးအညွတ်တောင်းပန်ပါတယ်ကွာ၊ ငါ့ကြောင့်နဲ့ မင်း ခံစား
လိုက်ရပြီ၊ ခဏလေးစောင့် ငါ နည်းနည်းသက်သာအောင် လုပ်ပေးမယ်"

အခန်းထဲကနေ အပြေးကလေး ထွက်သွားပြီး ခဏနေတော့
ဆန်စေ့များ လက်တစ်ဆုပ်ကိုင်လျက် ကျော်ကြား ပြန်ရောက်လာသည်။

"ဟွန့် ဆန်စေ့တွေက ဘာလုပ်မလို့လဲ"

ညီထက် ကြောင်တောင်တောင် မေးမိ၏။ အနာကိုထည့်ဖို့ ဆေး
တစ်ခုခုသွားယူတယ်လို့ပဲ ထင်နေတာလေ။ ကျော်ကြားက ပြန်မဖြေဘဲ
ထိုဆန်လက်တစ်ဆုပ်ကို ပါးစပ်ထဲထည့်ပြီး ထမင်းဝါးသလိုကို ဝါးတော့၏။
ခြည်တက်ညက်ကျေသွားတော့မှ ထိုဝါးပြီးသားတွေကို လက်ထဲပြန်ထွေးထုတ်

www.burmeseclassic.com



လိုက်ပြီး ကျနိလက်တစ်ဖက်ဖြင့် ညီထက် ညာဘက်လက်ကို ဆွဲယူလိုက်သည်။

"ဘာလုပ်မလို့လဲဟ"

ထိုကျေညက်နေသော ဆန်စေ့များကို သွားရာအကွင်းလိုက်အရောင်ရောင်ကိုင်းနေသည့်ဒဏ်ရာပေါ် အုပ်တင်ပေးသည်။

"ဟာ ပော့"

"ဘာဖြစ်လို့ အော်နေတာလဲ"

"မင်းဘာလုပ်တာလဲ"

"မင်းက တော်တော်ပိန်းတယ်နော်၊ ဒီလိုလုပ်ပေးရင် အနာသက်သာတယ်ကွ၊ အဲဒါလေးတောင် မကြားဖူးဘူးလား၊ အံ့ပါရဲ့ကွာ"

ညီထက်ကိုပင် အပြစ်တင်ပြောဆိုလျက် ကျော်ကြားက နားခေါင်းလေးရှုံ့သည်။

"အနာပေးလိုက် ဆေးပေးလိုက်ဆိုတာ မင်းကိုရည်ရွယ်ပြီး ပြောတာပဲဖြစ်ရမယ်၊ သေချာတယ်"

ပြစ်တင်ပြောဆိုသံပေါက်နေသော ညီထက် စကားကြောင့် ကျော်ကြား ခေါင်းလေးငုံ့သွားသည်။ ခုကျပြန်တော့လည်း ပြစ်ဒဏ်ကျခံရတော့မည့် တရားခံတစ်ယောက်လို သနားစဖွယ် မျက်နှာငယ်လေးနှင့်။

"ငါမှားပါတယ်ကွာ"

"ဘာလဲ အိမ်ကထွက်သွားပေးပါ့မယ်လို့ ထပ်ပြောဦးမလို့လား"

ညီထက် ခပ်ရွှဲ့ရွဲ့မေးတော့ ကျော်ကြား ပင့်သက်လေးရှိုက်သည်။





"မင်းတို့က ငါ့အတွက် ကယ်တင်ရှင်တွေပါကွာ၊ မင်းတို့ပြောသမျှ ငါလိုက်နာပါ့မယ်"

"အောင်မာ တော်တော်လိုက်နာတယ်နော်၊ ငါက မကြည့်နဲ့ဆိုတာကိုကျ ရအောင်လို့ ဆူးခက်အခန်းထဲထိ လိုက်သွားကြည့်ပြီးတော့များ"

"ဒါကတော့ ဆူးခက်နဲ့မင်းနဲ့ဆိုတာ တူတူပဲလေ၊ မင်းစကားကို နားထောင်သလို ဆူးခက်စကားကိုပါ ငါနားထောင်ရမှာပေါ့"

"အဲဒိုတွေပါကွာ၊ မင်း ငါ့စကားဆို ဘယ်တော့မှ နားမထောင်ပါဘူး၊ ဆူးခက်ကိုဆို ပျာနေတာပဲ"

ဒီစကားကိုတော့ ညီထက် တကယ်ကိုခံစားပြီး ပြောလိုက်ခြင်းဖြစ်၏။ တကယ်ဆို ဒီအိမ်ပေါ်ကို ကျော်ကြားအား စတင်ခေါ်ယူခဲ့တာလည်း ညီထက်ပါ။ သူ့ကိုမိန်းကလေးတစ်ယောက်မှန်း သိသွားပြီးတော့ စိုးရိမ်မှုပန်စိတ်များနဲ့ ပြောဆိုဆက်ဆံခဲ့တာလည်း ညီထက်ပါ။ ဒါပေမဲ့ ကျော်ကြားကတော့ နေရာတကာမှာ ဆူးခက်ကိုသာ ပိုမိုဦးစားပေးပြီး ဆက်ဆံတယ်လို့ ညီထက် ထင်သည်။

"မင်းဘာတွေ တွေးနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ မင်းလည်း အခန်းပြန်ပြီး အိပ်တော့လေ၊ အချိန်မနည်းတော့ဘူး"

"ငါမပြန်သေးဘူး"

"ဘာရယ် ဘယ်လို"

"ဟုတ်တယ် မင်းအိပ်ပျော်နေတုန်းက စမ်းကြည့်မိတော့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း နည်းနည်းပူနေတယ်၊ တော်ကြာနေ အဖျားတက်နေမှာစိုးလို့ ငါစောင့်ပေးမယ်"

"အာ မဟုတ်တာတွေ၊ ငါမဖျားပါဘူး"

"မင်းအနားကြီးက ဒီလောက်ရောင်ကိုင်းနေတာကွာ၊ ငါ စိတ်မချ ပါဘူး"

"ဘာလဲ မင်းကို ကယ်တင်ထားတဲ့ကျေးဇူးရှင်မို့လို့လား"

ညီထက်ရဲ့ အရွဲ့တိုက်မေးခွန်းကြောင့် ကျော်ကြီး မျက်လုံးလေး တွေ ဝိုင်းစက်သွားသည်။

"ဘာကြောင့်ကြည့်နေတာလဲ ငါပြောတာ မှားလို့လား"

"အဲဒါလည်း ပါပေမယ့် ငါမင်းကို စိတ်ပူ"

"တော်ပါတော့ကွာ၊ နေရာတကာမှာ ကယ်တင်ရှင်ဆိုတာတွေ ကျေးဇူးရှင်ဆိုတာတွေ ငါမကြားချင်တော့ဘူး။ ငါလည်း ဘာမှမဖြစ်ဘူး၊ မင်းအခန်းမင်းသွားတော့"

ခပ်ဆတ်ဆတ် လေသံနှင့်ပြောလျက် ညီထက် လှဲအိပ်ချလိုက် သည်။

ကျော်ကြီး ထိုင်နေရာဘက်ကို ကျောပေးစောင်းအိပ်လိုက်၏။ ဒဏ်ရာက တော်တော်လေး ရောင်နေသောကြောင့် နာကျင်မှုကလည်း တဆစ်ဆစ်နှင့် အရှိန်တက်နေ၏။ ကိုယ့်ကိုယ်ကိုယ် အနာရှိန်ကြောင့် ဒေါ ချင်သလိုလို ဖြစ်နေတာလည်း သတိထားမိပါသည်။

ဒါပေမဲ့ အကြောင်းပြချက်ကြီးတစ်ခုကြောင့် စိတ်ပူခြင်းခံရမှာကို





တော့ ညီထက် မလိုလားပါ။ အခန်းထဲက ထွက်သွားသော ကျော်ကြီး ခြေသံဖွဖွလေးကို နားထောင်ရင်း လူကချက်ချင်းပင် ပြန်အိပ်ပျော်သွားတော့ ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

ဒီနေ့မနက် ကော်ဖီဝိုင်းကို နောက်အကျဆုံးရောက်သူမှာ ညီထက် ဖြစ်၏။ သူ့တစ်ကိုယ်လုံး မလှုပ်ချင်မကိုင်ချင် ဖြစ်နေသည်။ ကော်ဖီသောက် နေရင်းနှင့် သူ ဝင်လာတာမြင်တော့ မျက်လုံးတစ်ချက် လှမ်းကြည့်သော ကျော်ကြားကို လှမ်းမြင်လိုက်သေးသည်။

"နေမကောင်းဘူးလား ညီထက်၊ မင်းမျက်နှာကြည့်ရတာ ဖြူ လျော်နေသလိုပဲ"

"အေးကွာ၊ ဘယ်လိုဖြစ်တယ် မသိပါဘူး။ နေရတာ တစ်မျိုးကြီး ပဲ"

ညီအစ်ကိုနှစ်ယောက် အပြန်အလှန်စကားပြောတာကို ကြားသော ဒေါ်မြကြ ညီထက်နားရောက်လာပြီး နဖူးကို လက်နှင့်စမ်းသည်။





နောက်တော့ မျက်လုံးကြီးပြူးသွား၏။

"အို ဒီကလေး ကိုယ်တွေပူနေတာ တအားပါလား။ ဆေးမ သောက်ဘူးလား မောင်ညီထက်"

"မသောက်ဖြစ်သေးပါဘူး ဒေါ်မြရယ်"

"ဘယ်လိုဖြစ်လို့ ကောက်ကာငင်ကာကြီး ဖျားတာတုန်း။ မနေ့ည ကထိတောင် မင်းအကောင်းကြီးပဲ"

"အေး မသိပါဘူး ဆူးခက်ရာ"

အကျီလက်ရှည်ကြီး ဝတ်ထားသောကြောင့် လက်ဖျံနားမှာရှိနေ သည့် သွားကိုက်ရာအကွင်းလိုက်ကြီးကို တခြားသူတွေ မမြင်နိုင်ပေမယ့် ကျော်ကြားကတော့ အဝတ်ဖြင့်အုပ်နေသည့် ထိုနေရာကိုသာ လှမ်းလှမ်း ကြည့်နေတာ ညီထက် မြင်ပါသည်။

"ကဲ ဒီလိုဆို မုန့်လေးနည်းနည်းစားလိုက်ဦး။ ပြီးရင် ဆေးသောက် လိုက်နော်၊ မိုးတွေကလည်း မနက်တည်းက သည်းနေတာဆိုတော့ အိမ် ပြင်လည်း ထွက်မနေနဲ့၊ အခန်းထဲမှာပဲ အေးအေးဆေးဆေး အနားယူပေါ့"

"မင်းအဖျားမကျရင် မိုးတိတ်သွားတော့ ငါဆေးခန်းလိုက်ပို့ပေး မယ်"

"အေးပါ သိပ်တော့ စိတ်ပူစရာမရှိပါဘူး"

"မင်းနေမကောင်းမဖြစ်တာ တော်တော်ကြာလို့လား မသိဘူး ခုလို ဖြူဖတ်ဖြူလျော်နဲ့ မင်းကိုမြင်ရတော့ ငါ့အတွက် ထူးဆန်းနေတယ်၊ ဆေးသောက်ပြီး မြန်မြန်နေကောင်းအောင်လုပ်ဦး၊ မနက်ဖြန်ကျ မေမေ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အလှူရှိနေတာကို''

ဆူးခက် စကားကြောင့် ညီထက်အတွေးထဲကို ရောက်လာတာက ဘုရားခန်းကိစ္စဖြစ်သည်။ မတတ်နိုင်တော့ နောက်ဆုံး ခေါ်မြကိုသာ လုပ်ခိုင်း ရတော့မှာပေါ့။

''ခေါ်မြရေ တစ်အိမ်လုံး သန့်ရှင်းရေးတွေလုပ်နေရတာ နားလည် ပေမယ့် ဘုရားခန်းလေးကိုတော့ အသေအချာ သန့်ရှင်းရေးလုပ်ပေးပါဦးနော် ဆင်းတုတွေကအစပေါ့''

''အို အဲဒါတွေအားလုံး ကိုဘို လုပ်ပေးပြီးပြီလေ မောင်ညီထက်ရဲ့''

''ဗျာ ဘာယ်လို''

''ဟုတ်တယ် ခုမနက် အရုဏ်တက်လောက်တည်းက ဘုရားခန်း ထဲဝင်သွားပြီး သူတစ်ယောက်တည်း သန့်ရှင်းရေးလုပ်နေတာ၊ သားတို့ မနိုးခင်လေးတင်ကမှ ပြီးသွားတာလေ''

''ဆူးခက် ဦးဘိုကိုမင်းခိုင်းလိုက်တာလား''

ဆူးခက်က ခေါင်းခါသည်။

ညီထက် ကျော်ကြားကို လှမ်းကြည့်လိုက်သည်။ ကျော်ကြားက လည်း ညီထက်ကိုကြည့်နေတာနှင့် သွားတိုး၏။ သူတို့နှစ်ယောက်အတွေး ထဲမှာ ဟိုနေ့က ဦးဘို အပြုအမူများကို ပြန်မြင်ယောင်နေမိသည်။ အဲဒီနေ့ တုန်းကတော့ အကြောက်အကန် ငြင်းဆန်တွန်းထိုးနေခဲ့သော ဦးဘိုက ခုတော့ ဘယ်သူတစ်ဦးတစ်ယောက်မှ ထပ်တိုက်တွန်းတာ မပါဘဲ [illegible] သဘောနဲ့သူ ဘုရားခန်းသန့်ရှင်းရေးလုပ်တယ်ဆိုတော့ ထူးဆန်းအံ့ဩဖွယ်တွေ





ဖြစ်လို့နေ၏။

''ငါ ဒီနေ့ဘဏ်သွားမလို့ မင်းဘာမှာဦးမလဲ''

''ဟင့်အင်း မမှာတော့ပါဘူး မင်းစေတနာရှိရင်တော့ ငါစားဖို့ သောက်ဖို့ တစ်ခုခုဝယ်ခဲ့ပေါ့''

''စားဖို့ကတော့ ဟုတ်ပါပြီ၊ သောက်ဖို့ဆိုတာက''

ဆူးခက်က မျက်မှောင်ကြီးကျုံ့မေးသည်။ ညီထက်က နေမ ကောင်းလို့ နံ့ချိုနေတဲ့ကြားကနေ ရယ်မောမိသေး၏။

''အိုဗာတင်းတို့ ဘာတို့ပြောတာပါ''

''ဟွန်း မင်းအကြောင်း မသိရင်ခက်မယ်၊ ဒီလိုလုပ်လေကွာ မင်းရဲ့ ရည်းစားတွေထဲက ချောချောလှလှတစ်ယောက်ကို မင်းဆီလာပြုစုခိုင်းလိုက် ပေါ့၊ ငါတို့လည်း ကြည့်ရ နည်းလား''

ဆူးခက် အဲဒီစကားပြောတဲ့အချိန်မှာ ကိုယ့်ကိုကိုယ်တောင် သတိ ထားလိုက်မိပါဘဲ ကျော်ကြားထံလှမ်းကြည့်မိသည်။ သူ့ဘာသာ မှိန်ဝါး နေသော ကျော်ကြားပုံစံက ဆူးခက်ပြောတာကို ကြားပုံပင် မရပါ။

''မပူနဲ့ လောလောဆယ် မင်းတွဲနေတဲ့ သဲသဲဆိုတာက ငါသွား မယ့် ဘဏ်နားမှာနေတာမဟုတ်လား။ အားကြိုးမာန်တက်နဲ့ကို ဝင်သတင်း ပေးခဲ့မယ် သိလား''

ရယ်ကျဲကျဲပြောလျက် ဆူးခက် ထွက်သွားသည်။ ညီထက်ခိုး ခိုးလေး ဆဲရေးလိုက်၏။ သူကိုယ်တိုင်ကျ ရည်းစားတစ်ယောက်မှမထား ဘဲ သူများရည်းစားတွေကိုကျ တစ်မျိုးပြီးတစ်မျိုး လိုက်နှောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းအလေ ညီထက်ကလည်း ကိုယ့်ရည်းစားရယ်လို့ ဘယ်တစ်ယောက်ကိုမှ မြတ်မြတ်နိုးနိုး တန်ဖိုးထားချစ်မပြခဲ့တော့ ဆူးခက်အတွက်လည်း နောက်ပြောင်ချင်စရာလေးတွေချည်း ဖြစ်နေမှာပေါ့။

"ဟယ် မောင်ကျော်ကြား ကိုးနာရီခွဲကျော်နေပြီလေ၊ အလုပ်သွားရမယ်မဟုတ်လား၊ ဒေါ်မြလည်း မောင်ညီထက်ကိုပြောနေရတာနဲ့ သတိပေးဖို့ မေ့သွားတယ်"

"ကျော် ဒီနေ့ အလုပ်မသွားတော့ဘူး ဒေါ်မြ"

"ဟေ ဘာဖြစ်လို့တုံး"

ကျော်ကြားက ညီထက်ကို လှမ်းကြည့်သည်။

"ညီထက် နေမကောင်းဘူးဆိုတော့ သူ့နားမှာ နေပေးမလို့ပါ"

ညီထက်တစ်ယောက် သောက်လက်စ ကော်ဖီပင် သီးမလိုဖြစ်သွားသည်။ ကျော်ကြားမျက်နှာက အလုပ်မသွားဘဲ အိမ်မှာနေမည်ဆိုတာ သေချာနေသလို အတည်ပေါက်ကြီး။

"အလုပ်က ခွင့်ပေးပါ့မလားကွယ်"

"ရပါတယ် ဒေါ်မြရယ်၊ ဘောစိက ကျော်နဲ့တော်တော်ရင်းနှီးနေပါပြီ"

"အေး အေး ဒီလိုဆိုလည်း သူငယ်ချင်းနားမှာ နေပေးလိုက်ပေါ့"

"ဟုတ်ကဲ့ပါ ဒေါ်မြ"

ဒေါ်မြ နောက်ဖေးမီးဖိုခန်းထဲ ဝင်သွားသည်နှင့် ညီထက် စကားစတော့သည်။





"မင်းက မဆီမဆိုင် ဘာဖြစ်လို့ အလုပ်မသွားရတာတုံး"

"မင်းဒီလောက် နေမကောင်းဖြစ်နေတာကို ဆူးခက်လည်း မရှိဘဲ ဒီက တစ်ယောက်တည်း ထားခဲ့ရမှာလား"

"ဆူးခက်က ဘဏ်သွားတာလေ၊ ခဏနေရင် ပြန်လာမှာပဲ၊ မင်း ထကျူးတာက နေပေးဖို့ မလိုပါဘူး"

ညီထက်စကားကို ပြန်မတုံ့ပြန်ဘဲ ကျော်ကြားက ကုန်စင်သွားသော ကော်ဖီခွက်ကိုမလျှက် နောက်ဖေးခန်းထဲဝင်သွား၏။ ညီထက်လည်း စားစရာရှိတာ စားသောက်ပြီး အခန်းထဲပြန်တက်လာခဲ့လိုက်သည်။ လူက ထိုင်နေချင်စိတ်ပင်မရှိ။ တစ်ကိုယ်လုံး နုံးချိပြီး အနာကလည်း ကိုက်ခဲနေသည့်မို့ သက်သက်သာသာပဲ လဲလျောင်းနေချင်သည်။

ခုတင်ထက်မှာ လှဲအိပ်ပြီး မျက်လုံးများပိတ်ထားလိုက်သည်။ သအောင့်လောက်နေတော့ အခန်းထဲဝင်လာသည့် ခြေသံဖွဖွလေးကြောင့် မျက်လုံးများကို ဖွင့်ကြည့်မိ၏။

ကျော်ကြား ရေခွက်ရယ် ဆေးရယ်ကို လက်တစ်ဖက်စီကနေ ကိုင်လျက် ညီထက် ခုတင်စွန်းမှာ ဝင်ထိုင်သည်။

"မင်း ဆေးသောက်လိုက်ဦး၊ ဒဏ်ရာအတွက် အရောင်ကျဆေးပါ တွဲထည့်ပေးထားတယ်"

"ဒေါ်မြကို လာပို့ခိုင်းလည်း ရတာပဲ"

"ဒေါ်မြက ချက်နေပြုတ်နေတာလေ၊ ပြီးတော့ မင်းနားမှာနေဖို့ အတွက် ငါက အလုပ်တောင်ဖျက်ထားတာ"

"မင်းကို ဘယ်သူက ဖျက်ခိုင်းလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုက မင်းနားမှာ နေပေးချင်တာပါ"

လေသံတိုးတိုးလေးနှင့် ပြောလာသော ကျော်ကြီးစကားကို ညီထက် မကြားချင်ယောင်ဆောင်ထားလိုက်သည်။ ကယ်တင်ရှင်ကျေးဇူးရှင်ကြီးဆိုတော့ အလုပ်တောင်ဖျက်ပြီး အနားမှာနေပေးချင်နေမှာပေါ့။ ဒါ သူ့တစ်ယောက်တည်းအတွက်မှမဟုတ်ဘဲ။ ဆွေးခက် နေမကောင်းဖြစ်ရင်လည်း ဒီလိုပဲ နေပေးမှာလေ။ ထူးပြီး ဝမ်းသာစရာ ဘာလိုလို့လဲ။

ကမ်းပေးနေသော ဆေးနှင့်ရေကို လှမ်းယူပြီး တစ်ခါတည်း ရေကုန်စင်အောင် မော့သောက်ချလိုက်သည်။

"ရပြီ မင်း ငါ့အခန်းထဲကနေ သွားတော့"

ညီထက် ခပ်ပြတ်ပြတ်ပြောပြီး ညကအတိုင်း ကျော်ကြီးက ကျောပေးကာ တစ်ဖက်စောင်းအိပ်နေ၏။

"မင်း ငါ့ကိုပလိန်းကြီး ဘာလို့ အဲဒီလိုဆက်ဆံနေတာလဲကွ"

ဒီတစ်ခါထွက်လာသော ကျော်ကြီးအသံက ကျယ်သည်။ ပြင်းသွားသည်။ နာကျင်မှုတွေ ပြည့်နှက်နေသလို ခံစားရသည်။

"ငါ့ကြောင့်နဲ့ မင်းခုလို နေမကောင်းဖြစ်ရတာကို စိတ်မကောင်းလွန်းလို့ တကယ်ခံစားနေရတာ၊ ခုတော့ မင်းက မဟုတ်သေးပါဘူး"

ညီထက် သိပ်မုန်းတီးသော စကားမျိုးကို ကျော်ကြီး ပြောပြီ။ ကျောပေးထားရာကနေ ချက်ချင်းပင် မျက်နှာချင်းပြန်ဆိုင်လိုက်၏။

"မင်းကြောင့်ဖြစ်တာမို့လို့ မင်းမှာတာဝန်ရှိတယ်ထင်ပြီး ဒီလိုတွေ လုပ်ပေးနေတာ မဟုတ်လား။ ငါကလည်း အဲဒီတာဝန်တွေ ဝတ္တရားတွေကြောင့် ငါ့ကို ဂရုစိုက်ပြနေရင် သိပ်မုန်းတာ သိလား"





"အဲဒါကတော့ မင်းတစ်ဖက်သတ်ကြီး မုန်းချင်နေတာပဲလေ"

"ငါက တစ်ဖက်သတ်ကြီး မုန်းချင်နေတာ မဟုတ်ဘူး။ ငါ့ကို တကယ်စိတ်ရင်းအမှန်နဲ့ စိတ်ပူဂရုစိုက်ပေးမယ့်လူမျိုးကို ငါလိုချင်တာကွ၊ ငါ့တစ်ယောက်တည်းကိုပဲ ဂရုစိုက်ပေးမယ့်လူမျိုး။ မင်းနားလည်လား။ ခုတော့ မင်းက တစ်ခါလာလည်း ကျေးဇူးရှင်မို့လို့ ကယ်တင်ရှင်မို့လို့ တာဝန်ဝတ္တရားကြောင့် ဆိုတာတွေချည်းပဲ"

ညီထက် အားရပါးရ ပြောပြီးတော့မှ ကိုယ့်စကားတွေ သောင်ကျွံသွားပြီလားလို့ ပြန်ဘရိတ်အုပ်လိုက်ရသည်။ တကယ်ဆို ညီထက်လိုချင်နေသည့် ဂရုစိုက်မှုတွေကို ကျော်ကြီးဆီကနေ တောင်းခံရမှာမှ မဟုတ်ဘဲ။ သူ့ပေါက်ကွဲမှုတွေကို ကျော်ကြီး ဘယ်လိုသဘောပေါက်သွားမည် မသိ။

"ငါ ငါကရော အခု မင်းကလွဲရင် ဘယ်သူ့ကိုဂရုစိုက်နေလို့လဲ"

"ကို ကို နေမကောင်းဘူးဆို၊ ဘယ်လိုဖြစ်တာလဲ ကိုရယ်"

"ကျစ် သေစမ်းကွာ"

အခန်းထဲပြေးဝင်လာသော သဲသဲ။ ညီထက် စိတ်ဓာတ်ပါကျသွားပြီး မျက်နှာကိုတစ်ဖက်သို့ လွှဲလိုက်မိ၏။

ကျော်ကြီး တစ်ခုခုပြောလိုက်, တာကိုတော့ သိလိုက်သည်။ သို့သော်ငြားလည်း ဘာပြောတယ်ဆိုတာ မကြား။

သဲသဲက ညီထက် ခုတင်ပေါ်မှာ တက်ထိုင်လျက် ညီထက်တစ်ကိုယ်လုံးကိုလည်း ဟိုစမ်းဒီစမ်း လုပ်နေသည်။ ဆွေးခက်တစ်ယောက်တော့ နေမကောင်းလို့ နားနားနေနေ နေချင်ပါတယ်ဆိုကာမှ တအသံ့ကို အချွန်နဲ့မပြီး အရောက်ပို့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကို နေမကောင်းတာကို ဘာဖြစ်လို့ အကြောင်းမကြားတာလဲ သဲမှာ ဆူးခက် လာပြောမှပဲ သိရတော့တယ်၊ အရမ်းစိတ်ပူသွားပြီး အခု ချက်ချင်းကို လိုက်လာခဲ့တာ"

"သက်သာပါတယ်ကွာ"

"ဆေးရော သောက်ပြီးပြီလား ကို၊ ဒီ့ မဖြစ်သေးပါဘူး၊ ကိုယ့် တွေလည်း ဒီလောက်ပူနေတာဆိုတော့ သဲကားနဲ့ပဲ ဆေးခန်းသွားပြလိုက်တာ ကောင်းမယ်နဲ့တူတယ်"

"အဲဒီလောက်လည်း မဟုတ်ပါဘူးကွာ၊ စိတ်မပူပါနဲ့"

"အို မပူလို့ရမလား။ သဲမှာ ဒီချစ်သူလေးတစ်ယောက်တည်း ရှိ တာကို"

ကျော်ကြီး ထိုင်ရာကနေ မတ်တတ်ထလိုက်သည်။ လှုပ်လှုပ်ရှား ရှားဖြစ်သွားသောကြောင့် သဲသဲက ကျော်ကြီးကိုလှမ်းကြည့်၏။

"ဒါက ကိုတို့သူငယ်ချင်း ကျော်ကြီး ဆိုတာလားဟင်"

"အင်း ဟုတ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်နော် ကိုကျော်ကြီး၊ သဲက ကို ကျော်ကြီးကို နာမည်ကြားဖူးနေတာတော့ ခဏခဏပါပဲ၊ ခုမှပဲ လူချင်း ဖြစ်တော့တယ်"

"ဟုတ်ကဲ့ ကျော်လည်း တွေ့ရတာ ဝမ်းသာပါတယ်"

သဲသဲကို ပြုံးရယ်ပြီး ပြန်နှုတ်ဆက်ရသော ကျော်ကြီးရဲ့မျက် မျက်ဝန်းနေတာ ညီထက် သတိထားမိပါသည်။

"တာဝန်တွေ ဝတ္တရားတွေကြောင့်မဟုတ်ဘဲ မင်းတစ်ယော





တည်းကိုပဲ ဂရုစိုက်ပေးမယ့်သူ ရောက်လာပြီဆိုတော့ ငါလည်း စိတ်ချသွား ပြီ အလုပ်သွားတော့မယ်ကွာ"

ထိုစကားသာပြောပြီး ကျော်ကြီး ချာခနဲ လှည့်ထွက်သွားသည်။

"ကျော်ကြီး ဟိတ်ကောင် နေဦးလေ ကျော်ကြီး ဟာကွာ"

ကျော်ကြီးက တစ်ချက်လေးတောင် လှည့်မကြည့်ပါ။ အနောက် က လိုက်သွားချင်ပေမယ့် လက်တစ်ဖက်ကို ဖမ်းဆွဲထားသော သဲသဲကြောင့် ညီထက်မှာ အခက်တွေ့နေသည်။

"ကိုကလည်း ဘယ်လိုတွေဖြစ်နေတာတုန်း၊ သူများတကာက အလုပ်သွားရမယ်လို့ ပြောသွားတာယ်လေ၊ အလုပ်ကိစ္စကို အနှောင့်အယှက် ပေးပါနဲ့ ကိုရယ်၊ အခု ကိုဘေးနားမှာ သဲရောက်နေပြီပဲ၊ ကို့ကို သဲ ပြုစု မှာပေါ့"

ညီထက် စိတ်ပျက်လက်ပျက်ပင် ခေါင်းအုံးပေါ် လှဲချလိုက်၏။ သူ့စိတ်တွေ နောက်ကျိရှုပ်ထွေးနေသည်။

"ကို အိပ်ချင်လို့လား"

"အေး ဟုတ်တယ်၊ အိပ်ချင်လို့ ကျေးဇူးပြုပြီး မင်း တိတ်တိတ် လေးနေပေးစမ်းပါကွာ"

မျက်လုံးများကို စွတ်မှိတ်ထားလိုက်ပြီး စိတ်ထဲကနေတော့ ဆူးခက် ကိုသာ ကျိန်ဆဲနေမိတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဘတ်စ်ကနေ ဆူးခက် ပြန်လာတည်းက ညီထက် ကောင်းကောင်းကြီး ပြောပစ်လိုက်ပြီးပြီ။ သူ့အမှားသူသိသော်လည်း ဆူးခက်က လွယ်လွယ်နဲ့တော့ ခေါင်းမငုံ့ပါ။

"နေမကောင်းပါဘူးဆိုနေမှ အဲဒီအရှုပ်ထုပ်တွေကို ငါက သေချာထားပြီး ဘယ်လိုနေမှာလဲ၊ မင်းနည်းနည်းပါးပါး စဉ်းစားဦးလေ"

"ငါက မင်းကိုပြုစုဖို့ လူလိုမယ်ထင်တာကိုး၊ ဒေါ်မြကလည်း အိမ်အလုပ်နဲ့ပဲ ရှုပ်နေတာဆိုတော့"

ကျော်ကြီး အလုပ်မသွားတာကို ဆူးခက်မသိဘဲ စေတနာထားပြီး သဲသဲကို ခေါ်လာခဲ့ပေးခြင်း။ အင်းလေ ဆူးခက် အိမ်ပြန်ရောက်တဲ့အချိန်မှာလည်း ကျော်ကြီးက ရှိမှမရှိတော့ဘဲ။ ညီထက်ကို စိတ်ဆိုးပြီး အလုပ်သွားတာက်ပြီလေ။

"မင်းကတော့ ပြောလိုက်ရင် အကြောင်းပြချက်လေးတွေနဲ့ချည်းပဲနော်"





"ဟာ ငါက အကောင်းလုပ်တာပါကွာ၊ နေမကောင်းဖြစ်ရင် ကိုယ့်ချစ်သူရဲ့အပြုအစုလေးကို ခံလိုက်ရမှ လူတွေက နည်းနည်းထူထူထောင်ထောင် ဖြစ်လာတာ မဟုတ်လား"

"တော်တော့ သဲသဲကို ငါချစ်တယ်လို့ပြောတာ မင်း ဘယ်နှခါကြားဖူးလဲ"

"မကြားဖူးပေမယ့် မင်းတွဲနေတဲ့ မင်းချစ်သူပဲလေ"

"တော်ပြီ မပြောနဲ့တော့၊ ဟိုမှာတစ်ယောက်တည်း လူမမာဘေးသာကပ်ထိုင်ပြီး ဘာတွေပြောနေမှန်းမသိလို့ အိမ်ချက်ချင်းပြန်နှိုင်းလိုက်ပြီးပြီ ခင်းလည်း သွားတော့"

"သဲသဲက မင်းကိုစိတ်ပူလို့ တတွတ်တွတ် ပြောနေမိတာဖြစ်မှာပါကွာ"

"မင်းဘာမှ သူ့ရှေ့ကနေ ရှေ့နေလိုက်ပေးမနေနဲ့၊ မင်းလည်း အခန်းထဲက ထွက်တော့၊ ငါ့ဟာငါ တစ်ယောက်တည်းနေချင်တယ်"

ဒီတစ်ခါတော့ ဆူးခက် ဘာစောဒကမှ ထပ်မတက်တော့ဘဲ အသာလေး ပြန်လစ်သွားသည်။

တကယ်တော့ သဲသဲဆိုတဲ့ မိန်းကလေး ညီထက်ကို သိပ်ချစ်တယ်ဆိုတာ ညီထက်ကိုယ်တိုင်လည်း သိပါသည်။ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ အတည်တကျ တွဲခဲ့ခြင်းမရှိဘဲ အပျင်းပြေရုံသက်သက် ရည်းစားရှိတယ်ဆိုရုံသက်သက် တွဲခဲ့သော ညီထက်အတွက်တော့ သဲသဲ တကယ်ချစ်လည်း ဘာမှလုပ်မပေးနိုင်။ သူ့နှလုံးသားမှာ သဲသဲအတွက် နေရာမရှိ။

လောလောဆယ်တော့ နေမကောင်းလို့ လူတစ်ကိုယ်လုံး နုံးချိ



www.burmeseclassic.com

www.burmeseclassic.com



နေတာအပြင် မဆီမဆိုင်စွာ ရင်ဘတ်ထဲကပါ စူးအောင့်နေ၏။ ကျော်ကြား စိတ်ဆိုးပြီး အလုပ်သွားတည်းကပေါ့။ နာရီကိုကြည့်တော့ ညနေငါးနာရီသာ ရှိသေးသည်။

သက်ပြင်းခိုးလေး ရှိုက်မိ၏။ ခုနစ်နာရီခွဲလောက်မှ ကျော်ကြား ပြန်ရောက်မှာလေ။

ကျော်ကြား ပြန်ရောက်လာရင် ဘာလုပ်ရမှာလဲ။ မနက်ကကိစ္စ တောင်းပန်ပါတယ်လို့ ပြောရမှာလား။ အဲဒီလိုပြောခွင့်ရလိုက်ရင် ညီထက် ရင်ထဲက စူးအောင့်နေတာကြီး သက်သာသွားမှာလား။

ပြီးတော့ သူ့အိပ်မက်တွေထဲမှာ ကျော်ကြားကိုမက်လိုက်တိုင်း ဆံပင်အရှည်ကြီးနှင့် မိန်းကလေးလို ဝတ်ဆင်ထားတာတွေပဲ ဖြစ်နေ၏။ အပြင်လောကမှာ မိန်းကလေးတစ်ယောက်မှန်း မသိခင်တည်းက ညီထက် အိပ်မက်တွေထဲမှာ ကျော်ကြားကို မိန်းမတစ်ယောက်အဖြစ် ထည့်မြင်မက် ခဲ့ခြင်းလေ။

ဘယ်တုန်းကမှ မိန်းမတစ်ယောက်ကို အိပ်မက်ထဲထိ မြင်မက် ခြင်းမရှိသော ညီထက်က ကျော်ကြားကို အိပ်မက်မက်ခဲ့တာလည်း ထူးခြား တစ်ခုပဲပေါ့။ ခုဆို ကျော်ကြားကြောင့်နဲ့ သူ့နှလုံးသားတွေပါ နာကျင်နေပြီ

အခန်းထဲမှာ တစ်ယောက်တည်းဆိုတော့ အတွေးတွေက ဟို ရောက်ဒီရောက် ပျံ့လွင့်နေသည်။ ကိုယ့်ဘာသာ ဘာဖြစ်လို့ ဖြစ်နေမှန်းလည်း မသိ။ ကျော်ကြားနဲ့ပတ်သက်ပြီး တစ်ခုခုဆန်းဆန်းပြားပြား ခံစားနေရ တော့ သေချာနေပြီ။ အဲဒါ ဘာလဲ။

ညနေက ဒေါ်မြ လာပို့ပေးသည့်ဆန်ပြုတ်နဲ့ ဆေးတစ်ခွက်





သောက်ပြီး အိပ်ဖို့ကြိုးစားနေတာ ခုချိန်ထိ မအောင်မြင်သေး။ ဆူးခက်က လာရှုပ်လိုက်၊ ကျော်ကြားက အတွေးထဲရောက်လာလိုက်ဖြင့် ညီထက် အိပ်မပျော်နိုင်ဘဲ လူးလည်ချာလည်လိုက်နေသည်။

သဲသဲနဲ့ပတ်သက်ပြီး ကျော်ကြားစိတ်ထဲမှာ အထင်လွဲသွားမှာကို လည်း စိုးရိမ်နေမိ၏။ ဘာကိုစိုးရိမ်နေမှန်းလည်း မသိ။ ရည်းစားတွေများခဲ့ သော သူ့ကို ကျော်ကြား အမြင်မကြည်တာတော့ သိပါသည်။ ဒါပေမဲ့ သူ တကယ်မချစ်ဘူးဆိုတာကိုတော့ ကျော်ကြား မသိဘူးလေ။

ညီထက် ဘယ်လိုမှ အိပ်မပျော်မယ့်အတူတူ ခုတင်ဘေး စားပွဲပေါ် မှ ဖုန်းလေးကို လှမ်းယူလိုက်သည်။ ကျော်ကြားထံ ဖုန်းဆက်မည်ပြင်ပြီးမှ ဆောက်ရဲပြန်။ ညီထက် နာကျင်စေမယ့် စကားတစ်ခုခုများ ဖုန်းထဲကနေ ပြောလိုက်မလားဆိုပြီး လန့်မိသည်။ နောက်ဆုံးတော့ ညီထက်ရဲ့ရွေးချယ် မှုက စာတိုတစ်စောင် ပေးပို့ဖို့ပဲပေါ့။

"ငါတစ်ယောက်တည်း အလုပ်ပြီးတာနဲ့ အိမ်ပြန်လာပါနော်"

ပို့လိုက်မိသောစာက တကယ့်ကို အူကြောင်ကြောင်နိုင်နေတာ ပို့ပြီးမှ ကိုယ့်ဘာသာပြန်ဖတ်ပြီး သတိထားမိ၏။ အိမ်မှာ ညီထက်တစ် ယောက်တည်းမှ မဟုတ်တာ။ ဆူးခက်ရော ဒေါ်မြရော ရှိသည်။ ပြီးတော့ ကျော်ကြားက အလုပ်ပြီးရင် ဟိုဟိုဒီဒီ လျှောက်မသွားတတ်ဘဲ အိမ်ကိုသာ အမြဲတန်းတန်းမတ်မတ် ပြန်လာတတ်သူ။ ဒါပေမဲ့ မတတ်နိုင်။ သူ ပို့လိုက် ပြီးသွားခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မင်းအတွက် ငါကြေးအိုးဝယ်လာတယ်"

ကြေးအိုးထည့်ထားသော ကြွေခွက်ကြီးကို လင်မန်းပေါ်တင်ပြီး အခန်းထဲဝင်လာသည့် ကျော်ကြားကိုမြင်တည်းက ညီထက် အားတက်သွား၏။ ခြောက်နာရီခွဲပဲ ရှိသေးသည်။

"ဘာဖြစ်လို့ ဝယ်လာတာလဲ၊ မင်းပိုက်ဆံတွေ ကုန်တာပေါ့"

"မင်းအတွက်နဲ့ပဲ ဒီလောက်တော့ ငါလုပ်ပေးနိုင်ပါတယ်"

"ဘာလဲ ကျေးဇူးရှင်ကြီးမို့လို့လား"

ကြေးအိုးပန်းကန်ကို စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့်ချတင်လိုက်ရင်း ကျော်ကြား လှမ်းကြည့်သည့် အကြည့်များက ကြောက်ဖို့ကောင်းသည်။

"မင်း ငါ့ကို ထပ်ပြောပြန်ပြီနော် ညီထက်"





"မဟုတ်လို့လား"

"မဟုတ်ဘူး"

"ဒါဆို ဘာလို့လဲ"

"မင်းဖြစ်နေလို့ပေါ့၊ မင်းဖြစ်နေလို့ ငါ ဂရုစိုက်တာပေါ့"

"ဘာရယ်"

အဲဒီအဖြေစကား ကြားလိုက်ရချိန်မှာ ညီထက် နှလုံးသား ရှုံးအောင့်နေတာတွေ ချက်ချင်းပျောက်ကွယ်သွား၏။ နှုတ်ခမ်းတွေတောင် ပြုံးယောင်သမ်းသွားသလား မသိပါ။

"မင်းက ငါသံယောဇဉ်ရှိတဲ့ သူငယ်ချင်းလေ၊ ငါစိတ်ပူတယ် ငါ စိုးရိမ်တယ်"

အဲဒီနောက်ဆက်တွဲစကားကတော့ ညီထက်ရဲ့ကြည်နူးမှုလေးကို အမြစ်ကနေ ပြန်လည်နုတ်ယူသွားလိုက်သလိုပါပဲ။ ဒါပေမဲ့ ဒီအဖြေက မှန်တန်ပြီး ဖြစ်သင့်တဲ့ အဖြေတစ်ခုပါ။ ညီထက် ဘာလို့ မကျေနပ်နိုင်တာလဲ။

သိပ်ကြာကြာတောင် မစဉ်းစားလိုက်ရဘဲ ညီထက် ဦးနှောက်ထဲကို အဖြေတစ်ခု ရောက်လာသည်။

အဲဒါကတော့ ကျော်ကြားဆီက ဂရုစိုက်ကြင်နာမှုတွေကို သူငယ်ချင်းဆိုတဲ့ခေါင်းစဉ်အောက်ကနေ ညီထက် လိုချင်မျှော်လင့်နေခဲ့တာ မဟုတ်။ အခြား နူးညံ့ချိုသာသည့် ခေါင်းစဉ်တစ်ခုအောက်ကနေ ထွက်ပေါ်လာတဲ့ ဂရုစိုက်မှုတွေကိုပဲ ညီထက် လိုအပ်နေခဲ့တာ။

"ဒီလိုဆို ကျေးဇူးရှင်မဟုတ်တော့ဘဲ သူငယ်ချင်းဖြစ်သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းက မကျေနပ်ပြန်ဘူးလား"

"အေး ဟုတ်တယ် မကျေနပ်ဘူး"

ညီထက်က တမင်သက်သက် လုပ်ယူထားသော စူပုပ်ပုပ်နှုတ်ခမ်းနှင့်ပြောသည်။

"မကျေနပ်လည်း မတတ်နိုင်ဘူး"

"အဲဒါတွေကလွဲရင် မင်းမှာ တခြားပေးဖို့ ဘာမှမရှိတော့ဘူးလား"

"ရော့ ခက်တော့တာပဲ၊ မင်းပြောနေတာတွေကို ငါနားကိုမလည်နိုင်တော့ဘူး။ ငါက တခြားပေးစရာ ဘာရှိရမှာလဲ၊ ပေးလို့ရော ရသေးလို့လား"

"ကျော်ကြား"

ကျော်ကြားနဲ့ဆက်လက်ပြီး စကားအချေအတင်ဖြစ်ဖို့ကို ညီထက်စိတ်ကုန်လာသည်။ နှစ်ယောက်သားကြားမှာ ငြိမ်ငြိမ်းချမ်းချမ်းလေးသာနေချင်၏။ ဒါကြောင့်လည်း သူ့နာမည်ကို တိုးတိုးလေး ညင်သာစွာ ခေါ်သည်။ မကျေမနပ်ဖြစ်နေသော မျက်နှာဟန်ပန်နှင့်စူပုပ်နေသော မျက်နှာရှင်က ခုကျတော့ တိုးသက်နူးညံ့သွားတာကို ကျော်ကြား ခပ်ငေးငေးလေးကြည့်နေသည်။

အဲဒီ ပိုင်းစက်လှပသော မျက်ဝန်းများထဲမှာ ညီထက် လိုအပ်နေတဲ့အရာတွေ ပါသလား မပါဘူးလား။

"ငါ မင်းကို မိန်းကလေးတစ်ယောက်လို့ပဲ မြင်နေတယ်"





"အဲဒါ မင်းခဏခဏ ပြောနေတာပဲလေ၊ ငါ့ကို မိန်းကလေးတစ်ယောက်လို့ မြင်လို့ပဲ နေရာတကာ လိုက်ပြောနေရတာဆို"

"မဟုတ်ဘူး အခုတစ်ခါ မိန်းကလေးတစ်ယောက်လို့ မြင်နေတာက တခြားအကြောင်းနဲ့"

"ဟင် ဘယ်လို"

"ဟုတ်တယ် ငါ မင်းကို"

"သြော် ကျော်ကြား ပြန်ရောက်နေပြီကိုး"

တံခါးမခေါက်ဘဲ ဝင်လာသော ဆွေးခက်။ ညီထက် ပြောမယ့်စကားတွေ ရှေ့ဆက်ထွက်မလာတော့။ ဆွေးခက်ကို စိတ်ထဲကနေ ကျိန်ဆဲမိတာ ဒီနေ့အတွင်းမှာတင် ဘယ်နှခါမြောက်သွားပြီလဲ မသိ။

"ဟုတ်တယ် ညီထက် နေမကောင်းဘူးဆိုလို့ သူ့အတွက် ကြွေအိုးတွေဘာတွေ ဝင်ဝယ်မယ်ဆိုပြီး ငါနည်းနည်းစောပြန်လာလိုက်တာ"

"ဟာ ကြွေအိုးပဲ၊ မင်းစားနိုင်လား ညီထက် ခုနက ဆန်ပြုတ်ကိုတောင် မင်းမနည်းသောက်နေရတာ"

"မင်းဘာမှ စကားခေါ်မနေပါနဲ့ ဆွေးခက်ရာ၊ ငါသောက်နိုင်ပါတယ်၊ တစ်ထိုင်တည်း မသောက်နိုင်ရင်တောင် ခွဲခွဲပြီးသောက်မယ်၊ မင်းလက်ထဲရောက်မှတော့ အရောက်မခံဘူး ဟုတ်ပြီလား"

"မင်းဟာလေ နေမကောင်းဖြစ်နေတာတောင် စိတ်ကပုပ်တုံး"

"ကဲ မင်းအခု ဘာပြောဖို့လာတာလဲ"

"မင်းသက်သာလားလို့ လာမေးတာပါ၊ ဆေးခန်းသွားမလားလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မသွားတော့ဘူးကွာ၊ အခုလည်း သက်သာနေတာပဲ"

"တော်ကြာ မနက်ကျ ညည်းသည်တွေဘာတွေလည်း လာမှာဆို တော့ မင်းပင်ပန်းပြီး ဘုန်းဘုန်းလဲသွားမှာစိုးလို့"

"ဟုတ်သားပဲ ညီထက်၊ မင်းဆေးခန်းသွားပြီး အားဆေးတစ်လုံး လောက်ထိုးလိုက်ပါလား"

ကျော်ကြားပါ ဆူးခက်ဘက်ကနေ ဝင်ပြောနေတော့ ညီထက် မျက်နှာကြီးရှုံ့မဲ့ပစ်လိုက်ပြီး

"အာ မလိုပါဘူးဆိုနေမှ၊ ဒီနှစ်ယောက် ဘာဖြစ်နေတာလဲ"

"မင်းဟာလေ စကားပြောရတာ တော်တော်လက်ပေါက်ကပ်တယ် သိလား"

ဆူးခက် လက်ညှိုးကြီးထောက်ထောက်ထိုးပြီး ညီထက်ကို အပြစ်တင် စကားဆိုသည်။

"တော်ပြီ မင်းဘာသာ ဘာဖြစ်ဖြစ် ငါ ဂရုမစိုက်တော့ဘူး မနက် ကျမှသာ ငါတစ်ယောက်တည်း ညည်းမခံရပါစေနဲ့၊ လာ ကျော်ကြား သွား မယ်၊ ဒီကောင့်ကို ပစ်ထားလိုက်"

ကျော်ကြား လက်ကိုပါ အတင်းဆွဲခေါ်ပြီး အခန်းထဲကနေ ဆူးခက် ပြန်ထွက်သွားသည်။ ညီထက်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွားရှာ သော ကျော်ကြားမျက်ဝန်းတွေမှာ ညီထက်အပေါ် စိုးရိမ်ပူပန်ခြင်းတွေ ပျော်ဝင် နေသလိုလို။

■ ■ ■



## အခန်း (၁၄)

အရုဏ်ဆွမ်းကပ်မည့်မို့ ဘုန်းတော်ကြီးဆယ့်တစ်ပါး အိမ်ကိုကြွ လာတဲ့ အချိန်မှာ နေပင်မထွက်သေး။ လောကကြီးတစ်ခုလုံးကို အမှောင်ထု အ လွှမ်းမိုးထားဆဲဖြစ်သည်။

"ဘုန်းဘုန်းတွေကို နေရာလိုက်ပြလိုက်ပါ ဦးဘို"

ဆူးခက်စကားကို အရေးမလုပ်ဘဲ ဦးဘို ခြံထောင့်မှာ ပေကပ် ဆိုနေသည်။ မျက်နှာတစ်ခုလုံးကလည်း ခက်ထန်မာကြောနေ၏။ ဆူးခက် ကို တစ်ချက်လှမ်းကြည့်လိုက်သော မျက်လုံးတွေက နီရဲစူးရှနေ၏။ ရုတ် တရက်မြင်လိုက်ရသည့် မြင်ကွင်းမို့ ဆူးခက် ထိတ်လန့်သွား၏။ ဦးဘို ဘာဖြစ်နေတာလဲ။

"ဦးဘို ဘာဖြစ်"

"အူး ဝူး"



www.burmeseclassic.com

www.burmeseclassic.com



စကားသံထွက်မလာဘဲ တစ်ခုခုကို ပြောနေပုံရသော ဦးဘိုစကားကို ဆူးခက် နားမလည်။ ပြောတယ်ဆိုတာထက် အော်ဟစ်နေတယ်ဆိုက ပိုမှန်ပါမည်။ တစ်ခုခုကို အထိတ်တလန့် အော်နေခြင်းမျိုး။ မြဲပေါက်ဝနားမှာ ဖြစ်နေသော ဆူးခက်နဲ့ဦးဘို အခြေအနေကို ဆရာတော်တစ်ပါးက အကဲခတ်ကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်၏။ ဖါကိုမြင်သွားသော ဦးဘိုမှာ ခပ်ဝေးဝေးသို့ သုတ်ခြေတင်ထွက်သွားတော့သည်။

"ဆရာတော်ဘုရား အထဲကိုကြွပါ"

"ခုနက ဒကာကိုလည်း တရားနာဖို့ ခေါ်လိုက်ပါ ဒကာလေး"

"တင်ပါ့ဘုရား"

ဦးဆောင်ဆရာတော်က ထိုစကားကိုမိန့်ပြီးမှ အိမ်ထဲလှမ်းဝင်သည်။

"ညီထက် ဆရာတော်တွေကို ခေါ်သွားလိုက်ဦး"

ပရိတ်တရားနာဖို့ ညီထက်ကိုလှမ်းပြောလိုက်ပြီး ဆူးခက်ကတော့ ဦးဘိုထံ ပြန်လျှောက်လာခဲ့၏။

ပရိတ်တရားနာဖို့ ဖိတ်ကြားထားသော ရပ်ကွက်ထဲမှဧည့်သည် တချို့လည်း ခြံထဲဝင်လာနေကြပြီ။ မိုးစင်စင်မလင်းသေးပေမယ့် ဆူးခက်တို့ ခြံထဲမှာ လူစည်ကားနေ၏။

"ဦးဘို ခုနက ဘယ်လိုအပြုအမူကို လုပ်လိုက်တာလဲ"

ဘာတစ်ခွန်းမှ ပြန်မဖြေဘဲ ဆူးခက်ကို စူးစူးကြီးစိုက်ကြည့်နေသော ကျောချမ်းဖို့ပင် ကောင်းနေ၏။

"တရားနာကြွလာတဲ့ ဧည့်သည်တွေ ကုန်သွားရင် ဦးဘိုလည်း





ဆွမ်းခန်းကို ကြွခဲ့ပါ။ မလာရင် ကျွန်တော်နဲ့ကောင်းကောင်းတွေ့မယ်နော်"

ထိုအချိန်မှာပဲ တစ်ဖက်ခြံမှ မထားစံနန်း ဆူးခက်တို့ဘက် ကူးသည်။ မနက်စောစောစီးစီးမှာ သနပ်ခါးရေကျဲလေးနှင့် တစ်ပတ်လျှိုထုံးလေး ထုံးထားသော ထားစံနန်းပုံက ကျက်သရေရှိစွာ လှပနေသည်။ ဆင်ထားသော မြန်မာအင်္ကျီသွားညိုရောင်လေးနှင့် လိုက်ဖက်စွာ နှင်းဆီနွင်းဖြူဖြူကိုတစ်ပွင့်တည်း ပန်ဆင်ထား၏။ သူမကိုကြည့်လိုက်ရင် ဘယ်အချိန်မဆို ကျက်သရေရှိနေခြင်းဟာလည်း မင်္ဂလာတစ်ပါးပါပဲ။

သို့သော်လည်းပေါ့လေ ဆူးခက်အမြင်နဲ့ ကွဲပြားခြားနားစွာပင် ထားစံနန်းကိုမြင်တာနှင့် ဦးဘိုမှာ ခုနကအတိုင်း ဂူးဂူးဝါးဝါးတွေ အော်တော့သည်။ ကြောက်မက်ဖွယ်ကောင်းသည့် အရာတစ်ခုကို မြင်တွေ့နေရသလို အနားရှိသစ်ပင်နောက်ကိုတောင် ဝင်ပုန်းလိုက်သေးသည်။

ထားစံနန်းမှာလည်း ဦးဘိုဖြစ်နေတာကိုမြင်ပြီး မျက်နှာပျက်သွား၏။ ပြဿနာ အားနာရသူကတော့ ဆူးခက်ပဲပေါ့။ ဒီတစ်မနက်လုံး ဦးဘို ဘာတွေဖြစ်နေတာလဲ။ နည်းနည်းမှ မူမမှန်။

သစ်ပင်နောက်ဝင်ပုန်းနေသော ဦးဘိုကို မခေါ်နိုင်သေးဘဲ မထားစံနန်းကို အရင်ဆုံး အားနာပြုံးလေးပြုံးပြလိုက်ရသည်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ဒီနေ့မနက်တည်းက ကျွန်တော်တို့ဦးစောင့်ကြီး ဘာဖြစ်နေမှန်းကို မသိဘူး"

"ရပါတယ်ရှင် နေမကောင်းလို့ ဖြစ်ပါလိမ့်မယ်"

အပြုံးလေးနဲ့ပဲ တုံ့ပြန်ပြောနေပေမယ့် ထားစံနန်း မျက်နှာသည်



www.burmeseclassic.com

www.burmeseclassic.com



ပျက်ယွင်းနေတာ ဆူးခက် သတိထားမိသည်။

အားနာလိုက်တာလည်း ပြောမနေပါနဲ့တော့။

"ပြော် ဒါနဲ့ အစ်မတစ်ယောက်တည်းလား"

"ဟုတ်တယ်ကွယ် နောင်က မနေ့တည်းက ခရီးတစ်ခုထွက်သွား လို့လေ"

"ဟုတ်ကဲ့ အစ်မ၊ အထဲကြွပါဦးနော်"

ဦးဘို ဝင်ပုန်းနေသော သစ်ပင်နောက်ကို တစ်ချက်ကြည့်လိုက် ပြီးမှ ထားစံနန်း အိမ်ထဲဝင်သွားသည်။ ထားစံနန်းရှေ့မှာ အားနာပါးနာ ပြုံး ထားရသမျှတွေအားလုံး ဦးဘိုရှေ့အရောက်မှာ ဆူးခက် မြေချလိုက်ရ

"ဦးဘို ဒီနေ့ ခင်ဗျား ဘာတွေဖြစ်နေတာလဲ၊ ဆရာတော်ရှေ့ ရှေ့မှာတစ်ခါ၊ အခု မထားစံနန်းရှေ့မှာတစ်ခါ၊ ခင်ဗျား မဟုတ်တော့ဘူးဗျာ"

ဆူးခက် ဒေါသထွက်လာသည့်အတိုင်း ခင်ဗျားတွေဘာတွေ ပြောမိသွားသည်။ မတတ်နိုင်တော့။ ကိုယ်တွေမျက်နှာပျက်ရပေါင်း များပြီ မဟုတ်လား။

"လာ အိမ်ထဲသွားမယ်၊ ဆရာတော်တွေ ဆွမ်းဘုဉ်းပေးလို့ ပြီး လောက်ပြီ၊ ခင်ဗျားကိုလည်း တရားနာကြွဖို့ ဆက်ဆက်ခေါ်ခိုင်းလိုက်တယ်"

ဦးဘိုက မျက်နှာပင်မမော့ဘဲ တဆတ်ဆတ်တုန်နေသည်။ ဆူးခက် စိတ်မရှည်နိုင်တော့ဘဲ ဦးဘို လက်တစ်ဖက်ကို ဆောင့်ဆွဲခေါ်လိုက်ရ အင်နှင့်အားနှင့် ရုန်းကန်နေသော ဦးဘိုကို ဆူးခက် နားမလည်နိုင်စွာ ဆူးခက် ထပ်ဆွဲခေါ်သည်။





ဦးဘိုမျက်နှာကြီးက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြောင်းလဲနေတော့ အခြေအနေကို ဆူးခက် ရိပ်မိစပြုလာ၏။ ဒါဟာ သွေးရိုး သားရိုး နေမကောင်းတာ မဟုတ်ဘဲ တစ်ခုခုအနှောင့်အယှက်ကြောင့်သာ ဖြစ်ရမည်။ ဒါဆို ခုလိုမျိုးတွေ ဖြစ်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

ဦးဘို စကားစမပြောတော့တည်းကလား။ ဒီတဒင်္ဂလေးအတွင်းမှာ ပင် ဆူးခက် အတွေးတွေ ချာလပတ်ရမ်းနေ၏။ တစ်ကိုယ်လုံးက ရှိသမျှ အင်အားများ အသုံးပြုလျက် ဦးဘိုကို ဘုရားခန်းနားရောက်အောင် ဆွဲခေါ် လာခဲ့သည်။ အဲဒီအချိန်မှာပဲ စားသောက်စရာများ ဘုဉ်းပေးပေးပြီးသော ဆရာတော်ဆယ့်တစ်ပါးလုံးက ဘုရားခန်းကို ပတ်ပတ်လည်နေရာယူလိုက် ပြီး ပရိတ်စတင်ရွတ်သည်။

"သမန်တာ စက္ကဝါဠေသု" အစချီရုံရှိသေးသည်။ ဦးဘိုမှာ ခုနက ထက် အခြေအနေပိုဆိုးလာပြီး တဟင်းဟင်း ညည်းညူလေတော့၏။ တစ် ကိုယ်လုံးဟာလည်း နတ်ဝင်သည့်တစ်ယောက်လို တုန်ယင်လှုပ်ရှားနေသည်။ တရားနာကြွလာသည့် ဒေသ်ပရိသတ်တွေလည်း လန့်ဖျပ်ကုန်လျက် အကြည့် အာရုံများက ဦးဘိုထံသို့သာ။

ခြံဝမှာတည်းက ဦးဘိုကို တရားနာကြွဖို့ ရအောင်ခေါ်ယူခဲ့ရန် မှာလိုက်သည့် ဘုန်းကြီးက အခြေအနေတွေအားလုံးကို တစ်ချက်ငြိမ်သက် ကြည့်လိုက်ပြီး

"မင်း ဘာလိုချင်လို့လဲ"

ဦးဘိုကိုကြည့်ကာ မေးလိုက်သော ဆရာတော့်အသံဟာ ပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



မာကျောသည်။ ပါးစပ်ကနေ ကြောက်မက်ဖွယ်ရာများ အော်ဟစ်လျက် ဆရာတော်ကို တည့်တည့်ဆိုင်ပြီး မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်နေသော ဦးဘိုမှာ အလွန်ကြောက်မက်ဖွယ်ကောင်းလွန်းနေသည်။

"မင်းဘာလိုချင်လို့ ခိုကပ်နေတာလဲ"

စကားတစ်လုံးမှ ပြန်မဖြေ။ ဝူးဝူးဝါးဝါးများသော အော်ဟစ်နေခြင်း မျက်နှာသွင်ပြင်မှာလည်း ခက်ထန်သောကြောက်မက်ဖွယ်ရာပုံစံ ဖြစ်သွားလိုက်၊ ဦးဘိုရဲ့မူရင်းနဂိုပုံစံအတိုင်း သနားစဖွယ် ဖြူဖျော့သွားလိုက်နှင့် စက္ကန့်ပိုင်းအတွင်းမှာပင် အမျိုးမျိုးပြောင်းလဲနေသည်။

"ကျွန်တော် ကျွန်တော် ဝင်လိုက် ထွက်လိုက် လုပ်နေတာ အား အူး"

နဂိုဦးဘိုပုံစံပြောင်းသွားရင် စကားသံက တိုးတိုးလေးကြားသာရုံ ထွက်လာလိုက်၊ ချက်ချင်းပင် ကြောက်မက်ဖွယ်အော်ဟစ်လိုက်၊ တစ်ကိုယ်လုံးတုန်ယင်နေသည့်ကြားက လက်များဖြင့် ဟိုကုတ်ဒီကုတ် ကုတ်ဖွဲ့နေသော ဦးဘိုပုံက ဆူးခက် စိတ်ဝင်တစား ဖတ်ခဲ့ကြည့်ခဲ့သော စာအုပ်တွေ ရုပ်ရှင်တွေထဲကလို မကောင်းဆိုးဝါး ဝင်ပူးခံနေရသည့်ပုံစံမျိုး။

ဆရာတော်များက တက်ညီလက်ညီ ပရိတ်ဆက်ရွတ်တော့ ဦးဘို အခြေအနေ ပိုဆိုးလာ၏။ ကြမ်းပြင်မှာ လူးလှိမ့်ရင်း

"ပူတယ် ပူ တယ်၊ မရပ်သေးဘူးလား၊ ငါ ပူလို့ သေတော့မယ်"

လူတစ်ယောက် ပုံမှန်ပြောနေသံမဟုတ်ဘဲ အသံသြသြကြီးဖြင့် အော်ရင်း ဦးဘို ကမ္ဘာပျက်နေသည်။ ပရိတ်ရွတ်တာ ဆုံးခါနီးလေလေ





ဦးဘို အခြေအနေ ပိုကြမ်းတမ်းလာလေပင်။

"ငါ ပြောနေတာ မရပ်ဘူးလား"

ဆရာတော်ထံ ပြေးဝင်လာဖို့ ဟန်ပြင်နေသော ဦးဘိုကို ဆူးခက်ဖမ်းဆွဲထားလိုက်သော်လည်း အားချင်းမယှဉ်သာသောကြောင့် နောက်ကို ဖက်လက်လန်လဲသွားရသည်။ သို့သော် ဆရာတော်ထံသို့ရောက်အောင်လည်း ဦးဘို မသွားနိုင်ပါ။ သူကိုယ်တိုင်လည်း ဖင်ထိုင်လျက် ပြုတ်ကျသွား၏။

"အခုချက်ချင်း သာဓုခေါ်ပြီး သွားပါတော့၊ မင်းနဲ့သက်ဆိုင်တဲ့ နေရာကို သွားပါ"

ဒါတောင် သာဓုမခေါ်ဘဲ တင်းခံနေတော့ ဆရာတော်တစ်ပါးက ပရိတ်ရေဖြင့် ဖြန်းပက်လိုက်၏။ ပူလွန်းလို့ ထွန့်ထွန့်လူးနေသည့် ဦးဘိုမှာ နောက်ဆုံးတော့ မခံစားနိုင်တော့ဘဲ ကျယ်လောင်သောအသံကြီးဖြင့်

"သာဓု သာဓု သာဓု"

သာဓုသာ ခေါ်နေသော်လည်း မျက်လုံးများက နီရဲခက်ထန်ကာ ဒေါသတကြီးဖြင့် စိုက်ကြည့်နေဆဲ။ ရွတ်ဖတ်ဆဲပရိတ်ကို အဆုံးသတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဦးဘိုထံမှ အလွန်တရာ နက်ရှိုင်းကြောက်မက်ဖွယ်ကောင်းသည့်အသံနက်ကြီးဖြင့် အော်သံထွက်ပေါ်လာ၏။

"အ အား"

ထိုအော်သံနက်ကြီးအဆုံးမှာတော့ ဦးဘိုတစ်ယောက်တည်း လှုပ်ရှားမှုအားလုံး ရပ်တန့်လျက် နေရာမှာတင် ဘုန်းခနဲ ပက်ကျသွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆူးခက်ရော ညီထက်ပါ ဦးဘိုနား ချက်ချင်းပြေးသွားယူလိုက်၏။ ဦးဘို သတိမရှိတော့ပါ။

"ဦးဖင်းတို့ ပရိတ်ရေတွေ မန်းကွင်းတွေ ပေးခဲ့ပါမယ်၊ ဒကာကြီး သတိရလာရင် ဦးဖင်းမှာတဲ့အတိုင်းသာ ပရိတ်ရေလေးတိုက်ပေးပြီး မန်းကွင်းလေး ချည်ပေးထားပါ၊ ဒီလိုဆို မနှောင့်ယှက်နိုင်တော့ပါဘူး"

"ဘယ်လိုများ ဖြစ်ရတာလဲ မသိတော့ဘူး ဆရာတော်ဘုရား"

ဆူးခက်က လက်အုပ်လေးချီလျက် တရိုတသေ မေးမြန်းသည်။

"တကယ်တော့ ဦးဘို့ ခုလိုမျိုးပြောင်းလဲနေတာတော့ ကြာပါပြီ တပည့်တော်တို့က တခြားရောဂါတစ်ခုခုလို့ပဲ တွေးထင်ခဲ့ကြတာပါ"

"ဒီခြံထဲကို ဝင်လာတည်းက အမှောင်ကို ဦးဖင်း ခံစားရတယ် ပြီးတော့ ဒီဒကာကြီးရဲ့အပြုအမူတွေ"

"ဒီလိုလောကသားတွေက တစ်ချိန်လုံးတော့ ပူးကပ်မထားနိုင်ဘူး။ ဒီဒကာကြီးကိုယ်ထဲကို ဝင်လိုက်ထွက်လိုက်နဲ့ စိတ်ကြိုက်ခြယ်လှယ်နေတာပေါ့၊ ကဲ ကဲ ခုတော့ စိတ်အေးရပါပြီ၊ ဦးဖင်းတို့လည်း ပြန်ကြမယ်"

ဆူးခက်မေမေအတွက်လည်း အမျှဝေခြင်းကိစ္စကိုပါ တစ်ပါတည်း ဆောင်ရွက်ခဲ့ပြီးမှ ဘုန်းတော်ကြီးတွေလည်း ပြန်ကြသွားသည်။ ကြွရောက်လာသောဧည့်သည်များကို အစားအသောက်များဖြင့် ဧည့်ခံရင်း ဦးဘိုကိုလည်း ထောင့်တစ်နေရာမှာ လဲလျောင်းထားရ၏။

"ဆူးခက် ကျော်ကြားရော"

ခုမှပင် ကျော်ကြားပျောက်နေတာကို သူတို့ သတိထားမိ





တစ်မနက်လုံး အလုပ်တွေ ရှုပ်ယှက်ခတ်နေသည့်အပြင် ဦးဘိုကိစ္စကြီးကလည်း မထင်မှတ်စွာ ဖြစ်ပျက်သွားတာဆိုတော့ ကျော်ကြားကို မတွေ့ခြင်းအား သတိတရမရှိ။

"အေး မင်းပြောမှပဲ ငါလည်း မနက်တည်းက သူ့ကိုသတိမထားမိဘူး"

"ဟာ ဒါဆို စောစောစီးစီး သူက ဘယ်သွားတာလဲ၊ ငါ အိမ်နောက်ဖေးမှာထင်လို့ ဝင်ကြည့်တော့လည်း မရှိဘူး"

"ဟင် ဒါဆို သူ ဘယ်သွားတာလဲ"

ဆူးခက်ကို မေးကာမှ သူက ညီထက်ထက် ပိုဆိုးနေသည်။

"ကဲ မင်းနည်းနည်းပါးပါး ဧည့်ခံထားလိုက်ကွာ၊ ငါ ကျော်ကြားကို လိုက်ရှာကြည့်လိုက်ဦးမယ်"

ညီထက် စကားကြောင့် ဧည့်သည်တွေဆီ စိတ်ပြန်ရောက်သွားသော ဆူးခက်မှာ ထားစံနန်းကို ရှာဖွေကြည့်လိုက်၏။ စားပွဲဝိုင်းများ ခင်းကျင်းထားသော တစ်ခန်းလုံးမှာ ထားစံနန်းရဲ့အရိပ်အယောင်မျှပင် မတွေ့။

ဟင် ဘယ်ရောက်သွားတာလဲ၊ ဦးဘိုကို သူ ဘုရားခန်းဆီ ဆွဲခေါ်လာတုန်းကတောင် ထားစံနန်း ထိုင်နေတာ သတိထားမိလိုက်သေးသည်။ အခုတော့ ဘယ်ရောက်သွားတာလဲ။ ဦးဘိုကိစ္စ ဖြေရှင်းနေတုန်းများ ထပြန်သွားခဲ့တာလား။

"ဟိုဘက်ခြံက ထားစံနန်း ပြန်သွားတာရော မင်းမြင်လိုက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မမြင်မိဘူး ဆူးခက်၊ ဘာဖြစ်လို့လဲ"

"တရားစခန်းတုန်းကတောင် သူ့ကိုမြင်လိုက်သေးတယ်၊ အ ချက်ချင်းကို မရှိတော့လို့"

"ဟွန် ဘယ်လိုတွေဖြစ်နေတာလဲကွာ"

ညီထက် ခေါင်းသာ တဖြင်းဖြင်းကုတ်နေမိသည်။ ခုလေး မထင်ထားသော အဖြစ်ကြီးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြီး ဘာတွေထပ်ဖြစ်ဦး မသိ။ ကျော်ကြားကလည်း ပျောက်နေသေးသည်။

တစ်ခြံလုံးအနှံ့လိုက်ရှာပါသော်လည်း အရိပ်အယောင်တော မတွေ့မြင်ရပါ။ အိမ်ထဲမှာလည်း အပေါ်ထပ်တွေ အောက်ထပ်တွေ အ နှံ့နေပြီ။

"ဒေါ်မြ ကျော်ကြားကို တွေ့မိလား"

"အေး မနက်တည်းက ဒေါ်မြလည်း သတိမထားမိဘူးကွဲ၊ ဖြစ်လို့လဲမောင်ညီထက်"

"ကျော်ကြား ပျောက်နေတယ်၊ ဒေါ်မြတွေ့ရင် ကျွန်တော့်ဆီ ပြောလိုက်စမ်းပါ"

"ဪ အေး အေး"

သို့သော် ကျော်ကြားကို ညီထက် ဘယ်လိုမှ ပြန်ရှာမတွေ့ ခ ညည်သည်တွေသာ ပြန်သွားသည်။ ကျော်ကြားကတော့ ပေါ်မလာ ကိုများ ထွက်သွားခဲ့တာလဲ။ တကယ်ဆို သူတို့အိမ်သားထဲက တစ်ယော ယောက်ကို ပြောသွားဖို့တော့ သင့်ပါသည်။





ခုတော့ အားလုံး စိတ်ပူနေရတော့၏။

"ဖုန်းဆက်ကြည့်လေ"

"မရလို့ပေါ့ကွ၊ စက်ပိတ်ထားတယ်ပဲ ပြောနေတယ်"

"ဟာ ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ တစ်ခုခုများ ဖြစ်နေတာလား ကွာ၊ မနက်တုန်းကလည်း ဦးဘိုက အဲဒီလိုကြီးဖြစ်ထားတာဆိုတော့ ငါ စိတ်ပူတယ်"

"ဆိုင်တော့ မဆိုင်လောက်ပါဘူးကွာ"

ပြောသာ ပြောလိုက်ရသည်။ ညီထက်စိတ်ထဲမှာလည်း စိုးတထင့် ထင့်။

ထိုအချိန်မှာပဲ ဦးဘို သတိပြန်ရလာ၏။ အနားမှာ အမြဲမပြတ် စောင့်ကြည့်ပေးနေသော ဒေါ်မြက သတိရလာတာနဲ့တစ်ပြိုင်နက် ဆရာတော် ဘုန်းကြီးပေးသွားသည့် ပရိတ်ရေကိုတိုက်သည်။ ချည်မန်းကွင်းလေးကိုလည်း ဦးဘိုလက်ကောက်ဝတ်မှာ စည်းနှောင်ပေးလိုက်၏။

"ဦးဘို ဦးဘို နေလို့သက်သာလား"

"သက်သာပါတယ်"

ပုံမှန်လေသံ ပုံမှန်မျက်နှာထား ပုံမှန်အကြည့်များကြောင့် ဦးဘို အတွက် စိုးရိမ်ဖို့မလိုတော့တာ သေချာသွားပြီ။ ဟိုးအရင် အကောင်းပကတိ တုန်းကလို စကားလည်း ပြန်ပြောနိုင်လာပြီဆိုတော့ အားလုံးအဆင်ပြေပြီပေါ့။

"တော်တော်ခံလိုက်ရတယ်ကွာ၊ ငါ့ကိုဝင်ပူးလိုက် ပြန်ခွာလိုက်နဲ့ သူ့အကြောင်းပြောဖို့လုပ်လိုက်တိုင်းလည်း ငါ့တစ်ကိုယ်လုံးကို မီးစနဲ့ထိုးသလို



www.burmeseclassic.com

www.burmeseclassic.com



ပူနေအောင်လုပ်တယ်၊ စကားတစ်လုံးမှ မပြောနိုင်ဘူး။ ပြောဖို့ ဟလိုက်တိုင်း လည်း အာခေါင်ကို အပ်တွေနဲ့ထိုးသလိုကွာ"

ဖြည်းဖြည်းချင်း အားယူပြောနေသော ဦးဘိုကိုကြည့်ပြီး သူတို့ သနားနေမိသည်။ ညီထက်လည်း သူ အယုံအကြည်မရှိခဲ့သော တခြား လောကမှ အဖြစ်အပျက်တစ်ခုကို မျက်မြင်ကိုယ်တွေ့ဖြစ်သွားတော့ အံ့ဩ လို့မဆုံး။

"ဒေါ်မြရော ဦးဘိုရော ပြန်နားတော့လေ၊ ဒေါ်မြကတော့ ဦးဘိုကို နည်းနည်းပိုဂရုစိုက်လိုက်ပါနော်"

အဲဒီနေ့တစ်နေ့လုံး ညီအစ်ကိုနှစ်ယောက် တစ်ယောက်တစ်နေရာ စီ လှည့်ပြီး ကျော်ကြားအား လိုက်ရှာပါသော်လည်း အရိပ်အယောင်လေးမှပင် မတွေ့။ ဦးဘိုပြောတဲ့ မီးစနဲ့ထိုးသလို ခံစားချက်မျိုးဆိုတာ အခု ကျော်ကြား ကြောင့် ခံစားနေရသည့် ညီထက်ဝေဒနာနဲ့ ဆင်တူပဲလို့တောင် ပြောရမလား မသိ။

ကျော်ကြားနေခဲ့တဲ့ အဆောင်ကိုလည်း ညီထက် ရောက်သည်။ အဲဒီအဆောင်က မိန်းကလေးသီးသန့်ဆောင်ဆိုတာလည်း ညီထက် သိခွင့် ရလိုက်၏။ ဟိုဘက်ရပ်ကွက်က ကျော်ကြား အလုပ်လုပ်တဲ့ဆေးဆိုင်လေး ကိုလည်း သွားခဲ့ပြီ။ ဒီနေ့အိမ်မှာ အလုပ်ရှိလို့ ခွင့်ယူထားတယ်ဆိုတဲ့အဖြေ ကိုသာ ပြန်ရသည်။

ဘာဆက်လုပ်ရမှန်းမသိ လမ်းစပျောက်သွားသော ညီထက်တစ် ယောက် အိမ်ပြန်ရောက်ချိန်မှာ ဆယ့်တစ်နာရီပင် ကျော်နေခဲ့ပြီ။





"ဘယ်လိုလဲ ညီထက်"

ဆူးခက်လည်း ကျော်ကြား သွားတတ်သော မုန့်ဆိုင်တွေ နေရာ တွေကို လိုက်ရှာရာကနေ ခုမှ ပြန်ရောက်တဲ့ပုံ။ ဆူးခက်မေးခွန်းကို ပါးစပ် ကပင် ပြန်မဖြေနိုင်ဘဲ ညီထက် ခေါင်းသာခါပြလိုက်သည်။

"ဒီလိုနဲ့ပဲ ကျော်ကြားကို မတွေ့တော့ရင် ဘယ်လိုလုပ်မလဲ ဆူးခက်"

ညီထက်အသံတွေ ငိုသံပါနေမလား မသိ။ သို့သော် ညီထက် ကိုယ့်ကိုကိုယ် ထိန်းချုပ်နိုင်သောအင်အား မရှိပါ။

"ဟာ ဘာမှမဖြစ်လောက်ပါဘူးကွာ၊ မင်းကလည်း မင်းမဟုတ် သလိုပဲ မျက်နှာကြီးက ဘယ်လိုဖြစ်တာတုံး"

ညီထက် ပခုံးကို အားပေးသလိုပုတ်ရင်း ဆူးခက်ပြောသည်။ သို့သော် အားမဖြစ်စေသည့်အပြင် အနီးရှိဆိုဖာခုံပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်မိ၏။

"မင်းဘာတွေ ဒီလောက်ဖြစ်နေတာတုံး ညီထက်၊ သူလည်း သူ့ဘာသာ တစ်ခုခုအကြောင်းကြောင့် ဖြစ်မှာပေါ့၊ ယောကျ်ားလေးပဲကွာ ဒီလောက်စိတ်ပူဖို့ မလိုပါဘူး"

"ငါ့အိပ်မက်ထဲမှာလည်း အခုလိုပဲ သူပျောက်သွားလို့ ငါ ရင်ထဲ ထောက် အော်ခေါ်ပြီး လိုက်ရှာရထာ"

ဆူးခက်အတွက် သိပ်ကိုထူးဆန်းနေသည့် စကားလုံးများကို ညီ ထက်က မျက်ရည်တွေ စီးကျလာရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်းဘာတွေဖြစ်နေတာလဲ ညီထက်"

"မင်းမသိသေးတဲ့အဖြစ်တွေ ငါပြောပြမယ် ဆူးခက်၊ ခုလို ကျော်ကြား ပျောက်သွားတာကို ငါ ဘာလို့ ဒီလောက်ထိ စိတ်ပူပန်နေရတယ် ဆိုတာ"

အံ့ဩဖွယ်စကားလုံးများကို ညီထက် နှုတ်ကနေ ထွက်ကျလာတော့မည်မို့ ဆူးခက်ကလည်း ငြိမ်ငြိမ်လေးနားထောင်နေမိ၏။ ဘယ်လို ထူးဆန်းတဲ့အဖြစ်တွေ ထပ်ရှိနေသေးတာလဲ။

"တကယ်တော့ ကျော်ကြား နာမည်အရင်းက မေထင်ကျော်ကြား တဲ့"

"ဘာ ဘယ်လို မေထင်ကျော်ကြား ဟုတ်လား"

မျက်လုံးကြီးပြူးပြီး ဆူးခက် အော်သည်။

"အေး ဟုတ်တယ်၊ မေထင်ကျော်ကြား။ ပြီးတော့ သူက ယောကျ်ားလေးတစ်ယောက်မဟုတ်ဘူး။ ငါတို့ ဘယ်လိုမှ ထင်မထားတဲ့ မိန်းကလေးတစ်ယောက်ပဲကွ"

"ဟာ မင်း ငါ့ကိုလာစနေတာမလား ညီထက်၊ မဖြစ်နိုင်တာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ခေါင်းတခါခါနှင့် ငြင်းဆန်နေသော ဆူးခက်ကို ညီထက်က ကျော်ကြားဘာဝအကြောင်းကို သိထားသည့်အတိုင်း သေချာပြန်ပြောပြလိုက်လေ ပါ။စဝ်အဟောင်းသားလေးနှင့် နားထောင်ရင်းမှ

"ဒီ ဒီလိုဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ ညီထက်"



"ငါ မသိဘူး"

"ဟာ မင်းကလည်း အရေးထဲမှ မျက်ရည်ကျနေတယ်"

"ဟုတ်တယ် ငါသူ့ကို စိတ်ပူလို့ သေတော့မယ်ကွ၊ သူနဲ့ပတ်သက်ပြီး အိပ်မက်တွေ မက်လိုက်တိုင်းလည်း တစ်ခုမှမကောင်းဘူး"

"မင်းသူ့ကို တော်တော်စွဲလမ်းနေတာပဲ"

တည်ငြိမ်စွာနဲ့ မှတ်ချက်ချလိုက်သော ဆူးခက်စကားကို ညီထက် ငြင်းပါ။

"ငါတို့ သူ့ကို ဘယ်လိုပြန်ရှာကြမလဲ ဆူးခက်"

အိမ်ရှေ့ဧည့်ခန်းမှာထိုင်ပြီး အကြံအစည်အိုက်နေသော သူတို့ နှစ်ယောက်ဆီသို့ ခြံထဲကနေ အပြေးလာနေသည့် အရာတစ်ခု။ သေသေချာချာကြည့်မိတော့မှ ခွေးလေးတစ်ကောင် ဖြစ်လို့နေသည်။ အညိုရောင် အမွေးရှည်ကြီးများဖြင့် စုတ်ဖွားခွေး တယ်ရီယာလေး။

ထိုခွေးလေးကို မြင်လိုက်ရတာ သူတို့ သိပ်အံ့ဩသွားမိသည်။

"ဒါ ဒါဟိုခွေးလေး မဟုတ်လား"

"အေး ဟုတ်တယ် ညီထက်၊ သူ ရောက်လာပြန်ပြီကွ"

နှစ်ဦးသား လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဒီခွေးလေး ပေါ်လာခြင်းက တစ်ခုခုတော့ ထူးခြားစေလိမ့်မယ်လို့ သူတို့ တွေးမိသည်။ ခွေးလေးကလည်း ဂနာမငြိမ်။ သူတို့နှစ်ယောက်ကို လှည့်ပတ်လိုက်၊ ခြံထဲပြန်ပြေးထွက်လိုက်၊ သူတို့ဆီပြန်ပြေးလာလိုက်၊ ခြံထဲပြန်သွားလိုက်နှင့် ယောက်ယက်ခတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုတော့ ထူးခြားနေတယ်ကွ၊ ဘာဖြစ်လို့ ဒီကောင် ဒီလောက်ပျာယာခတ်နေတာလဲ မသိဘူး"

"သူ့နောက်ကို လိုက်ကြည့်ဖို့ ခေါ်နေတာများလားကွာ"

"အေး ဟုတ်တယ်၊ ဖြစ်နိုင်တယ်၊ ငါတို့ လိုက်ကြည့်ရအောင် ဆူးခက်"

သူတို့ ဆုံးဖြတ်ချက် မှန်ကန်သွားပါသည်။ ခွေးလေးက သူတို့နောက်မှာပါလာတာ သေချာသည်နှင့် အိမ်ထဲကို ပြန်ပြေးမလာတော့ဘဲ ခြံနောက်ဘက်ကို ပြေးဝင်သွား၏။ ခွေးလေးရဲ့ဦးတည်ရာက ခြံနောက်ထောင့်မှ မလေးရှားပိတောက်ပင်ကြီးအောက်သို့။

ညီထက် အာရုံထဲမှာ အိပ်မက်ထဲက အဖြစ်အပျက်တစ်ခုကို ပြန်မြင်ယောင်လာသည်။ ဒီအပင်နားမှာ အုတ်နံရံအပေါ်ကနေ ဟိုဘက်ခြံကို ချောင်းကြည့်ခဲ့ဖူးတာ မဟုတ်လား။

ခုလည်း ခွေးလေးက အပင်အောက်ကို မြုံနွယ်များကို သူ့လက်များဖြင့် အတင်းတွန်းထိုးခွဲဖယ်လိုက်တော့ လူတစ်ကိုယ်စာ လေးဖက်ထောက်ဝင်သာရုံ အပေါက်တစ်ခု ပေါ်လာ၏။ ညီထက် အံ့ဩလွန်းမက အံ့ဩသွားရသည်။

"ဒီ ဒီလိုပုံစံမျိုးကို ငါ ငါ အိပ်မက်မက်ဖူးတယ် ဆူးခက်"

ခွေးလေးက ထိုအပေါက်ထဲကနေတစ်ဆင့် တစ်ဖက်ခြံထဲသို့ ဝင်သွားသည်။ သူတို့နှစ်ယောက်လည်း ဘာမှတွေဝေမနေတော့ဘဲ ခွေးဝင်ပေါက်ကနေ လေးဖက်ထောက် လိုက်ဝင်လိုက်၏။ တစ်ဖက်ခြံထဲကို လွတ်





လွတ်ကျွတ်ကျွတ် ရောက်သွားသည်နှင့် သူတို့တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားရသည်။ မှောင်မည်းတိတ်ဆိတ်နေသည့် ခြံကျယ်ကြီးကိုက လူ့စိတ်ကိုချောက်ချားနေစေသည်။

"ငါတို့ သူများခြံထဲတော့ ရောက်နေပြီနော် ညီထက်"

"ငါကတော့ တစ်ခုခုထူးလိမ့်မယ်လို့ ခံစားနေရတယ်ကွာ"

"အင်း ဟုတ်တော့ဟုတ်တယ်၊ ဒီခွေးလေးကိုက ထူးဆန်းနေတာပဲ၊ သူက ဒီခြံထဲမှာပဲ အမြဲရှိနေတာကွ၊ ဒါပေမဲ့ ဟိုတစ်နေ့က မထားစံနန်းကို ငါမေးတော့ လုံးဝ မသိသလို ဟန်ဆောင်ခဲ့တယ်"

တယ်ရီယာခွေးလေးက အိမ်ကြီးထဲကို ဝင်စေချင်ပုံနှင့် ရုန်ဆွရုန်ဆွ လုပ်နေပြန်သည်။ ခွေးလေး ထပ်ခေါ်သွားတာက သုံးထပ်တိုက်ကြီးရဲ့အောက်ထပ် နောက်ဖေးပေါက်သို့။ တံခါးများကျိုးပျက်နေသော ထိုနေရာကနေ အိမ်ထဲကို သူတို့နှစ်ယောက် အလွယ်တကူ ဝင်ရောက်နိုင်ပါလိမ့်မည်။

အသံမထွက်အောင် တိုးတိုးတိတ်တိတ် တံခါးဖွင့်လျက် ခြေသံကိုလည်း လုံနေအောင် လျှောက်ရသည်။ စိတ်လှုပ်ရှားနေသောကြောင့် နှစ်ယောက်သားလုံး ချွေးတွေနစ်နေ၏။ အောက်ထပ်တစ်ခုလုံး မှောင်မည်းနေသောကြောင့် သူတို့ သတိထားပြီး ဖြည်းဖြည်းလေးသာ လျှောက်သည်။ ကြာနေ ကိုယ်အထားအသိုမသိသော နေရာတစ်ခုမှာ ပရိဘောဂတွေ ဝင်တိုက်မိနေမှာလည်း ကြောက်ရသေး၏။

အိမ်ပေါ်ထပ်သို့တက်သော လှေကားရင်းနားရောက်မှ အပေါ်ထပ်ဆီက ဖြန့်ကျနေသည့် မီးအလင်းရောင်သေးသေးလေးတစ်ခုကို မြင်ရသည်။

www.burmeseclassic.com



ထိုအလင်းရောင်ဖြင့် ခွေးလေးကို ရှာဖွေကြည့်တော့ မရှိတော့ပါ။ ဘယ်အချိန်တည်းက ဘယ်ကိုပြန်ထွက်သွားလိုက်ပြီ မသိ။

ခွေးလေး မရှိတော့ပေမယ့် သူတို့အပေါ်ထပ်တက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အပေါ်ထပ်မှာလည်း အခန်းနှစ်ခန်းလုံးရှိသည့်အနက် ဘယ်ဘက်မှ အခန်းကျယ်ကြီးတစ်ခုမှာသာ မီးထွန်းထားခြင်းဖြစ်၏။ လှေကားရင်းမှာ မြင်နေရသော အလင်းရောင်သည် ထိုအခန်းမှ ထွက်ပေါ်နေခြင်း ဖြစ်သည်။ သူတို့နှလုံးခုန်သံတွေ သူတို့ပြန်ကြားရလောက်အောင်ကို စိတ်လှုပ်ရှားနေမိ၏။

အသက်ကိုတောင် ပြင်းပြင်းမရှူရဲ။

အခန်းတံခါးဝ ရောက်သည်နှင့် နှစ်ယောက်သား မျက်လုံးဖြင့်အချက်ပြကာ အပေါက်ဝတစ်ဖက်တစ်ချက်စီမှာ တစ်ယောက်စီနေရာယူကပ်နေလိုက်သည်။ အခန်းတံခါးက ဖွင့်ဟထားသောကြောင့် အထဲကိုကောင်းကောင်းမြင်နိုင်ပါသည်။

"ဟင် ကျော်ကြီး"

စိတ်လှုပ်ရှားမှုများနှင့်အတူ ညီထက် စိတ်ထဲက ရေရွတ်လိုက်မိခြင်းပါ။

ဟုတ်ပါသည်။ မြင်ကွင်းက ဘယ်လိုမှ ယုံကြည်နိုင်ဖွယ်မရှိ။ ကျော်ကြီးကို ခုတင်တစ်ခုထက်မှာ ပက်လက်အိပ်နိုင်းထားပြီး ဘေးနားမှာ နောင်ရဲဇော မတ်တတ်ရပ်နေသည်။ အိပ်ပျော်နေတာလား သတိမေ့နေတာ





လား မသဲကွဲသောကြောင့် ကျော်ကြီးအတွက် စိုးရိမ်ခြင်းတွေ သူတို့ရင်မှာပြည့်နှက်သွား၏။

နောက်ထပ် ထူးဆန်းတာတစ်ခုက ကျော်ကြီး ဝတ်ဆင်ထားသော အဝတ်အစားများပါ။ ဇာတ်တွေထဲမှာပါသလို မင်းသမီးဝတ်စုံမျိုးကို ဝတ်ဆင်ထားသည်။ မျက်နှာမှာလည်း လှလှပပ ခြယ်သထားသေး၏။ ထကယ်ဆို အမှတ်တမဲ့မြင်မိသူများ ဘယ်လိုမှ မှတ်မိနိုင်မည်မဟုတ်သည့်ပုံမျိုးပါ။

"ငါတို့ ဘာဆက်လုပ်မလဲ"

လေသံတိုးတိုးသက်သက်လေးဖြင့် ဆူးခက် လှမ်းမေးသည်။ အခြေအနေကို သူတို့လည်း ဘာမှတိတိကျကျ နားမလည်သေးသောကြောင့် ဘာလုပ်ရမှန်းလည်း မသိ။

ပြီးတော့ ဒီအခန်းထဲမှာ နောင်ရဲဇောတစ်ယောက်တည်း ရှိနေပြီး သားစံနန်းကိုတော့ မတွေ့ရပါ။ ထားစံနန်းတစ်ယောက် ဘယ်ရောက်နေသလဲ။ မနက်ကလည်း အလှူကနေ ဘယ်သူမှမသိလိုက်ခင်မှာ သူမ ပျောက်သွားခဲ့သည်။

သေချာတာတစ်ခုကတော့ သူတို့လင်မယားဟာ တစ်ခုခု မကောင်းတာတွေလုပ်နေသည်ဆိုတဲ့အချက်။ အခုပဲ နောင်ရဲဇောကို မြင်နေရသာ နည်းနည်းမှ လူကောင်းသူကောင်းရုပ်မဟုတ်။ ချောမောလှပသော ယောကျ်ားတစ်ယောက်အဖြစ် သူတို့သတ်မှတ်ခဲ့သည့် နောင်ရဲဇောသည်တော့ မျက်နှာတစ်ခုလုံး နီမြန်းလျက် တစ်ခုခုကိုအကြီးအကျယ် စိတ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားနေပုံရသည်။

"ငါ နောက်တစ်ခေါက် ထပ်မေးမယ်၊ မင်းတို့နေရာက ဘယ်မှာလဲ"

တိတ်ဆိတ်နေသော အခန်းတွင်းမှာ နောင်ရဲ့အသံက ဟိန်းထွက်လာသည်။ သူက ပက်လက်လေး အိပ်ပျော်နေသော ကျော်ကြားကို မေးနေခြင်းဖြစ်၏။ ဘာတွေလဲ၊ ထူးဆန်းတာကတော့ သေချာသည်။

"ငါ မသိဘူး"

ဒါကတော့ အိပ်ပျော်နေသော ကျော်ကြားဆီမှ ထွက်ပေါ်လာသည့် အသံပါ။ မျက်လုံးများကို မှိတ်လျက်သား၊ တုပ်တုပ်တောင် မလှုပ်တဲ့ စကားသံများ ထွက်ကျလာသည်။

နောင်ရဲဇော ဘယ်နေရာကို သိချင်နေတာလဲ။

"ဒီလောက် တစ်နေ့လုံးမေးနေတာတောင် မပြောဘူးဆိုတော့ နင် တော်တော်ခေါင်းကြေးမာတာပဲ၊ ရှာယ်လေး မပြောဘူးဆိုရင် မင်းရဲ့အစ်မ တော်ကို ငါတစ်ခုခုလုပ်ရလိမ့်မယ်"

ကြမ်းပြင်ပေါ်ကနေ တစ်စုံတစ်ခုကို ကောက်ယူမွှေ့ချီလိုက်သည့် အချိန်မှာ ညီထက်ရောဆူးခက်ပါ မျက်လုံးအစုံ ပြူးကျယ်သွား၏။ ခုနက သူတို့ကို လမ်းပြခေါ်ဆောင်လာခဲ့သော ခွေးညိုလေး။ မျက်လုံးလေး အပြူး သားဖြင့် နောင်ရဲဇောကို ကြည့်နေရှာသည်။

ကျော်ကြား စိတ်လွတ်သွားသလိုဖြစ်ပြီး ထားစံနန်းကို မမဆို့ ခေါ်ခဲ့ဖူးတာကို နှစ်ယောက်သား သတိရသွား၏။ ဒါပေမဲ့ အခုက နောင်ရဲ





ဇောလက်ထဲမှာရှိနေတာ ထားစံနန်းမှ မဟုတ်ဘဲ၊ အညိုရောင် ဖွာယ်ရိုးယာ ခွေးကလေးလေ။

"ဟင့်အင်း အဲဒါ ငါ့အစ်မတော်မဟုတ်ဘူး၊ ငါ့အစ်မက ယုတ်ညံ့ တဲ့ခွေးတစ်ကောင် မဟုတ်ဘူး"

မျက်လုံးများ မှိတ်ထားသော ကျော်ကြားမျက်နှာမှာ ဒေါသနဲ့ အငွေ့အသက်တွေ ထွက်ပေါ်လာသည်။ နောင်ရဲဇော သဘောကျစွာနှင့် ဟားဟားပါး အော်ရယ်၏။

"ဟား ဟား ဟား ဟား ဒီခွေးက မင်းအစ်မတော်မဟုတ်ဘူးလို့ ထင်နေတာလား၊ မင်းမသိသေးတာတွေ အများကြီးပဲကွ၊ မင်းတို့နှစ်ယောက် ကို ဘက်ဘဝတွေမှာသာ ညီအစ်မတော်ခဲ့တာပါကွာ၊ ဒီဘဝမှာတော့ ထားစံနန်းက ငါ့လက်ခုပ်ထဲက ရေကွ၊ မင်းလို သိုက်ဆက်ပါလာခဲ့တာလည်း မဟုတ်ဘူး၊ ငါလိုသလို စေခိုင်းလို့ရတဲ့ လက်ပါးစေ ခွေးလေးတစ်ကောင်ပဲ"

ကြောက်ရွံ့စိတ်ကြောင့် ညီအစ်ကိုနှစ်ယောက်လုံး ချွေးသီးချွေး ပေါက်တွေ တစိမ့်စိမ့် ထွက်နေသည်။ ဘာတွေဖြစ်နေခဲ့တာလဲ။ ထားစံနန်း က ဘာဖြစ်လို့ နောင်ရဲဇောရဲ့လက်ပါးစေခွေးလေး ဖြစ်ရမှာလဲ။ ထားစံနန်းဟာ လူတစ်ယောက်ပဲလေ။

"မင်း မင်း ယုတ်မာတယ်"

"အေး ဟုတ်တယ်၊ ကျော်ကြားဆိုတဲ့ မင်းအကြောင်းကိုလည်း ဟိုဘက်ခြံက ခြံစောင့်ကြီးထဲ ငါ့တပည့်တစ်ယောက်ကို မကြာမကြာ ပို့ပြီး စုံစမ်းထားတာ၊ ဟား ဟား အသက်နှစ်ဆယ်မကျော်ခင် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျသွားရင် သေမယ့်ကောင်၊ မင်းတို့နေရာကိုမင်းပြန်ရမှာ၊ အဲဒီတော့ မပြန်ခင်လေး ငါ့ကို ရတနာတွေရှိတဲ့နေရာပြောစမ်း''

အဖြစ်အပျက်ကို ညီထက်တို့အနည်းငယ် ရှင်းသင်းစ ပြုလာသည်။ နောင်ရဲဖေဟာ အပြုံးချိုချိုလေးနဲ့ ချောမောလှပသည့် ယောကျ်ား တစ်ယောက်အသွင် ဖန်တီးဟန်ဆောင်ထားသော သိုက်တူသမားတစ်ယောက် ပါလား။ မလုပ်သင့်သော အောက်လမ်းနည်းပညာရပ်များ အသုံးချတတ်ခြင်းပါလား။

ပြီးတော့ ကျော်ကြား။ ကျော်ကြားကလည်း အရင်ဘဝက တခြားလောကက မင်းသမီးတစ်ပါးလေလား။ ဇာတ်လမ်းက သိပ်စိတ်ဝင်စားဖို့ကောင်းနေသလို စိတ်တွေလည်း ယောက်ယက်ခတ်လှုပ်ရှားနေ၏။

နောင်ရဲဖေ ပိုက်ဖွေ့ထားသော အညိုရောင်ခွေးလေးကို တစ်ခုခုဖြစ်သွားမှာလည်း စိုးရိမ်သည်။ မျက်လုံးမှိတ်ထားပြီး လှုပ်ရှားလို့မဖြစ်အောင်နေသည့်ကျော်ကြား တစ်ခုခုဖြစ်မှာကိုလည်း စိုးရိမ်သည်။ သူတို့နှစ်ယောက် အချိန်မီ တစ်ခုခုလုပ်မှဖြစ်တော့မည်။

''မင်းအခုချက်ချင်းပြောရင်ပြော၊ မပြောလို့ကတော့ ဟိုအရင်ဘဝက မင်းအစ်မတော်ခဲ့ဖူးတဲ့ ဒီခွေးလေးကို သတ်ပစ်ရလိမ့်မယ်''

''မင်းကို အလွတ်ပေးမှာမဟုတ်ဘူး''

''ဟား ဟား ဟား မင်းတောင်မှ ငါ့လက်ထဲမှာ မိနေတာ ဘယ်သူက ငါ့ကိုဒုက္ခပေးနိုင်ဦးမှာလဲ၊ ကဲ ကြာတယ်၊ ငါသိချင်တာ မင်းအခု ပြောတော့''





''မ ပြော ဘူး''

တစ်လုံးချင်း ဖိဖိသာသာ ပြောလိုက်သည့် ကျော်ကြား စကားအဆုံးမှာ နောင်ရဲဖေဒေါသတကြီးနှင့် အော်ဟစ်ပေါက်ကွဲလျက် လက်ထဲမှ ခွေးလေးကို ဓားနဲ့ချိန်ရွယ်သည်။

''ကောင်းပြီလေ နောက်ဆုံးအချိန်ထိ မင်း မပြောဘူးဆိုမှတော့ ငါ့ဘက်ကလည်း''

သနားစဖွယ် မော့ကြည့်နေသည့် ခွေးလေးကို သနားညှာတာစိတ်တစ်စက်မှမရှိသော ကြောက်မက်ဖွယ်မျက်နှာကြီးဖြင့် စိုက်ကြည့်နေရင်းမှ နောင်ရဲဖေရဲ့ဓားကိုင်ထားသော လက်တစ်ဖက် မြောက်တက်သွားသည်။

သူတို့ညီအစ်ကိုနှစ်ယောက် ဘာကိုမှ စောင့်ကြည့်မနေတော့ဘဲ အခန်းထဲကို လေလိုအရှိန်နှုန်းဖြင့် ပြေးဝင်သွားလိုက်၏။ ဓားကိုင်ထားသော နောင်ရဲဖေကို နှစ်ယောက်သား ဝင်ပူးလုံးပြီး ဓားကိုလုယူဖို့ ကြိုးစားသည်။ ထင်မှတ်မထားဘဲ ထွက်ပေါ်လာသော သူတို့နှစ်ယောက်ကြောင့် နောင်ရဲဖေ အထိတ်အငိုက်မိသွားသလို ကြောင်ငေးနေသည့်အတွက် လောလောဆယ်တော့ သူတို့က အသာစီးရနေ၏။

သို့သော် ဒီလောက်ထိန်းချုပ်နေသည့်ကြားမှာပင် နောင်ရဲဖေ လွတ်ထွက်သွားသည်။ မျက်နှာမှာတော့ ဆူးခက်ရဲ့လက်သီးချက်များဖြင့် သွေးသံရဲရဲဖြစ်နေပြီ။ ဒေါသတကြီးဖြင့် ဓားကိုမြှောက်လျက် ဆူးခက်ထံသို့ နောင်ရဲဖေ ပြေးဝင်လာသည့်အချိန်မှာ မမျှော်လင့်ထားစွာပင် ခွေးလေးက ခုန်ပြေး ကိုက်လိုက်သောကြောင့် နောင်ရဲဖေ နောက်ပြန်လန်လဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဓားကိုင်ထားသော လက်ကိုမလွှတ်တမ်း ခဲထားရင်းမှ ခွေးနှင့်လူ တိုက်ပွဲတော်တော်ပြင်းထန်နေသည်။ ဒါကို အခွင့်ကောင်းယူပြီး ညီထက်က ကျော်ကြားနား ရောက်သွား၏။

"ကျော်ကြား ကျော်ကြား"

ဘယ်လိုမှ နိုးလို့မရ။ ကျော်ကြားရဲ့အသိစိတ်များက ဒီဘက် လောကမှာ ရှိပုံမပေါ်ပါ။ ကျော်ကြားကို ခေါ်ထုတ်သွားရန် ပွေ့ချီယူလိုက်စဉ် မှာပင် ခွေးလေးရဲ့ဆွဲဆွဲငင် အော်လိုက်သော အသံက သူတို့ကို ထိတ်လန့် သွားစေ၏။ သေးငယ်သော ခွေးလေးနဲ့အင်အားကြီးမားသော နောင်ရဲဇေ တို့ အားပြိုင်မှုမှာ နောက်ဆုံးတော့ ဓားက ရင်ဝမှာစိုက်လျက် အညှိုးရောင် ခွေးလေး ခွေကျသွားသည်။

ခွေလဲနေသော ခွေးပုံစံလေးကနေ တဖြည်းဖြည်း မှုန်မှိုင်းပျောက် ကွယ်လျက် နာနာကျင်ကျင် ညည်းညူနေသော ထားစံနန်းအဖြစ် ပြောင်းလဲ သွားသည်။ မျက်စိရှေ့မှာတင် ဖြစ်ပျက်သွားတာမို့ သူတို့မှာ အံ့ဩလို့မဆုံး နောင်ရဲဇေက လဲကျနေသော ထားစံနန်းကို မျက်လုံးကြီးအပြူးသားကြည့်ပြီး ထွက်ပြေးရန် ကြိုးစားသည်။

ပွေ့ချီထားသော ကျော်ကြားကို အခန်းထောင့်မှာ မှီပေးထားလိုက် ပြီး ညီအစ်ကိုနှစ်ယောက်လုံး တစ်ပြိုင်နက်တည်းလိုလိုပင် နောင်ရဲဇေကို ပြေးဝင်သတ်ပုတ်ကြတော့၏။ သူတို့ရှေ့မှာတင် ထားစံနန်းကို ဓားနဲ့ထိုးခဲ့သော သိက်တူးသမားတစ်ယောက်ကို အလွတ်မပေးချင်သည့် စိတ်များဖြင့် သူ့အား သေ ကိုယ်သေသေ ဝင်လုံးကြခြင်းပင်။





သို့သော် သန်မာလွန်းသော နောင်ရဲဇေလက်ချက်ဖြင့် ဆူးခက် လဲကျသွားသည်။ ညီထက်ကိုလည်း အပေါ်ကနေတက်ခွကာ လည်ပင်းကို အားကုန်ညှစ်ထား၏။ အားအပြည့်ဖြင့် ဖိညှစ်ထားသော လက်များကို ညီ ထက် ဘယ်လိုမှ ရုန်းဖယ်မရ။ လေကို နည်းနည်းမှရှူသွင်းလို့ မရတော့ဘဲ ညီထက် သေအံ့မူးမူး ဖြစ်လာသည်။

"အား"

နောင်ရဲဇေထံမှ နာနာကျင်ကျင် အော်သံကြီးနှင့်အတူ ညီထက်ကို ဖိညှစ်ထားသော လက်များ ပြေလျော့သွား၏။ သတိပြန်ဝင်လာသော ကျော် ကြားက ထားစံနန်းရင်ဝမှာ စိုက်နေသော ဓားကိုဆွဲနုတ်လျက် နောင်ရဲဇေ ကိုကျောဘက်မှ ထိုးစိုက်ပစ်လိုက်ခြင်းပါ။

အသက်ဝဝပြန်ရှူပြီး လဲကျနေသော ဆူးခက်ထံသို့ ညီထက် အပြေးထသွားသလို ကျော်ကြားကလည်း သွေးအိုင်ထဲမှာ လဲနေသည့် ထားစံနန်းထံ ပြေးပွေ့လိုက်၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဘယ်လိုမှ အံ့ဩမယုံနိုင်စရာ အဖြစ်အပျက်ကြီးအဆုံးမှာ

ထားစံနန်းရဲ့အသုဘကို သူတို့ညီအစ်ကိုကပင် အစအဆုံး စီစဉ်ပေးလိုက်

သူတို့အိမ်တက်ပွဲမှာတွေ့ခဲ့သော အမျိုးအဆွေ မိန်းကလေးဆိုတာတွေ

တစ်ဦးတစ်ယောက်မှ ရောက်မလာခဲ့။ အထီးကျန်ဆန်ခဲ့သော နာရေး

တစ်ခုမှာ ရှိုက်ကြီးတငင် ငိုကြွေးနေသူက ကျော်ကြား တစ်ယောက်တည်း

"မငိုပါနဲ့တော့ကွယ်၊ သွားတဲ့သူကို စိတ်ဖြောင့်ဖြောင့်သွား

"မဟုတ်ဘူး မေမေ၊ သူ သေရတာ ကျော့်ကြောင့်"

"အို အဲဒီလို မတွေးပါနဲ့ကွယ်၊ ဒါတွေဟာ အကျိုးနဲ့အကြောင်း

သတ်မှတ်ပြီးသားအတိုင်း ဖြစ်တာတွေပါ"

ဒီကိစ္စကြီး ဖြစ်ပျက်ခဲ့ပြီးသည့်နောက်မှာ ကျော်ကြားရဲ့မိဘ





လည်း အကြောင်းကြားလှမ်းခေါ်လိုက်၏။

ကျော်ကြားမေမေ ကိုးကွယ်သော ဆရာတော်က ငယ်ငယ်တည်းကပင် ကျော်ကြားကို ဂရုစိုက်စေခဲ့သည်။ သိုက်ကလာသော အဆက်အနွယ်မှန်း သိနေသောကြောင့် အိမ်ထောင်ချပေးဖို့ကို လုံးဝတားမြစ်ခဲ့၏။ ကျော်ကြားတစ်ခုခုဖြစ်မှာကို စိုးရိမ်သည့် အမေဖြစ်သူနဲ့ ဆန့်ကျင်စွာပင် ကျော်ကြားဖေဖေကတော့ ထိုကိစ္စများကို အယုံအကြည်မရှိသူဖြစ်၏။ ဒါကြောင့်လည်း ယောကျ်ားလေးတစ်ယောက်လို နေထိုင်နေသော ကျော်ကြားကို အမြန်ဆုံးအိမ်ထောင်ချပေးပြီး မိန်းကလေးပီပီသသ နေထိုင်စေဖို့ ကြိုးစားခဲ့ခြင်း။

လူကြီးတွေရဲ့စကားများကို နားထောင်ရင်းနှင့်မှ ညီထက်ကတော့ ကျော်ကြားမျက်နှာလေးကိုသာ ငေးကြည့်နေမိ၏။ ရည်းစားတွေပွေခဲ့ရှုပ်ခဲ့ပေမယ့် ပထမဆုံးချစ်မိသွားသော မိန်းကလေးဟာ အိမ်ထောင်ပြုလို့မရသည့်လူ ဖြစ်နေသတဲ့လား။ အိမ်ထောင်ပြုလိုက်ရင် အသက်အန္တရာယ် ထိခိုက်စေနိုင်တယ်တဲ့လား။

ညီထက် နှလုံးသားတွေ နာကျင်လွန်းနေသည်။ ဘာမှတောင်မစရသေးခင်မှာပင် ဒီဇာတ်လမ်းလေးက အဆုံးသတ်ရတော့မည့်ပုံ။

■ ■ ■

မနက်ဖြန်မနက်ကို ကျော်ကြားတို့မိသားစု သူတို့ရပ်ရွာဆီ ပြန်ကြတော့မည်။ ညီထက်မှာ တစ်ချက်လေးတောင် ဖွင့်မပြောလိုက်ရသည့်သူ့အချစ်အတွက် သူ့ဘာသာ တစ်ယောက်တည်း ကြိတ်ကြေကွဲနေရ၏။

"မင်းဘာတွေဖြစ်နေတယ်ဆိုတာ ငါသိပါတယ် ညီထက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကနေ အပြင်ကိုငေးလျက် မှိုင်တွေနေသည့် ညီထက်နားကို ဆူးခက် ရောက်လာသည်။

"ငါ့အပျော်တွေလွှမ်းခဲ့သမျှ ခုတော့ ဝဋ်လည်တာနဲ့တူပါတယ်ကွာ"

ရည်းစားရှုပ်ခဲ့မိတဲ့ ကိုယ့်ကိုကိုယ် ခုမှပင် နောင်တရနေသည့်လေသံလေးဖြင့် ညီထက် ဖွင့်ဟ၏။

"မင်းကိုငါ တစ်ခုလောက်မေးချင်တယ် ညီထက်"

"မေးကွာ မေး"

"ကျော်ကြားကို မင်းချစ်လား"

"သေလိုက်ပါလားကွာ၊ ခုချိန်မှ ငါ့ကိုဒီမေးခွန်း လာစမေးနေရသေးတယ်"

"ငါမေးတာကိုသာ ဖြေစမ်းပါကွာ"

ဆူးခက်က စိတ်မရှည်သလို ပြောသည်။ ညီထက် သက်ပြင်းလေးချ၏။

"ချစ်တယ်၊ ငါ့ဘဝမှာ သူ့ကိုမှ ထူးထူးခြားခြား ချစ်မိသွားတာ"

"မင်းချစ်တာကိုရော သူသိလား"

"သူ့ကိုငါ ဘယ်လိုဖွင့်ပြောရတော့မှာလဲ"

"အဲဒါကိုက မင်းမှားနေတာ၊ ဘာမှတောင် မလုပ်ရသေးဘဲ ဘာဖြစ်လို့ စိတ်အရင်လျှော့တာတုံး"

"ခုချိန်မှ ချစ်ပါတယ် သွားပြောတော့ရော ငါတို့နှစ်ယောက်ကဘာလုပ်လို့ရတော့မှာလဲကွ"





"မဟုတ်ဘူး ညီထက်၊ အနည်းဆုံးတော့ မင်းသူ့ကိုချစ်တယ်ဆိုတာ ကျော်ကြား သိသွားနိုင်သေးတယ်လေ"

ဆူးခက်စကားကြောင့် ဒီတစ်ခါတော့ ညီထက် တွေဝေသွားသည်။ ခုလို အခြေအနေအရတော့ သူ ချစ်နေတာကိုတောင် ကျော်ကြား သိမှာမဟုတ်ပါ။

"အဲဒီတော့ကွာ မင်းအချစ်က ပိုင်ဆိုင်ရမှ ဖြစ်မှာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ အခုတောင် မပိုင်ဆိုင်နိုင်တော့မှန်း သိပေမယ့် ငါချစ်နေသေးတာပဲလေ"

"ဒါဆို မင်းဘာတွေ တွေဝေနေတာလဲ၊ မင်းအချစ်ကို သူသိအောင်တော့ ပြောပြလိုက်ပါကွာ"

ဒီတစ်ခါတော့ ဆူးခက်ရဲ့အကြံပေးချက်ကို ညီထက် ဝမ်းသာအားရ လက်ခံလိုက်၏။ အချစ်ဆိုတာ တုံ့ပြန်အစ်နှင်းခြင်း ခံရမှ အချစ်မဟုတ်ဘူး။ ဒီအတိုင်းလေး ချစ်နေရတာလည်း အချစ်ပဲလေ။ အဲဒီအချစ်ကို တစ်ဖက်လူသိစေဖို့တော့ ထုတ်ပြောရမှာပေါ့။

ဟုတ်တယ်၊ အနည်းဆုံးတော့ ညီထက်က ကျော်ကြားကို ချစ်နေကြောင်းလေး ပြောပြဖို့ ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

စေ့ရုံသာ စေ့ထားသောတံခါးလေးကို ညီထက် တွန်းဖွင့်ဝင်လိုက်သည်။ ခုတင်ပေါ်မှာ အပေါက်ဝကို နောက်ကျောပေးထိုင်ပြီး အဝတ်အစား သိမ်းဆည်းနေသည့် ကျော်ကြားက လှည့်ကြည့်သည်။ ညီထက်ကိုမြင်တော့ အံ့ဩသွားသည့်ပုံပါ။

ထားစံနန်းတို့အဖြစ်အပျက်ကြီး ဖြစ်ပြီးသည့်နောက်ပိုင်း ကျော်ကြားကို တမင်သက်သက် ရှောင်နေသော ညီထက်က ခုတော့ အခန်းထဲထိ ရောက်လာခဲ့ပြီလေ။

"ကိစ္စရှိလို့လား ညီထက်"

"ငါ မင်းကိုပြောစရာရှိလို့ပါ"

"လာ ထိုင်လေ"

ညီထက်ကသာ တွန့်ဆုတ်နေပေမယ့် ကျော်ကြားကတော့ ပုံမှန်





အတိုင်းပါပဲ။ ကျော်ကြားရှိနေသည့် ခုတင်စွန်းလေးမှာ ဝင်ထိုင်လိုက်ရင်း ညီထက် ရင်တွေတအားခုန်နေသည်။ ရည်းစားတွေ ဗရပွထားခဲ့ဖူးသည့် ယောကျ်ားတစ်ဦးက ခုလိုအချိန်မှာ မယုံနိုင်လောက်အောင် ရင်တွေခုန်နေတယ်ဆိုတာ ညီထက် ကိုယ်တိုင်တောင် မယုံနိုင်။

"ပြောလေ ငုတ်တုတ်ကြီးထိုင်နေပြီး ဘာမှလည်းမပြောဘူး"

"မင်း မနက်ဖြန်သွားတော့မယ်နော်"

"အေးပေါ့ မင်းတို့ကျေးဇူးကို ငါမမေ့ပါဘူးဟာ"

ညီထက် ထောင်းခနဲ ဒေါသထွက်သွားသည်။ လာပြန်ပြီ ဒီကျေးဇူး။

"ငါ အဲဒီကျေးဇူးဆိုတာကြီးကို တော်တော်မုန်းနေပြီ သိလား ကျော်ကြား။ ငါလိုချင်တာ အဲဒီ ကျေးဇူးတရားတွေ မဟုတ်ဘူး"

ခုနက စိတ်လှုပ်ရှားရင်ခုန်ကာ ငြိမ်သက်နေသော ညီထက်က ဒေါသတကြီးဖြစ်သွားပြန်တော့ ကျော်ကြား အူကြောင်ကြောင် ဖြစ်သွား၏။

"ဘာလဲ မင်းတစ်ယောက်တည်းကိုပဲ ဂရုစိုက်ပေးမယ့်လူမျိုးလား။ မင်းမှာအများကြီးရှိနေသားပဲ ညီထက်ရဲ့"

နှုတ်ခမ်းလေးမဲ့ကာ အရွဲ့တိုက်သလိုလေး ပြောနေသော ကျော်ကြားကို ညီထက် မအောင့်အီးနိုင်တော့ဘဲ ဆွဲယူဖက်ထားလိုက်သည်။

"ဟာ ဟိတ်ကောင် ညီထက် မင်း မင်းဘာလုပ်တာလဲ"

အတင်းတွန်းထိုးနေသော်လည်း ကျော်ကြားကို ညီထက် လွှတ်မပေးပါ။ ပိုတင်းသထက်တင်းအောင်ပင် ဖက်ထားမိသည်။

"လွှတ်ကွာ မင်းဘာလုပ်တာလဲ"

"ငါ နင့်ကိုချစ်တယ် ကျော်ကြား။ မိန်းကလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်နိုးနိုး ချစ်တယ်၊ ဘဝမှာ ဘယ်မိန်းကလေးကိုမှ ရင်မခုန်ခဲ့ဘူးမေမယ့် နင့်ကိုတော့ ငါတကယ်ချစ်သွားခဲ့တာ"

ကျော်ကြား မရှုန်းတော့ဘဲ ငြိမ်သက်သွား၏။ အသက်ပြင်းပြင်း ရှူသံများသာ ကြားနေရသည်။

"ငါမယုံဘူး"

"ငါသိပါတယ် ငါလို ငပွေးကို နင်ယုံမှာမဟုတ်မှန်းလည်း သိပါတယ်၊ ဒါပေမဲ့ အသိအမှတ်တော့ ပြုပေးပါဟာ၊ နင့်ကိုငါ ချစ်တယ်ဆိုတာလေးကိုတော့ မှတ်မှတ်ရရနဲ့ ရှိနေပေးစမ်းပါ"

'မယုံမှတော့ ဘယ်လိုလုပ်အသိအမှတ်ပြုတော့မှာလဲ"

ရင်ခွင်ထဲ ဆွဲသွင်းထားမိသော ကျော်ကြားကိုဖြည်းဖြည်းလေး ဆွဲခွာယူလျက် မျက်နှာချင်းဆိုင်လိုက်သည်။ ညီထက် မျက်ဝန်းထဲက ရစ်သိုင်းနေသော မျက်ရည်စများကို ကျော်ကြား မြင်မှာပါ။

"အချိန်တွေ ကြာလာရင် နင်ယုံလာမှာပေါ့"

"ဘယ်လို"

"ဟုတ်တယ် ကျော်ကြား။ မင်းကို အိမ်ထောင်ပြုလို့ မရဘူးလို့ ပြောကြတယ်၊ ဒါပေမဲ့ ငါ အဲဒါတွေ မမှုပါဘူး။ မင်းကို ဒီတိုင်းလေးချစ်နေရလည်း ကျေနပ်တယ်၊ တစ်သက်လုံး တခြားဘယ်မိန်းမကိုမှ ထပ်မချစ်တော့ဘဲနဲ့ ငါ့နားကို မင်းလာမယ့်နေ့ထိ စောင့်မယ်၊ ဒီလိုဆိုရင်တော့ မင်းယုံမယ်မဟုတ်လား"

ကျော်ကြား သက်ပြင်းလေးချပြီး ညီထက် ပါးပြင်ကို လက်ဖဝါးလေးဖြင့် အုပ်ကိုင်လိုက်၏။ နွေးထွေးလွန်းသော အထိအတွေ့ကြောင့် ညီ





ထက် နှလုံးသွေးများတောင် ပွက်ပွက်ဆူလာသလို ထင်မိသည်။

"ညီထက်ရာ တကယ်တော့ ငါလည်း မင်းကိုချစ်ပါတယ်"

ဘယ်လိုမှ မျှော်လင့်မထားသော စကား။ ဒါပေမဲ့ ညီထက်နားနဲ့ ဆက်ဆက်ကြားလိုက်ရသည်။

"ဘယ်လိုပဲ ယောကျ်ားလေးတစ်ယောက်လိုနေနေ အနေနီးစပ်မှုတစ်ခုအပေါ်မှာ ငါ မင်းကိုရင်ခုန်မိတယ်၊ ချစ်ခဲ့မိတယ်၊ ဒါပေမဲ့ ငါ့ဘဝက မင်းသိတဲ့အတိုင်းပဲလေ၊ တစ်ယောက်ယောက်ကို ချစ်နေရင်တောင်"

ကျော်ကြားရဲ့နှုတ်ခမ်းများပေါ်ကို ညီထက် လက်များဖြင့် အုပ်ကာလိုက်၏။

"ဟင့်အင်း မလိုဘူး။ အိမ်ထောင်ပြုခြင်းမပြုခြင်းနဲ့ အချစ်နဲ့မဆိုင်ပါဘူးကွာ၊ တစ်ယောက်နဲ့တစ်ယောက် ရင်ထဲမှာရှိပြီး တကယ်ကြီးချစ်နေရင် လက်ထပ်ရမှ မဟုတ်ပါဘူးကွာ၊ ဘဝကြီးက နေပျော်မှာပါ"

"နယ်ပြန်ရောက်ရင် ဖေဖေရော မေမေရောက ငါ့ကို ဆရာတော့်ဆီခေါ်သွားပြီး သိုက်ကြိုးဖြတ်ဖို့ စီစဉ်မယ်လို့တော့ ပြောတယ်၊ အောင်မြင်တာ မအောင်မြင်တာတော့ ငါလည်း မသိဘူးပေါ့"

"ငါပြောပြီးသားပဲလေ၊ လက်ထပ်ရခြင်း လက်မထပ်ရခြင်းဟာ ငါနင့်ကိုချစ်တဲ့ အချစ်အပေါ် မလွှမ်းမိုးနိုင်ပါဘူးလို့"

"တကယ်ပြောတာလား ညီထက်"

"နင့်ကြောင့်နဲ့ မျက်ရည်တောင်ကျနေတဲ့ကောင်ကို ဘာလို့အားယုံတာလဲဟင်၊ နင့်ဘာသာ ဘာပဲဖြစ်ဖြစ် ငါ နင့်ကိုချစ်တယ်၊ နင့်အတွက်ပဲ အမြဲတမ်း အသင့်ရှိနေမယ်၊ နင့်ဘာသာ ယောကျ်ားကြီးတစ်ယောက်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



နေနေ၊ သိုက်ကြီးဖြုတ်မရလည်း ကိစ္စမရှိဘူး။ ငါ့အချစ်က တကယ့်ကို သန့်သန့်စင်စင်လေးပဲ ရှိနေမှာ''

ထိုစကားကို ကျော်ကြား နဖူးလေးအား နမ်းရှိုက်လျက် ညီထက် အလေးအနက် ဆိုသည်။ ကျော်ကြား ပါးပြင်ထက်သို့လည်း မျက်ရည်တစ်စက် စီးဆင်းကျလာ၏။

တစ်ယောက်ကိုတစ်ယောက် မခွဲခွာချင်သော ဆန္ဒများဖြင့် အပြန်အလှန်တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။ သူတို့နှစ်ယောက်ရဲ့မေတ္တာသာ တကယ်မှန်ကန်ခဲ့ရင် ဘယ်လိုအရာမျိုးကမှ ဝေးကွာသွားအောင် ခွဲလို့ရမှာမဟုတ်ဘူးလို့ စိတ်ထဲမှာ စွဲမှတ်ယုံကြည်ထားလိုက်၏။

''ဘယ်လိုပဲဖြစ်ဖြစ် ငါ ပြန်လာခဲ့ပါ့မယ် ညီထက်ရယ်''

''ငါလည်း နင်ပြန်မလာမချင်း စောင့်နေမယ်နော်၊ ငါတို့အတွက် တစ်ယောက်ကိုတစ်ယောက် ချစ်တဲ့အချစ်ကသာ အရေးကြီးဆုံးလို့ နင်မှတ်ယူထားပေးပါ''

ပါးပြင်ချင်းနှစ်ခု ထိကပ်လျက် မျက်ရည်တို့ပေါင်းစည်းသွားသည်။ ဘာအရောင်မှမပါသော သံယောဇဉ်က ဖြစ်တည်ခဲ့သည့် ချစ်ခြင်းတရားကိုတော့ ဘယ်လိုအရာတွေကမှ ဖျက်ဆီးတားမြစ်လို့မရနိုင်မှန်း သူတို့ ကောင်းကောင်းနားလည်ပါသည်။

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com